ကြေးမုံ
The Mirror Daily
ခုဗ္ဗ ညြတ် ခတ် တွင် စောင်ထုတ်ဝေသည်။ Established in 1957

ကပ်ပြိုတွယ်တာမှုမရှိ

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှု သည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ စနေနေ့။ Saturday, 25 April 2020 ၉၉၉၃

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ချင်းပြည်နယ်မှ ပြည်သူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ချင်းပြည်နယ်မှ ပြည်သူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

နေပြည်တော် ဧပြီ ၂၄

Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ချင်းပြည်နယ်မှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့ အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ »»»

- မိမိအနေဖြင့် မိမိတို့နိုင်ငံသည် စေတနာအရ နေမဝင်သည့်အင်ပါယာဟု စဉ်းစားမိ
- နေမဝင်ခင် လိုအပ်သည့်ပစ္စည်းများကို ဝိုင်းဝန်းပံ့ပိုးပေးရန် အလှူရှင်များပေါ်လာ
- နိုင်ငံတော်ကို ပြည်သူများက ဝိုင်းဝန်းပံ့ပိုးပေးခြင်းသည် နိုင်ငံတော်အတွက် အမှန်တကယ် အင်အားဖြစ်

ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးအနေဖြင့် နိုင်ငံတော်အတွင်း မီးတင်းနေထိုင်သူ မည်သူ့ကိုမျှ ချန်လှပ်မထားရေးမူဝါဒ ချမှတ်ထားကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ရှင်းလင်းဖြေကြား

စာမျက်နှာ » ၉

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို တိုက်ဖျက်ရန် အချိန်ယူရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

စာမျက်နှာ » ၁၂

ကြေးမုံ

ပိုသည်မရှိ ထိုသတိဖြင့် အကောင်းဆုံးမျှော်လင့်

မြန်မာနိုင်ငံရှိ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၀ ခုမှ မြို့နယ်ပေါင်း ၃၉ မြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါပိုး တွေ့ရှိထားပြီဖြစ်သည်။ အများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးမှ ၂၅ မြို့နယ်၊ ရှမ်းပြည်နယ်မှ လေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးမှ နှစ်မြို့နယ်စီ၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် နေပြည်တော်တို့တွင် တစ်မြို့နယ်စီတို့ ဖြစ်သည်။

မတ်လ ၂၃ ရက်နေ့တွင် လူနှစ်ဦးမှစတင်ခဲ့ရာ တစ်လပြည့်ပြီး ဧပြီလ ၂၄ ရက်နေ့အထိ ကူးစက်ခံရသူ ၁၄၄ ဦး ရှိလာသည်။ ရောဂါကူးစက်ခံရမှု တစ်နေ့ထက်တစ်နေ့ တိုးတက်လာရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှုမရှိသူများပါ ပါဝင်လာရာ မြန်မာပြည်မှ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ သတိထားကြရမည်မှာ ပိုသည်မရှိ အကောင်းဆုံးမျှော်လင့်၍ အကောင်းဆုံးပြင်ဆင်လိုက်နာ လုပ်ဆောင်ကြရမည်ဖြစ်သည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ကုသရေးဗဟိုကော်မတီက ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ ညွှန်ကြားချက်များကို ဧပြီလ ၃၀ ရက်နေ့အထိ သတ်မှတ်ထားသော်လည်း လက်ရှိရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေအရ မေလ ၁၅ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်းသိရသဖြင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ယခုထက် ပိုမို လုပ်ဆောင်ရန် လိုအပ်နေကြောင်း သိသာပေသည်။ မြန်မြန်ဆန်ဆန် ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်လျှင် ပြည်သူများအတွက် မြန်မြန်ဆန်ဆန် အကျိုးရှိမည့်အရေးကို သိရှိနေသော်လည်း ရောဂါဖြစ်ပွားမှု ဆက်လက်မြင့်မားနေသဖြင့် အချိန်ထပ်မံတိုးမြှင့်ရသည်ကို နားလည်ရမည်ဖြစ်သည်။

ဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ ညွှန်ကြားချက်များကို ပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်မှုအားနည်းလျှင် ရောဂါဖြစ်ပွားမှု တစ်နေ့ထက်တစ်နေ့ များပြားလာပြီး ထိန်းချုပ်ဆောင်ရွက်မှုကာလလည်း ထပ်မံတိုးမြှင့်ခြင်း ပြုလုပ်နိုင်သည်ကို သတိမူရမည်ဖြစ်သည်။ ပြည်သူများအတွက် အဓိကလိုအပ်ချက်မှာ ရောဂါဖြစ်ပွားမှုရပ်တန့်ပြီး အလုပ်အကိုင်များ ပုံမှန်ပြန်လည် လည်ပတ်လုပ်ကိုင်နိုင်ရေးဖြစ်သည်။ ရောဂါဖြစ်ပွားမှုရပ်တန့်မှ အလုပ်အကိုင်လည်ပတ်မှုအဆင်ပြေပြီး လူမှုစီးပွားထိခိုက်နစ်နာမှုများ လျော့နည်းသွားမည်ဖြစ်သည်။

ယခုအခါ စီးပွားရေးအပေါ် ကိုဗစ်–၁၉ ကူးစက်ရောဂါ၏ ထိခိုက်မှုသည် ကြီးမားကျယ်ပြန့်လာရန်ရှိရာ ပို့ဆောင်ရေးကွင်းဆက်လမ်းကြောင်း မပြတ်တောက်စေရေးနှင့် စားနပ်ရိက္ခာနှင့် မရှိမဖြစ်ကုန်ပစ္စည်းများ အထူးသဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်သက်ဆိုင်သည့် ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ အဆင်ပြေချောမွေ့စွာ သယ်ဆောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန်လိုအပ်ကြောင်း အာဆီယံ – အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးမှသိရသည်။

ကိုဗစ် – ၁၉ ကူးစက်ရောဂါ၏ထိခိုက်မှုသည် မြန်မာနိုင်ငံအပါအဝင် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများ၌ပါ ကြီးမားကျယ်ပြန့်လာရန်ရှိရာ မြန်မာနိုင်ငံမှပြည်သူများအနေဖြင့် နိုင်ငံတော်က ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ ညွှန်ကြားချက်များကို အတိအကျလိုက်နာကြရန် လိုအပ်ပေသည်။ လက်တွေ့ကြုံမှ ယုံကြည်တတ်သော မြန်မာနိုင်ငံမှ ပြည်သူများအနေဖြင့် မိမိပတ်ဝန်းကျင်တွင် ရောဂါဖြစ်ပွားမှု မကြုံတွေ့ရသရွေ့ ပေါ့ပေါ့ဆဆ နေထိုင်တတ်ခြင်းအလေ့အထကို ရှောင်ရှားရမည်ဖြစ်သည်။

သို့ဖြစ်ရာ သတိဟူသည် ပိုသည်ဟူ၍မရှိ လူတိုင်းလူတိုင်း အစဉ်အမြဲ သတိကပ်ထားခြင်းဖြင့် ကိုဗစ်– ၁၉ ရောဂါကိုသာမက အရာရာကျော်လွှားနိုင်ရေး မျှော်လင့်ရမည်ဖြစ်သည်။ အဓိကမှာ ရောဂါကူးစက်မှု ထပ်တိုးမလာခြင်းဖြင့် ပြည်သူအားလုံးတို့၏ လူမှုစီးပွားဘဝများ အဆင်ပြေလာရုံသာမက မိမိတို့တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ အဆင်ပြေလာမည်ကို သတိချပ်ကာ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းများကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် “စောစောရှာ” Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ “စောစောရှာ” Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်“စောစောရှာ” Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ “စောစောရှာ” Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ “စောစောရှာ” Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် “စောစောရှာ” Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်
အရေးပေါ်တုံ့ပြန်ရေးကော်မတီ

SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် “စောစောရှာ” Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄–၄–၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀,၀၀၀	၁၀,၀၀၀	၁,၅၇၉	၁၅,၇၉၂,၅၀၀
MTSH	၃,၆၀၀	၃,၆၀၀	၅,၅၁၉	၁၉,၈၆၈,၄၀၀
MCB	၈,၃၀၀	၈,၃၀၀	၀	၀
FPB	၂၁,၅၀၀	၂၁,၅၀၀	၀	၀
TMH	၂,၈၀၀	၂,၈၀၀	၀	၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

စက်သုံးဆီဈေးနှုန်း — နေပြည်တော် ဧပြီ ၂၄ ရန်ကုန်

(က) ဒီဇယ် တစ်လီတာ ၄၃၀/၄၆၅ ကျပ်
(ခ) အောက်တိန်း ၉၅ တစ်လီတာ ၄၃၀/၄၇၀ ကျပ်
(ဂ) အောက်တိန်း ၉၂ တစ်လီတာ ၂၉၀/၃၃၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၄၀/၄၇၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၃၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၃၉၀/၃၉၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၂၆၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန် တစ်ဒေါ်လာ = ၁၄၁၈.၆
(ခ) ဥရောပ တစ်ယူရို = ၁၅၂၅.၄
(ဂ) တရုတ် တစ်ယွမ် = ၂၀၀.၃၇
(ဃ) ထိုင်း တစ်ဘတ် = ၄၃.၇၁၀
(င) မလေးရှား တစ်ရင်းဂစ် = ၃၂၅.၀၇
(စ) အိန္ဒိယ တစ်ရူပီး = ၁၈.၅၆၇
(ဆ) ဂျပန် တစ်ရာယန်း = ၁၃၁၇.၁
(ဇ) တောင်ကိုရီးယား တစ်ရာဝမ် = ၁၁၄.၈၉
(ဈ) ဩစတြေးလျ တစ်ဒေါ်လာ = ၉၀၂.၂၀
(ည) စင်ကာပူ တစ်ဒေါ်လာ = ၉၉၅.၅၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ချင်းပြည်နယ်မှ ပြည်သူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

- မိမိတို့နိုင်ငံတွင် အလှူရှင်များ၏ စေတနာအင်အားသည် အရေးကြီး
- လိုအပ်ချက်များကို ကြားသိရပြီဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ပံ့ပိုးပေးမည်ဖြစ်ပြီး ပြည်သူများကလည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးမည်ဟု ယုံကြည်
- COVID-19 ကို ကျော်လွှားရန် မိမိတို့နိုင်ငံသည် လူသားအရင်းအမြစ်များကို အဓိက အားကိုးရမည်
- ပြည်သူတစ်ဦးချင်းတစ်ဦးချင်းစီက အမိန့်နှင့်ညွှန်ကြားချက်များကို နားလည်ပြီး လိုက်နာရန် အရေးကြီး
- ပြည်သူများနားလည်ပြီး လိုက်နာခြင်းသည် ယခုစိန်ခေါ်မှု၏ ပထမအဆင့်ကို အောင်မြင်ခြင်းဖြစ်

»»» **ရှေ့ဖုံးမှ**

ရှေးဦးစွာ Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက ချင်းပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရင်ဆိုင်ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ ချင်းပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများ၏ စိုးရိမ်ပူပန်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ COVID–19 ရောဂါ ကုသရေးလုပ်ငန်းများ၊ ရောဂါရှာဖွေရေးလုပ်ငန်းများ၊ ထိန်းချုပ်တုံ့ပြန်ရေးလုပ်ငန်းများ၊ ထောက်ပံ့ဖြည့်ဆည်းရေးလုပ်ငန်းများ၊ ကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု၊ လူနာများထားရှိရန်သီးသန့်အဆောက်အဦနှင့် လျှပ်စစ်ဓာတ်အား လိုအပ်မှုအခြေအနေများကို လည်းကောင်း၊ Hakha COVID–19 Response Committee ၏ Volunteer အဖွဲ့ဝင် ဒေါ်ဗန်ထလာကျဲရ်နီယာန်းက Hakha COVID–19 Response Committee ဖွဲ့စည်းရသည့် ရည်ရွယ်ချက်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ ပြည်နယ်ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ COVID–19 ရောဂါနှင့်ပတ်သက်၍ ပညာပေး Video များ ရိုက်ကူးဖြန့်ဝေပေးနေမှုနှင့် COVID–19 ကြောင့် ဖြစ်ပေါ်လာမည့် စိတ်ပိုင်းဆိုင်ရာ အခြေအနေများကို ကုစားနိုင်ရန်အတွက် စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဟားခါးမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်ရှိန်းက COVID–19 နှင့်ပတ်သက်သည့် အမိန့်နှင့်ညွှန်ကြားချက်များကို ပြည်သူများလိုက်နာမှုအခြေအနေနှင့် လိုက်နာမှုရှိစေရန် ကြိုးကြပ်ဆောင်ရွက်နေမှု၊ ချင်းပြည်နယ်အတွင်း Community Base Facility Quarantine စခန်းများဖွင့်လှစ်ထားရှိမှုနှင့် လိုအပ်ချက်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကလေးသူငယ်များမှအစပြု၍ ပြည်သူများအားလုံးကို COVID–19 ရောဂါနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ ကျန်းမာရေးဝန်ထမ်းများ၊ လူနာများနှင့် ပြည်သူများအား စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးရန်နှင့် နိုင်ငံတော်အစိုးရမှ ရေတိုရေရှည် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် မိမိတို့ပြည်သူများသည် အင်မတန်ချစ်စရာကောင်းပါကြောင်း၊ ယခုလို Video Conferencing ပြုလုပ်သည့်အခါ လိုအပ်ချက်များကို ကြားသိရသည်ဆိုသည်နှင့် အလှူရှင်များ ချက်ချင်းပေါ်လာပါကြောင်း၊ မိမိအနေဖြင့် မိမိတို့နိုင်ငံသည် စေတနာအရ နေမဝင်သည့်အင်ပါယာဟု စဉ်းစားမိပါကြောင်း၊ နေမဝင်ခင် လိုအပ်သည့်ပစ္စည်းများကို ဝိုင်းဝန်းပံ့ပိုးပေးရန် အလှူရှင်များ ပေါ်လာပါကြောင်း၊ ချင်းပြည်နယ်အတွက်လည်း ဝိုင်းဝန်းပံ့ပိုးပေးမည့် အလှူရှင်များ ပေါ်လာမည်ဖြစ်ပါကြောင်း၊ အလှူရှင်များ မပေါ်လာပါက နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို ပြည်သူများက ဝိုင်းဝန်းပံ့ပိုးပေးခြင်းသည် နိုင်ငံတော်အတွက် အမှန်တကယ် အင်အားဖြစ်စေပါကြောင်း။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်ဘဏ္ဍာငွေ တောင့်တင်းသည့် နိုင်ငံများတွင် အလှူရှင်များက ပံ့ပိုးသည်ဖြစ်စေ၊ မပံ့ပိုးသည်ဖြစ်စေ နိုင်ငံအနေဖြင့် လုပ်နိုင်စွမ်းရှိပါကြောင်း၊ သို့သော် မိမိတို့နိုင်ငံတွင် အလှူရှင်များ၏ စေတနာအင်အားသည် အရေးကြီးပါကြောင်း၊ လိုအပ်ချက်များကို ကြားသိရပြီဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ပံ့ပိုးပေးမည်ဖြစ်ပြီး ပြည်သူများကလည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးမည်ဟု ယုံကြည်ပါကြောင်း၊ COVID–19 ကို ကျော်လွှားရန် မိမိတို့နိုင်ငံသည် လူသားအရင်းအမြစ်များကို အဓိကအားကိုးရမည် ဖြစ်ပါကြောင်း၊ ပထမအချက်အနေဖြင့် ပြည်သူတစ်ဦးချင်းတစ်ဦးချင်းစီက အမိန့်နှင့်ညွှန်ကြားချက်များကို နားလည်ပြီး လိုက်နာရန်အရေးကြီးပါကြောင်း၊ ပြည်သူများနားလည်ပြီး လိုက်နာခြင်းသည် ယခုစိန်ခေါ်မှု၏ ပထမအဆင့်ကို အောင်မြင်ခြင်းဖြစ်ပါကြောင်း၊ လူနာများအား ပြန်လည်ကောင်းမွန်လာအောင် ကျန်းမာရေးအရ စောင့်ရှောက်ပေးရန် ဖြစ်ပါကြောင်း၊ COVID–19 ရောဂါသည် ရောဂါရလာသည်နှင့် မျှော်လင့်ချက်များ ဆုံးပါးမသွားပါကြောင်း၊ COVID–19 ရောဂါကြောင့် သေဆုံးမှုနှုန်းသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ၅ ရာခိုင်နှုန်း၊ ၆ ရာခိုင်နှုန်းသာရှိပါကြောင်း၊ ကုသ၍မရသည့်ရောဂါမဟုတ်ပါကြောင်း၊ သို့သော် စောစောသိရန်၊ ကုသပေးနိုင်ရန် အခြေအနေများရှိရန်၊ ဆေးရုံများ၊ ဝန်ထမ်းများနှင့် ပစ္စည်းများရှိရန် လိုအပ်ပါကြောင်း၊ အဆိုပါ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း၊ အားလုံးဝိုင်းဝန်းပြီး ပူးပေါင်းဆောင်ရွက်ပါက ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း။

ချင်းပြည်နယ်ကိုလည်း အားကိုးပါကြောင်း၊ ပထမဦးဆုံးလူနာ တွေ့ခဲ့သည့်နေရာက ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီး အားလုံးကလည်း ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းရုန်းကန်ခဲ့ကြသဖြင့် ယခုစိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဆိုပါက တစ်နိုင်ငံလုံးအတွက် အင်မတန်အားရစရာဖြစ်ပါကြောင်း၊ COVID –19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ချင်းပြည်နယ်မှ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးဘက်မှ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်သစ်ကူးတွင် အားလုံးကျန်းမာချမ်းသာကြပါစေ၊ ဘေးအန္တရာယ်ခပ်သိမ်းမှ ကင်းဝေးကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုဗစ်-၁၉ နှင့်စပ်လျဉ်း၍ ကုန်ပစ္စည်းတင်သွင်းဖြန့်ဖြူးသူများအား အသိပေးထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
Coronavirus Disease 2019 (COVID –19) နှင့်စပ်လျဉ်း၍
ကုန်ပစ္စည်းတင်သွင်းဖြန့်ဖြူးသူများအားအသိပေးထုတ်ပြန်ကြေညာခြင်း
၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၄ ရက်)

၁။ လက်ရှိဖြစ်ပေါ်နေသော Coronavirus Disease 2019 (COVID –19) အခြေအနေအရ ပြည်တွင်းဈေးကွက်အတွင်း အခြေခံစားသောက်ကုန်နှင့် မရှိမဖြစ်လူသုံးကုန်ပစ္စည်းများ ပြတ်လပ်မှု မရှိစေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်စေရေးတို့အတွက် နေ့စဉ် ပြည်သူများကို ရောင်းချပေးနိုင်ရေးအတွက် တိုင်း/ပြည်နယ်အသီးသီးတွင် လက်လီဆိုင်များအပါအဝင် ဈေးများကို စနစ်တကျဖွင့်လှစ်ခွင့်ပြုထားသကဲ့သို့ ကုန်စည်စီးဆင်းမှုအဆင်ပြေစေရေးအတွက်လည်း ယာဉ်/လူပုဂ္ဂိုလ်များကိုလည်း သတ်မှတ်ချက်များနှင့်အညီ သွားလာခွင့်ပြုထားပါသည်။

၂။ ပြည်ပမှ တင်သွင်းရန်လိုအပ်သည့် ကုန်ပစ္စည်းများအဆင်ပြေချောမွေ့စွာ တင်သွင်း ရောင်းချနိုင်ရေးအတွက်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့်ချိတ်ဆက်၍ လုပ်ငန်းစဉ်များ ဖြေလျှော့ပေးသည့် စီမံချက်များဖြင့် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ကုန်ပစ္စည်းပြတ်လပ်မှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရေးအတွက် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်များကို ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချပေးခြင်းကို တားမြစ်ကန့်သတ်ထားခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ကုန်ပစ္စည်းထုတ်လုပ်(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စံသတ်မှတ်ချက်နှင့်အညီ စစ်ဆေးမှုခံယူပြီးသော) ဖြန့်ဖြူးရောင်းချသူ၊ ပို့ဆောင်ဖြန့်ဖြူးသူ၊ တင်သွင်းရောင်းချသူများအနေဖြင့် မိမိတို့လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရန် အသိပေးကြေညာအပ်ပါသည်။

၄။ ယင်းသို့ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် ဖြစ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDPစခန်းများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ စင်ကြိုင် IDP စခန်း၊ မိုင်းနား AG IDP စခန်း၊ မိုင်းနား(လဝမ်) IDP စခန်း၊ မိုင်းနား (ဖွံ့ဖြိုးရေးခြံ) IDP စခန်း၊ မိုင်းနားကက်သလစ် IDP စခန်း၊ ရွှေကူမြို့နယ်ရှိနှစ်ခြင်း IDP စခန်း၊ ကက်သလစ် IDP စခန်းများသို့ သွားရောက်၍ အိမ်ထောင်စုတစ်စုလျှင် ဆပ်ပြာ နှစ်ခဲနှင့် နှာခေါင်းစည်း နှစ်ခုနှုန်းဖြင့် စုစုပေါင်းအိမ်ထောင်စု ၁၀၀၁ စုအတွက် ဆပ်ပြာခဲ ၂၀၀၂ ခဲ၊ နှာခေါင်းစည်း ၂၀၀၂ ခုနှင့် Infrared Thermometer နှစ်ခုတို့ကို ထောက်ပံ့ခဲ့သည်။

ထို့အပြင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တိုက်ပွဲရှောင်စခန်းများဖြစ်ကြသော အလိုတော်ပြည့် ဘုန်းကြီးကျောင်းနှင့် ဇမ္ဗူရတနာဘုန်းကြီးကျောင်း၊ IDP စခန်းများဖြစ်ကြသော သဲချောင်း (ရခိုင်)၊ သဲချောင်းနှင့် ခေါင်းဒုက္ခာတို့ရှိ အိမ်ထောင်စု ၂၉၄၀ အတွက် ဆပ်ပြာတောင့် ၂၉၄၀ ၊ နှာခေါင်းစည်း ၅၈၈၀ နှင့် Infrared Thermometer နှစ်ခု ထောက်ပံ့ခဲ့သည်။

အလားတူ ယနေ့တွင် ကချင်ပြည်နယ် ချီဖွေမြို့နယ်ရှိ IDP စခန်းအမှတ် (၁)နှင့် အမှတ် (၂) တို့တွင် အိမ်ထောင်စု ၃၁၂ စုအတွက် ဆပ်ပြာခဲ ၆၂၄ ခဲနှင့် နှာခေါင်းစည်း ၆၂၄ ခု၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်ရှိ အေးလင်းမြတ်ရှင်စခန်းနှင့် မြတ်ပန်းဝတ်မှုန် IDP စခန်းတို့တွင် စခန်းနေသူများ အသုံးပြုနိုင်ရန်အတွက် လက်ဆေးဘေစင် ခြောက်ခုနှင့် လက်ဆေးဆပ်ပြာများ၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ငတောက်တက်၊ ပါဒလိတ်၊ တောကန်၊ ကြီတဲ၊ ကြက်တောပြင်ကျေးရွာများရှိ တိုက်ပွဲရှောင် အိမ်ထောင်စု ၆၂ စုအတွက် ဆပ်ပြာတောင့် ၆၂ တောင့်၊ နှာခေါင်းစည်း ၁၂၄ ခုတို့ကို ထောက်ပံ့ပေးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကိုနေပြည်တော်ကောင်စီအပါအဝင်ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

လှိုင်ကော်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

လှိုင်ကော် မေ ၂၄

ကယားပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရန် ရည်ရွယ်၍ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် သီရိမင်္ဂလာဈေး(တောင်ဈေး)နှင့် လှိုင်ကော်အကျဉ်းထောင်တို့တွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးဖျန်းခြင်းလုပ်ငန်းကို နယ်မြေခံတပ်မှ တပ်မတော်သားများ၊ လှိုင်ကော်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ပြည်နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ လှိုင်ကော် အကျဉ်းထောင် ဝန်ထမ်းများ၊ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများ၊ ဝစ္စကုဋ္ဌီ၊ ဖေးကူလက် စသည့် ပရဟိတအဖွဲ့များ၊ သီရိမင်္ဂလာဈေး (တောင်ဈေး) ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုစိုင်း(လှိုင်ကော်)

ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID–19 ရောဂါကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ်(Community Based Facility Quarantine)ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံဆု (ASEAN Prize 2020) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါသတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်–

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ယင်းဆုကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် (၃၇)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆုကို မလေးရှားနိုင်ငံမှ Dr.Jemilah Mahmood က အာဆီယံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိခဲ့ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံ အသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည်ဖြစ်ပါသည်။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့်ပတ်သက်သည့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-1/တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို ၃-၇-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ လိပ်မူလျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသားချင်းများ

တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား စည်းလုံးညီညွတ်စွာ နေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ပြည်ထောင်စုတစ်ခုတည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသော သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် IMF/WB Spring Meetings၊ Washington D.C. ကို အခြေခံသော အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF) နှင့် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဘဏ္ဍာရေးဝန်ကြီးများ၏ အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

ဆွေးနွေးပြောကြား

အစည်းအဝေးတွင် တက်ရောက်လာသူများက ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကူးစက်ရောဂါကြောင့်ဖြစ်ပေါ်လာသည့် စီးပွားရေးထိခိုက်မှုအခြေအနေနှင့် အဆိုပါ ထိခိုက်မှုများအတွက် မိမိတို့နိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် မူဝါဒများနှင့် အစီအမံများကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး Ms. Kristalina Georgieva က ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာနှင့်အဝန်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိပါကြောင်း၊ ပထမဦးစွာ ကမ္ဘာ့စီးပွားရေးအပေါ် သက်ရောက်နိုင်မှု အခြေအနေနှင့်စပ်လျဉ်း၍ မိမိတို့၏ သုံးသပ်ချက်များကို တင်ပြလိုပါကြောင်း၊ ယခုနှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုသည် ၃ ရာခိုင်နှုန်းသို့ ကျဆင်းနိုင်ပြီး အာဆီယံနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုမှာ သုည ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်းနိုင်ပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် စီးပွားရေးဦးမော့မှု ပြန်လည်ရရှိလာမည်ဟု ခန့်မှန်းသော်လည်း အနာဂတ်တွင် မည်သို့ကြုံတွေ့နိုင်မည်ကို အတိအကျခန့်မှန်း၍ မရနိုင်ပါကြောင်း၊ အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုကိုကုစားရန် သုံးစွဲသည့်အသုံးစရိတ်သည် မကြုံစဖူးများပြားသည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ထိခိုက်မှုခံစားရလွယ်သူများနှင့် စီးပွားရေးလုပ်ငန်းများကို မည်ကဲ့သို့ ထိရောက်စွာကူညီနိုင်မည်ကို စဉ်းစားပါကြောင်း၊ အလုပ်လက်မဲ့ဦးရေ မြင့်တက်လာမှုကို မလိုလားပါကြောင်း၊ ကာလတို ငွေဖြစ်လွယ်မှုကို ဖန်တီးပေးနိုင်မည့် ငွေကြေးဖလှယ်မှုအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ဝင်ငွေနည်းသောနိုင်ငံများကိုလည်း ကြည့်ရှုပါကြောင်း၊ G-20 နိုင်ငံများက ဝင်ငွေနည်းသော နိုင်ငံများ၏ ချေးငွေပေးဆပ်မှုကာလကို ဆိုင်းငံ့ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အဖွဲ့ဝင်နိုင်ငံများသို့ မူဝါဒဆိုင်ရာ အကြံပေးမှုများ၊ ငွေရေးကြေးရေး အကူအညီများ တိုးမြှင့်ကူညီသွားမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လက်ရှိကြုံတွေ့နေရသည့် အခြေအနေများနှင့် မိမိတို့အနေဖြင့် မည်ကဲ့သို့ကူညီနိုင်သည်ကို ကြားသိလိုပါကြောင်း ပြောကြားသည်။

ငွေကြေးမူဝါဒဖြေလျှော့

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့အနေဖြင့် အဖွဲ့ဝင်နိုင်ငံများသို့ မူဝါဒအကောင်အထည်ဖော်မှုဆိုင်ရာ အကြံဉာဏ်များနှင့် ငွေရေးကြေးရေး အထောက်အပံ့များအား တိုးမြှင့်ပံ့ပိုးပေးနေမှုများအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မေ ၂၄ ရက်အထိ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ တွေ့ရှိ ဓာတ်ခွဲအတည်ပြုလူနာ (၁၄၄) ဦး၊ သေဆုံးသူ (၆) ဦးနှင့် ပြန်လည်ကျန်းမာလာသူ (၉) ဦး ရှိပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအပေါ် သက်ရောက်မှုများ ရှိပါကြောင်း၊ အထည်ချုပ်လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှာ အများဆုံးထိခိုက်ခံရပြီး အဆိုပါ ကဏ္ဍများတွင် လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများ အထူးသဖြင့် အထည်ချုပ်စက်ရုံ အလုပ်သမားများမှာ အလုပ်အကိုင်ဆုံးရှုံးမှုများနှင့်ရင်ဆိုင်နေရပါကြောင်း၊ လတ်တလော အခြေအနေများနှင့် ကျဆင်းလာဖွယ်ရှိသည့် စီးပွားရေးအလားအလာများကြောင့် ဖိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို လျော့ကျစေရေး လုပ်ဆောင်ချက်များအား တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ဗိုင်းရပ်စ်ဖြစ်ပွားမှု၏ သက်ရောက်မှုကို လျော့နည်းသက်သာစေရန်အတွက် ငွေကြေးမူဝါဒဖြေလျှော့မှုများနှင့် ဘဏ္ဍာရေးတွန်းအားပေး အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

စီးပွားရေးအား မြှင့်တင်ပေးနိုင်ရန်

ငွေကြေးမူဝါဒဆိုင်ရာ ဆောင်ရွက်မှုများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီးပွားရေးအား မြှင့်တင်ပေးနိုင်ရန်နှင့် စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များအား လှုံ့ဆော်ပေးနိုင်ရန်အတွက် ဗဟိုဘဏ်အတိုးနှုန်းကို ၃ ဒသမ ၀ ရာခိုင်နှုန်း လျှော့ချပေးခဲ့ပြီး အပ်ငွေများအပေါ် ပေးရမည့် အနည်းဆုံးအတိုးနှုန်းကို ၅ ဒသမ ၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် အာမခံပစ္စည်းများရယူ၍ ထုတ်ချေးသည့် ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ၁၀ ရာခိုင်နှုန်းသို့လည်းကောင်း လျှော့ချပေးခဲ့ပါကြောင်း၊ ထို့ပြင် ပြည်တွင်းငွေရေးကြေးရေးကဏ္ဍတွင် လုံလောက်သည့်ငွေဖြစ်လွယ်မှုရှိနေစေရန်အတွက် ဘဏ်များမှထားရှိရမည့် အနည်းဆုံးသီးသန့်ငွေကြေးလိုအပ်ချက်ကို ၅ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ပါကြောင်း၊ ငွေဖောင်းပွမှုနှုန်းနှင့် ငွေဖြစ်လွယ်မှုအား စီမံခန့်ခွဲနိုင်ရန် အသုံးပြုသည့် ငွေကြေးမူဝါဒနည်းလမ်းတစ်ခုဖြစ်သော အပ်ငွေလေလံခေါ်ယူခြင်းအား ယာယီရပ်ဆိုင်းပေးထားပါကြောင်း။

ကိုဗစ်-၁၉ ရန်ပုံငွေတစ်ခု ထူထောင်ခဲ့

ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် အစိုးရသည် ကျပ်ငွေ ၁၀၀ ဘီလီယံပမာဏရှိ ကိုဗစ်-၁၉ ရန်ပုံငွေတစ်ခုအား ထူထောင်ခဲ့ပြီး ဦးစားပေးချေးငွေထောက်ပံ့ပေးရမည့် ကဏ္ဍများအဖြစ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများကို သတ်မှတ်ပြီး ချေးငွေများ ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ပုံမှန်ဝင်ငွေမရှိသည့် ပြည်သူများသို့လည်း အခြေခံစားကုန်များ ထောက်ပံ့ပေးခြင်း၊ မီတာအခွန်အခများအား သတ်မှတ်အဆင့်တစ်ခုသို့ လျှော့ချပေးခြင်းတို့ကို ပြုလုပ်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ၏ သက်ရောက်မှုသည် ကာလတိုသာဖြစ်ပြီး အဆိုပါ သက်ရောက်မှုကို ပြည်တွင်းဝယ်လိုအား မြှင့်တင်ခြင်းဖြင့် ခုခံနိုင်စွမ်းရှိသည်ဟု မျှော်မှန်းထားသော်လည်း အကယ်၍ ကိုဗစ်-၁၉ သည် ကာလကြာရှည်စွာဖြစ်ပေါ်မည်ဆိုပါက စီးပွားရေးတိုးတက်မှု ပိုမိုလျော့ကျမည့်အခြေအနေ ဖြစ်ပေါ်လာနိုင်မှုကိုလည်း သတိကြီးစွာထားရှိဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံများကြုံတွေ့နေရသည့် အခက်အခဲများ ပြေလည်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ငွေကြေးထောက်ပံ့မှုများမှာ အလွန်အရေးကြီးသည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ငွေကြေးကူညီထောက်ပံ့ပေးလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ Rapid Credit Facility (RCF) နှင့် Rapid Financing Instrument (RFI) ချေးငွေအစီအစဉ်ရယူရန်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ဆွေးနွေးလျက်ရှိပြီး မိမိတို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ချေးငွေအစီအစဉ်လျှောက်ထားသည့်အခါ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ကောင်းမွန်သောတုံ့ပြန်မှုကို မျှော်လင့်ပါကြောင်း ပါဝင်ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းနှင့် အဆင့်မြင့်အရာရှိများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းကျေးရွာများတွင် သတ်မှတ်အတိုးနှုန်းအား ဖြေလျှော့ပေးမည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်မှန်း၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း (၁၁,၆၄၃)ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းမှ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် ငွေကျပ်သန်း (၃၀) မတည်ပေးပြီး တိုးပွားလာသောငွေများအား ကျေးရွာရန်ပုံငွေအဖြစ် ထားရှိ၍ ကျေးရွာပြည်သူများထံ ပြန်လည်ထုတ်ချေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်တွင် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများ သက်သာစေရန်နှင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အတိုးနှုန်းအား ငွေတစ်ရာကျပ်အတွက် တစ်လလျှင် ပြား (၅၀) နှုန်းသို့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ တစ်နှစ်တိတိ လျှော့ချသတ်မှတ်ပေးခဲ့ကြောင်း အသိပေးအပ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် ရိုက်ခတ်လာမည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် နိုင်ငံရေးအကျိုးဆက်များ

တက္ကသိုလ်ဟန်စိုးဦး

(မေ ၂၂ ရက်မှ အဆက်)

အခုဆိုရင် တရုတ်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါကို ထိန်းချုပ်ထားနိုင်တဲ့အနေအထားကို ရရှိလာခဲ့ပြီဖြစ်သော်လည်း ကျန်ကမ္ဘာ့နိုင်ငံအများအပြားမှာတော့ အရှိန်အဟုန်နဲ့ ဆက်လက်ပြန့်ပွားနေဆဲရှိပါတယ်။ ဥရောပနိုင်ငံတွေ၊ တောင်ကိုရီးယား၊ အီရန်၊ အမေရိကန်ပြည်ထောင်စုနဲ့ အခြားနိုင်ငံတွေမှာ ဒီကူးစက်ရောဂါကို ထိန်းချုပ်နိုင်ဖို့ လိုအပ်တဲ့ကန့်သတ်မှုတွေ၊ အရေးယူဆောင်ရွက်မှုတွေ အလေးအနက် ဆောင်ရွက်နေကြရတာကို တွေ့မြင်နိုင်ပါတယ်။ ကုန်သွယ်မှုအပေါ် အဓိကမှီခိုနေကြရတဲ့ ဥရောပနိုင်ငံတွေနဲ့ ဂျပန်နိုင်ငံတို့ကတော့ စီးပွားရေးကျဆင်းမှုကို ခံစားနေကြရပြီဖြစ်ပါတယ်။ စီးပွားရေးအရ ကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်မှုတွေအပေါ် ခန့်မှန်းချက်တွေကတော့ အများအပြား ထွက်ပေါ်လာခဲ့ပါတယ်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကြီး (Organization for Economic Cooperation and Development-OECD) က ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဟာ ၂ ဒသမ ၄ ရာခိုင်နှုန်းကနေ ၂ ဒသမ ၉ ရာခိုင်နှုန်းအထိ လျော့နည်းသွားဖွယ်ရှိတယ်လို့ ခန့်မှန်းဖော်ပြထားပါတယ်။ Bloomberg သတင်းဌာနကြီးရဲ့ ခန့်မှန်းချက်မှာ ကိုဗစ်-၁၉ ကူးစက်ရောဂါအခြေအနေ အဆိုးဆုံးအထိ ဖြစ်ပွားလာခဲ့ရင် ကမ္ဘာလုံးဆိုင်ရာ နှစ်အပြည့် ဂျီဒီပီ တိုးတက်မှုဟာ သုညအထိ ရောက်ရှိသွားနိုင်တယ်လို့ ဖော်ပြထားပါတယ်။

ကိုဗစ်-၁၉ ကူးစက်ရောဂါဟာ တစ်ကမ္ဘာလုံးမှာ ကုန်ချောပစ္စည်းဝယ်ယူလိုမှုအပြင် ကုန်ကြမ်းပစ္စည်း ထောက်ပံ့ပေးအပ်နိုင်မှုအပေါ်မှာပါ အကြီးအကျယ် သက်ရောက်မှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ တရုတ်နိုင်ငံပြင်ပက စီးပွားရေးအရ အဓိကနိုင်ငံကြီးတွေ (ဥပမာအားဖြင့် ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနိုင်ငံ) ရဲ့ စီးပွားရေးဟာ တရုတ်နိုင်ငံအပေါ် ထဲထဲဝင်ဝင် မှီခိုဆက်စပ်နေကြတာကြောင့် ဒီနိုင်ငံတွေရဲ့ စီးပွားရေးဟာ သိသာစွာပဲ ရိုက်ခတ်မှုဒဏ်ကို ခံစားကြရမယ်လို့ OECD ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဥရောပဒေသက စီးပွားရေးအရ အင်အားကြီးနိုင်ငံတွေဟာလည်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ဆက်လက်ပြန့်ပွားနေမှုကြောင့် ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွေ လျှော့ချခြင်းအပါအဝင် ထိန်းချုပ်မှုတွေကို ဆောင်ရွက်နေကြရတဲ့အတွက် အီတလီနိုင်ငံမြောက်ပိုင်းလို ဒေသတွင်း စက်မှုအချက်အချာနေရာတွေဟာ နေရာပြောင်းရွှေ့လာမယ့်အနေအထားမှာလည်း ရှိနေပါတယ်။ စီးပွားရေးလုပ်ငန်းတွေ တုံ့ဆိုင်းမှုဖြစ်စဉ်တွေကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်ခြင်းကလည်း ၂၀၀၈-၂၀၀၉ ကမ္ဘာ့ငွေကြေးအကျပ်အတည်း နောက်ပိုင်း အနိမ့်ဆုံးအနေအထားအဖြစ် ငါးရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းအထိ လျော့ကျသွားဖို့ရှိတယ်လို့



ကိုရိုနာဗိုင်းရပ်စ် COVID-19 ကူးစက်ရောဂါကြောင့် ကမ္ဘာ့လေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အကျပ်အတည်းများ ဖြစ်ပေါ်လာခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ခန့်မှန်းထားပါတယ်။

ကိုဗစ်-၁၉ ကူးစက်ရောဂါမပြန့်ပွားဖို့ တစ်ကမ္ဘာလုံးမှာ ခပ်ခွာခွာနေခြင်း (Social distancing)၊ လူစုလူဝေးမပြုလုပ်ဘဲ မိမိအိမ်မှာပင်နေထိုင်ခြင်း (Stay at home) စတာတွေကို တိုက်တွန်းနေမှုနဲ့အညီ အထိခိုက်အခံစားရဆုံးလုပ်ငန်းတွေကတော့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ လုပ်ငန်းတွေပဲဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေးအဖွဲ့ကြီး (International Air Transport Association-IATA) ကလည်း တစ်ကမ္ဘာလုံးဆိုင်ရာလေကြောင်းလိုင်းတွေအနေနဲ့ ၆၃ ဘီလီယံဒေါ်လာကနေ ၁၁၃ ဘီလီယံ ဒေါ်လာအထိ ထိခိုက်နစ်နာမှုခံစားကြရနိုင်ကြောင်း ပြောကြားခဲ့သလို နိုင်ငံတကာရုပ်ရှင်ဈေးကွက်မှာလည်း ဝင်ငွေငါးဘီလီယံဒေါ်လာအထိ ဆုံးရှုံးနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။ အလားတူ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ဖျော်ဖြေရေးလုပ်ငန်းတွေ၊ စားသောက်ဆိုင်လုပ်ငန်းတွေ၊ အားကစားအစီအစဉ်တွေမှာလည်း ဆုံးရှုံးမှုတွေ ရှိလာမှာဖြစ်ပါတယ်။ အမေရိကန်၊ ဗြိတိန်နဲ့ ဥရောပနိုင်ငံအချို့မှာ ဟိုတယ်အများအပြားဟာ လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းခဲ့ကြတာကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဆိုရင် လူပေါင်း ၂၄ သန်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ကြပြီး အမေရိကန်နိုင်ငံတစ်နိုင်ငံတည်းမှာပင် ၃ ဒသမ ၉ သန်း အလုပ်လက်မဲ့ဖြစ်ခဲ့ကြပါတယ်။ လူမှုရေးအရ ထိတွေ့မှုတွေနဲ့မသက်ဆိုင်တဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွေမှာတော့ သက်ရောက်မှုတွေ ကြီးကြီးကျယ်ကျယ် မရှိနိုင်သော်လည်း ဈေးကွက်လိုအပ်မှု လျော့နည်းသွားခြင်းဟာလည်း ဒီကဏ္ဍအတွက် စိန်ခေါ်မှုဖြစ်လာနိုင်ပါတယ်။

အခုလို စီးပွားရေးလုပ်ငန်းတွေ နှောင့်နှေးလာတာကြောင့် စွမ်းအင်လိုအပ်မှုလည်း နည်းပါးသွားခဲ့တဲ့အတွက် စေလိုတဲ့ စွမ်းအင်ဈေးကွက်ကို စိတ်ပျက်အားလျော့စေခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာ့ရေနံအများဆုံးထုတ်လုပ်တဲ့ အိုပက်အဖွဲ့ကြီးနဲ့ မဟာမိတ်နိုင်ငံတွေ၊ G-20 အဖွဲ့ကြီး အကြား ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီး ကမ္ဘာ့ရေနံထုတ်လုပ်မှုပမာဏကို ၁၀ ပုံ ၁ ပုံ အထိ လျှော့ချသွားဖို့ ဧပြီလ ၁၃ ရက်နေ့က သဘောတူညီခဲ့ကြတဲ့အတွက် ရေနံဈေးနှုန်း လွန်ဆွဲပွဲက ပြီးဆုံးသွားခဲ့ပါတယ်။

ရေနံဈေးနှုန်းကျဆင်းမှုတွေကြောင့် အမေရိကန်နိုင်ငံအပါအဝင် ရေနံထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတွေဟာ ရင်းနှီးမြှုပ်နှံမှုတွေကို လျှော့ချခြင်း၊ ထုတ်လုပ်မှုတွေ ကို လျှော့ချခြင်း၊ ကြွေးတင်နေတဲ့ ကုမ္ပဏီတွေအဖို့ အလုပ်သမားများ လျှော့ချခြင်း၊ ပေါင်းစည်းခြင်း၊ လူမွဲစာရင်းခံခြင်း စတဲ့အခြေအနေအထိ ဖြစ်လာနိုင်ပါတယ်။ ပုံမှန်အားဖြင့်ဆိုရင် ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းတဲ့အခါ ရေနံစိမ်းဝယ်ယူတင်သွင်းနေတဲ့ နိုင်ငံတွေအတွက် အကျိုးရှိစေမှာဖြစ်ပေမယ့် အခုအချိန်မှာ နိုင်ငံတိုင်းလိုလိုဟာ ကိုဗစ်-၁၉ ကူးစက်ရောဂါကို ခံစားနေကြရတဲ့အတွက် ဒီအကျိုးကို ခံစားနိုင်ခြေလည်း နည်းပါးနေပါတယ်။



ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားပြီးနောက်ပိုင်းတွင် အမေရိကန်နိုင်ငံ စတော့ရှယ်ယာဈေးကွက်တွင် ဈေးနှုန်းများ ကျဆင်းခဲ့သည်။

လောင်စာဆီဈေးနှုန်းတွေလည်း ကျဆင်းလာခဲ့ပါတယ်။ ပုံမှန်အားဖြင့် လိုအပ်ချက်လျော့နည်းလာခဲ့ရင် ဈေးနှုန်းကိုထိန်းသိမ်းထားနိုင်ဖို့ ထုတ်လုပ်သူတွေဟာ ထုတ်လုပ်မှုပမာဏကို လျှော့ချလေ့ရှိကြပါတယ်။ ဒါကြောင့် ရေနံတင်ပို့ရောင်းချသည့်နိုင်ငံများအဖွဲ့ (အိုပက်)နဲ့ အခြား ရေနံထုတ်လုပ်တဲ့ နိုင်ငံအချို့အကြား အစည်းအဝေးကျင်းပပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေတဲ့ ကာလမှာ ရေနံစိမ်းထုတ်လုပ်မှုကို ဇွန်လအထိ တစ်ရက်ကို ရေနံစိမ်းစည်ပေါင်း ၁ ဒသမ ၅ သန်းလျှော့ချထုတ်လုပ်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ သို့သော်လည်း ရုရှားနိုင်ငံက ရေနံစိမ်းလျှော့ချထုတ်လုပ်ဖို့ သဘောမတူညီလို့ ဆွေးနွေးညှိနှိုင်းမှု မအောင်မြင်ခဲ့ပြီးနောက်ပိုင်း ဆော်ဒီအာရေဗျနိုင်ငံဟာ ရေနံစိမ်းပမာဏကို ပိုမိုထုတ်လုပ်ခဲ့သလို ရေနံဈေးနှုန်းကိုလည်း လျှော့ချခဲ့ပါတယ်။

ဒီလိုဆောင်ရွက်တာဟာ ရုရှားနိုင်ငံကို အထိနာစေဖို့ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပေမယ့် ရေနံစိမ်းဈေးနှုန်းဟာ ၂၀ ရာခိုင်နှုန်း ကျဆင်းသွားခဲ့တဲ့အတွက် ၁၉၉၁ ခုနှစ်နောက်ပိုင်း တစ်ရက်အတွင်း အနိမ့်ဆုံးဈေးနှုန်းကျဆင်းမှုဖြစ်ခဲ့ပါတယ်။ ထပ်မံကျဆင်းသွားဖို့အလားအလာတွေရှိတယ်လို့လည်း လေ့လာသူတွေက သုံးသပ်ကြပါတယ်။ ဆော်ဒီအာရေဗျနဲ့ ရုရှားနိုင်ငံအကြားက ဈေးနှုန်းအားပြိုင်မှုကြောင့်ဖြစ်ပေါ်လာတဲ့ရလဒ်တွေဟာ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေတဲ့ကာလမှာ မူဝါဒကို ညှိနှိုင်းဆောင်ရွက်ဒါ့အပြင် မကြာသေးမီနှစ်များအတွင်းက အမေရိကန်နိုင်ငံမှာ ပြည်တွင်းသုံးစွဲမှုအတွက် ရေနံစိမ်းပိုမိုထုတ်လုပ်ခဲ့မှုကြောင့် ယခုရေနံဈေးနှုန်းကျဆင်းမှုကို ယခင်အကြိမ်တွေတုန်းက ဖြစ်ပွားခဲ့တဲ့ စီးပွားရေးအကျပ်အတည်းကာလတုန်းကလို ရှုမြင်မှာမဟုတ်မှာလည်း သေချာပါတယ်။

ကိုဗစ်-၁၉ ကူးစက်ရောဂါကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်မှုမရှိသေးလို့ ကျယ်ကျယ်ပြန့်ပြန့် ကူးစက်မှုတွေ ဆက်လက်ဖြစ်ပွားနေချိန်မှာ စီးပွားရေးအရ အကျိုးသက်ရောက်မှုတွေကလည်း ငွေကြေးဈေးကွက်အပေါ် ရိုက်ခတ်မှုတွေရှိခဲ့ပါတယ်။ မတ်လ ၉ ရက် ဈေးကွက်အဖွင့်မှာ S & P 500 ကုမ္ပဏီကြီးရဲ့ ရှယ်ယာဈေးနှုန်းတွေဟာ ခုနစ်ရာခိုင်နှုန်း ကျဆင်းသွားခဲ့တဲ့အတွက် ၁၉၉၇ ခုနှစ် ကမ္ဘာ့ငွေကြေး အကျပ်အတည်းကာလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် S & P 500 ကုမ္ပဏီဟာ သူ့ရဲ့ ရှယ်ယာတွေရောင်းချမှုကို ခေတ္တရပ်နားခဲ့ပါတယ်။ ငွေကြေးဈေးကွက်ကို အကြမ်းဖျင်းခြုံပြောရရင် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ အမြင့်ဆုံးအနေအထားရှိခဲ့ရာကနေ ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ အခုလို အစုရှယ်ယာဈေးနှုန်းတွေ ကမောက်ကမဖြစ်နေချိန်မှာ ရင်းနှီးမြှုပ်နှံသူတွေဟာ ပိုမိုစိတ်ချရတဲ့ အမေရိကန်နိုင်ငံရဲ့ ငွေချေးစာချုပ်တွေ ဝယ်ယူတဲ့ဘက်ကို ပြောင်းခဲ့ကြတာတွေလည်း ဖြစ်ပေါ်ခဲ့ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ကမ္ဘာပေါ်တွင် အဓိကရေနံထုတ်လုပ်သူများအကြား ဧပြီလ ၁၃ ရက်နေ့က ရရှိခဲ့သည့် ထုတ်လုပ်မှုလျှော့ချရေး သဘောတူညီချက်သည် ရေနံဈေးနှုန်းအားပြိုင်မှုကို ပြီးဆုံးစေခဲ့သည်။

(မှတ်ချက်။ ယခုဆောင်းပါးတွင် ဖော်ပြထားသော အချက်အလက်များသည် စာရေးသူ၏ သဘောထားအမြင်၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၊ ပညာရှင်များ၊ အဖွဲ့အစည်းများ၏ အယူအဆများကို လေ့လာစုစည်း ရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။)

မေ ၂၄ ရက် ည ၁၁ နာရီအထိ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၂ ဦး ထပ်တိုး စုစုပေါင်း ပိုးတွေ့လူနာ ၁၉၄ ဦးရှိလာ

နေပြည်တော် မေ ၂၄

မေ ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လူနာ ၁၂ ဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၉၄ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ ၁၂ ဦးမှာ ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ်၊ တာမွေမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ လှိုင်မြို့နယ်၊ အင်းစိန်မြို့နယ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်နှင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် တို့မှ ဖြစ်ပြီး အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၅ ဦးဖြစ်သည်။ အသက် ၂၀ ကျော် ၄ ဦး၊ ၃၀ ကျော် ၅ ဦး၊ ၄၅ နှစ် ၁ ဦး၊ ၅၃ နှစ် ၁ ဦးနှင့် ၈၇ နှစ်အရွယ် ၁ ဦး တို့ ဖြစ်သည်။

ရောဂါပိုးရှိသူ ၁၉၄ ဦးအနက် သေဆုံးသူ ၅ ဦး၊ ရောဂါသက်သာ၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၉ ဦးရှိသဖြင့် ကျန်လူနာ ၁၃၀ ရှိကြောင်း၊ ၎င်းတို့အနက် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ၂ ဦးနှင့် တောင်ဥက္ကလာပ အထူးကုဆေးရုံကြီးတွင် ၁ ဦး ပေါင်း ၃ ဦးကို အထူးကြပ်မတ်ကုသပေးလျက်ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၆၀၂၅	၁၉၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ	သေဆုံးသူ
၉	၅

စောင့်ကြည့်လူနာ စုစုပေါင်း - ၂၅၄၁

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုးတွေ့ရှိ/ပြန်လည်သက်သာ/သေဆုံးသူ စာရင်းဇယားပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	ပြန်လည်သက်သာသူ	သေဆုံးသူ
၁	ရန်ကုန်	၁၁၂	၇	၄
၂	ပဲခူး	၇	-	၁
၃	စစ်ကိုင်း	၆	-	-
၄	ချင်း	၅	-	-
၅	ရှမ်း(ရှေ့)	၃	-	-
၆	မန္တလေး	၃	၁	-
၇	ရှမ်း (တောင်)	၂	-	-
၈	ရှမ်း (မြောက်)	၂	၁	-
၉	နေပြည်တော်	၁	-	-
၁၀	မွန်	၁	-	-
၁၁	မကွေး	၁	-	-
၁၂	ကချင်	၁	-	-
	စုစုပေါင်း	၁၉၄	၉	၅

❖ အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

တိုင်းဒေသကြီး	ပြည်နယ်
ဧရာဝတီ တိုင်းဒေသကြီး	ကယားပြည်နယ်
တနင်္သာရီတိုင်းဒေသကြီး	ရခိုင်ပြည်နယ်
	ကရင်ပြည်နယ်

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၊ ၂၄-၄-၂၀၂၀ ရက်ည(၁၁)နာရီ

ခိုင်မာမြဲမြံ ... သန္နိဋ္ဌာန်

■ COVID က တစ်ကမ္ဘာလုံးကို
ပါးပါးလေး ပုတ်နှိုးတယ်။
သူ့ကြောင့် ...

■ မူလဘူတ
အယူအဆ ... မတူမျှသူတွေ
အတူတကွ အလုပ်လုပ်ကြတယ်။

■ ပြေးထွက်မပုန်း
stay at home ကာလမှာ
အရှိတရား တစ်ခုကတော့ ...
မိသားစုတွေ
မျက်နှာချင်းဆိုင် ထမင်းအတူတူ စားခွင့်ရကြတယ်။

■ မတတ်သာ ... ခပ်ခွာခွာနေကြရပေမယ့်
အမုန်းစကား ကင်းကင်းနဲ့
နှလုံးသားချင်း နီးနေကြဖို့ အရေးကြီးတယ်။

■ ဖော့ဖယောင်းလို ... မပျော့ပျောင်းတဲ့
စည်းမျဉ်းနဲ့ ညွှန်ကြားချက်တွေမှာ
ပြည်သူသာ အဓိကဖြစ်တာမို့
ကြည်ဖြူစွာ ... ပူးပေါင်းဆောင်ရွက်ရင်း
တစ်ဦးချင်း တစ်ယောက်ချင်းအားနဲ့
လောကခံ ၂၈ ရက်ကို
အသိရှိရှိ ကျော်ဖြတ်ကြမယ်။

■ တစ်ယောက်မှသည်...ရာထောင်ချီ ကူးနိုင်တာကြောင့်
COVID ပြဿနာ မနေရအောင်
နှာခေါင်းစည်းတပ် ... လက်ကို စင်အောင်ဆေး
အသက်ကို ရှင်အောင်မွေးရင်း ...
Quarantine ကို နာခံ
အားမာန်နဲ့
ဆက်လက် ချီတက်ကြမယ် ...။

■ လှမ်းယောင်မျှော် ...
သန်းခေါင်ကျော်ရင်
အရုဏ်ရောက်မှာမို့
နောက်မတွန့်နဲ့ ... ရှေ့ဆက်
ပြေးမထွက် ... ရဲရဲရင်ဆိုင်
အဆုံးမှာ ... နိုင်ကိုနိုင်ရမယ်...။

သွယ်ရည်ကို(သွား/ဆေး-ရန်ကုန်)

ကျောက်တံတားမြို့နယ်၌ လျှပ်စစ်မီတာခများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကောက်ခံ

ရန်ကုန် မေ ၂၄

ကျောက်တံတားမြို့နယ်ရှိ လျှပ်စစ်မီးသုံးစွဲကြသော ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါဖြစ်နေစဉ် ကာလအတွင်း မီတာခပေးဆောင်မှုအဆင်ပြေစေရန် ကျောက်တံတားမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ လျှပ်စစ်မီတာခများအား မော်တော်ယာဉ်များဖြင့် မေ ၂၄ ရက်မှစတင်၍ လှည့်လည်ကောက်ခံကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"လမ်းတိုင်းကို တစ်ပွိုင့်ချင်းအလိုက် လုပ်ဆောင်သွားဖို့ ရှိပါတယ်၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့နေတဲ့ကာလဖြစ်လို့ လျှပ်စစ်မီတာရုံးမှာ လူစုလူဝေးမဖြစ်စေဖို့ ရောဂါကာကွယ်တဲ့အနေနဲ့ ပြည်သူတွေအတွက် ဆောင်ရွက်ပေးတာပါ" ဟု ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်က ပြောသည်။

လိုက်ပါကောက်ခံပေး

ကျောက်တံတားမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ရပ်ကွက်အလိုက် ယာဉ်ဖြင့် လှည့်လည်ကောက်ခံရာတွင် ဦးသိန်းထွန်း (လက်ထောက်ကြီးကြပ်ရေးမှူး၊ မီတာ)နှင့် စာရင်းကိုင် ခြောက်ဦးက ကြီးကြပ်၍ မေ ၂၄ ရက်မှ ၃၀ ရက်အထိ လှည့်လည်ကောက်ခံသွားမည်ဖြစ်သည်။ မေ ၂၄ ရက်တွင် ဆူးလေ၊ ၃၃ လမ်း၊ ၃၄ လမ်း၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်း၊ မေ ၂၅ ရက်တွင် ကမ်းနားလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်း တစ်လျှောက်၊ မေ ၂၆ ရက်တွင် အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက်၊ မေ ၂၇ ရက်တွင် ပန်းဆိုးတန်းလမ်း၊ ၃၇ လမ်း၊ ၃၈ လမ်း၊ မေ ၂၈ ရက်တွင် ဆိပ်ကမ်းသာလမ်း၊ ၃၉ လမ်း၊ လမ်း ၄၀၊ ဗိုလ်အောင်ကျော်လမ်း၊ မေ ၂၉ ရက်တွင် ဆူးလေ၊ ၃၃ လမ်း၊ ၃၄ လမ်း၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်း၊ မေ ၃၀ ရက်တွင် ပန်းဆိုးတန်းလမ်း၊ ၃၇ လမ်း၊ ၃၈ လမ်းတို့အား တာဝန်ကျဝန်ထမ်း ၁၄ ဦးက လိုက်ပါကောက်ခံပေးမည်ဖြစ်ကြောင်း သိရသည်။

ပွင့်သစ္စာ

❖ ရန်ကုန်မှ

အရှေ့ပိုင်းခရိုင်တွင် ပိုးသတ်ဆေး ၄၇၅ ဂါလန်ဖြင့် ၁၉၃ ကြိမ်၊ အနောက်ပိုင်းခရိုင်တွင် ပိုးသတ်ဆေး ၈၅၆ ဂါလန်ဖြင့် ၉၆ ကြိမ်၊ တောင်ပိုင်းခရိုင်တွင် ပိုးသတ်ဆေး ၂၁၃ ဂါလန်ဖြင့် ၁၈၁ ကြိမ်၊ မြောက်ပိုင်းခရိုင်တွင် ပိုးသတ်ဆေး ၉၄၂ ဂါလန်ဖြင့် ၆၇ ကြိမ် စုစုပေါင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ပိုးသတ်ဆေး ၂၄၈၆ ဂါလန်ဖြင့် ၅၃၇ ကြိမ် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မီးသတ်ယာဉ် ၇၁ စီး၊ ကျောလွယ်ပုံး ၁၅၆၁ ပုံးကို အသုံးပြုပြီး မီးသတ်တပ်ဖွဲ့ဝင် ၃၀၂၇ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၆၇၄ ဦးတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မယ်စဲ့မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

မယ်စဲ့ မေ ၂၄

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုမရှိစေရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အသိပေးလုပ်ငန်းများကို နေ့စဉ်အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲက မြို့တွင်းလမ်းဆုံ၌ အသိပညာပေးဆောင်ရွက်ခဲ့သည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း ဦးဆောင်၍ ပူးပေါင်းအဖွဲ့ဖြင့် မြို့တွင်း၌ နှာခေါင်းစည်းတပ်ဆင်မှုမရှိဘဲ သွားလာနေသူများအား နှာခေါင်းစည်းဝယ်ယူတပ်ဆင်စေပြီး အမည်၊ နေရပ်လိပ်စာများ မှတ်တမ်းရေးသွင်းကာ နောင်တွင်အပြင်သို့သွားလာပါက နှာခေါင်းစည်းတပ်ဆင်ပြီးမှ သွားလာရန် အသိပညာပေးခဲ့သည်။ ယင်းအပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက "ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ" လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ကိုဗစ်-၁၉ ကုသရေးဌာန၊ ရန်ကုန်(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများ

တွေ့ဆုံမေးမြန်း-ညွန့်ကိုကို
ဓာတ်ပုံ- ဇော်မင်းလတ်

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ကိုဗစ်-၁၉ ကုသရေးဌာန (COVID-19 Medical Center) ထားရှိရန်အတွက် လမ်းများ ပြုပြင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်း၊ အဆောက်အအုံများပြုပြင်ခြင်း၊ အထူးကြပ်မတ်ကုသဆောင်(ICU)၊ လူဦးရေ ၂၄၀ အထိ အောက်ဆီဂျင်ပေးနိုင်သော အထူးကုသဆောင်၊ လူဦးရေ ၂၄၀ ဆံ့ သာမန် ကိုဗစ်-၁၉ လူနာဆောင်၊ ဆရာဝန်၊ သူနာပြုနှင့် ကျွမ်းကျင်ဝန်ထမ်းများနေထိုင်ရန် အဆောက်အအုံ၊ ဆေးနှင့်ဆေးပစ္စည်းများ သိုလှောင်ရာဌာန၊ လူနာများအသုံးပြုရန် အောက်ဆီဂျင်ရရှိရေး၊ ဆေးရုံသုံးအမှိုက်စွန့်ပစ်မှုနှင့် အရေးပေါ်မီးရှို့စက်တို့ကို ဧပြီလဆန်းမှစတင်ကာ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါတွင် ကိုဗစ်-၁၉ လူနာ ၅၀၀ ထားရှိနိုင်သည့် အဆင့်အထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ ဆောင်ရွက်နေမှုများသည် ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

ထို့ကြောင့် ကိုဗစ်-၁၉ ကုသရေးဌာန၊ ရန်ကုန်(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို သိရှိစေရန် တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည် -

ဒေါက်တာကိုကိုနိုင်(ဆေးရုံအုပ်ကြီး)

ဒုတိယရဲမှူးကြီး လှဝေ

ဦးထွန်းဇော်ဝင်း

ဒေါက်တာထင်ပေါ်(ဥက္ကဋ္ဌ)

ဦးမျိုးမြင့်



ဦးထင်လင်းခ

(ယမန်နေ့မှအဆက်)

ဒေါက်တာကိုကိုနိုင် (ဆေးရုံအုပ်ကြီး)
ကိုဗစ်-၁၉ ကုသရေးဌာန နှင့် မင်္ဂလာဒုံအထူးကုဆေးရုံ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ပထမအဆင့်မှာ ကိုဗစ်-၁၉ လူနာတွေကို ဝေဘာဂီဆေးရုံမှာ စထားတယ်။ အဲဒီမှာ မလုံလောက်ဘူးဆိုရင် ဒုတိယအနေနဲ့ တောင်ဥက္ကလာပ မိခင်နှင့်ကလေးဆေးရုံပါ။ အဲဒါနဲ့ မလုံလောက်တော့ရင် ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)မှာ ထားဖို့ စီစဉ်ဆောင်ရွက်ပါမယ်။ ပြည်သူလူထုနဲ့ အလှမ်းဝေးတဲ့ ဖောင်ကြီးက သီးခြားဖြစ်တယ်။ လူအများကြီးထားနိုင်တဲ့ အဆောင်တွေ၊ အခန်းတွေ အများကြီးရှိတယ်။ ICU လိုမျိုးဆောက်လို့ရတဲ့ စာသင်ဆောင်တွေရှိတယ်။ ဒါကြောင့် ဒီနေရာကို ရွေးချယ်ပါတယ်။ ပထမအဆင့်အနေနဲ့ လူနာ ၅၀၀ ထားလို့ရအောင် ဆောင်ရွက်နေပါတယ်။ ကုသရေးပိုင်းကို စတင်တာဝန်ထမ်းဆောင်တဲ့အခါမှာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန တစ်ခုတည်းတင် မဟုတ်ပါဘူး။ တပ်မတော်ဆေးတပ်ဖွဲ့အနေနဲ့ အင်အား ၄၀ စီပါတဲ့ အသုတ်နှစ်သုတ် ခွဲပြီးပြင်ဆင်ထားပါတယ်။ ပုဂ္ဂလိကဆေးရုံတွေက အင်အားတွေလည်းပါပါတယ်။ သုံးခုပေါင်းပြီး ဆောင်ရွက်နေပါတယ်။

ကုသမှုအပိုင်းမှာ ကျွန်တော်တို့က လမ်းညွှန်ချက်တွေရှိပါတယ်။ အခုဆိုရင် WHO လမ်းညွှန်ချက်တွေအပြင် ကျွန်တော်တို့နိုင်ငံရဲ့ပုံစံနဲ့ ကုသမယ့် လမ်းညွှန်ချက်တွေရှိပါတယ်။ ဒါတွေကို အမြဲတမ်း Update လုပ်နေတာပါ။ သတ်မှတ်ထားတဲ့ ဆေးဝါးတွေနဲ့ကုသမှာပါ။ CCTV ကတော့ လူနာတွေနဲ့ လိုအပ်ရင် ချက်ချင်းဆက်သွယ်ကြည့်ရှုကုသနိုင်အောင်ပါ။ နောက်အခြားဆေးဝန်ထမ်းတွေက လူနာတွေဆီ မကြာခဏဝင်ကြည့်စရာမလိုဘဲ တစ်ဦးနဲ့တစ်ဦးကြည့်ပြီး စကားပြောလို့ရအောင် စီစဉ်ထားပါတယ်။ ဆေးကုသမယ့် ဝန်ထမ်းတွေအတွက် ကာကွယ်ရေးဝတ်စုံ၊ PPE ဝတ်နည်း ချွတ်နည်း သင်တန်းတွေပေးပြီးသားပါ။ သန့်ရှင်းမှုဆိုင်ရာ စီမံခန့်ခွဲမှုအတွက် သင်တန်းတွေ၊ ညှိနှိုင်းဆွေးနွေးတာတွေ လုပ်ပြီးသားပါ။ ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးတွေက တာဝန်ယူပြီး အဆင့်ဆင့်ကြီးကြပ်ပြီး ကုသသွားမှာ ဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက နေ့စဉ်ထုတ်ပြန်တဲ့ ညွှန်ကြားချက်တွေ စည်းမျဉ်းစည်းကမ်းတွေအတိုင်းသာ လိုက်နာဆောင်ရွက်မယ်ဆိုရင် ဒီကပ်ရောဂါဘေးကနေလွတ်ကင်းပြီး အားလုံးကျန်းမာချမ်းသာစွာ နေထိုင်သွားနိုင်မှာပါ။

ဒုတိယရဲမှူးကြီး လှဝေ
ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး

ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)မှာ လုံခြုံရေး ရဲတပ်ဖွဲ့(၃) က တာဝန်ယူထားပါတယ်။ ဖောင်ကြီးနယ်မြေရဲစခန်းကတော့ အပြင်စည်း လှည့်ကင်း၊ ပတ်ကင်းများနဲ့ လုံခြုံရေးတာဝန်ယူဆောင်ရွက်နေပါတယ်။ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)မှာ ဂိတ်ပေါင်းလေးဂိတ်ရှိပါတယ်။ ဂိတ်(၁)ကဝန်ထမ်းတွေ ဝင်ထွက်သွားလာမယ့်နေရာပါ။ ဂိတ်(၂)က ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်မှာနေတဲ့ မိသားစုတွေနဲ့ တာဝန်ထမ်းဆောင်နေတဲ့သူတွေ၊ ဂိတ်(၃)ကတော့ Positive လူနာတွေဝင်လာမယ့်နေရာ ဖြစ်ပါတယ်။ ဂိတ်(၄)ကတော့ စွန့်ပစ်ပစ္စည်းတွေ သွားရောက်စွန့်ပစ်မယ့်နေရာပါ။ ဂိတ်(၂)နေရာကလွဲပြီး ကျန်တဲ့ဂိတ်တွေမှာ ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်မှာ ဖြစ်ပါတယ်။ မိသားစုလိုင်းခန်းတွေနဲ့ လူနာတွေ ရောရောထွေးထွေး မဖြစ်အောင်လည်း ဆောင်ရွက်ထားပါတယ်။ common center၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ဒီအတွင်းထဲမှာ ရှိတဲ့သူတွေ ချိတ်ဆက်လို့ရအောင် CCTV Control Room ကိုလည်း တပ်ဆင်ပြီး ဆောင်ရွက်နေပါတယ်။ CCTV ကတော့ လူနာတွေနဲ့ ချိတ်ဆက်တာရော၊ လုံခြုံရေးကင်းတွေမှာ ရှိတာရော၊ ဂိတ်လေးဂိတ်လုံးမှာရှိတဲ့ CCTV တွေနဲ့ Control Room ချိတ်ဆက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ညွှန်ကြားချက်တွေကို လိုက်နာဖို့လည်း အားလုံးမှာတာဝန်ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ကိုဗစ်-၁၉ ကို ကာကွယ်ဖို့ အခုလိုကြိုတင်ဆောင်ရွက်ထားတာ အင်မတန်မှကောင်းမွန်ပါတယ်။

ဦးထွန်းဇော်ဝင်း (Executive Director)
Vanguard Solution Co.,Ltd

ကျွန်တော်တို့အနေနဲ့ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)မှာ CCTV တပ်ဆင်ခြင်းနဲ့ လုံခြုံရေးနဲ့ပတ်သက်တဲ့ နည်းပညာအထောက်အကူပြုလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်ပါတယ်။ လက်ရှိအနေနဲ့ ကင်မရာတပ်ဆင်ခြင်းကို နှစ်ပိုင်းခွဲထားပါတယ်။ လုံခြုံရေးကင်မရာတပ်ဆင်ခြင်းနဲ့ ကုသရေးပိုင်းအထောက်အကူပြုတဲ့ ကင်မရာတွေဖြစ်ပါတယ်။ လုံခြုံရေးကင်မရာပိုင်းမှာ အဝင်၊ အထွက်ဂိတ်တွေနဲ့ လမ်းဆုံ၊ လမ်းခွတွေမှာ တပ်ဆင်ထားပါတယ်။ ကုသရေးပိုင်းမှာ ICU (အထူးကြပ်မတ်ကုသဆောင်)နဲ့ လူနာဆောင်တွေမှာ တပ်ဆင်ထားပါတယ်။ ကင်မရာ ၃၁၄ လုံးဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်က သက်ဆိုင်ရာ ကုသရေးဆရာဝန်တွေက လူနာတွေနဲ့ ထိတွေ့မှုအနည်းဆုံးဖြစ်အောင်၊ လိုအပ်လို့ လူနာတွေနဲ့ ထိတွေ့ရင်မှန်ကန်တဲ့ ကုသမှုတွေပေးနိုင်အောင်ပါ။ နောက်ဆရာဝန်အချင်းချင်း Video Conferencing လုပ်နိုင်အောင်ပါ။ ကိုဗစ်-၁၉ ရဲ့ သဘောသဘာဝကိုက လူတွေအချင်းချင်း ထိတွေ့မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်တာဖြစ်တဲ့အတွက် ICU မှာလည်း ဆရာဝန်တွေ ခဏခဏမဝင်ရအောင်ပါ။ အဆောင်အချင်းချင်းမကူးရအောင် ဆက်သွယ်ရေးစနစ်တွေကို တော်တော်လေးလုပ်ထားပေးပါတယ်။

လုံခြုံရေးအတွက် အဝင်၊ အထွက် ဂိတ်လေးဂိတ်လုံးမှာ တပ်ဆင်ထားပါတယ်။ အဲဒါတွေကိုတော့ ဖိုင်ဘာဆက်ကြောင်းကတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး common center ကိုပို့ထားပါတယ်။ ကုသရေးပိုင်းက ကင်မရာတွေကတော့ ဖောင်ကြီး Call Center မှာပဲထားပါတယ်။ အဓိကကတော့ ဆရာဝန်ကြီးတွေက ကုသနေတဲ့ ဆရာဝန်တွေကို ထိရောက်တဲ့ အကြံဉာဏ်တွေပေးနိုင်အောင် ICU နဲ့ ဆက်သွယ်ထားပါတယ်။ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)မှာ တော်တော်လေးပြည့်ပြည့်စုံစုံရှိပါပြီ။ လုပ်ငန်းရှင်တွေကလည်း အများကြီးဝိုင်းပြီးကူညီပေးပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့တတ်တဲ့ အတတ်ပညာလုပ်အားဒါနနဲ့ ဝိုင်းပြီးဆောင်ရွက်ပေးနေတာပါ။

ဒေါက်တာထင်ပေါ်(ဥက္ကဋ္ဌ)
မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း

ကိုဗစ်-၁၉ ကုသရေးဌာနကို ရန်ကုန်(ဖောင်ကြီး)မှာ လုပ်တဲ့အခါ စပြီးအကြံဉာဏ် ထုတ်တာတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရပါ။ ဝန်ကြီးချုပ်က ကျွန်တော်တို့ကို ခေါ်ပြီး အစည်းအဝေးလုပ်တဲ့အခါ ကျွန်တော်တို့ကလည်း အဲဒါမျိုးဖြစ်ချင်တယ်။ ဒီလိုကိုဗစ်-၁၉ ရောဂါဖြစ်နေတဲ့သူတွေ ပုဂ္ဂလိကဆေးရုံကိုဝင်လာတဲ့အခါ မကုရင်လည်း ခက်၊ ရောပြီးကုရလည်း ခက်တဲ့အခြေအနေပါ။ အဲဒီလို အခြေအနေမှာ ဒီလိုသီးသန့် ပေါ်လာတော့ တကယ်လည်း ကျွန်တော်တို့ဖြစ်ချင်တာမျိုးဖြစ်သွားတယ်။ နောက် ရန်ကုန်မြို့နဲ့ မိုင် ၃၀ ခန့် ဝေးတဲ့ နေရာမျိုးမှာလုပ်လိုက်တော့ မြို့နဲ့ သီးသီးသန့်သန့်ဖြစ်သွားတယ်။ ကိုဗစ်-၁၉ နဲ့ မဆိုင်တဲ့ လူနာတွေ မြို့ပေါ်မှာ စိတ်အေး၊ လက်အေးကုသမှု ခံယူနိုင်မယ်။ ဒီဦးတည်ချက်တွေနဲ့ တည်ထောင်ဖြစ်တာပါ။

အဲဒီမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းအနေနဲ့ ဘယ်အခန်းကဏ္ဍက ပါလဲဆိုတော့ ဒီနေရာကြီးက သင်တန်းကျောင်းကြီးတစ်ခုပါ။ ဆောက်လုပ်ရေးကဏ္ဍမှာ ဆောက်လုပ်ရေးပိုင်းက အားတက်သရော လုပ်ကြပေမယ့် ကုသရေးပိုင်းအတွက် အထောက်အကူပစ္စည်းတွေကိုတော့ ဒီလိုအခြေအနေမျိုးမှာ နိုင်ငံတကာကနေ ဝယ်ယူတင်သွင်းဖို့ အင်မတန်အခက်အခဲရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရန်ကုန်မှာရှိတဲ့ ပုဂ္ဂလိကဆေးရုံတွေ တချို့လည်း လှူတယ်။ တချို့လည်း ငှားတဲ့အနေနဲ့ လုပ်ပါတယ်။ ဆေးရုံအသီးသီးကပေးတဲ့ ပစ္စည်းတွေကို စာရင်းဇယားနဲ့ ပေးရတယ်။ ပြန်ယူရင်လည်း စာရင်းဇယားနဲ့ ယူလို့ရအောင်ပါ။ ထာဝရလိုအပ်ချက်မဟုတ်တဲ့အတွက် ပုဂ္ဂလိက ဆေးရုံတွေကနေ ခုတင်၊ လိုအပ်တဲ့မွေ့ရာ၊ ခေါင်းအုံးကအစ အစုံလိုက် ၃၅၉ ခုတင်ရောက်ပါပြီ။ ICU ခုတင်အတွက် ဆိုလို့ရှိရင်လည်း ၂၈ ခုတင်ရောက်ပါပြီ။ Ventilators အလုံး ၂၀ ရောက်ပါပြီ။ ရောဂါရှာဖွေဖို့အတွက် Digital X-Ray တွေပေးတယ်။ CT-Scan တွေဆိုလည်း တပ်ဆင်နေပါပြီ။ ဆေးရုံတစ်ခုတည်းကမဟုတ်ဘဲ ပုဂ္ဂလိကဆေးရုံအသီးသီးက

စာမျက်နှာ ၉ သို့ ○

ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ ခတ္တာဆောင်ကို ကိုဗစ်-၁၉ ရောဂါကုသရေးဌာနအဖြစ် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးအနေဖြင့် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်သူ မည်သူ့ကိုမျှ ချန်လှပ်မထားရေးမူဝါဒ ချမှတ်ထားကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ရှင်းလင်းဖြေကြား

နေပြည်တော် မေ ၂၄

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက သတင်းထောက်များ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ မေးခွန်းနှင့် စပ်လျဉ်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးမှာ EAO တွေနဲ့ ပူးပေါင်းညှိနှိုင်းရေးကိစ္စခေါင်းစဉ်ဖြင့် ယနေ့တွင် ဖေ့စ်ဘွတ်စာမျက်နှာမှ ပြန်လည်ရှင်းလင်းဖြေကြားထားသည်ကို တွေ့ရသည်။

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "COVID-19 ကာကွယ် ထိန်းချုပ် ကုသရေးမှာ လူမျိုး၊ ဘာသာခွဲခြားခြင်း၊ နေထိုင်ရာဒေသခွဲခြားခြင်း အလျဉ်းမရှိဘဲ နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်း မှီတင်းနေထိုင်သူ မည်သူ့ကိုမျှ ချန်လှပ်မထားရေး မူဝါဒ (No one left behind Policy) ချမှတ်ထားပါကြောင်း။

ရေးသားဖြေကြားထား

"EAO အခြေပြုရာဒေသတွေမှာ နေထိုင်သူတွေဟာလည်း မြန်မာနိုင်ငံသားတွေပဲ ဖြစ်ပါကြောင်း၊ ဟန်ချက်ညီ ဆောင်ရွက်နိုင်ဖို့အတွက် NRPC ကနေ EAO အားလုံး (NCA ထိုးပြီးသား ၁၀ဖွဲ့၊ မထိုးရသေး ၈ဖွဲ့) စုစုပေါင်း (၁၈)ဖွဲ့ဆီကို (၁၉-၃-၂၀၂၀) ရက်စွဲနဲ့ ကျန်းမာရေးလမ်းညွှန်ချက်တွေ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ EAO များအနေနဲ့ ပြည်သူလူထုအတွင်း ဆောင်ရွက်ရမည့် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနဲ့ နယ်စပ်ဖြတ်ကျော်ဂိတ်များမှာ ဆောင်ရွက်ရမယ့်လုပ်ငန်းလမ်းညွှန်တွေ ဖြစ်ပါကြောင်း" ရေးသား ဖြေကြားထားသည်။

ဆက်လက်၍ " အထူးဒေသ(၄)မိုင်းလားဆိုရင်လည်း တရုတ်နိုင်ငံက ပြန်လည်စေလွှတ်လိုက်တဲ့ မြန်မာနိုင်ငံသား ၃၆၀၇ ဦးကို မိုင်းလားဒေသမှာ Quarantine ၂၁ ရက် ထားရှိပြီးမှ ရှမ်းပြည်နယ်အစိုးရကတစ်ဆင့် သက်ဆိုင်ရာ ဒေသတွေကို ပြန်ပို့ပေးတာ ဆောင်ရွက်နေပါကြောင်း၊ လူအများကြီးအတွက် ကျွေးမွေးရာမှာ အခက်အခဲမရှိစေဖို့ အတွက် NRPC ကပဲ ဆန်အိတ် ၁၀၀၀ နဲ့ စားဆီ ၂ ပီပါ ရှမ်းပြည်နယ်အစိုးရကတစ်ဆင့် ပေးပို့ထားပါကြောင်း" ဖြေကြားထားသည်။

ကြိုးပမ်းနေတာတွေလည်းရှိ

ထို့ပြင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက " ဒီကြားထဲမှာ NCA-S EAO ကိုယ်စားလှယ်တွေနဲ့ အလွတ်သဘောအစည်းအဝေးတွေမှာ ဒီကိစ္စကို ထည့်သွင်းပြီး ဆွေးနွေးတာတွေလည်း ရှိပါတယ်။ ဆက်လက်ပြီးလည်း NRPC အနေနဲ့ ပိုမိုပြီး ထိထိရောက်ရောက် ညှိနှိုင်းဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းနေတာတွေလည်းရှိပါတယ်"ဟု ဖြေကြားထားသည်။

သတင်းစဉ်

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့ လှူဒါန်းသည့် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့ လှူဒါန်းသည့် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများနှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။

ရန်ကုန် မေ ၂၄

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့ လှူဒါန်းသည့် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပိုနှင့် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် သံရုံးတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

လက်ခံရယူ

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် သံရုံးတာဝန်ရှိသူတို့က COVID-19 Nucleic Acid Test Kit(PCR) ၁၀၀၀၀၊ Type-KN 95 Medical Surgical Mask ၂၀၀၀၀၊ Medical Surgical Mask ၅၀၀၀၀၀၊ Medical Goggles ၂၀၀၊ Medical Gloves ၁၀၀၀၀၊ Surgical Cap ၁၀၀၀၀၊ Medical Shoe Cover ၂၀၀၀၀၊ Infrared Forehead Thermometer ၂၀၀၊ Wash-Free Hand Gel Sanitizer ပုလင်း ၂၀၀၀ တို့အား လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပိုနှင့် တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က "တရုတ်နိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားနေစဉ်မှာ မြန်မာ့တပ်မတော်အနေနဲ့ တရုတ်ပြည်သူတွေအတွက် ဆေးဝါး အထောက်အကူပြုပစ္စည်းတွေ လှူဒါန်းခဲ့ပါတယ်။ အခုမြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာတွေ့ရှိပြီး နောက်ပိုင်းမှာ တရုတ်နိုင်ငံအနေနဲ့လည်း ဆေးပညာရှင်အဖွဲ့တွေ စေလွှတ်မှုနဲ့အတူ ဆေးဝါးကုသမှု အထောက်အကူပြု ပစ္စည်းတွေကို ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။ ဒီနေ့မှာတော့ တရုတ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ဆေးပညာရှင်အဖွဲ့နဲ့အတူ ဆေးဝါးကုသမှု အထောက်အကူပြုပစ္စည်းတွေ ထပ်မံရောက်ရှိလာတာဖြစ်ပါတယ်။ နောက်ထပ်လည်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေးအပိုင်းကို တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့အတူ ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အမြန်ဆုံးဖြန့်ဖြူးဆောင်ရွက်ပေးသွားမှာဖြစ်

အလားတူ လှူဒါန်းမှုအပေါ် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပိုက "ဒီပစ္စည်းတွေကို အချိန်တိုအတောအတွင်းမှာ မြန်မာနိုင်ငံအနှံ့ လိုအပ်တဲ့နေရာတွေကို အမြန်ဆုံးဖြန့်ဖြူးဆောင်ရွက်ပေးသွားမှာဖြစ်သလို တရုတ်နိုင်ငံက အခုရောက်ရှိလာတဲ့ စစ်ဘက်ဆိုင်ရာ ဆေးပညာရှင်တွေနဲ့ပူးပေါင်းပြီး ရန်ကုန်မြို့မှာရှိတဲ့ တပ်မတော်ဆေးရုံကြီးတွေမှာ ကိုဗစ်-၁၉ ရောဂါရှာဖွေခြင်းလုပ်ငန်းတွေ၊ ကာကွယ်ကုသခြင်းလုပ်ငန်းတွေကို တိုင်ပင်နှီးနှောဖလှယ်ပြီး အကောင်းဆုံး တိုက်ဖျက်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟုပြောသည်။

ယနေ့ရောက်ရှိလာသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Dr.Bai Chong ဦးဆောင်သည့် အဖွဲ့ဝင်ခြောက်ဦးပါဝင်သော ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ မြန်မာ့တပ်မတော်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ် ကုသရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခြင်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရက်သတ္တပတ် နှစ်ပတ်ကြာပြုလုပ်သွားမည်ဖြစ်သည်။

ထောက်ပံ့လှူဒါန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ကူညီမှုအနေဖြင့် မေ ၈ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အဖွဲ့ဝင် ၁၂ ဦးပါဝင်သော ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့အား စေလွှတ်ပေးမှုနှင့်အတူ ဆေးဝါးကုသမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ကူညီပေးခဲ့သည့်အပြင် မေ ၂၂ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား အသက်ရှူစက်ကိရိယာ ၁၅ စုံ၊ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့အား အသက်ရှူစက်ကိရိယာငါးစုံတို့ကို ထောက်ပံ့လှူဒါန်းခဲ့သည်။

ထို့ပြင် အသက်ရှူစက်ကိရိယာ ၁၅ စုံအား ထပ်မံလှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကုသရေး လုပ်ငန်းဆောင်ရွက်မှုများတွင် ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးထံမှ သိရသည်။

သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်

❍ စာမျက်နှာ ၈ မှ

ကူညီနေကြတာပါ။ ကုသရေးပိုင်းမှာ ကျန်းမာရေးဌာနကလာတယ်။ စစ်ဘက်ဆိုင်ရာကလာတယ်။ ပုဂ္ဂလိကကလာကြတယ်။ အခုဆိုရင် ပုဂ္ဂလိကပိုင်းမှာ ဆရာဝန်၊ ဆရာမ၊ ပညာရှင်၊ အုပ်ချုပ်မှုအပိုင်း ပထမအသုတ်စပြီး တာဝန်ထမ်းဆောင်နေကြပါပြီ။ ဆရာဝန်၊ ဆရာမ ဦးရေ ၇၀ ကျော်ပါ။ ရန်ကုန်မှာ ပုဂ္ဂလိက ဆေးရုံ ၅၀ ကျော်ရှိတဲ့အနက် ၄၁ ရုံကနေ ကူညီနေပါတယ်။

ဦးမျိုးမြင့် (အထွေထွေအတွင်းရေးမှူးချုပ်) မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး) ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး(၃) ကိုဗစ်-၁၉ ကုသရေးဌာနဖြစ်မြောက်ရေး ကော်မတီဝင်

ကျွန်တော်တို့ မတ် ၂၈၊ ၂၉၊ ၃၀ မှာ ဆရာဝန်တွေနေမယ့် ဒဂုံဆောင်၊ မြတ်လေးဆောင်၊ ဥတ္တရဆောင်တို့ကို သန့်ရှင်းရေးလုပ်တယ်။ ပထမ Quarantine အတွက်ပဲ ထားမယ်ဆိုလို့ လိုအပ်တဲ့ အိမ်ရာ၊ ရေ၊ မီး ဆောင်ရွက်တယ်။ မတ် ၃၁ ရက်မှာ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ ကုသရေးဌာနလုပ်မယ်။ Positive လူနာတွေထားမယ်ဆိုတော့ စာသင်ဆောင်လေးဆောင်နဲ့ ဥက္ကလာဆောင်ဆိုပြီး ငါးဆောင်ရှိတယ်။ ICU (အထူးကြပ်မတ်ကုသဆောင်) လေးဆောင်နဲ့ ဥက္ကလာဆောင်က စီမံခန့်ခွဲရေးဆိုပြီး အဲဒီငါးဆောင်ကို ကျွန်တော်တို့လုပ်တယ်။ တစ်ပြိုင်နက်တည်းမှာပဲ ခွာညို၊ သရဖီ၊ ခတ္တာ၊ သဇင်၊ ယုဇနငါးဆောင်ကိုလည်း လူနာဆောင်အဖြစ် ကျွန်တော်တို့လုပ်တယ်။ မန္တလာဆောင်အထိ ခြောက်ဆောင်ရှိပေမယ့် သကြန်ကာလဖြစ်တဲ့အတွက် ငါးဆောင်ကိုပြီးအောင်အရင်လုပ်တယ်။ ဒါကြောင့် လတ်တလောတစ်ဆောင်ကို အခန်း ၁၂၀ ပါတဲ့အတွက်ကြောင့် လူ ၆၀၀ အတွက် အရင်လုပ်ပါတယ်။

လိုအပ်တဲ့ ရေချိုးခန်းဖွဲ့တာ၊ ဆရာဝန်တွေ ဝင်တဲ့ထွက်တဲ့အခါ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ဝတ်ဖို့၊ ချွတ်ဖို့အခန်း၊ အဲကွန်းတပ်ဆင်ခြင်းလုပ်ငန်း အဲဒါတွေလုပ်တယ်။ ဆရာဝန်၊ သူနာပြုတွေနေဖို့အတွက်လည်း ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှာရှိတဲ့ ကုမ္ပဏီတွေ ရှစ်ခု၊ ကိုးခုလောက်က စုပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအဆောက်အဦ ဒီဇိုင်းကို ချက်ချင်းဆွဲ၊ ချက်ချင်းအကောင်အထည်ဖော်ပြီး အချိန်တိုအတွင်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ လုပ်သားအင်အား ၆၀၀ လောက်နဲ့ ဆောင်ရွက်ခဲ့တာပါ။ ပုဂ္ဂလိကလုပ်ငန်းကုမ္ပဏီတွေအားလုံးက နိုင်ငံအတွက် လိုအပ်တဲ့အချိန်မှာ ဝိုင်းဝန်းဆောင်ရွက်ကြတာဖြစ်ပါတယ်။ ကုန်ကျစရိတ်ကို နိုင်ငံတော်ကပေးလို့ ရခဲ့ရင်တောင် အချို့တစ်ဝက်ယူပြီး အချို့တစ်ဝက်လှူမယ်ဆိုတဲ့စိတ်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

ဦးထင်လင်းခ (ဒုတိယညွှန်ကြားရေးမှူး) ရေရရှိရေးနှင့်ရေပေးဝေရေးတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရေရရှိရေးနှင့်ရေပေးဝေရေး တာဝန်ခံအဖွဲ့အနေနဲ့ ကိုဗစ်-၁၉ ရောဂါအမြိုက်မီးရှို့စက်မှာ လိုအပ်တဲ့ရေအဝီစိတွင်းတစ်တွင်းနဲ့ ICU (အထူးကြပ်မတ်ကုသဆောင်)အတွက် အဝီစိတွင်းတစ်တွင်း တူးဖော်ပေးခဲ့ပါတယ်။ ရေစတင်ရရှိပြီး သုံးစွဲနေပါပြီ။ ရေတွင်းတစ်တွင်းမှာ တစ်နာရီကိုရေဂါလန် ၃၀၀၀ ထွက်ပါတယ်။ WHO ရဲ့ လမ်းညွှန်ချက်အတိုင်း Parameter တွေ အကုန်လုံးစစ်ပြီးတော့ Reliable ဖြစ်တဲ့ သင့်တော်တဲ့သောက်သုံးရေရရှိအောင် တူးပေးထားပါတယ်။ ရေတွင်းနဲ့ပတ်သက်တဲ့ အချက်အလက်တွေအားလုံး လွှဲပြောင်းပေးပြီးသွားပါပြီ။

ကိုဗစ်-၁၉ ကုသရေးဌာန(Medical Center) ကြီးတစ်ခုလိုအပ်နေတဲ့အချိန်မှာ လိုနေတဲ့ ကဏ္ဍအသီးသီးကို အားလုံးက ကူညီပူးပေါင်းဆောင်ရွက်ကြတဲ့အတွက် အခုလိုအောင်မြင်စွာ ပေါ်ထွက်လာတယ်လို့ ယုံကြည်မိပါတယ်။

ထိုင်းနိုင်ငံဘက်မှပြန်လာမည့် အလုပ်သမားများကိစ္စနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြား

နေပြည်တော် မေ ၂၄

သတင်းထောက်များ မေးမြန်းသည့် ထိုင်းဘက်မှပြန်လာမည့် အလုပ်သမားများကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ထိုင်းနိုင်ငံက အရေးပေါ်အခြေအနေကြေညာထားတဲ့ ဒီဧပြီလကုန်ရင် ထိုင်းဘက်က မြန်မာအလုပ်သမားတွေကို ပြန်လည်လက်ခံမှာ ဖြစ်ပါတယ်။ စိစစ်မှုတွေ ကြန့်ကြာမှုမရှိအောင် လဝကနဲ့ အခြားဝန်ထမ်းတွေ၊ အပူချိန်တိုင်းကိရိယာအပါအဝင် လိုအပ်တာတွေ ထပ်တိုးပြီး လူစုလူဝေးကြီး မဖြစ်အောင် စီစဉ်ဆောင်ရွက်ဖို့ မှာကြားထားပါတယ်။ ဝင်လာတဲ့သူတွေကို ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တွေမှာ နေရာတွေခွဲပြီး Quarantine (၂၁)ရက် ထားရှိပြီးမှ သက်ဆိုင်ရာဒေသတွေကို ပြန်လည်ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်။

ဧပြီလကုန်အထိ လူစုလူဝေးမဖြစ်အောင် ကန့်သတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို မေလ ၁၅ ရက်နေ့အထိ တိုးချဲ့သတ်မှတ်ထားပါတယ်" ဟု ပြန်လည်ရှင်းလင်းဖြေကြားထားသည်။

သတင်းစဉ်

ငြိမ်းချမ်းရေးကိစ္စမေးမြန်းမှုနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြား

နေပြည်တော် မေ ၂၄

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက သတင်းထောက်များမေးမြန်းသည့် ငြိမ်းချမ်းရေးကိစ္စနှင့် ပတ်သက်၍ ဖေ့စ်ဘွတ်စာမျက်နှာမှ ပြန်လည်ရှင်းလင်းဖြေကြားထားသည်။

၎င်းက " (၂၁)ရာစုပင်လုံညီလာခံ လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး အစိုးရနဲ့ NCA–S EAO ကြားမှာ ဆက်တိုက်ညှိနှိုင်းမှုတွေ ရှိနေပါတယ်။ ဧပြီလ ၄–၅–၆ မှာ ပြုလုပ်ခဲ့တဲ့ အလွတ်သဘောအစည်းအဝေးဆိုရင် ၄ ရက်နေ့မှာတွေ့ဆုံပြီး ဆွေးနွေးပါတယ်။ ၅ ရက်နေ့မှာ NCA–S EAO အချင်းချင်း Video Conferencing နဲ့ ပြန်လည်ဆွေးနွေးမှု လုပ်ပါတယ်။ အစိုးရဘက်လည်း ပြန်လည်ဆွေးနွေးပြီး ၆ ရက်နေ့မှာ အလွတ်သဘော ပြန်တွေ့ပြီး ဆွေးနွေးခဲ့ပါတယ်။

"ဆက်လက်ပြီးတော့လည်း မေလဆန်းမှာ ထပ်မံဆွေးနွေးဖို့ ရှိပါတယ်။ နည်းလမ်း(၂)ရပ် အဆိုပြုထားပါတယ်။ နည်းလမ်း(၁) ကတော့ ပြည်တွင်းမှာရှိနေတဲ့ NCA–S EAO ကိုယ်စားလှယ်တွေနဲ့ အစိုးရကိုယ်စားလှယ်တွေ Physical Distancing နဲ့ အလွတ်တွေ့ဆုံ ဆွေးနွေးဖို့။ သူတို့ချင်း အွန်လိုင်းနဲ့ဆွေးနွေးပြီးရင် ပြန်တွေ့တဲ့နည်း။ နည်းလမ်း(၂)ကတော့ အွန်လိုင်းချိတ်ဆက်ပြီး Video Conferencing နဲ့ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

"လက်ရှိ NCA–S EAO အတွင်းမှာလည်း အစိုးရနဲ့ ဆွေးနွေးမှုတွေကို ပြန်ပြီးဆွေးနွေးနေကြပါတယ်။ NCA–S EAO ဘက်က ဘုံသဘောထားတွေရရှိပြီးရင် အစိုးရနဲ့ ဆက်လက်ပြီး ဆွေးနွေးသွားဖို့ ရှိပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို COVID–19 ကြောင့် နှောင့်နှေးကြန့်ကြာမှုမရှိအောင် နှစ်ဖက်လုံးက ကြိုးစားနေကြပါတယ်"ဟု ပြန်လည်ရှင်းလင်းဖြေကြားထားသည်။

သတင်းစဉ်

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လထိ)(ယာယီ)တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၉၉၃၂ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၈၂၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

နေပြည်တော် မေ ၂၄

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် (မတ်လထိ) (ယာယီ)တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၅၃ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၆၇၉ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉၉၃၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ် ကာလတူ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် (မတ်လထိ)တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၂၉၃ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၈၁၅ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇၁၀၈ သန်း ဖြစ်သဖြင့် ယခင်နှစ် ကာလတူထက် ပို့ကုန်တွင် ဒေါ်လာ သန်း ၉၆၀၊ သွင်းကုန်တွင် ဒေါ်လာ ၁၈၆၄ သန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၈၂၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့သည် –

တန်ဖိုး–ကန်ဒေါ်လာသန်းပေါင်း

စဉ်	အကြောင်းအရာ	၂၀၁၉–၂၀၂၀ (မတ်လထိ)(ယာယီ)	၂၀၁၈–၂၀၁၉ (မတ်လထိ)	နှိုင်းယှဉ်ချက် (+/–)
၁	လယ်ယာထွက်ပစ္စည်း	၂၀၉၃.၂၅၆	၁၇၀၈.၂၂၅	၃၈၅.၀၃၁
၂	တိရစ္ဆာန်ထွက်ပစ္စည်းများ	၅၄.၄၄၇	၂၇၅.၃၉၁	–၂၂၀.၉၄၄
၃	ရေထွက်ပစ္စည်းများ	၄၉၆.၆၃၃	၄၃၂.၈၃၆	၆၃.၇၉၇
၄	သတ္တုတွင်းထွက်ပစ္စည်း	၁၁၂၃.၃၃၅	၅၄၈.၄၁၇	၅၇၄.၉၁၈
၅	သစ်တောထွက်ပစ္စည်း	၉၀.၇၇၇	၉၀.၇၄၅	၀.၀၃၂
၆	စက်မှုကုန်ချောပစ္စည်း	၅၁၇၄.၄၆၆	၄၇၂၅.၆၆၃	၄၄၈.၈၀၃
၇	အခြားပစ္စည်းများ	၂၂၀.၂၃၈	၅၁၂.၀၉၅	–၂၉၁.၈၅၇
	စုစုပေါင်း	၉၂၅၃.၁၅၂	၈၂၉၃.၃၇၂	၉၅၉.၇၈၀

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့သည်–

တန်ဖိုး–ကန်ဒေါ်လာသန်းပေါင်း

၁	ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း	၄၁၉၃.၈၃၈	၂၇၉၄.၉၁၂	၁၃၉၈.၉၂၆
၂	လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း	၃၉၃၆.၃၂၉	၃၆၉၉.၀၀၂	၂၃၇.၃၂၇
၃	လူသုံးကုန်ပစ္စည်း	၂၅၄၉.၂၈၃	၂၃၂၁.၄၂၀	၂၂၇.၈၆၃
	စုစုပေါင်း	၁၀၆၇၉.၄၅၀	၈၈၁၅.၃၃၄	၁၈၆၄.၁၁၆

သတင်းစဉ်

စိန်ပန်းနွယ် လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ ရာသီပေါ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရောင်းချ

နေပြည်တော် မေ ၂၄

နေပြည်တော် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ စိန်ပန်းနွယ် လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းရှိ အသင်းသားများသည် ရာသီပေါ်သီးနှံများဖြစ်သည့် မုန်လာဥ၊ ကြက်သွန်နီ၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပြောင်းဖူး၊ နံနံပင်၊ ဖရဲသီးနှင့် ပန်းမုန်လာတို့ကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ထွက်ရှိလာသော သီးနှံများကို အသင်းမှ ဝယ်ယူ၍ ပြင်ပ ပုဂ္ဂလိကများသို့လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပြည်သူများထံသို့လည်းကောင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ထွက်ကုန်များ တိုးမြင့်လာရေးအတွက် အသင်းအနေဖြင့် ရိန်းဘိုးဝန်ဆောင်မှု သမဝါယမအသင်းမှ ပံ့ပိုးငွေရယူ၍ အသင်းသားများသို့ ချေးငွေများကို သက်သာသော အတိုးနှုန်းဖြင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်း ထုတ်ချေးပေးခြင်း၊ သွင်းအားစုဓာတ်မြေဩဇာများကို ဖြန့်ဖြူးပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ယင်းအပြင် တစ်ပိုင်တစ်နိုင် မွေးမြူရေးအတွက် မွေးမြူရေးချေးငွေများကိုလည်း ပံ့ပိုးကူညီလျက်ရှိသည်။ အသင်းအနေဖြင့် ယခုကဲ့သို့ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကာလအတွင်း ပြည်သူများ အလွယ်တကူ ဝယ်ယူရရှိနိုင်ရန်နှင့် ဈေးနှုန်းကြီးမြင့်ခြင်း မရှိစေရေးအတွက် ညှိနှိုင်းထိန်းသိမ်းရန် ရည်ရွယ်၍ အသင်းမှ ထွက်ရှိသော သီးနှံများကို ကျေးရွာအရောက်သွားရောက်ကာ သက်သာသော ဈေးနှုန်းဖြင့် လှည့်လည်ရောင်းချလျက်ရှိကြောင်း သိရသည်။

ကြေးမုံ

အနိုင်မကျင့်ရ၊ မနှောင့်ယှက်ရ

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

တောင်ကိုရီးယားအစိုးရက ပြည်သူများသို့ ထောက်ပံ့ကြေး ပေးအပ်မည်

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း

ဆိုးလ် မေ ၂၄

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုဒဏ်ခံရသည့် အိမ်ထောင်စုများအားလုံးကို ထောက်ပံ့ကြေး ပံ့ပိုးကူညီရန် တောင်ကိုရီးယားနိုင်ငံက ဆုံးဖြတ်ခဲ့ကြောင်း စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားလိုက်သည်။

အခြေခံလူတန်းစား ၇၀ ရာခိုင်နှုန်းမှ မိသားစုဝင်လေးဦးရှိသည့် အိမ်ထောင်စုတစ်စုချင်းစီကို အစိုးရထောက်ပံ့ကြေးဝမ်တစ်သန်း (ဒေါ်လာ ၈၁၀)ပေးရန် အစိုးရက ပြီးခဲ့သည့် အပတ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံနှင့် ညီမျှသည့် ဝမ် ၇ ဒသမ ၆ ထရီလီယံတန်ကြေးရှိ နောက်ဆက်တွဲ ဘတ်ဂျက်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သည်။

ထောက်ပံ့ကြေးများကို ဝင်ငွေ၊ ပိုင်ဆိုင်မှု မခွဲခြားဘဲ အိမ်ထောင်စုအားလုံးအတွက် ပေးအပ်မည်ဟု ယခုလအစောပိုင်း လွှတ်တော်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုအတွင်း အာဏာရဒီမိုကရက်တစ်ပါတီက အခိုင်အမာ ပြောကြားခဲ့သည်။ သမ္မတရုံး၊ အစိုးရနှင့် အာဏာရပါတီကြား ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ပြီးနောက် တောင်ကိုရီးယားအစိုးရက အိမ်ထောင်စုအားလုံးသို့ ထောက်ပံ့ကြေး ပေးအပ်ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း ထိပ်တန်းလူတန်းစား ၃၀ ရာခိုင်နှုန်းက ထောက်ပံ့ကြေး မလျှောက်ထားရန် သို့မဟုတ် ရရှိသည့်ထောက်ပံ့ကြေးကို ဆန္ဒအလျောက် လှူဒါန်းရန် အစိုးရက တောင်းဆိုခဲ့သည်။

မိသားစုဝင်တစ်ဦးတည်းသာရှိသည့် အိမ်ထောင်စုတိုင်းကို ဒေါ်လာ ၃၂၀၊ မိသားစုဝင်နှစ်ဦးရှိသည့် အိမ်ထောင်စုတိုင်းကို ဒေါ်လာ ၄၉၀ နှင့် မိသားစုဝင်သုံးဦးရှိသည့် အိမ်ထောင်စုတိုင်းကို ဒေါ်လာ ၆၅၀ ထောက်ပံ့မည်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး

ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားနေစဉ် ရုန်းကန်နေရသော စီးပွားရေးလုပ်ငန်းများအား ချေးငွေ ထုတ်မပေးသည့်ဘဏ်များကို ဩစတြေးလျဝန်ကြီးချုပ် ဝေဖန်

ကင်ဘာရာ မေ ၂၄

ကိုရိုနာဗိုင်းရပ်စ်ရောဂါ အကျပ်အတည်းဖြစ်ပွားနေစဉ် ရုန်းကန်နေရသော စီးပွားရေးလုပ်ငန်းများသို့ ချေးငွေများ ထုတ်ပေးခြင်း မရှိသည့် တိုင်းပြည်အတွင်းရှိ ဘဏ်များကို ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်က ဝေဖန်ခဲ့ပြီး အဆိုပါကဏ္ဍကို အရှိန်မြှင့်တင်ရန် လိုအပ်သည်ဟု အလေးအနက် ပြောကြားလိုက်သည်။

လုပ်ခများပေးချေမည့် ချေးငွေများရရှိရန် စီးပွားရေးလုပ်ငန်းများက မလုပ်ဆောင်နိုင်ခြင်းကြောင့် တိုင်းပြည်တစ်ဝန်းရှိ အလုပ်သမားများကို အလုပ်ရပ်နားခဲ့ရကြောင်း စီးပွားရေးလုပ်ငန်းများက ကြေညာခဲ့သည်။ အစိုးရ၏ အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၆ ဘီလီယံနှင့် ညီမျှသည့် ဩစတြေးလျဒေါ်လာ ၁၃၀ ဘီလီယံ ပမာဏရှိ JobKeeper ဝင်ငွေ ထောက်ပံ့ရေး အစီအစဉ်အတွက် အကြုံးဝင်စေရန် အစိုးရ၏ ငွေပေးချေမှု စတင်သည့် မေလပထမပတ်အထိ စီးပွားရေးလုပ်ငန်းများက ဝန်ထမ်းများကို လစာပေးချေရမည်ဖြစ်သည်။ ဩစတြေးလျနိုင်ငံရှိ ဘဏ်ကြီးလေးခုက မေလအထိ စီးပွားရေးလုပ်ငန်းများသို့ ချေးငွေများ ထောက်ပံ့ပေးရန် ယခင်က ကတိပြုခဲ့သော်လည်း ချေးငွေများ ထုတ်ပေးခဲ့ခြင်းမရှိဟု မောရစ်ဆင်က ပြောသည်။

"ဘဏ်တွေကနေ ချေးငွေရရှိဖို့ လုပ်ဆောင်ရာမှာ စီးပွားရေးလုပ်ငန်းတွေကြား အားရကျေနပ်မှုမရှိတာကို ကျွန်တော် သတိပြုမိပါတယ်။ ဘဏ်တွေကလည်း အဲဒါကို သတိပြုမိပြီး ကျွန်တော်တို့ ဖြေရှင်းဖို့ လိုအပ်ပါတယ်"ဟု သူက ဆိုသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး

ဖိလစ်ပိုင်တွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၁ ဦး စမ်းသပ်တွေ့ရှိ ရောဂါကူးစက်ခံရသူပေါင်း ၇၁၉၂ ဦးရှိလာ

မနီလာ မေ ၂၄

ဖိလစ်ပိုင်နိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၁ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၇၁၉၂ ဦး ရှိလာကြောင်း ဖိလစ်ပိုင်အစိုးရက ယနေ့တွင် ပြောကြားလိုက်သည်။

သို့သော် ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀ ကျော်တို့သည်၎င်းတို့၏ ရောဂါမှ ပြန်လည်ကျန်းမာလာပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ပြီးဖြစ်ရာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၇၆၂ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့အပြင် ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူနာ ၁၅ ဦး ထပ်မံသေဆုံးခဲ့ရာ ယင်းရောဂါကြောင့် သေဆုံးသူပေါင်း ၄၇၇ ဦး ရှိလာကြောင်း သိရသည်။

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် မြို့တော်မနီလာမြို့တွင် ချမှတ်သော အသွားအလာကန့်သတ်မှုကို သက်တမ်းတိုးချဲ့လိုက်ကြောင်း ဖိလစ်ပိုင်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဟာရီရုခ်က ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရက ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် မတ် ၁၅ ရက်က ချမှတ်ထားသည့် အသွားလာကန့်သတ်မှုသည် မြို့တော်မနီလာနှင့် ရောဂါကူးစက်နိုင်ခြေများသော အခြားဒေသများ (သို့မဟုတ်) ရောဂါကူးစက်ပျံ့နှံ့မှုမြင့်မားသည့် လူဇုန်ကျွန်းပေါ်ရှိ ပြည်နယ်များတွင် မေ ၁၅ ရက်အထိ အကျုံးဝင်မည်ဖြစ်ကြောင်း ဟာရီရုခ်က ရှင်းလင်းပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ခရီးသွားလာမှုနှင့် လူထုစုဝေးမှုအပေါ် ကန့်သတ်မှုနှင့် စာသင်ကျောင်းများနှင့် အရေးမကြီးသော စီးပွားရေးလုပ်ငန်းများ ပိတ်ပင်ခြင်းအပါအဝင် တင်းကျပ်သော ကန့်သတ်မှုများကို လူဇွန်ကျွန်းပေါ်တွင် မတ် ၁၅ ရက်က ချမှတ်လိုက်ပြီး ပြည်သူများအား နေအိမ်တွင်နေထိုင်ကြရန် တိုက်တွန်းခဲ့သလို ယင်းတင်းကျပ်သော အသွားအလာကန့်သတ်သည့် ဥပဒေအတွက် ကြိုတင်ပြင်ဆင်ထားကြရန် လုံခြုံရေးတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များကို မိန့်ကြားလိုက်သည်။

လူဇုန်ကျွန်းအပေါ် အသွားအလာကန့်သတ်မှုကို မူလက ဧပြီလလယ်တွင် အဆုံးသတ်ရန် စီစဉ်ထားသော်လည်း ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုဆက်လက်ဖြစ်ပွားနေသောကြောင့် သမ္မတ ဒူတာတေးက ယင်းအသွားအလာကန့်သတ်မှုကို ဧပြီလကုန်အထိ သက်တမ်းတိုးချဲ့လိုက်ခြင်းဖြစ်သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ

ဂျာမနီတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၅၀၀၀၀ ကျော်ရှိလာ တစ်ရက်အတွင်း ကူးစက်ခံရသူ ၂၃၃၇ ဦး၊ သေဆုံးသူ ၂၂၇ ဦးရှိ

ဘာလင် မေ ၂၄

ဂျာမနီနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူအသစ် ၂၃၃၇ ဦးရှိရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၀၃၈၃ ဦး ရှိလာခဲ့ကြောင်း ရောဂါထိန်းချုပ်ရေး အေဂျင်စီ ရောဘတ်ကို့ချ်သိပ္ပံက သောကြာနေ့နံနက်က ထုတ်ပြန်သည့် အချက်အလက်အရ သိရသည်။

နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၂၂၇ ဦး ထပ်မံသေဆုံးသဖြင့် သေဆုံးသူပေါင်း ၅၃၂၁ ဦးရှိသည်ဟု မှတ်တမ်းတင်ခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၁၀၆၈၀၀ ဝန်းကျင်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ကြာသပတေးနေ့က ဂျာမနီအောက်လွှတ်တော်၌ မိန့်ခွန်းပြောကြားရာတွင် ဝန်ကြီးချုပ် အန်ဂျလာမာကယ်က မကြာသေးမီက ကိန်းဂဏန်းများသည် မျှော်လင့်ချက်ကို ယူဆောင်လာကြောင်း၊ သို့သော်လည်း လောလောဆယ်ရရှိသည့် ရလဒ်များသည် မကောင်းကြောင်း ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်ရာ၌ အချို့ဒေသများတွင် ဆတ်ဆတ်ထိမခံဖြစ်နေမှုကို အန်ဂျလာမာကယ်က ဝေဖန်ခဲ့ပြီး ပြည်သူအားလုံး ဉာဏ်အမြော်အမြင်ဖြင့် သတိရှိရှိ နေထိုင်ကြရန်၊ ယခုရရှိနေသည့် အောင်မြင်မှုများကို အလောင်းအစား မလုပ်ရန်နှင့် တိုးတက်မှုများ ပြန်လည်နောက်ဆုတ်မည့်အန္တရာယ်ကို အရဲမစွန့်ကြရန် ပြောကြားခဲ့သည်။

တနင်္လာနေ့ကတည်းက နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းငယ်အချို့နှင့် အများပြည်သူဆိုင်ရာနေရာများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးထားပြီးဖြစ်သည်။ သို့သော်လည်း နိုင်ငံတစ်ဝန်း၌ လူအများအား အသွားအလာကန့်သတ်မှုများကို အနည်းဆုံး မေ ၃ ရက်အထိ ဆက်လက်ပြုလုပ်မည်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ ဘာသာပြန်-အောင်ဇော်လင်း

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးသူ ၁၉၀၀၀၀ ကျော်လွန်

ပါရီ မေ ၂၄

ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း အရေအတွက်သည် သောကြာနေ့က ၁၉၀၀၀၀ ကျော်လွန်သွားပြီဖြစ်ကြောင်း၊ သေဆုံးသူဦးရေ၏ သုံးပုံနှစ်ပုံနီးပါးသည် ဥရောပတိုက်မှဖြစ်ကြောင်း တရားဝင်သတင်းအရင်းအမြစ်များမှ ဂရင်းနစ်စံတော်ချိန် ၁၇:၄၀ နာရီတွင် ကောက်ယူစုစည်းထားသည့် အေအက်ဖ်ပီသတင်းဌာန၏ စာရင်းအရ သိရသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူပေါင်း ၂၆၉၈၇၃၃ ဦးနှင့် သေဆုံးသူ ပေါင်း ၁၉၀၀၈၉ ဦး ရှိပြီဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးသူ ၁၁၆၂၂၁ ဦးနှင့် ကူးစက်ခံရသူ ၁၂၉၆၂၄၈ ဦးရှိသည့် ဥရောပတိုက်သည် အထိ အနာဆုံးဖြစ်သည်။

အမေရိကန်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးသူ ၄၉၉၆၃ ဦးရှိပြီး သေဆုံးမှုအများဆုံးနိုင်ငံဖြစ်သည်။ အီတလီနိုင်ငံတွင် သေဆုံးသူ ၂၅၅၄၉ ဦး၊ စပိန်နိုင်ငံတွင် သေဆုံးသူ ၂၂၁၅၇ ဦး၊ ပြင်သစ်နိုင်ငံတွင် သေဆုံးသူ ၂၁၈၅၆ ဦးနှင့် ဗြိတိန်တွင် သေဆုံးသူ ၁၈၇၃၈ ဦးဖြင့် အမေရိကန်နိုင်ငံ၏နောက်မှ အစဉ်အလိုက်ရှိနေသည်။

ကိုးကား-အေအက်ဖ်ပီ ဘာသာပြန်-အောင်ဇော်လင်း

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို တိုက်ဖျက်ရန် အချိန်ယူရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

ဂျနီဗာ မေ ၂၄

ကမ္ဘာ့နိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးဆောင်ရွက်မှုများမှာ ကနဦးအဆင့်တွင်သာရှိနေသေးသဖြင့် အထက်ပါကပ်ရောဂါတိုက်ဖျက်ရေးမှာ အချိန်တိုအတွင်း ပြီးစီးသွားမည်မဟုတ်ကြောင်း ကျန်းမာရေးဆိုင်ရာပညာရှင်များက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် လူပေါင်း ၁၈၀၀၀၀ ကျော်သေဆုံးခဲ့ပြီး ရောဂါကူးစက်ခံရသူ ၂ ဒသမ ၆သန်းခန့်ရှိသည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းနှင့် ခရီးအသွားအလာ ပိတ်ပင်ကန့်သတ်ခြင်းတို့ကို ဆောင်ရွက်ကာ မိမိတို့နိုင်ငံအသီးသီး၏ စီးပွားရေးလုပ်ငန်းများပြန်လည်ကောင်းမွန်လာစေရန် ဆောင်ရွက်နေရသည်။

နိုင်ငံများရှိ အစိုးရအသီးသီးတွင်လည်း စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ရန် ဖိအားပေးခံနေရပြီး အလုပ်အကိုင်နေရာပေါင်း သန်းဆယ်နှင့်ချီပြီး ပျက်စီးသွားခဲ့သည်။ သို့သော် ယခု ရုန်းကန်နေရသည့် အခြေအနေကို ကျော်လွှားနိုင်ရန် အလှမ်းဝေးကွာနေဆဲဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်ဒ္ဒနိဂါဘရီရီဆက်ကပြောကြားသည်။

"ကျွန်တော်တို့ရှေ့ဆက်ရမယ့်ခရီးဟာ အဝေးကြီးကျန်ပါသေးတယ်။ ဒါကြောင့် အမှားအယွင်း မရှိဖို့လိုအပ်ပါတယ်။ ဒီဗိုင်းရပ်စ်ဟာ အချိန်အကြာကြီး တည်ရှိနေမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

နိုင်ငံအများစုဟာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုရဲ့ ကနဦးအဆင့်မှာပဲ ရှိပါသေးတယ်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများသည်ပြန်လည်ခေါင်းထောင်လာနိုင်ကြောင်း သူက ပြောကြားသည်။

အမေရိကန်ပြည်သူများအား ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ဒုတိယကူးစက်မှုလှိုင်းအတွက် အသင့်ပြင်ဆင်ထားကြရန် အမေရိကန်ရောဂါထိန်းချုပ်ရေးစင်တာမှ ညွှန်ကြားရေးမှူးတစ်ဦးက ပြောကြားခဲ့ပြီးနောက် အထက်ပါမှတ်ချက်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဒဏ်ကို အဆိုးရွားဆုံးခံစားရသော နိုင်ငံဖြစ်ပြီး နိုင်ငံတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးသူပေါင်း ၄၆၅၀၀ ရှိပြီး ရောဂါကူးစက်ခံရသူ ၈၄၀၀၀၀ ရှိသည်။

ကိုရိုနာဗိုင်းရပ်စ် ကုသဆေးမပေါ်ပေါက်မီအချိန်အထိ ခရီးအသွားအလာ ပိတ်ပင်ခြင်းကဲ့သို့သော စည်းမျဉ်းများကို ချမှတ်ထားရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူများက ပြောကြားသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-စိုးသူရ

အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

	COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုးကင်းစင်သူ	ပိုးတွေ့သေဆုံးလူနာ
စင်ကာပူ	၉၁၂၅	၈၃၉	၁၁
အင်ဒိုနီးရှား	၇၁၃၅	၈၄၂	၆၁၆
ဖိလစ်ပိုင်	၆၅၉၉	၆၅၄	၄၃၇
မလေးရှား	၅၄၈၂	၃၃၄၉	၉၂
ထိုင်း	၂၈၂၆	၂၃၅၂	၄၉
ဗီယက်နမ်	၂၆၈	၂၁၆	၀
မြန်မာ	၁၄၄	၉	၅
ဘရူနိုင်း	၁၃၈	၂	၁
ကမ္ဘောဒီးယား	၁၂၂	၁၁၀	၀
လာအို	၁၉	၂	၀

ကိုရိုနာဗိုင်းရပ်စ် ဥပဒေကြမ်းကို အမေရိကန်အောက်လွှတ်တော် အတည်ပြု

ဝါရှင်တန် မေ ၂၄

ဒေါ်လာ ဘီလီယံ ၅၀၀ နီးပါးတန်ကြေးရှိ အရန်ကိုရိုနာဗိုင်းရပ်စ် ကယ်ဆယ်ရေးဥပဒေကြမ်းတစ်ရပ်ကို အမေရိကန်အောက်လွှတ်တော်က ယမန်နေ့တွင် အတည်ပြုလိုက်ပြီဖြစ်သည်။

အဆိုပါဥပဒေကြမ်းမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါ၏ စီးပွားရေးထိခိုက်မှုကြောင့် နစ်နာနေရသည့် အသေးစားစီးပွားရေးလုပ်ငန်းများသို့ ပံ့ပိုးကူညီရန် အဓိက စီမံထားသည်။ အထက်လွှတ်တော်က အတည်ပြုခဲ့သည့် ဒေါ်လာ ၄၈၄ ဘီလီယံတန်ဖိုးရှိ အဆိုပါဥပဒေကြမ်းကို အောက်လွှတ်တော်က ယမန်နေ့က ထောက်ခံခဲ့ခြင်းဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရမ့်က အကူအညီပေးရေးဥပဒေကြမ်းကိုဥပဒေအဖြစ်လက်မှတ်ရေးထိုးမည်ဖြစ်သည်။ ဥပဒေအရ အသေးစား စီးပွားရေးလုပ်ငန်းများသို့ ဒေါ်လာ ဘီလီယံ ၃၇၀ ထောက်ပံ့မည်ဖြစ်ကာ ဒေါ်လာ ဘီလီယံ ၁၀၀ ကို ဆေးရုံများ၊ ဗိုင်းရပ်စ်စမ်းသပ်မှု ဆောင်ရွက်ရန် သုံးစွဲမည်ဖြစ်သည်။

ဒေါ်နယ်ထရမ့်သည် ပြီးခဲ့သည့်လက ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံတန်ကြေးရှိ ကယ်ဆယ်ရေးအစီအစဉ် တစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ ကယ်ဆယ်ရေးအစီအစဉ်နှစ်ခု ပေါင်းစည်းလျှင် ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းတုံ့ပြန်ရေး အသုံးစရိတ်မှာ ဒေါ်လာ ၃ ထရီလီယံနီးပါးရှိလာခဲ့ပြီး အမေရိကန်အစိုးရ နှစ်စဉ်အသုံးစရိတ်၏ ၆၀ ရာခိုင်နှုန်းနှင့် ညီမျှသည်။ ယမန်နေ့က ကျင်းပသည့် အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲ၌ ဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းမှုကို ဒေါ်နယ်ထရမ့်က ချီးကျူးဂုဏ်ပြုခဲ့သည်။

"အမေရိကန်ပြည်သူတွေက စီးပွားရေးစိန်ခေါ်မှုတွေကို ကြံ့ကြံ့ခံနေရတဲ့ ဒီလိုအချိန်မှာ ဒီဥပဒေကြမ်းက အလုပ်သမားတွေကို လစာဆက်ပေးနိုင်ဖို့ အသေးစားလုပ်ငန်းတွေကို အထောက်အပံ့ဖြစ်စေပါလိမ့်မယ်" ဟု ၎င်းက ပြောသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး

ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးနှေးကွေး ယခုနှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု ၆ ရာခိုင်နှုန်းကျဆင်းမည်ဟု ခန့်မှန်း

ကုလသမဂ္ဂ မေ ၂၄

ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှုပြန့်ပွားနေပြီး ကမ္ဘာ့စီးပွားရေးနှေးကွေးလာခြင်းကြောင့် ယခုနှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏ ၆ ခိုင်နှုန်းကျဆင်းလိမ့်မည်ဟု ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာအေဂျင်စီက ခန့်မှန်းထားသည်။

ကမ္ဘာမြေနေ့ နှစ် (၅၀)ပြည့် အထိမ်းအမှတ်နေ့ဖြစ်သည့် မေ ၂၂ ရက်တွင် ကမ္ဘာ့မိုးလေဝသအဖွဲ့(ဒဗလျူအမ်အို) အတွင်းရေးမှူးချုပ်က သတင်းထောက်များနှင့် အွန်လိုင်းမှ တစ်ဆင့် တွေ့ဆုံခဲ့သည်။

ယင်းသို့ တွေ့ဆုံရာ၌ ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေး ဖြစ်ပေါ်မှုသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအပေါ် အကျိုးသက်ရောက်မှုတစ်ခုဖြစ်ပေါ်စေခဲ့ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ အတွင်းရေးမှူးချုပ် ပတ်တဲရီ တာလတ်စ်က ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုများ ကမ္ဘာတစ်ဝန်း၌ ဖြစ်ပေါ်နေမှုကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ၏ စွမ်းအင်ထုတ်လုပ်မှုများ၌ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုများ လျော့ကျလာခြင်းကြောင့် ယခုနှစ်၏ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု ၆ ရာခိုင်နှုန်းကျဆင်းလိမ့်မည်ဟု ဒဗလျူအမ်အိုက ခန့်မှန်းကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ဇော်ဝင်း

ဘင်္ဂလားဒေ့ရှ်တွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၃ ဦးထပ်မံတွေ့ရှိ

ဒါကာ မေ ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပထမအကြိမ် စမ်းသပ်တွေ့ရှိခဲ့ချိန် မတ် ၈ ရက်ကတည်းက နေ့စဉ်ရောဂါကူးစက်မှုနှုန်း အများဆုံးဖြစ်လာကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၆၈၉ ဦးရှိလာကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာနမှ တွဲဖက်ညွှန်ကြားရေးမှူးချုပ် နာဆီမာဆူလ်တန်က ပြောကြားသည်။

ပြီးခဲ့သည့် မေ ၂၀ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၄၉၂ ဦးသာရှိသော်လည်း မေ ၂၄ ရက်တစ်ရက်တည်းတွင် ရောဂါကူးစက်ခံရသူ ၅၀၃ ဦးအထိ မြင့်တက်လာခဲ့သည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄ နာရီအတွင်း လူနာလေးဦး ထပ်မံသေဆုံးခဲ့ပြီးနောက် သေဆုံးသူပေါင်း ၁၃၁ ဦးရှိလာခဲ့သည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးအတွက် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိရာ ၂၄ နာရီအတွင်း ၃၆၈၆ ဦးကို ရောဂါရှိ၊ မရှိစမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

သို့သော် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လူနာလေးဦးထပ်မံကျန်းမာလာပြီး ဆေးရုံမှ ပြန်ဆင်းခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၁၂ ဦးရှိလာကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျေတီ

ခရီးသွားလာမှုပိတ်ပင်ခြင်း နောက်ကွယ်က အိန္ဒိယရွှေ့ပြောင်းလုပ်သားများ

■ အောင်ကျော်ကျော်

ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလနှောင်းပိုင်းမှ စတင်ဖြစ်ပွားခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြီးဟာ ကမ္ဘာ့နိုင်ငံတွေနဲ့ ဒေသအနှံ့အပြားကို တဖြည်းဖြည်း ကူးစက်ပျံ့နှံ့လို့နေပြီဖြစ်ပါတယ်။ ဗိုင်းရပ်စ်ကူးစက်မှုတွေ လျော့ကျဖို့အတွက် လက်တွေကို မကြာခဏဆေးကြောဖို့၊ လူလူချင်း ခပ်ခွာခွာ နေထိုင်ဖို့၊ အရေးကြီးကိစ္စမရှိဘဲ နေအိမ်ပြင်ပကို မထွက်ကြဖို့ စတဲ့ စည်းမျဉ်းတွေကို ကမ္ဘာ့နိုင်ငံ အစိုးရတွေဟာ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် အချို့ပြည်သူတွေအနေနဲ့ ရောဂါကူးစက်ခံရမှာထက် အစာရေစာ မပြတ်လပ်ဖို့အတွက် စိုးရိမ်ပူပန်နေကြရပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ခရီးသွားလာမှုတွေပိတ်ပင်ရင် ပြည်သူအများအပြား အလုပ်လက်မဲ့ဖြစ်သွားတယ်။ အလုပ်မရှိရင် ဝင်ငွေမရှိတော့ဘူး။ ဝင်ငွေမရှိမှတော့ သူတို့ကို မှီခိုစားသောက်နေတဲ့ မိသားစုတွေရဲ့ နေ့စဉ်ဝမ်းတစ်ထွာကို ဖြည့်တင်းပေးနိုင်မှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် ခရီးသွားလာကန့်သတ်မှုတွေ ပြန်လည်ဖွင့်ပေးပြီး လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်ရမယ့် အချိန်ကို ပြည်သူတွေအနေနဲ့ မျှော်လင့်စောင့်ဆိုင်းနေကြပါတယ်။

အိန္ဒိယရွှေ့ပြောင်းလုပ်သားတွေရဲ့ အခက်အခဲနဲ့ အကျပ်အတည်း

နေရပ်ပြန်ဖို့ ဒါမှမဟုတ် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ဖို့ မျှော်လင့်စောင့်စားနေကြတဲ့ ပြည်သူတွေထဲမှာ အိန္ဒိယနိုင်ငံက ရွှေ့ပြောင်းလုပ်သားတွေလည်း ပါဝင်ပါတယ်။ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့နေချိန်မှာ ကမ္ဘာပေါ်မှာ ဒုတိယလူဦးရေအများဆုံးနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံလည်း ကိုဗစ်-၁၉ ရဲ့ဒဏ်ကို ဆိုးရွားစွာ ခံစားနေရပါတယ်။ အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်မှုကို ဇန်နဝါရီ ၃၀ ရက်မှာ ပထမဆုံးစတင်တွေ့ရှိခဲ့တာဖြစ်ပါတယ်။ မေ ၂၄ ရက်မှာ နိုင်ငံတစ်ဝန်း ရောဂါကူးစက်ခံရသူ ၁၃၅၀၂ ရှိပြီး သေဆုံးသူ ၇၂၂ ဦး ရှိလာပါတယ်။ အိန္ဒိယဝန်ကြီးချုပ် မိုဒီက ရောဂါကူးစက်မှုနှုန်း လျော့ကျသွားစေဖို့ နိုင်ငံတစ်ဝန်း ခရီးသွားလာမှုတွေကို မတ် ၂၄ ရက်ကစပြီး မေ ၁၄ ရက်အထိ ၂၁ ရက်ကြာ ပိတ်ပင်ခဲ့ပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ရက်သတ္တပတ်မှာ ခရီးသွားလာပိတ်ပင်မှုတွေကို မေ ၃ ရက်အထိ တိုးချဲ့ဖို့ ကြေညာလိုက်ပါတယ်။ ဒီအချိန်မှာ နေရပ်ပြန်ဖို့၊ အလုပ်ခွင်ပြန်လည်ဝင်ရောက်ဖို့ တာစူနေတဲ့ ရွှေ့ပြောင်းလုပ်သားတွေအတွက် အတော်လေး အကျပ်ရိုက်စေခဲ့ပါတယ်။

ခရီးသွားလာပိတ်ပင်မှုတွေကို ရက်ထပ်တိုးလိုက်တဲ့ ကြေညာချက်ထွက်ပေါ်လာတဲ့အခါမှာ သန်းနှင့်ချီတဲ့ ရွှေ့ပြောင်းလုပ်သားတွေဟာ နေရပ်ပြန်ကြဖို့ကိုသာ ဆန္ဒစောနေတာမို့ လူလူချင်း ခပ်ခွာခွာ နေထိုင်ရမယ်ဆိုတဲ့ စည်းမျဉ်းတွေကိုလည်း လိုက်နာမှုမရှိတော့ဘဲ မွန်ဘိုင်းမြို့ဘူတာရုံကို စုဝေးရောက်ရှိလို့ လာပါတယ်။ မီးရထား၊ မော်တော်ယာဉ်စတဲ့ ပို့ဆောင်ရေးစနစ်တွေကိုလည်း ခရီးသွားလာမှုပိတ်ပင်လိုက်ကတည်းက ရပ်နားထားတာဖြစ်ပါတယ်။ သို့ပေမယ့် ပို့ဆောင်ရေးစနစ်တွေ ပြန်လည်ဖွင့်ပေးလိုက်ပြီဆိုတဲ့ ကောလာဟလသတင်းမှားတွေ ထွက်ပေါ်ခဲ့တာကြောင့် ပြည်သူတွေ ဘူတာရုံမှာ လာရောက်စုဝေးကြတာပဲ ဖြစ်ပါတယ်။

ဂူဂျာရတ်ပြည်နယ်မှာဆိုရင် အချို့ရွှေ့ပြောင်းလုပ်သားတွေဟာ နေရပ်ပြန်ဖို့ ဆန္ဒထုတ်ဖော်တာတွေကိုတောင် လုပ်ဆောင်ခဲ့ပါတယ်။ ဒေလီမြို့ပေါ်မှာဆိုရင် ခရီးသွားလာပိတ်ပင်မှုတွေကြောင့် လမ်းမတွေပေါ်မှာ သောင်တင်နေကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေဟာ ယမုံနာမြစ်ကို ဖြတ်ပြီးသွယ်တန်းထားတဲ့ တံတားအောက်မှာ ယာယီစခန်းချနေထိုင်နေကြရပါတယ်။ အခုအချိန် ခရီးသွားလာပိတ်ပင်မှုတွေ ထပ်တိုးကြေညာလိုက်တော့ နေအိမ်ရဲ့ ရပ်ဝေးတစ်နေရာမှာ အလုပ်လာရောက်လုပ်ကိုင်ကြတဲ့ လုပ်သားပြည်သူတွေဟာ တည်းခိုစရာ နေရာမရှိဘူး။ စားစရာ မရှိဘူး။ အလုပ်လက်မဲ့ဖြစ်ကာ ခြူးတစ်ပြားမရှိတဲ့ ဘဝကို ရောက်ရှိလို့နေပါတယ်။ ဒီအဖြစ်အပျက်တွေဟာ အလုပ်အကိုင်ရရှိဖို့ ရွာတွေကနေ မြို့ပေါ်မှာ အလုပ်လာလုပ်ကြတဲ့ အိန္ဒိယရွှေ့ပြောင်းလုပ်သား သန်း ၄၀ ကျော်ရဲ့ အခက်အခဲ အကျပ်အတည်းတွေပဲဖြစ်ပါတယ်။

> "ရောဂါကူးစက်မှုနှုန်းလျော့ကျဖို့ အရာရာတိုင်းကို ပိတ်ပင်တာဟာ လူတစ်သိန်းရဲ့ အသက်ကို ကယ်တင်ရာရောက်မှာပါ။ ဒါပေမယ့် ခရီးသွားလာမှုတွေ ဆက်လက်ပိတ်ပင်နေမယ်ဆိုရင် လူတစ်သန်းဟာ ဆာလောင်မွတ်သိပ်ပြီး သေပွဲဝင်သွားကြရလိမ့်မယ်"

ခရီးသွားလာမှုတွေ ပိတ်ပင်လိုက်တာဟာ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ပြီး လူတွေရဲ့ အသက်ကို ကယ်တင်နိုင်တဲ့ အဓိကသော့ချက်လို့ အိန္ဒိယအာဏာပိုင်တွေက ယူဆထားပါတယ်။ ဒါပေမယ့် စီမံခန့်ခွဲမှုတွေမှာ အားနည်းတာဟာ နိုင်ငံရဲ့ ဆင်းရဲချို့တဲ့တဲ့ ပြည်သူတွေကို အထိနာစေပါတယ်။ အလုပ်လက်မဲ့ဖြစ်နေတဲ့ ရွှေ့ပြောင်းလုပ်သားတွေဟာ အခုအချိန်မှာ နေရေးထိုင်ရေးနဲ့ စားနပ်ရိက္ခာတွေ ရရှိဖို့အတွက် အစိုးရအဖွဲ့အစည်းတွေကို မှီခိုနေကြရပါပြီ။

ခရီးသွားလာမှုတွေ ပိတ်ပင်တဲ့စည်းမျဉ်းတွေကြောင့် ၁၂ နှစ်အရွယ် မိန်းကလေးတစ်ဦးဟာ တီလန်ဂါနာပြည်နယ်ကနေ နိုင်ငံရဲ့ အလယ်ပိုင်းမှာရှိတဲ့ ချာဟာတီဂါပြည်နယ်အထိ ကီလိုမီတာ ၁၅၀ ကွာဝေးတဲ့ ခရီးရှည်ကို သုံးရက်လောက် လမ်းလျှောက်ပြန်သွားခဲ့ပါတယ်။ သူ့အိမ်ရောက်ဖို့ ၁၄ ကီလိုမီတာသာ ကျန်ရှိတော့တဲ့နေရာမှာ သေဆုံးသွားခဲ့တယ်လို့ သိရပါတယ်။

ယာယီကယ်ဆယ်ရေး စခန်းတွေမှာ ရောက်ရှိနေသူတွေကို ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးတော့ ရောဂါမရှိရင် နေရပ်ပြန်ဖို့ အစိုးရအနေနဲ့ ပို့ဆောင်ရေးစနစ်တွေ စီစဉ်ပေးသင့်ပါတယ်လို့ ရှေ့နေ ပရာရှန့် ဘူရှန်က ဆိုပါတယ်။ ရှေ့နေ ပရာရှန့် ဘူရှန်ဟာ ခရီးသွားလာပိတ်ပင်မှုတွေဟာ လူမဆန်တဲ့ လုပ်ထုံးလုပ်နည်းတစ်ခုဖြစ်တယ်လို့ ယူဆထားပြီး ရွှေ့ပြောင်းလုပ်သားတွေကို နေရပ်ပြန်ခွင့်ပြုဖို့ တရားရုံးချုပ်မှာ ဦးတိုက်လျှောက်ထားသူ တစ်ဦးလည်း ဖြစ်ပါတယ်။

အိန္ဒိယအာဏာပိုင်တွေဟာ ကယ်ဆယ်ရေးစခန်းမှာရှိတဲ့ ရွှေ့ပြောင်းလုပ်သားတွေကို စားနပ်ရိက္ခာအပါအဝင် ကူညီထောက်ပံ့မှုတွေ ပေးနေပေမယ့် ကယ်ဆယ်ရေးစခန်းပြင်ပမှာရှိတဲ့ သန်းနဲ့ချီတဲ့ ရွှေ့ပြောင်းလုပ်သားတွေကိုတော့ ဘာထောက်ပံ့မှုမှ မပေးနိုင်ပါဘူး။ သူတို့တွေက လူကူးတံတားတွေ၊ လူသွားစင်္ကြံတွေ၊ ယာယီပိတ်ထားတဲ့ အလုပ်ရုံတွေ၊ ဆင်ခြေဖုံးနေရာတွေမှာ နေထိုင်လျက်ရှိကြပါတယ်။ ကယ်ဆယ်ရေးစခန်းတွေမှာလည်း အစားအစာတွေ မျှဝေတဲ့နေရာမှာ စည်းကမ်းကျနမှုတွေ မရှိပါဘူး။ အစားအစာရရှိဖို့ ရှည်လျားတဲ့ လူတန်းကြီးကို စောင့်ဆိုင်းရပါတယ်။ တစ်ခါတလေ အစားအစာတွေ ကုန်သွားမှာကို စိုးရိမ်ပြီးတော့ သူ့ထက်ငါဦးအောင် လုယူရတာတွေလည်း ရှိပါတယ်လို့ ရှေ့နေ ပရာရှန့် ဘူရှန်က ဆိုပါတယ်။

နေရပ်ပြန်ဖို့ ကြိုးပမ်းကြပြီ

အချို့ ရွှေ့ပြောင်းလုပ်သားတွေဟာ ခရီးသွားလာမှုတွေပိတ်ပင်တဲ့ စည်းမျဉ်းတွေကို ချိုးဖောက်ကာ နေရပ်ပြန်ချင်တဲ့ဆန္ဒကို ရှေ့တန်းတင်ပြီး ကယ်ဆယ်ရေးစခန်းတွေကနေ ထွက်ပြေးတာတွေကိုလည်း တွေ့မြင်ရပါတယ်။ ဧပြီလ အစောပိုင်းက မွန်ဘိုင်းမြို့မှာ နေ့စဉ်သုံးပစ္စည်းတွေ တင်ဆောင်လာတဲ့ ကုန်တင်ကားတစ်စီးပေါ်ကနေ နေရပ်ပြန်ဖို့ ကြိုးစားကြတဲ့ ရွှေ့ပြောင်းလုပ်သား ၆၁ ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။ အာသံပြည်နယ်မှာလည်း အလားတူဖြစ်ရပ်မျိုးကြောင့် ရွှေ့ပြောင်းလုပ်သား ၅၁ ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။ ဒေလီမြို့ရဲ့ ဆင်ခြေဖုံးတစ်နေရာမှာ နေရပ်ပြန်ဖို့ ကြိုးစားကြတဲ့ ရွှေ့ပြောင်းလုပ်သား ၁၁ ဦးကို လူနာတင်ယာဉ်နှစ်စီးပေါ်က ဖမ်းဆီးရမိခဲ့ပါတယ်။

လွန်ခဲ့တဲ့ ရက်သတ္တသုံးပတ်လောက်က ရွှေ့ပြောင်းလုပ်သားတွေဆီကနေ သူတို့ရင်ဆိုင်နေရတဲ့ အခက်အခဲ၊ အကျပ်အတည်းတွေအကြောင်းပြောပြတဲ့ ဖုန်းခေါ်ဆိုမှု ၁၁၀၀၀ ကျော်အထိ လက်ခံရရှိခဲ့တယ်လို့ သောင်တင်အလုပ်သမားများကွန်ရက်က ဆိုပါတယ်။ ရွှေ့ပြောင်းလုပ်သား ၈၉ ရာခိုင်နှုန်းဟာ သူတို့ရဲ့လုပ်ခလစာတွေ မရရှိကြသေးပါဘူး၊ အများစုရဲ့ လက်ထဲမှာ ရူပီး ၂၀၀ လောက်သာ ကျန်ရှိတော့တာကို တွေ့ရှိရပါတယ်။ အလုပ်ရှင်တွေအနေနဲ့ ဝန်ထမ်းတွေရဲ့ လစာငွေတွေကို အပြည့်အဝပေးသင့်တယ်လို့ အိန္ဒိယအစိုးရက ဆိုပါတယ်။ ဒီလိုဆိုရင် စီးပွားရေးလုပ်ငန်းကြီးတွေအတွက် မထိခိုက်ပေမယ့် အလယ်၊ အလတ်နဲ့ အသေးစား စီးပွားရေးလုပ်ငန်းရှင်တွေအတွက်ကတော့ ခက်ခဲမှုတွေရှိမှာ အမှန်ပဲဖြစ်ပါတယ်။ ဒါ့အပြင် ပျံကျဈေးသည်လိုမျိုး ကိုယ်ပိုင်အရောင်းအဝယ်လုပ်တဲ့သူတွေဆိုရင် ပိုဆိုးမှာပေါ့။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်းလျော့ကျဖို့အတွက် အိန္ဒိယနိုင်ငံရဲ့ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၄၄ မှာ ပြဋ္ဌာန်းထားတဲ့ လူလေးဦးထက်ပိုပြီး စုဝေးမှုတွေကို ပိတ်ပင်တားမြစ်တာဟာ ကောင်းမွန်တဲ့ဖြေရှင်းနည်းတစ်ခုဖြစ်ပေမယ့် ခရီးသွားလာပိတ်ပင်မှုတွေကတော့ အဓိက ဖြေရှင်းနည်းတစ်ခုတော့ မဟုတ်ပါဘူးလို့ ရှေ့နေ ဘူရှန်က ဆိုပါတယ်။ ဒီအတိုင်းသာ ခရီးသွားလာမှုတွေ ဆက်လက်ပိတ်ပင်မယ်ဆိုရင်တော့ ဆင်းရဲတဲ့ပြည်သူတွေဟာ အစာရေစာ ငတ်မွတ်ခေါင်းပါးမှုတွေနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ ရှေ့နေ ဘူရှန်က ဆက်လက်ပြောကြားခဲ့ပါတယ်။ ရောဂါကူးစက်မှုနှုန်း လျော့ကျဖို့ အရာရာတိုင်းကို ပိတ်ပင်တာဟာ လူတစ်သိန်းရဲ့ အသက်ကို ကယ်တင်ရာရောက်မှာပါ။ ဒါပေမယ့် ခရီးသွားလာမှုတွေ ဆက်လက်ပိတ်ပင်နေမယ်ဆိုရင် လူတစ်သန်းဟာ ဆာလောင်မွတ်သိပ်ပြီး သေပွဲဝင်သွားကြရလိမ့်မယ်လို့ ရှေ့နေဘူရှန်က ဆိုပါတယ်။

ကူညီထောက်ပံ့မှုတွေ ပိုမိုလိုအပ်

အိန္ဒိယနိုင်ငံအတွင်း ခရီးသွားလာမှုပိတ်ပင်ခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်နေတဲ့ ရွှေ့ပြောင်းလုပ်သားတွေကို အစိုးရအနေနဲ့ ကူညီထောက်ပံ့မှုတွေ အခုထက်ပိုပြီး ပေးဖို့လိုအပ်ပါတယ်ဟု နိုဗယ်ဆုရှင် စီးပွားရေးပညာရှင် ပါမောက္ခ အဘီဂျစ် ဗီနာရက် ဘာနာဂျီက ဆိုပါတယ်။

ခရီးသွားလာပိတ်ပင်မှုတွေ စတင်ခဲ့တဲ့အချိန် မတ် ၂၄ ရက်ကစပြီး အိန္ဒိယအစိုးရက ကန်ဒေါ်လာ ၂၃ ဘီလီယံခန့်ကို သက်သာချောင်ချိရေးရန်ပုံငွေအဖြစ် ပြည်သူတွေကို ကူညီထောက်ပံ့ရာမှာ သုံးစွဲမယ်လို့ ကြေညာခဲ့ပါတယ်။ အဲဒီရန်ပုံငွေအများစုကို ဆင်းရဲသား ပြည်သူတွေအတွက် ငွေကြေးနဲ့ စားနပ်ရိက္ခာ ထောက်ပံ့တဲ့နေရာမှာ သုံးစွဲလျက်ရှိပါတယ်။

ပြည်သူတစ်ဦးတစ်ယောက်မျှ အငတ်ဘေးဆိုက်ပြီး ငွေကြေးပြတ်လပ်နေတာကို မမြင်ချင်ပါဘူးလို့ အိန္ဒိယဘဏ္ဍာရေးဝန်ကြီး နာမာလာ ဆီသာရာမန်က ဆိုပါတယ်။

ဗိုင်းရပ်စ်ကူးစက်မှုနှုန်း လျော့ကျဖို့အတွက် အစိုးရရဲ့လုပ်ဆောင်ချက်တွေဟာ ကောင်းမွန်မှန်ကန်မှုရှိပါတယ်။ ဒါပေမယ့် ဒီကပ်ဆိုးကြီးဟာ အချိန်ခဏလေးနဲ့ အဆုံးသတ်သွားမှာ မဟုတ်ပါဘူး။ အချိန်ဘယ်အတိုင်းအတာ ကြာဦးမလဲဆိုတာကို ဘယ်သူမှ မခန့်မှန်းနိုင်ပါဘူး။ ခရီးသွားလာမှု ပိတ်ပင်တာကိုလည်း ဘယ်အတိုင်းအတာအထိ သတ်မှတ်လုပ်ဆောင်နိုင်မှာလဲ။ ဒါကြောင့် ဒီလိုအခြေအနေမျိုးမှာ အိန္ဒိယအစိုးရအနေနဲ့ နည်းလမ်းကောင်းတွေ ရှာသင့်ပြီလို့ နိုဗယ်ဆုရှင် စီးပွားရေးပညာရှင် ပါမောက္ခ အဘီဂျစ် ဗီနာရက် ဘာနာဂျီက ဆိုပါတယ်။

ကမ္ဘာ့ဘဏ်ရဲ့ စစ်တမ်းတစ်ရပ်အရ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းကနေ ၂ ဒသမ ၈ ရာခိုင်နှုန်းအထိသာ တိုးတက်မှုရှိပါတယ်။ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့လာချိန်မှာတော့ နိုင်ငံအတွင်းမှာ အလုပ်လက်မဲ့တွေ များပြားလာပါတယ်။ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အဓိက လုပ်သားအင်အားဖြစ်တဲ့ ရွှေ့ပြောင်းလုပ်သားတွေဟာ လုပ်ငန်းခွင်တွေမှာ ရှိနေရမယ့်အစား လမ်းမတွေပေါ်မှာ သောင်တင်နေပါတယ်လို့ ပါမောက္ခ အဘီဂျစ် ဗီနာရက် ဘာနာဂျီ က ပြောကြားခဲ့ပါတယ်။

အမြော်အမြင်ရှိစေချင်

အခုလိုအချိန်မှာ အလုပ်လက်မဲ့ဖြစ်နေတဲ့ လုပ်သားပြည်သူတွေ ဆင်းရဲချို့တဲ့မှုကို ရှောင်ရှားနိုင်ဖို့အတွက် အိန္ဒိယအစိုးရအနေနဲ့ အမြော်အမြင်ရှိရှိ လုပ်ဆောင်တတ်ဖို့ အရေးကြီးပါတယ်။ ပြည်သူတွေရဲ့ သက်သာချောင်ချိရေးရန်ပုံငွေတွေကို အဆက်မပြတ်ထောက်ပံ့ပေးနိုင်ဖို့ ရူပီးငွေစက္ကူ အမြောက်အမြား ထပ်မံရိုက်နှိပ်ပေးဖို့လိုပါတယ်။ ဒီလိုဆိုရင် ငွေကြေးဖောင်းပွမှုရှိမှာကိုတော့ နည်းနည်းစိုးရိမ်ရပါတယ်။ ဒါပေမယ့် ဝင်ငွေမရရှိနိုင်တဲ့ အခြေအနေမှာ လုပ်သားပြည်သူတွေကို ငွေကြေးထောက်ပံ့မှုတွေ ဖောဖောသီသီပေးနိုင်ရင် ပြည်သူတွေရဲ့စိတ်ထဲမှာ ယုံကြည်မှုတွေ ရရှိလာနိုင်တယ်။ စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးရာလည်း ရောက်ပါတယ်လို့ ပါမောက္ခ အဘီဂျစ် ဗီနာရက် ဘာနာဂျီက ဆိုပါတယ်။ **ကိုးကား-ဘီဘီစီ**

ခရမ်းမြို့၌ မီးလောင်မှုဖြစ်ပွား

ခရမ်း မေ ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ် (၆) ရပ်ကွက် ပြည်တော်အေးလမ်းနှင့် သံတံတားလမ်းဆုံတွင် ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် လူနေအိမ် နှစ်လုံး၊ တဲတစ်လုံး၊ ပဲသိုလှောင်သည့် ဂိုဒေါင်တစ်လုံး၊ ဆေးရိုးဂိုဒေါင် နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ခရမ်းမြို့မှ မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ သုံးခွမြို့မှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ သန်လျင်ခရိုင်မှ နှစ်စီး၊ မြို့နယ်မှ တစ်စီး၊ ကျောက်တန်းမြို့နယ်မှ နှစ်စီး၊ တိုင်းဒေသကြီးမှ နှစ်စီး၊ သဃ္ဃန်းလမှ တစ်စီး စုစုပေါင်း မီးငြိမ်းသတ်ယာဉ် ၁၆ စီး တို့ဖြင့် ၎င်းမြို့နယ် ရဲတပ်ဖွဲ့၊

မြို့နယ် ကြက်ခြေနီအသင်းဝင်များ၊ လူမှုကူညီရေးအဖွဲ့ဝင်များ မြို့နေ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၄ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ကိုမင်း (ခရမ်း)

အင်ပူမြို့နယ်တွင် ဒေသန္တရအမိန့်ကို ဖောက်ဖျက်ကျူးလွန်သူအား အလုပ်မဲ့ထောင်ဒဏ် တစ်လ အမိန့်ချမှတ်

အင်ပူ မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ သပြေပင်ကျေးရွာနေ မောင်ဇင်ကိုအား ဒေသန္တရအမိန့်အား ဖောက်ဖျက်ကျူးလွန်ခဲ့သောကြောင့် မေ ၂၃ ရက်တွင် အင်္ဂပူမြို့နယ် တရားရုံးက အလုပ်မဲ့ထောင်ဒဏ်တစ်လ အမိန့်ချမှတ်ခဲ့သည်။

ဖြစ်စဉ်မှာ မဲဇလီကုန်းမြို့ သပြေပင်ကျေးရွာနေ မောင်ဇင်ကို (၃၂)နှစ်သည် မေ ၁၉ ရက် ည ၁၁ နာရီခန့်က ကျေးရွာအတွင်း ဆိုင်ကယ်အား အသံဆူညံကျယ်လောင်စွာဖြင့် ခေါက်တုံ့ပြန် မောင်းနှင်ပြီး အော်ဟစ်ဆဲဆို၍ ပြည်သူများ အထိတ်တလန့်ဖြစ်အောင် ပြုလုပ်နေကြောင်း သပြေပင်ကျေးရွာ အုပ်ချုပ်ရေးမှူးက သတင်းပေးပို့သောကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်က မြို့နယ်တရားရုံးတွင် တရားလိုပြုလုပ် တရားစွဲဆိုခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြို့နယ်တရားသူကြီးက မောင်ဇင်ကိုအား စစ်ဆေးခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ဒေသန္တရအမိန့်အမှတ် (၂/၂၀၂၀)အား ဖောက်ဖျက်ကျူးလွန်သောကြောင့် အလုပ်မဲ့ထောင်ဒဏ် တစ်လ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

နောင်ချိုမြို့နယ် ဝါးဘိုးကုန်းကျေးရွာ၌ နေအိမ်မီးရှို့မှုဖြစ်ပွား

နောင်ချို မေ ၂၄

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ဝါးဘိုးကုန်းကျေးရွာတွင် ယနေ့ နံနက် ၁၁ နာရီခွဲက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝါးဘိုးကုန်းကျေးရွာနေ ဝင်းလှိုင်သည် ၎င်း၏ဇနီးဖြစ်သူနှင့် စကားများ ရန်ဖြစ်ကာ ၎င်းတို့နေထိုင်သည့်နေအိမ်ကိုမီးရှို့နေကြောင်းကျေးရွာတာဝန်ရှိသူများက ဖုန်းဖြင့်အကြောင်းကြားသဖြင့် နောင်ချိုမြို့မရဲစခန်းမှ တာဝန်မှူးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။ မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ပြီး ပတ်ဝန်းကျင်သို့ ကူးစက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းလှိုင်အား နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိန်းဇော်(ကျည်ပွေ့)

ဟိန်းလင်းစိုး(ခ)မောင်ဟိန်း၊ တင်မောင်ဦး(ခ)ယု ၊ မသင်းသင်းခိုင်(ခ)ငယ်ငယ် တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ပျော်ဘွယ်မြို့နယ်အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

ပျော်ဘွယ် မေ ၂၄

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်ဖြင့် မေ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပျော်ဘွယ်မြို့နယ် တောင်နီကျေးရွာ၏ အနောက်ဘက် နှစ်ဖာလုံခန့်အကွာတွင် တရားမဝင် အင်၊ စံကားဝါ၊ သစ်အယ်၊ ဖျောက်ဆိပ်လုံးပတ် သုံးပေအောက် သစ်ခွဲသားနှင့်သစ်လုံး ၄၁ လုံး(၇ ဒသမ ၆၃၇ တန်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ မေ ၂၁ ရက်က ပျော်ဘွယ်မြို့နယ် နောင်ခွင်းကျေးရွာ အရှေ့ဘက် နှစ်ဖာလုံခန့်အကွာတွင် တရားမဝင်သစ်အယ်၊ စံကားဝါ၊ ကညင်ခွဲသား ၃၂၆ ချောင်း (၅ ဒသမ ၁၄ တန်) သိမ်းဆည်းရမိပြီး သစ်သယ်ဆောင်လာသူများအား စုံစမ်းဖော်ထုတ်၍ သစ်တောဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မောင်ပြည်သူ(မန္တလေး)

မိုးညှင်း၊ ရေး၊ ဟိုပုံးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက် ည ၇ နာရီက မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ မော်ဟန်–နမ္မချီသွားကားလမ်း သင်္ချိုင်းအနီးတွင် ကျော်သန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် ရေးမြို့နယ် ကျောက်မိချောင်း (မြောက်)ကျေးရွာနေ တင်မောင်ဦး(ခ)ယု၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဟိန်းလင်းစိုး(ခ)မောင်ဟိန်း၊ မသင်းသင်းခိုင်(ခ)ငယ်ငယ်တို့အား တွေ့ရှိပြီး ငွေကျပ်သိန်း ၁၈၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀၊ ဟွန်ဒါဖစ်ယာဉ်တစ်စီးနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ထိုနေ့ညနေပိုင်းတွင် ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ခိုလိုင်ကျေးရွာအနီး ခိုလိုင်–ဟိုလိကျေးရွာသွားလမ်းတွင် ခွန်သိန်းမောင်အား စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဟိုနမ့်ကျေးရွာအနီး ဟိုပုံး–လွိုင်လင်သွားကားလမ်း ဟိုပုံးရေထွက်ကြီးအနီးတွင် တင်မြင့်မောင်းနှင်ပြီး အောင်ခန့်ဖြိုးလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

သီပေါမြို့နယ်၌ မိလ္လာကျင်းတူးရာမှ အောက်ဆီဂျင်ပြတ်၍ အမျိုးသား လေးဦး သေဆုံး

နေပြည်တော် မေ ၂၄

ရှမ်းပြည်နယ် သီပေါမြို့နယ် ဆောင်ကြဲကျေးရွာနေ ဦးအိုက်လှသည် မေ ၂၃ ရက် ညနေ ၆ နာရီတွင် သားဖြစ်သူ စိုင်းသီဟ၊ ဇော်ဦးသာနှင့် တစ်ရွာတည်းနေ မိုးအောင်တို့နှင့်အတူ မိလ္လာကျင်းတူးနေစဉ် အနက် ၁၈ ပေခန့်အရောက် ကျင်းဟောင်းနှင့် ကပ်လျက်တူးမိသဖြင့် ကျင်းနံရံပြိုကျပြီး မိလ္လာကျင်းအဟောင်းမှ ရေနှင့်မစင်များထွက်ကျကာ ဦးအိုက်လှပါ လေးဦးမှာ အောက်ဆီဂျင်ပြတ်၍ သေဆုံးခဲ့သဖြင့် ရုပ်အလောင်းများအား သီပေါပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သီပေါမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

ပေါင်မြို့နယ်၌ အစာအဆိပ်သင့်၍ တစ်ဦးသေဆုံး၊ ခြောက်ဦး ဆေးကုသလျက်ရှိ

နေပြည်တော် မေ ၂၄

မွန်ပြည်နယ် ပေါင်မြို့နယ် ရင်ငြိမ်းကျေးရွာနေ ဒေါ်စိန်ဥနှင့်အတူနေ ဦးရန်နိုင်ထွန်းပါ မိသားစုဝင် ခုနစ်ဦးတို့သည် မေ ၂၃ ရက်က ကြိမ်ညွန့်၊ ကတက်ညွန့်၊ သခွတ်ပွင့်တို့ဖြင့် ရောချက်ထားသည့် ချဉ်ရည်ဟင်း၊ ကြက်ဥကြော်တို့ဖြင့် စားသောက်ခဲ့ရာ မူးဝေအော့အန်သဖြင့် လှိုင်းဘွဲ့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ဒေါ်စိန်ဥမှာသေဆုံးခဲ့ပြီး ဦးရန်နိုင်ထွန်းပါ ခြောက်ဦးသည် ဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထီလုံ နယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

မိုင်းဆတ်၊ တွန်းဇံနှင့် ကျောက်မဲမြို့နယ်တို့၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံး

မိုင်းဆတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ မေ ၂၃ ရက် ညနေ ၃ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၄ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် မိုင်းဆတ်မြို့နယ်အတွင်းရှိ မယ်ပုလုံကျေးရွာအုပ်စု မယ်ကျန်းကျေးရွာ (“ဝ”အထူးဒေသ–၂နယ်မြေ) တွင် နေအိမ် ၁၁ လုံး၊ မအိုကျေးရွာအုပ်စု ဝမ်ပုံကျေးရွာတွင် တစ်ထပ်အိမ် တစ်လုံး၊ ဆန်ကန်ကျေးရွာအုပ်စု ဟိုဟွေ့ကျေးရွာတွင် နေအိမ်နှစ်လုံး စုစုပေါင်းနေအိမ် ၁၄ လုံးနှင့် လားဟူစာပေနှင့် ယဉ်ကျေးမှုခန်းမတို့ ပျက်စီးဆုံးရှုံးခဲ့ပြီး လေဘေးသင့် ပြည်သူများကို နီးစပ်ရာဆွေမျိုးများ နေအိမ်တွင် ခေတ္တနေရာချထားပေးကြောင်း သိရသည်။

မြင့်မောင်(ပြန်/ဆက်)

တွန်းဇံ

ချင်းပြည်နယ် တွန်းဇံမြို့နယ် ဖိုင်တူကျေးရွာပါ သုံးရွာ၌ မေ ၂၂ ရက် ညနေ ၄ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ခြောက်လုံး၊ ပညာရေးဝန်ထမ်းနေအိမ် နှစ်လုံး၊ ရေကန် တစ်ကန် အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

ကျောက်မဲ

အလားတူ ရှမ်းပြည်နယ် ကျောက်မဲမြို့ (၄) ရပ်ကွက်ရှိ ဗဟိုဈေးကြီးအတွင်း မေ ၂၃ ရက် နံနက် ၁၀ နာရီခန့်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ဈေးဆိုင်ခန်း ခြောက်ခန်း အမိုးလန် ပျက်စီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၄-၄-၂၀၂၀) ရက်နေ့ ညနေ (၆:၀၀) နာရီအချိန်တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ပထမအသုတ်အဖြစ် ဓာတ်ခွဲစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၉၁) ခုအနက် (၁)ဦး၏ ဓာတ်ခွဲနမူနာတွင် COVID-19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ) ရပြီး ကျန် (၉၀)ခုတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ)ရပါ။ ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) (DMR) တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၇၆) ခုအနက် (၃) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပြီး ကျန် (၇၃)ခုတွင် COVID-19 ရောဂါပိုးမတွေ့ရှိ (မတွေ့ရှိ) ရပါ။

၂။ ယနေ့ စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၁၆၇) ခုအနက် (၄) ခုတွင် COVID-19 ရောဂါပိုး တွေ့ (တွေ့ရှိ) ရပြီး ကျန် (၁၆၃)ခုတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ရပါ။

၃။ သို့ဖြစ်ပါ၍ (၂၄-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၃) ဦး ရှိပြီဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်၍ ဆေးရုံမှဆင်းခွင့်ရရှိသူ (၉)ဦးနှင့် သေဆုံးသူ (၅)ဦးရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၂၉) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် လိုအပ်သလို ကုသမှုပေးလျက်ရှိပါသည်။ ၎င်းလူနာ (၁၂၉)ဦးအနက် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသမှု ပေးလျက်ရှိသူ (၂)ဦးနှင့် တောင်ဥက္ကလာပအထူးကုဆေးရုံတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၁)ဦးရှိကာ ကျန် (၁၂၆)ဦး၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

၅။ ယနေ့ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) နှင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)(DMR) တို့၏ ပထမအသုတ် ဓာတ်ခွဲစစ်ဆေးမှုတွင် တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာသစ် (၄)ဦးကို သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိ ကုသမှုပေးသွားမည်ဖြစ်ပါသည်။

၆။ (၂၃-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၄-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၀၁)ဦး ရှိပါသည်။

ဇယား – ၁

(၂၄-၄-၂၀၂၀ ရက်နေ့ ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှုတွင် COVID -19 လူနာတွေ့ရှိရမှု
(၂၄ – ၄ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေထိုင်နေသည့်လိပ်စာ	COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု	ပြည်ပသို့ ခရီးသွားလာခဲ့ခြင်း ရှိ/မရှိ	ယခု စောင့်ကြည့်ကုသမှု ခံယူလျက်ရှိသည့်/ ခံယူခဲ့သည့် ဆေးရုံ	COVID-19 ဓာတ်ခွဲအဖြေ	မှတ်ချက်
140	၃၉ နှစ်	မ	ကျိုက်ခြိမ့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-24,62)	မရှိပါ	တောင်ဥက္ကလာပ အထူးကုဆေးရုံ၊ ရန်ကုန်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။
141	၂၈ နှစ်	ကျား	အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (အတည်ပြုရန် စုံစမ်းဆဲ)	မရှိပါ	တောင်ဥက္ကလာပ အထူးကုဆေးရုံ၊ ရန်ကုန်မြို့	တွေ့ရှိ	
142	၃၅ နှစ်	ကျား	အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-73, 93)	မရှိပါ	တောင်ဥက္ကလာပ အထူးကုဆေးရုံ၊ ရန်ကုန်မြို့	တွေ့ရှိ	
143	၈၇ နှစ်	မ	မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)	မရှိပါ	ရှိ	ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့	မတွေ့ရှိ	

* ကျန် (၁၆၃) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး မတွေ့ရှိပါ။

COVID –19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (ပထမအသုတ်)
(၂၄ – ၄ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၄-၄-၂၀၂၀) ရက်နေ့ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှု စုစုပေါင်း (ဓာတ်ခွဲနမူနာ)	(၁၆၇) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၄) ဦး
COVID-19 (SARS-CoV-2) မတွေ့ရှိ (negative)	(၁၆၃) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၄-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ

၁။ ယမန်နေ့ (၂၃-၄-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)နှင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) (DMR)တို့မှ ဓာတ်ခွဲနမူနာများ စစ်ဆေးခဲ့မှု၊ လူနာသစ်များတွေ့ရှိမှုတို့နှင့် ပတ်သက်၍ သတင်းအကျယ်ကို ဖော်ပြအပ်ပါသည်။

၂။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)နှင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)တို့သည် (၂၃-၄-၂၀၂၀) ရက်နေ့တွင် စုစုပေါင်း (၂၂၉) ဦးတို့၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ စုစုပေါင်း (၁၂) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ)ရပြီး ကျန် (၂၁၇) ဦးတွင် COVID-19 ရောဂါပိုးမတွေ့ရှိ (မတွေ့ရှိ)ပါ။

၃။ သို့ဖြစ်ရာ (၂၄-၄-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၃၉) ဦး တွေ့ရှိခဲ့ပြီး သေဆုံးလူနာ (၅) ဦးနှင့် ရောဂါသက်သာ၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ (၉) ဦး ရှိပါသည်။

၄။ လူနာများအား သက်ဆိုင်ရာဆေးရုံများတွင် ဆေးကုသမှုပေးလျက်ရှိပါသည်။

ဇယားများတွင် –

- ယမန်နေ့ညက အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) နှင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) တို့မှ စုစုပေါင်း ဓာတ်ခွဲစစ်ဆေးခဲ့မှု၊
- ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) မှ စစ်ဆေးတွေ့ရှိခဲ့သော လူနာသစ် (၇) ဦးနှင့်
- ဓာတ်ခွဲအတည်ပြုလူနာများအား သက်ဆိုင်ရာဆေးရုံများတွင် ကုသမှုခံယူနေမှုများကို ဖော်ပြထားပါသည်။

COVID –19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၄ – ၄ – ၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ

(၂၃-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးခဲ့မှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) (NHL + DMR နှစ်ခုပေါင်း)	(၂၂၉) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) (NHL + DMR နှစ်ခုပေါင်း)	(၁၂) ဦး
COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) (NHL + DMR နှစ်ခုပေါင်း)	(၂၁၇) ဦး

NHL – အမျိုးသားကျန်းမာရေးဆိုင်ရာဓာတ်ခွဲမှုဌာန (ရန်ကုန်)
DMR – ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)

COVID –19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၂၄ – ၄ – ၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ
ဓာတ်ခွဲအတည်ပြုလူနာများအား ကုသပေးနေမှု

စဉ်	ဆေးရုံအမည်	ဓာတ်ခွဲအတည်ပြုလူနာ ဦးရေ (ဦး)
၁	အထူးကုဆေးရုံ (ဝေဘာဂီ)၊ ရန်ကုန်မြို့	၆၈
၂	တောင်ဥက္ကလာပအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့	၃၆
၃	ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့	၆
၄	ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့	၅
၅	ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့	၃
၆	ကမ်းကော်နှင့်ဒီဆေးရုံ၊ မန္တလေးမြို့	၂
၇	စစ်ကိုင်းတိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊ မောင်းကြီး	၂
၈	ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့	၁
၉	ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့	၁
၁၀	ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့	၁
	ဆေးရုံတွင်ကုသမှုခံယူလျက်ရှိသောလူနာစုစုပေါင်း	၁၂၅
	ဆေးရုံဆင်းသူ	၉
	သေဆုံးလူနာ	၅
	စုစုပေါင်း	၁၃၉

ဇယား – ၁

ဆေးသုတေသနဦးစီးဌာန၏ (၂၃-၄-၂၀၂၀ ရက်နေ့) ဓာတ်ခွဲစစ်ဆေးခဲ့မှုတွင် COVID–19 လူနာတွေ့ရှိရမှု
(၂၄-၄-၂၀၂၀)ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေထိုင်နေသည့်လိပ်စာ	COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု	ယခု စောင့်ကြည့်ကုသမှု ခံယူလျက်ရှိသည့်/ ခံယူခဲ့သည့် ဆေးရုံ	COVID-19 ဓာတ်ခွဲအဖြေ	မှတ်ချက်
133	၄၅ နှစ်	ကျား	ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-79)	တောင်ဥက္ကလာပအထူးကု ဆေးရုံ၊ ရန်ကုန်မြို့	တွေ့ရှိ	ရန်ကုန်မြို့ရှိ ပဲ့တယ်ပတ်စ်နေရာတွင် အသွားအလာ ကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။
134	၃၅ နှစ်	ကျား	တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-79,92,93)		တွေ့ရှိ	
135	၃၅ နှစ်	မ	မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-79,98)		တွေ့ရှိ	
136	၂၅ နှစ်	ကျား	မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-92)		တွေ့ရှိ	
137	၃၁ နှစ်	မ	လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-79,93)		တွေ့ရှိ	
138	၅၃ နှစ်	ကျား	ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-93)		တွေ့ရှိ	
139	၂၆ နှစ်	မ	လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-79,93)		တွေ့ရှိ	

* ကျန် (၅၇) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး မတွေ့ရှိပါ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၄-၂၀၂၀) ရက်နေ့၊ နံနက်(၉:၀၀)နာရီ

၁။ ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) ၏ (၂၃-၄-၂၀၂၀) ရက်နေ့ ညတွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၆၄) ခုအနက် (၇) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ)ရပြီး ကျန် (၅၇) ဦးတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ပါ။

၂။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် (၂၄-၄-၂၀၂၀) ရက်နေ့၊ နံနက် (၉)နာရီ အချိန်အထိ COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၁၃၉) ဦးရှိပြီဖြစ်ပါသည်။

၃။ အဆိုပါလူနာသစ်များအား သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိ ကုသမှုပေးသွားမည် ဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများ၏ သတင်းအပြည့်အစုံကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

(မှတ်ချက်။ ။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (၂၃-၄-၂၀၂၀) ရက်နေ့တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာများတွင် လူနာသစ် (၅) ဦးတွေ့ရှိခဲ့မှုကို (၂၄-၄-၂၀၂၀) ရက်နေ့၊ နံနက် (၀၀:၃၀) နာရီတွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။)

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၄-၄-၂၀၂၀) ရက်နေ့၊ နံနက်(၉:၀၀) နာရီ

(၂၃-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးခဲ့မှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) (NHL + DMR နှစ်ခုပေါင်း)	(၃၂၉) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) (NHL + DMR နှစ်ခုပေါင်း)	(၁၂) ဦး
COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) (NHL + DMR နှစ်ခုပေါင်း)	(၃၁၇) ဦး

NHL - အမျိုးသားကျန်းမာရေးဆိုင်ရာဓာတ်ခွဲမှုဌာန (ရန်ကုန်)
DMR - ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပေကျင်းမြို့အခြေစိုက် CMCEEC မှ နှာခေါင်းစည်း ၅၀၀၀၀ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၄

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ(Pandemic)အဖြစ် ထုတ်ပြန်ထားသော ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်မှုနှင့် ကုသမှုဆိုင်ရာ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများက နှာခေါင်းစည်း ၅၀၀၀၀ ကို ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ မေ ၂၃ ရက်က ဆက်သွယ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ နှာခေါင်းစည်း ၅၀၀၀၀ ကို ပေကျင်းမြို့အခြေစိုက် China-Myanmar Cultural and Economic Exchange Center(CMCEEC)ဥက္ကဋ္ဌ Mr.Guo Zhenxi က တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေထံသို့ မေ ၂၃ ရက် မွန်းလွဲပိုင်းက လွှဲပြောင်းပေးအပ်ခဲ့သည်။

လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် CMCEEC ဥက္ကဋ္ဌ Mr. Guo Zhenxi က လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

တရုတ်နိုင်ငံမှ စေတနာရှင်များ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းများကို ပေကျင်းမြို့၊ မြန်မာသံရုံးအနေဖြင့် ပြည်သူတို့၏ နေ့စဉ်ဘဝအတွက် မရှိမဖြစ်ဆောင်ရွက်လျက်ရှိသည့် အလုပ်သမားများ (Essential Workers)နှင့် အများပြည်သူအကျိုးအတွက် ရှေ့တန်းမှ အားဖြည့်ဆောင်ရွက်ပေးနေသည့် စေတနာ့ဝန်ထမ်းများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအနေဖြင့် ဆက်လက်၍လည်း နှာခေါင်းစည်း ၅၀၀၀၀ ကို ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ နှာခေါင်းစည်း ၅၀၀၀၀ ကို တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ရွှေလီမြို့မှ ကုန်းလမ်းမှတစ်ဆင့် မြန်မာနိုင်ငံ၊ မူဆယ်မြို့ နယ်စပ်ဂိတ်အထိ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပေကျင်းမြို့ မြန်မာသံရုံးမှ သတင်းရရှိသည်။ **သတင်းစဉ်**

ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် မေ ၂၄

Coronavirus Disease 2019(COVID-19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်-၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၌ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် မေ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ်ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

(က)	မြန်မာ့စီးပွားရေးဘဏ်	–	မြန်မာကျပ်ငွေစာရင်းအမှတ်	–	CF 004880
			နိုင်ငံခြားငွေစာရင်းအမှတ်	–	EDN 600010
(ခ)	ကမ္ဘောဇဘဏ်	–	မြန်မာကျပ်ငွေစာရင်းအမှတ်	–	034 103 034 0232 8301
			နိုင်ငံခြားငွေစာရင်းအမှတ်	–	034 109 034 0232 8301
(ဂ)	ရေဝတီဘဏ်	–	မြန်မာကျပ်ငွေစာရင်းအမှတ်	–	A/C 000 110 501 002 5635
			နိုင်ငံခြားငွေစာရင်းအမှတ်	–	A/C 000 110 503 000 0425
(ဃ)	CB ဘဏ်	–	မြန်မာကျပ်ငွေစာရင်းအမှတ်	–	0093 1005 0000 1333
			နိုင်ငံခြားငွေစာရင်းအမှတ်	–	0093 1012 0000 2957

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ

မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီးသို့ အလှူငွေနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများ ပေးအပ်လှူဒါန်း

မိတ္ထီလာ ဧပြီ ၂၄

မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီးသို့ အလှူငွေနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ပေးအပ်လှူဒါန်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုးက နှာခေါင်းစည်း အခု ၅၀၀ နှင့် လက်အိတ်အစုံ ၄၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်ထံ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ဒေါက်တာမျိုးဦး (ရတနာအထူးကုဆေးခန်း)က အလှူငွေကျပ် တစ်သိန်း၊ ဦးမောင်မောင် (သုံးရာသီဝါးဆိုင်)က အလှူငွေကျပ် တစ်သိန်းငါးသောင်း၊ ပတ္တမြားသော့ အထွေထွေရောင်းဝယ်ရေးမိသားစုက အသက်ရှူစက်နှင့် တွဲ၍အသုံးပြုနိုင်စေရန် ခုတင်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီးသို့ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အလှူရှင်၊ စေတနာရှင်များက နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့အထိ အလှူရှင် ၁၅၂ ဦးတို့က အလှူငွေကျပ် ၂၈၂၁၂၅၀၀ နှင့် ကျန်းမာရေးဆိုင်ရာ ဆက်စပ်ပစ္စည်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅ သိန်းကျော်ရှိပြီဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်ထံမှ သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန၊ ရန်ကုန်(ဖောင်ကြီး)တွင် အသုံးပြုရန် ယာဉ်များ လှူဒါန်း

ရန်ကုန် ဧပြီ ၂၄

မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် အမြဲတမ်းဥက္ကဋ္ဌတို့သည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးတွင် အသုံးပြုနိုင်ရန်အတွက် မော်တော်ယာဉ်အစီး ၃၀ နှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၀၀ ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ ဧပြီ ၁၅ ရက် မွန်းလွဲပိုင်းက လှူဒါန်းခဲ့ကြောင်း ဧပြီ ၂၄ ရက်တွင် အသင်း၏အမြဲတမ်းဥက္ကဋ္ဌ ဦးသစ္စာက ကြေးမုံသို့ ပြောသည်။

အဆိုပါလှူဒါန်းမှုတွင် မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ၊ China Hongkong Macau Enterprise Association Construction Group Limited နှင့် Khaing Khaing Sangda Group Limited တို့၏ မန်နေဂျင်းဒါရိုက်တာ Mr.Yu Jian Chen က ငွေကျပ်သိန်း ၃၀၈၀ တန်ဖိုးရှိ ကားအစီး ၃၀ နှင့် မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၏ အမြဲတမ်းဥက္ကဋ္ဌ ဦးသစ္စာက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အစုံ ၄၀၀ တို့ကို လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ခံရယူသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အလှူရှင်များဖြစ်သည့် Mr.Yu Jian Chen နှင့် ဦးသစ္စာတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ယခုလှူဒါန်းခဲ့သော ကားအစီး ၃၀ အား အလှူရှင်၏ ဆန္ဒအတိုင်း အစီး ၂၀ ကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာတွင်ရှိသော ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာန၊ ရန်ကုန်(ဖောင်ကြီး)တွင် အသုံးပြုရန် စီမံထားပြီး ကျန် ၁၀ စီးကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ လုပ်ငန်းများတွင် အသုံးပြုရန် စီမံထားကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာန၊ ရန်ကုန်(ဖောင်ကြီး) သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်စီမံသော အရေးပါသည့် ကုသရေးစင်တာတစ်ခုဖြစ်သည်။ အဆိုပါစင်တာ၌ ကူးစက်လူနာများ နေထိုင်ရန် အဆောင်ငါးဆောင်ရှိပြီး တစ်ဆောင်လျှင် တစ်ယောက်ခန်းလူနာများ သီးသန့်နေထိုင်နိုင်သည့် အခန်းပေါင်း ၁၂၀ ရှိသည်။ အဲကွန်း၊ ရေချိုးခန်း၊ အိမ်သာ သီးသန့်စီစဉ်ထားပြီး လက်ရှိအခြေအနေတွင် ကူးစက်လူနာ ၆၀၀ ထားရှိ ကုသပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် လိုအပ်ပါက လူနာခုတင် ၂၀၀၀ ကျော်အထိ ကုသပေးနိုင်ရန် စီမံထားသည့် စင်တာဖြစ်သည်။

မြင့်မောင်စိုး

ကျောင်းကုန်းမြို့နယ်အသင်း (ရန်ကုန်)မှ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ကျောင်းကုန်း ဧပြီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ကျောင်းကုန်းမြို့နယ်အသင်း (ရန်ကုန်)မှ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းမှုကို ယနေ့နံနက် ၁၁ နာရီက ပြည်သူ့ဆေးရုံ အရေးပေါ်ဌာန၌ ကျင်းပသည်။

ကျောင်းကုန်းမြို့နယ် အသင်း (ရန်ကုန်)က အောက်ဆီဂျင်စက်တစ်လုံး၊ ဦးစိန်ဝင်း (မြန်ကောင်းစံ သယ်ယူပို့ဆောင်ရေး)က အောက်ဆီဂျင်စက်တစ်လုံး (စုစုပေါင်း တန်ဖိုးငွေကျပ် ၂၁ သိန်း) ကို လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလားတူ ဧပြီ ၈ ရက်က ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)မှ ကျောင်းကုန်းမြို့နယ် ကျန်းမာရေးအထောက်အကူပြုကော်မတီသို့ အပူချိန်တိုင်းစက် ၁၀ လုံး အပါအဝင် ကျပ်သိန်း ၂၀ ကျော် လှူဒါန်းခဲ့ကြောင်း မြို့နယ်ဆရာဝန်ကြီးထံမှ သိရသည်။

အဆိုပါလှူဒါန်းပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID–19 ကူးစက်ရောဂါပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ကြေးမုံ
မေ ၂၅၊ ၂၀၂၀

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄ - ၄ -၂၀၂၀) ရက်နေ့၊ ည (၁၁:၀၀)နာရီ

၁။ (၂၄-၄-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယ + တတိယ အသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲအဖြေများတွင် -

- COVID–19 ရောဂါပိုးတွေ့ရှိမှု (လူနာသစ်) = (၁) ဦး ထပ်မံတွေ့ရှိခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ (၂၄-၄-၂၀၂၀) ရက်နေ့၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) နှင့် ဆေးသုတေသနဦးစီးဌာန (DMR) တို့မှ ဓာတ်ခွဲစစ်ဆေးမှု (ယနေ့အတွက် စုစုပေါင်း) တွင် -

- COVID–19 ရောဂါပိုးတွေ့ရှိမှု (လူနာသစ်) = (၅) ဦး (ယနေ့အတွက် စုစုပေါင်း)
- COVID–19 ရောဂါပိုးမတွေ့ရှိမှု = (၃၄၅) ဦးနှင့်
- စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာပေါင်း = (၃၅၀) ခု ဖြစ်ပါသည်။

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၄-၄-၂၀၂၀) ရက်နေ့၊ ည(၁၁:၀၀) နာရီ

(၂၄-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးခဲ့မှု စုစုပေါင်း(ဓာတ်ခွဲနမူနာ) (NHL + DMR)	(၃၅၀) ခု
COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) (NHL + DMR)	(၄) ဦး
COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) (NHL ဒုတိယအသုတ်)	(၀) ဦး
COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) (NHL တတိယအသုတ်)	(၁) ဦး
COVID–19 (SARS–CoV–2) မတွေ့ရှိ (negative) (NHL + DMR)	(၃၄၅) ဦး

NHL = အမျိုးသားကျန်းမာရေးဆိုင်ရာဓာတ်ခွဲမှုဌာန (ရန်ကုန်)
DMR = ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)

၃။ သို့ဖြစ်ရာ (၂၄-၄-၂၀၂၀) ရက်နေ့ ည (၁၁:၀၀) နာရီအချိန်အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၄) ဦး တွေ့ရှိခဲ့ပြီဖြစ်ပါသည်။

၄။ ယနေ့အတွက် ဓာတ်ခွဲစစ်ဆေးမှုများကို -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (၃) ကြိမ်ခွဲ၍လည်းကောင်း၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ (၁) ကြိမ်ဖြင့်လည်းကောင်း စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။

၅။ ယနေ့အတွက် ထပ်မံထုတ်ပြန်ရန် ဓာတ်ခွဲစစ်ဆေးမှုအဖြေသတင်းများ မရှိတော့ပါ။ (ဇယားများတွင် ယနေ့အတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအားလုံးကို ဖော်ပြထားပါသည်။)

ဇယား -၁

(၂၄-၄-၂၀၂၀ ရက်နေ့)၊ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID–19 လူနာတွေ့ရှိရမှု(ယနေ့စုစုပေါင်း)

(၂၄-၄-၂၀၂၀) ရက်နေ့၊ ည(၁၁:၀၀) နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေထိုင်ခဲ့သည့်ဒေသ	COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု	ပြည်ပသို့ခရီးသွားရာဇဝင်ရှိမရှိ	ယခုဆေးကုသမှုခံယူလျက်ရှိသည့်/ခံယူခဲ့သည့် ဆေးရုံ	COVID-19 ဓာတ်ခွဲအဖြေ	မှတ်ချက်
140	၃၉ နှစ်	မ	လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case–34, 62)	မရှိပါ	[illegible]	တွေ့ရှိ	[illegible]
141	၂၈ နှစ်	ကျား	[illegible]မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (အတည်ပြုလူနာ [illegible])	မရှိပါ		တွေ့ရှိ	
142	၃၅ နှစ်	ကျား	[illegible]မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case–79, 83)	မရှိပါ		တွေ့ရှိ	
143	၈၇ နှစ်	မ	[illegible]မြို့နယ် ([illegible])	မရှိပါ	ရှိ	ပြည်သူ့ဆေးရုံကြီး [illegible]မြို့	တွေ့ရှိ	
144	၂၄ နှစ်	ကျား	[illegible]မြို့နယ် [illegible]	မရှိပါ	ရှိ	ပြည်သူ့ဆေးရုံကြီး [illegible]မြို့	တွေ့ရှိ	ပြည်သူ့ဆေးရုံကြီး [illegible]မြို့နယ် (စောင့်ကြည့်လူနာ)

- ကျန် (၃၄၅) ဦးမှာ ဓာတ်ခွဲနမူနာများတွင် COVID–19 ရောဂါပိုး မတွေ့ရှိပါ။
- လူနာအမှတ် (140, 141, 142 နှင့် 143) တွေ့ရှိမှုကို ယနေ့ည (၈) နာရီတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

တန့်ဆည်မြို့ လျှပ်စစ်မန်နေဂျာရုံးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆောင်ရွက်ထားရှိ

တန့်ဆည် မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် လူစုလူဝေးမဖြစ်ပေါ်စေရေးတို့အတွက် ယနေ့နံနက်ပိုင်းက လျှပ်စစ်မန်နေဂျာရုံးတွင် မီတာခများ စနစ်တကျလာရောက်ပေးဆောင်လျက်ရှိသည်။

"မတ်လအတွက် ပေးဆောင်ရမယ့် လျှပ်စစ်မီတာခကို အရင်က ၁၈ ရက်ကနေ ၂၈ ရက်အထိ သတ်မှတ်ထားပါတယ်။ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် မေ ၂၀ ရက်ထိ မီတာခကို ပေးဆောင်လို့ရပါတယ်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်မရှိ ဖွင့်ထားပေးတယ်။ ပြည်သူတွေအနေနဲ့ လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် လမ်းကြုံလို့ပဲဖြစ်ဖြစ်၊ အားတဲ့အချိန်မှာပဲဖြစ်ဖြစ် လာရောက်ပေးဆောင်လို့ရပါတယ်။ သတ်မှတ်ရက်တွေ ကျော်လွန်သွားတဲ့အတွက် မီးဆက်ခလည်း ပေးစရာမလိုဘူး။ မီးဖြတ်တာလည်း မရှိပါဘူး"ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝေလင်းသန့်က ပြောသည်။

စနစ်တကျစီစဉ်ဆောင်ရွက်

တန့်ဆည်မြို့နယ် လျှပ်စစ်မီတာခများလာရောက်ပေးဆောင်သူများကို ကိုယ်အပူချိန်တိုင်းတာစစ်ဆေးပေးခြင်း၊ လက်ဆေးစေခြင်း၊ သုံးပေအကွာမှ တန်းစီ၍ပေးဆောင်ရေးတို့ကို စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

ငြိမ်းမင်းထွန်း(တန့်ဆည်)

IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ❖ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ❖ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှုအနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ❖ စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ❖ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ❖ အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ် သေချာစွာ ဆပ်ပြာနှင့်ရေကိုအသုံးပြု၍ လျှော်ဖွပ်ပါ။
- ❖ စခန်းတွင်းသို့ပြင်ပဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ်(SMS)ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ❖ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ရှေ့နေနှင့် စာစောင်(၃)စောင်

ဦးဟန်ညွန့် (ဥပဒေ)





နိဒါန်း

“ဆရာ”

“ဗျာ”

“ဒီတစ်ပတ်ဆောင်းပါးကခေါင်းစဉ်က ဘာလဲဆရာ”

“ရှေ့နေနှင့် စာစောင်(၃)စောင်ပါတဲ့”

“စာစောင်(၃)စောင်ဆိုတာ ဘာလဲဗျ”

“ဟုတ်ကဲ့၊ တစ်စောင်ချင်းအကျိုးအကြောင်း နာမည်နဲ့ရှင်းပြပါ့မယ် ”

“ဘာအကြောင်းတွေ ရေးထားတဲ့စာစောင်လဲဆရာ”

“ ဖတ်ကြည့်ကြစို့ ….. ဗျ”

အဂတိလိုက်စားမှုတိုက်ဖျက်ရေး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးတာဝန်ကို ရှေ့နေတစ်ဦးအနေဖြင့် ထမ်းဆောင်ခွင့်ရခဲ့ပါသည်။ အသိပညာပေးခြင်းသည် အကောင်းဆုံး၊ အကျယ်ပြန့်ဆုံး၊ အထိရောက်ဆုံး လုပ်ဆောင်ချက်ဖြစ်ကြောင်း စာအုပ်စာစောင်များ ထုတ်ဝေသည့် အတွေ့အကြုံများက ကျွန်တော့်အားထောက်ပြနေပါသည်။

မူလတန်းနှင့် အလယ်တန်းအဆင့်

ရိုးသားဖြောင့်မတ်မှုဆိုင်ရာ လူမှုတန်ဖိုးကို ကလေးဘဝကတည်းက စွဲမြဲစွာစီးဝင်စေခြင်းဖြင့် ရိုးသားဖြောင့်မတ်မှုကို ထူထောင်တည်ဆောက်နိုင်မည်ဖြစ်သည်။ ဤရည်မှန်းချက်ဖြင့် ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းစီစဉ်ထုတ်ဝေခဲ့သည့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ်အရ-

(၁) ၂၀၁၈ ခုနှစ်တွင် အခြေခံပညာမူလတန်းအတွက် ဆရာကိုင်စာအုပ်

(၂) ၂၀၁၉ ခုနှစ်တွင် အခြေခံပညာအလယ်တန်းအတွက် ဆရာကိုင်စာအုပ်တို့ကို ထုတ်ဝေခဲ့ပြီး

(၃) အထက်တန်းအဆင့် (ရည်ညွှန်းစာစောင်) ကို ပြုစုဆဲ ဖြစ်ပါသည်။

အခြေခံပညာမူလတန်းအဆင့်အတွက် စာစောင်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထန်းကျင်ပြည်နယ် လူငယ်ရိုးသားစွာနေထိုင်ရေး ပညာပေးအစီအစဉ်နှင့် ညှိနှိုင်းရေးသားခဲ့သည်။

အခြေခံပညာ အလယ်တန်းအဆင့် စာစောင်ကို ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသနှင့် အဂတိလိုက်စားမှုဆန့်ကျင်ရေး လွတ်လပ်သောကော်မရှင်နှင့် ထိုင်းနိုင်ငံ အမျိုးသားအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့၏ သင်ရိုးညွှန်းတမ်းစာအုပ်များကို ရည်ညွှန်း၍ ပြုစုခဲ့သည်။

တက္ကသိုလ်အဆင့်

Education for Justice (E4J) Initiative၊ University Module Series သည် ၂၀၁၅ ခုနှစ်တွင် ကာတာနိုင်ငံ၊ ဒိုဟာမြို့၌ကျင်းပခဲ့သည့် ကုလသမဂ္ဂ၏ ပြစ်မှုတားဆီးကာကွယ်ရေးနှင့် ပြစ်မှုတရားစီရင်ရေးဆိုင်ရာ (၁၃) ကြိမ်မြောက်ညီလာခံတွင် အတည်ပြုခဲ့သည့် ဒိုဟာထုတ်ပြန်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခုအနေဖြင့် ကမ္ဘာတစ်လွှားမှ တက္ကသိုလ်အဆင့် ကျွမ်းကျင်ပညာရှင်များက ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လက်ရှိ ပကတိဖြစ်ပေါ်နေမှုအပေါ် လေ့လာသုံးသပ်၍ စနစ်တကျ ရေးသားပြုစုထားသော စာစောင်ဖြစ်သည်။

တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၁)
(အဂတိလိုက်စားမှုဆိုသည်မှာ)

အဂတိလိုက်စားမှုဆိုသည်မှာ အဘယ်နည်းနှင့်မည်သည့်အတွက်ကြောင့် ဂရုတစိုက်ရှိရမည့်နည်းဆိုသည့်အကြောင်းဖော်ပြထားသည်။ အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ကိုယ်ကျင့်သိက္ခာနှင့် ဘာသာရေးမှ အစပြုသည်။ စီးပွားရေး၊ နိုင်ငံရေးနှင့် ဥပဒေရေးရာအထိ မျိုးစုံပါဝင်သည်။ အဂတိလိုက်စားမှု၏ အကျိုးဆက်များသည် ကျယ်ပြန့်စွာသက်ရောက်မှုရှိသည်။ အဂတိလိုက်စားမှုသည် မည်သည့်အတွက်ကြောင့် နိုင်ငံများအားလုံးနှင့် လူသားများအားလုံးအတွက် အဓိကအရင်းခံ ပြဿနာတစ်ရပ်ဖြစ်ကြောင်းနှင့် ၂၁ ရာစု၏ အကြီးမားဆုံးသော စိန်ခေါ်မှုများအနက် တစ်ခုဖြစ်ကြောင်း ရှင်းလင်းဖော်ပြသည်။ တက္ကသိုလ်အဆင့်နှင့် လျော်ညီသော ရေးသားတင်ပြချက်များ ဖြစ်ပါသည်။

အဂတိလိုက်စားမှု၏ အနက်အဓိပ္ပာယ်ကို တိတိကျကျ၊ မှန်မှန်ကန်ကန်၊ အများလက်ခံပြီး ငြင်းချက်မထုတ်နိုင်အောင် ပညာရှင်အသီးသီးက ဝင်းပသော အတွေးရဲရဲများကို စနစ်တကျ ကမ္ဘာသိ ရေးသားထားသော လက်စွဲပြုထိုက်သည့် အဆင့်မြင့် ရည်ညွှန်းစာစောင် ဖြစ်သည်ဟု ကျွန်တော်မြင်သည်။

အင်္ဂလိပ်ဘာသာကဏ္ဍ

Module 1 တွင် What Is Corruption and Why Should We Care? နှင့် ZERO CORRUPTION 100% DEVELOPMENT အကြောင်းကို(စာ-၄၉ မှ စာ-၁၂၀ အထိ) လည်းကောင်း၊ Module 2 တွင် Corruption and Good Governance အကြောင်းကို (စာ-၁၅၂ မှ စာ-၁၉၈ အထိ) လည်းကောင်း ဖော်ပြထားသည်။

Vocabulary

(abuses – အလွဲသုံးစားပြုမှုများမှ well-intentioned – စိတ်ရင်းစေတနာကောင်းသောအထိ၊ စုစုပေါင်း -၂၃၈ လုံး) ၏ စကားလုံးအလိုက် မြန်မာပြန်ကို ဖော်ပြထားပါသည်။

တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၁)
(ဖြောင့်မတ်တည်ကြည်မှုနှင့်ကျင့်ဝတ်)

ဖြောင့်မတ်တည်ကြည်မှုဟူသော စကားရပ်ပုံစံအမျိုးမျိုးကို စတဲန်းဖိုဒ် ဒဿနိကစွယ်စုံကျမ်းတွင် အမျိုးမျိုး ခွဲခြားဖွင့်ဆိုပုံကိုလည်း ဖော်ပြထားသည်။ တရုတ်ဆိုရိုးတွင် ကျော်ကြားပြီး အရေးပါဆုံးသော ပုဂ္ဂိုလ်ဖြစ်သည့် ကွန်ဖြူးရှပ်၏ အတွေးအခေါ်ကိုလည်း မကျန်စေရပါ။ လက်တွေ့အသုံးကျမှုဝါဒ၊ တာဝန်ရှိမှု ဗေဒ၊ မြတ်သောအကျင့်သီလတို့ကိုပါ ဖော်ညွှန်းရေးသားထားသည်။

ကျင့်ဝတ်နှင့် ကမ္ဘာ့စံတန်ဖိုးများ

ဤအခန်းတွင် ကျင့်ဝတ်၊ စာရိတ္တ၊ တန်ဖိုး၊ နှိုင်းယှဉ်မှုပုံစံ၊ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများအကြောင်း ဖော်ပြသည်။ “တန်ဖိုး” ဟူသော အသုံးအနှုန်းသည် လူတစ်ဦးချင်းစီ သို့မဟုတ် လူ့အသိုက်အဝန်းတစ်ခုခုမှ လိုက်နာဆောင်ရွက်သင့်သော၊ မြှင့်တင်အားပေးထိုက်သော၊ အထူးအခွင့်အရေးပေးခံထိုက်သောအရာဟု တညီတညွတ်တည်း လက်ခံယုံကြည်ထားခြင်းကို ဆိုလိုသည်။ (စာ-၄၃)

ကျင့်ဝတ်နှင့် လူ့အသိုက်အဝန်း

ဂရိတွေးခေါ်ပညာရှင်များက စတင်ခဲ့သော အတွေးအခေါ် ကောက်နုတ်ချက်အဖြစ် စတဲန်းဖို့ဒ် ဒဿနိကဗေဒစွယ်စုံကျမ်းတွင် လူမှုပဋိညာဉ်၏ သဘောတရားနှင့် သောမတ်စ်ဟော့ဗ်စ်၊ ဂျွန်လော့စ်၊ ဂျိန်းဂျက်စ်ရူးဆိုး၊ အီမန်နူရယ်ကန့်ထ်တို့၏ အတွေးအခေါ် ရပ်တည်ချက်များအကြောင်း (စာ-၈၆ မှ စာ-၈၉) အထိ ဖော်ပြထားသည်။

ကျင့်ဝတ်နှင့်ညီသော ခေါင်းဆောင်မှု

ကျင့်ဝတ်နှင့်ညီသော ခေါင်းဆောင်မှုဟူသည် “ကျင့်ဝတ်နှင့်ညီသော ရည်မှန်းချက်ပန်းတိုင်များချမှတ်လုပ်ဆောင်ခြင်းနှင့် အခြားသူများအပေါ် ကျင့်ဝတ်နှင့်အညီ လွှမ်းမိုးခြင်း”ဖြစ်သည်။ ဆက်လက်၍ ကျင့်ဝတ်နှင့်ညီသော ခေါင်းဆောင်မှု၏ အရေးပါပုံနှင့် ခေါင်းဆောင်မှု၏ ကျင့်ဝတ်ဆိုင်ရာ ရှုထောင့်များ၊ ကျင့်ဝတ်နှင့်အညီဆုံးဖြတ်ချက်ချမှတ်မှု ပုံစံ၊ ကျင့်ဝတ်နှင့်ညီသော ခေါင်းဆောင်တစ်ဦးဖြစ်လာခြင်းအကြောင်းများကိုပါ ဆွေးနွေးရေးသားထားသည်။

အင်္ဂလိပ်ဘာသာကဏ္ဍတွင်

Module 1 ကို Introduction and Conceptual Framework (စာ-၁၄ မှ စာ-၄၀ အထိ) လည်းကောင်း၊ Module 2 ကို Ethics and Universal Values (စာ-၅၇ မှ စာ-၈၁ အထိ) လည်းကောင်း၊ Module 3 ကို Ethics and Society (စာ-၉၃ မှ စာ-၁၂၀ အထိ) လည်းကောင်း၊ Module 4 ကို Ethical Leadership (စာ-၁၃၆ မှ စာ-၁၆၅ အထိ) လည်းကောင်း ဖော်ပြထားသည်။

တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၂)
(ဖြောင့်မတ်တည်ကြည်မှုနှင့်ကျင့်ဝတ်)

အထူးသဖြင့် မတူကွဲပြားမှု၊ လက်သင့်ခံမှု၊ ဗဟုဝါဒတို့မှာ ယဉ်ကျေးမှုခလေ့ထုံးစံ၊ လူမျိုး၊ နိုင်ငံသားဖြစ်မှု၊ ဘာသာရေးယုံကြည်မှု၊ ကျား-မ ဖြစ်တည်မှု၊ မသန်စွမ်းမှု၊ လိင်စိတ် ကိုင်းညွှတ်မှုတို့နှင့် ဆက်စပ်နေကြောင်း သုံးသပ်ရေးသားဖော်ပြထားသည်။

ကျင့်ဝတ်နှင့်အညီ နေထိုင်ရေးဆိုင်ရာ စိန်ခေါ်မှု

ကျင့်ဝတ်လိုက်နာမှုသည် အခြားသူများ၏ အသိအမှတ်ပြုမှုကိုရလိုခြင်းမဟုတ်ဘဲ နာကျင်ခံစားရသည့် ကိုယ်တွင်းပဋိပက္ခများမဖြစ်စေရန် မိမိကိုယ်ကိုတန်ဖိုးထားခြင်းပင်ဖြစ်ကြောင်း လေ့လာဖတ်ရှုနိုင်ပါသည်။

ကျင့်ဝတ်ဆိုင်ရာ အပြုအမူအတွက်
မဟာဗျူဟာမြောက် နည်းလမ်းများ

ကောင်းမွန်သော ပတ်ဝန်းကျင်ဖန်တီးခြင်း၊ ကျင့်ဝတ်နှင့်ညီသော အပြုအမူအတွက် အရည်အသွေးများ ပြုစုပျိုးထောင်ခြင်း၊ တန်ဖိုးထားမှုများအား ထုတ်ဖော်ပြောကြားခြင်းတို့ လိုအပ်ပါသည်။ အပြုအမူနှင့်ဆိုင်သောကျင့်ဝတ်အကြောင်းကို တစ်ဦးချင်းအလိုက် ကွဲပြားခြားနားမှုရှိနိုင်ကြောင်း ဤကဏ္ဍတွင် သုံးသပ် ရေးသားထားပါသည်။

အင်္ဂလိပ်ဘာသာကဏ္ဍတွင်

Module 5 တွင် Ethics, Diversity and Pluralism (စာ-၁၃ မှ စာ-၃၆ အထိ) လည်းကောင်း၊

Module 6 တွင် Challenges to Ethical Living (စာ-၅၈ မှ စာ-၁၀၂ အထိ) လည်းကောင်း၊

Module 7 တွင် Strategies for Ethical Action (စာ-၁၂၄ မှ စာ-၁၅၇ အထိ) လည်းကောင်း၊

Module 8 တွင် Behavioral Ethics (စာ-၁၆၉ မှ စာ- ၁၉၆ အထိ) ဖော်ပြထားပါသည်။

Vocabulary

(abetment- အားပေးကူညီခြင်းမှ Zero Tolerance on Corruption – အဂတိလိုက်စားမှုကို လုံးဝ သည်းခံခွင့်လွှတ်ခြင်း မရှိရေးအထိ၊ စုစုပေါင်း- ၄၆၆ လုံး)မြန်မာဘာသာ ပြန်ဆိုဖော်ပြထားသည်။

စာစောင်(၃)စောင်

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးက ဖြန့်ချိသော ဤစာစောင်(၃)စောင်ကို ဖတ်ဖြစ်အောင် ဖတ်ကြည့်ကြစေချင်သည်။ အချစ်ဝတ္ထု၊ ကဗျာ၊ ရသမျိုးအဖွဲ့အနွဲ့ပါသော စာစောင်မျိုးမဟုတ်ပါ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် သုတ၊ ရသ အဖြာဖြာကို အစုံလင်ဆုံး၊ အပြည့်စုံဆုံး၊ ဘက်စုံ၊ ထောင့်စုံက သုံးသပ်ထားသော ရှားပါးစာစောင်များ ဖြစ်သည်ကိုတော့ မငြင်းနိုင်ပါ။ စာစောင်(၃)စောင်ထဲမှ ဖော်ပြချက်များ၊ အနှစ်သာရများကို ဤဆောင်းပါးတစ်ပုဒ်တည်းနှင့်ပြည့်စုံစွာ ကျွန်တော်ဖော်ပြရေးသားရန်မဖြစ်နိုင်ပါ။ နိဒါန်း (မိတ်ဆက်သဘော)မျှသာ ရေးသားတင်ပြနိုင်ပါမည်။ အကျယ်ကို သုတေသီများ ဆက်လက်လေ့လာနိုင်ပါသည်။

မော်ကွန်း

ဥက္ကဋ္ဌ ဦးအောင်ကြည် အမှူးပြုသော ဒုတိယအကြိမ်ကော်မရှင်သက်တမ်းတွင် ရှားပါး ပြည့်စုံလှသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဤရည်ညွှန်းစာစောင်များ၊ မူလတန်းနှင့် အလယ်တန်း ပညာပေးအစီအစဉ်စာအုပ်များ ထုတ်ဝေနိုင်ခြင်းအတွက် မပျက်မကွက် မော်ကွန်းမှတ်တမ်းတင်ပါသည်။

ကူညီပံ့ပိုးသူများ

ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ (ဌာနမှူး) (ငြိမ်း) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမိုမိုသန့်၊ မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာသီတာအောင်တို့က အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုတည်းဖြတ်ပေးကြသည်။ အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ – USAID (တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေး အစီအစဉ်-မြန်မာ – PRLM) နှင့် တာဝန်ရှိသူအသီးသီးတို့က ပုံနှိပ်ထုတ်ဝေရေး ကူညီပံ့ပိုးပေးသည်။

နိဂုံး

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် တည်ငြိမ်စွာဖြင့် ရှေ့သို့ ခရီးဆက်နေလေသည်။ ။

ကျင့်ဝတ်နှင့်ညီသော ခေါင်းဆောင်မှုဟူသည် “ကျင့်ဝတ်နှင့်ညီသော ရည်မှန်းချက်ပန်းတိုင်များ ချမှတ်လုပ်ဆောင်ခြင်းနှင့် အခြားသူများအပေါ် ကျင့်ဝတ်နှင့်အညီ လွှမ်းမိုးခြင်း”ဖြစ်

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ စုအသက်မွေးဝမ်းကျောင်းအဆောက်အအုံကို ကျန်းမာရေးစင်တာအဖြစ် ဖွင့်လှစ်မည်

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ စုအသက်မွေးဝမ်းကျောင်းအဆောက်အအုံကို ကျန်းမာရေးစင်တာအဖြစ် ဖွင့်လှစ်သွားနိုင်ရေးပြင်ဆင်ဆောင်ရွက်ထားမှုများကိုသွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လတ်တလောဖြစ်ပွားနေသော ကိုဗစ်-၁၉ ကာလအတွင်း ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စု အသက်မွေးဝမ်းကျောင်းအဆောက်အအုံကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော စံနှုန်းများနှင့်အညီ ကျန်းမာရေးစင်တာအဖြစ် ဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါစင်တာတွင် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားစေရေး၊ ဖျားနာလူနာများအား ဆေးကုသမှုပေးရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်ထားမှုကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ အတည်ပြုသူများ ထပ်မံတိုးပွားလာနေမှုများ တဖြည်းဖြည်းလျော့နည်းကျဆင်းသွားရေးအတွက် ထိန်းချုပ်ရေးအစီအမံများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

မြင့်မောင်

ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး တောင်ငူမြို့ရှိ ကန့်သတ်စောင့်ကြည့်စခန်းများ ကြည့်ရှု

ပဲခူး မေ ၂၄

ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးသည် ယမန်နေ့ နံနက် ၁၀ နာရီက တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး တောင်ငူခရိုင်ကော်မတီအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပြီး နှာခေါင်းစည်း အခုရေ ၆၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် အလျား ပေ ၆၀၊ အနံ ပေ ၄၀၊ အမြင့် ၂၈ ပေရှိ နှစ်ထပ်RCC တောင်ငူခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံး တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် ညနေပိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၊ ဦးအေးမင်းဝင်းတို့နှင့်အတူ ကန့်သတ်စောင့်ကြည့်စခန်းများဖြစ်သည့် မြို့မအခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)၊ TTC ကျောင်းဟောင်း၊ ပညာရေးကောလိပ်တို့ရှိ စောင့်ကြည့်ပြည်သူများအား လိုက်လံကြည့်ရှုပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော အမိန့်/ညွှန်ကြားချက်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များက လိုအပ်ချက်အရ ထုတ်ပြန်ထားသည့် ဒေသန္တရ အမိန့်/ညွှန်ကြားချက်များကို အထူးအလေးထားလိုက်နာကြရန် လမ်းညွှန်မှာကြားခဲ့ပြီး လိုအပ်သည်များကို ဆွေးနွေးမေးမြန်းကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ပန်းတနော်မြို့နယ် မင်းတစုတိုက်နယ် ပြည်သူ့ဆေးရုံသို့ အထောက်အကူပြုပစ္စည်းများလှူဒါန်း

ပန်းတနော် မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မင်းတစုကျေးရွာရှိ မင်းတစုတိုက်နယ် ပြည်သူ့ဆေးရုံအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော အထောက်အကူပြုပစ္စည်းများအား ယနေ့ နံနက် ၉ နာရီက ပေးအပ်ခဲ့သည်။

မင်းတစု ဟိတသုခရေ လူမှုကူညီရေးအဖွဲ့မှ နာယက ဦးမျိုးသန့်ကရန်ကုန်မြို့ရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ဆက်သွယ်အလှူခံပေးမှုကြောင့် အလှူငွေကျပ် ၁၀ သိန်းကျော် တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါအထောက်အကူပြုပစ္စည်းများအား ဦးမျိုးသန့်မှတစ်ဆင့် မင်းတစုတိုက်နယ်ဆရာဝန် ဒေါက်တာရဲထွဋ်မျိုးထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။

ပန်းတနော်မြို့နယ် မင်းတစုတိုက်နယ် ပြည်သူ့ဆေးရုံသည် ကျေးရွာအုပ်စုကိုးအုပ်စုအားကိုယ်စားပြုသည့် ခုတင် ၁၆ လုံးဆံ့ တိုက်နယ်ဆေးရုံဖြစ်ကြောင်း သိသည်။

ပြည့်ဖြိုးကျော်(ပန်းတနော်)

မိုင်းဖြတ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပျိုးပင်များ အခမဲ့ဖြန့်ဝေပေး

မိုင်းဖြတ် မေ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မိမိနေအိမ်အတွင်း နေထိုင်၍ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် လူထူထပ်သည့် ဈေးနှင့်အခြားနေရာများသို့ သွားလာမှုကို လျှော့ချနိုင်ရန်အတွက် ပျိုးပင်များကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း မေ ၂၄ ရက်က သိရသည်။

အဆိုပါစိုက်ပျိုးပင်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဝေပေးရာတွင် မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင်က "လက်ရှိဖြစ်ပွားလျက်ရှိတဲ့ ကိုဗစ်-၁၉ရောဂါဟာ လူထူထပ်တဲ့နေရာတွေဖြစ်တဲ့ ဈေးတွေနဲ့ အခြားနေရာတွေကို သွားလာမှုလျှော့ချခြင်းနဲ့ ကြိုတင်ကာကွယ်နိုင်တဲ့အတွက် ကျွန်တော်တို့ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိတဲ့ အချိန်တိုတိုနှင့် ခူးဆွတ်စားသုံးနိုင်တဲ့ ဟင်းသီး၊ ဟင်းရွက်မျိုးကောင်းမျိုးသန့်ပျိုးပင်တွေကို အခမဲ့ဖြန့်ဝေပေးနေပါတယ်"ဟု ပြောကြားသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ တစ်နိုင်တစ်ပိုင်ပြည်သူများသို့ ဖြန့်ဝေပေးသည့် ပျိုးပင်များမှာ လက်ရှိတွင် ခရမ်း(အရှည်၊ အလုံးကြီး)၊ ငရုတ်၊ ဂေါ်ဖီပျိုးပင်များဖြစ်ရာ အခြားသီးနှံပျိုးပင်များကိုလည်း ဖြန့်ဝေပေးနိုင်ရေးအတွက် စိုက်ပျိုးထားရှိကြောင်း သိရသည်။ **သန်းထွန်းအေး(ပြန်/ဆက်)**

ကိုဗစ် - ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် အသိပညာပေး

မြို့သစ် မေ ၂၄

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်၊ ပိုစတာနှင့် နှာခေါင်းစည်းများ ဖြန့်ဝေခြင်းတို့ ကို ယမန်နေ့ ညနေ ၆ နာရီက မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် စေတနာရှင်လူငယ်များနှင့် ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များသို့လှည့်လည်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်နှင့် ပိုစတာများဖြန့်ဝေခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝင်းအိဇွန် (ပြန်/ဆက်)

မယ်စဲ့မြို့နယ်၌ အခြေခံစားသောက်ကုန် (၅) မျိုး မရရှိသော အိမ်ထောင်စုများအတွက် စားသောက်ကုန်များလှူဒါန်း

မယ်စဲ့ မေ ၂၄

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအား အစိုးရမှ အခြေခံစားသောက်ကုန် (၅) မျိုးထောက်ပံ့ပေးခဲ့ရာ မြို့နယ်အတွင်း ထောက်ပံ့မှုမရရှိသည့် အိမ်ထောင်စုများအတွက် ယမန်နေ့ ညနေ ၅ နာရီက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးက စားသောက်ကုန်များ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မယ်စဲ့မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးက မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၆၈ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၁)ပိဿာ၊ ကြက်သွန်နီ (၁)ပိဿာအစရှိသည့် အခြေခံစားသောက်ကုန် (၄) မျိုးကို ထောက်ပံ့လှူဒါန်းခဲ့ပြီး ဝမ်ကန်ကျေးရွာ၊ နမ့်မန်းကျေးရွာနှင့် ဟိုစဲ့ကျေးရွာ ခန့်မဆောင်များတွင် အသုံးပြုရန်အတွက် ပလတ်စတစ်ထိုင်ခုံ အလုံး (၅၀) စီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ် ပထမသုံးလတာကာလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်သွားလာမှု ယမန်နှစ်ကထက် ၁၇ ရာခိုင်နှုန်းကျဆင်း

ရန်ကုန် မေ ၂၄

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာလှည့်ခရီးသွားလာခွင့် ကန့်သတ်ချက်များနှင့်အတူ ကမ္ဘာ့လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ၌ စိန်ခေါ်မှုများ ရင်ဆိုင်နေရခြင်းကြောင့် မြန်မာနိုင်ငံ၏အဓိကလေကြောင်းဝင်၊ ထွက်ပေါက်ဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယခုနှစ် ပထမသုံးလတာကာလအတွင်း ခရီးသည်ဝင်၊ ထွက်သွားလာမှုမှာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၇ ဒသမ ၁၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို စီမံခန့်ခွဲဝန်ဆောင်မှုပေးနေသည့် Yangon Aerodrome Company Limited(YACL)၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယခုနှစ်(၂၀၂၀ ပြည့်နှစ်) ပထမသုံးလတာကာလအတွင်း ခရီးသည် ၁ ဒသမ ၄၆ သန်းကို လက်ခံဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း၊ ယမန်နှစ်ကာလတူက နိုင်ငံတကာခရီးသည် ဝင်ထွက်သွားလာမှုသည် ၁၁၉၆၀၄၂ ဦးရှိခဲ့ပြီး ယခုနှစ်တွင် ၈၈၃၁၄၉ ဦးသာရှိခြင်းကြောင့် ၂၆ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သို့သော် ပြည်တွင်းခရီးသည်ဝင်ထွက်သွားလာမှုသည် ယမန်နှစ် အလားတူကာလက ၅၆၀၉၇၈ ဦး ရှိခဲ့ပြီး ယခုနှစ်တွင် ၅၇၂၆၅၆ ဦးရှိခဲ့ခြင်းကြောင့် ၂ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် လေကြောင်းသယ်ယူပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်အတိုင်း ယခုနှစ် မတ် ၃၀ ရက်မှ မေ ၃၀ ရက်အထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆိုက်ရောက်၊ ထွက်ခွာပျံသန်းနေသော အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်အားလုံးကို ရပ်ဆိုင်းထားပြီး အချို့သော ပြည်တွင်းလေကြောင်းခရီးစဉ်များ၏ ပျံသန်းမှုအကြိမ်ရေကိုလည်း လျှော့ချပျံသန်းလျက်ရှိကြောင်း၊ သို့သော် မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် ကုန်စည်သယ်ယူရေးလေယာဉ်များနှင့် ကယ်ဆယ်ရေးလေယာဉ်များကို ဆက်လက်ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း YACL ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

YACL ၏ Chief Operating Officer ဖြစ်သူ Mr.Jose Angeja က "ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံရဲ့ လေကြောင်းသယ်ယူပို့ဆောင်ရေး ကဏ္ဍအပြင် ကမ္ဘာ့တစ်ဝန်းကိုလည်း ကြီးကြီးမားမားရိုက်ခတ်မှုရှိပြီး လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ခရီးသည်တွေအတွက် ပုံမှန်ခရီးသွားလာဖို့ အဟန့်အတားတွေဖြစ်ပေါ်စေပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့နဲ့ စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အစိုးရရဲ့ ကျန်းမာရေးကြိုတင်ကာကွယ်မှုလုပ်ဆောင်ချက်တွေကို ထောက်ပံ့ပေးနိုင်ဖို့နဲ့ ရောဂါကူးစက်ပြန့်ပွားမှုကို ကန့်သတ်ထိန်းချုပ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

YACL အနေဖြင့် ကိုယ်အပူချိန်တိုင်းတာစက်များ တပ်ဆင်ခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ခြင်း၊ နေ့စဉ်လူနေမှုဘဝတွင် ခပ်ခွာခွာနေထိုင်ခြင်း (Social Distancing)နှင့် ကျန်းမာရေးနှင့် ရောဂါလက္ခဏာ အသိပညာပေးမှုများအတွက် အရေးကြီးသတင်းအချက်အလက်များ ဖြန့်ဝေခြင်းတို့အပါအဝင် အများပြည်သူအသုံးပြုသွားလာရာနေရာများနှင့် လေဆိပ်အဆောက်အအုံများအားလုံးတွင် ကြိုတင်ကာကွယ်မှု လုပ်ငန်းစဉ်များကို တိုးမြှင့်လုပ်ဆောင်ထားပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ကန့်သတ်ထိန်းချုပ်နိုင်စေရန် တိုးမြှင့်ဆောင်ရွက်နေကြောင်း၊ လေဆိပ်အဆောက်အအုံများအတွင်းသို့ တရားဝင် လေယာဉ်လက်မှတ်ကိုင်ဆောင်ထားသော ခရီးသည်များနှင့် တာဝန်ကျဝန်ထမ်းများကိုသာ ဝင်ခွင့်ပြုထားပြီး အများပြည်သူ ဝင်ထွက်သွားလာခွင့်ကိုလည်း ကန့်သတ်ထားကြောင်း YACL ၏ ထုတ်ပြန်ချက်အရ သိရသည်။

သတင်း-ကိုထက်၊ ဓာတ်ပုံ-YACL

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်နေအိမ်များအား ထောက်ပံ့ငွေပေးအပ်

ခင်ဦး မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ မေ ၂၁ ရက် ညနေ ၅နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို မေ ၂၃ ရက် ညနေ ၄ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးထံ ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကျေးရွာ ၁၇ ရွာရှိ လေဘေးသင့် အိမ်ထောင်စု ၄၉ စုအတွက် အိမ်ဆောက်ပစ္စည်း ဝယ်ယူရန် ငွေကျပ် ၁၆၆၀၀၀၀ နှင့် လူဦးရေ ၂၅၆ ဦးအတွက် ဆန်ရိက္ခာ ဝယ်ယူရန် တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ငွေကျပ် ၅၃၇၆၀၀ စုစုပေါင်း ငွေကျပ် ၂၁၉၇၆၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်ချောစု၏ ပြောကြားချက်အရ သိရသည်။

စိုးဝေအောင်(ခင်ဦး)

ကြက်ခြေနီတပ်ဖွဲ့ စေတနာလုပ်အားရှင်များ ကျန်းမာရေးစင်တာများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ကြက်ခြေနီအသင်းဝင်များ၊ တပ်ဖွဲ့ဝင်များ၊ စေတနာလုပ်အားရှင်များသည် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ကိုဗစ်- ၁၉ ရောဂါကျန်းမာရေးစင်တာ တည်ဆောက်ရေးလုပ်ငန်းများ၌ မေ ၁၀ ရက်မှစတင်ကာ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ စေတနာလုပ်အားရှင်များ ပါဝင်ကူညီပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌထံမှ ယမန်နေ့ နံနက်ပိုင်းက သိရသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးစင်တာတွင် ကြက်ခြေနီ စေတနာလုပ်အားရှင် ၅၀ ပါဝင်သောအဖွဲ့က ဆေးရုံဆောက်လုပ်ရန် ပြင်ဆင်ရေးအပိုင်းများ၊ ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးထားသိုမှုအပိုင်းများ၊ ရေနှင့် အစားအစာ ဖြန့်ဝေပေးခြင်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကာ ကြက်ခြေနီ စေတနာလုပ်အားရှင် ၅၀ ပါဝင်သော အဖွဲ့များက အလှည့်ကျစနစ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သက်ခိုင် (သန်လျင်)

လေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

မိုးကောင်း မေ ၂၄

မြန်မာနိုင်ငံကြက်ခြေနီအသင်း ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြက်ခြေနီရှိသောကျေးရွာများမှ လေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ကော်မတီဥက္ကဋ္ဌ ဦးဘရန်ဒီ၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဒေါင်ဟောင်းတို့က မိုးကောင်းမြို့နယ် မြို့နယ်ကြက်ခြေနီအသင်းအသင်းခွဲမှ တာဝန်ရှိသူများနှင့်အတူ မေ ၂၃ ရက် နံနက်ပိုင်းတွင် မိုးကောင်းမြို့နယ်မှ ကြက်ခြေနီရှိသော ကျေးရွာမှ လေဘေးသင့်အိမ်ထောင်စုများအား မိုးကာ နှစ်ခု၊ တစ်ကိုယ်ရေသုံးပစ္စည်း တစ်ခု၊ ဆေးစိမ်ခြင်ထောင် တစ်ခု စုစုပေါင်းငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ခဲ့သည်။

" သဘာဝဘေးအန္တရာယ်ကျရောက်တဲ့အခါ အဲဒီရွာမှာရှိတဲ့ ကြက်ခြေနီတံဆိပ်ပါတဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တို့ရဲ့ လှုပ်ရှားဆောင်ရွက်မှုရှိတဲ့ရွာတွေအတွက် မြန်မာနိုင်ငံကြက်ခြေနီ အသင်းက အခြေခံမူ(၇)ချက်နဲ့အညီ ထောက်ပံ့ပေးအပ်တာပါ" ဟု မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်ဆွေမာသင်းက ပြောသည်။

မေ ၂၁ ရက် ည ၇ နာရီခွဲခန့်မှစ၍ လေပြင်းတိုက်ခတ်မှုကြောင့် မိုးကောင်းမြို့နယ်တွင်း အချို့ကျေးရွာများ၌ အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

သန်းလွင်ဦး (မိုးကောင်း)

ကျွန်းလှ၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေ ပေးအပ်

ကျွန်းလှ မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို မေ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ခြင်းကြောင့် အမိုးလန်ပျက်စီးသွားသော ရွာကုန်းကြီးကျေးရွာ၊ ရေရှင်ကျေးရွာ၊ အောင်းပင်ကျေးရွာ၊ အောင်ချမ်းသာကျေးရွာ၊ ထန်းပင်ကုန်းကျေးရွာ၊ ကြာတကန်ကျေးရွာ၊ ဆားကျင်းကျေးရွာ၊ ကျောက်အိုင်ကျေးရွာ၊ ငှက်ပျောတောကျေးရွာ၊ ဆင်စွယ်ကျေးရွာ၊ တပေါင်(ရွာဟောင်း)ကျေးရွာတို့တွင် လူနေအိမ် ၅၆ လုံးနှင့် ဘုန်းတော်ကြီးကျောင်းသုံးကျောင်း ပြုပြင်ရန်အတွက် ငွေကျပ် ၁၈၇၅၀၀၀၊ လေဘေးသင့်ပြည်သူ ၂၆၆ ဦးအား ဆန်ရိက္ခာ ခုနစ်ရက်စာအတွက် ငွေကျပ် ၅၅၈၆၀၀ တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

မျိုးဝင်းညို(ကျွန်းလှ)

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းမှ ဒလမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းမှ ထောက်ပံ့လှူဒါန်းသည့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် နှာခေါင်းစည်းအခု ၅၀ ပါ ဘူး ၂၀၊ Hand Gel 600 ml ငါးဘူး၊ မျက်နှာဖုံးအကာ ၁၀ ခုနှင့် ဒလမြို့နယ်ပြည်သူ့ဆေးရုံအတွက်လိုအပ်သည့် အထောက်အကူပြုပစ္စည်းများကို ယမန်နေ့ ညနေ ၅ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်း၌ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် မြို့နယ် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးနှင့် မြို့နယ်အထောက်အကူပြုကော်မတီ နာယကများဖြစ်ကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ အမှတ်(၁)ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ်(၂) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်တို့က လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး မြို့နယ်အဆင့် ကော်မတီသို့ပေးအပ်ခဲ့ရာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် အတွင်းရေးမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်းတို့က လက်ခံရယူခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဒလမြို့အဝင် ဒလ-တွံတေးကားလမ်းမကြီးဘေးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသော စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျဝန်ထမ်းများနှင့် ဂိတ်အတွင်းမှ မြို့နယ်အတွင်းသို့ ဖြတ်သန်းသွားလာကြမည့် ယာဉ်မောင်းနှင်သူများနှင့် မိဘပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ပေးဝေနိုင်ရေးအတွက် နှာခေါင်းစည်း အခု ၅၀ ပါ ဘူးကိုးဘူးကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)

လောက်ကိုင်မြို့ရှိ သီးသန့်စောင့်ကြည့်ရေးစခန်းများသို့ အစားအသောက်ပစ္စည်းများ လာရောက်လှူဒါန်း

လောက်ကိုင် မေ ၂၄

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် စောင့်ကြည့်ရေးစခန်းများတွင် ထားရှိသည့် မြန်မာ-တရုတ်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန် မြန်မာနိုင်ငံသားများ အစားအသောက် အဆင်ပြေစေရေးအတွက် အစားအသောက်ပစ္စည်းများအား နတလ (လူငယ်) သင်တန်းကျောင်း၌ ယမန်နေ့ နံနက် ၁၁ နာရီက လာရောက်လှူဒါန်းသွားကြောင်း သိရသည်။

ယင်းသို့ လှူဒါန်းရာတွင် လောက်ကိုင်မြို့ သီးသန့် စောင့်ကြည့်ရေးစခန်း ရှစ်ခုရှိ နေရပ်ပြန် မြန်မာနိုင်ငံသားများ အစားအသောက် အဆင်ပြေစေရေးအတွက် ဦးမောင်မောင် (ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ဝင်)က အာလူးပိဿာ ၁၀၀၊ ကြက်သွန်နီ ပိဿာ ၁၅၀၊ ကော်ဖီထုပ် အထုပ် ၁၀၀၊ ဆီပိဿာ ၅၀၊ မာမီးခေါက်ဆွဲထုပ် အထုပ်ကြီး ၅၀၊ ခရမ်းချဉ်သီး ငါးပိဿာ၊ ကြက်ဥ အလုံး ၁၅၀၀ စုစုပေါင်းတန်ဖိုး ၁၁၂၀၀၀၀ ရှိ အစားအသောက်ပစ္စည်းများကို လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဇော်ဇော်အောင်
(ပြန်/ဆက်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများအား စနစ်တကျထုတ်ပေးလျက်ရှိ

မန္တလေး မေ ၂၄

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အငြိမ်းစားဝန်ထမ်းများနှင့် မိသားစုပင်စင်ခံစားသူများ၏ မေလအတွက် ပင်စင်လစာငွေများကို မေ ၂၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အငြိမ်းစားဝန်ထမ်းများ၊ မိသားစုပင်စင်ခံစားသူများအား ပင်စင်လစာငွေထုတ်ပေးရာတွင် ဘဏ္ဍာရေးဌာန ဒုတိယဌာနမှူး ဒေါ်မော်လီစန်းနှင့် ဝန်ထမ်းများက စနစ်တကျ ထုတ်ပေးလျက်ရှိသည်။

ရှေးဦးစွာ အငြိမ်းစားဝန်ထမ်းများ၊ မိသားစုပင်စင်ခံစားသူများအား ငွေထုတ်ပေးရာ အခန်းအဝင်ဝ၌ နှာခေါင်းစည်းများ တပ်ဆင်လာစေခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ ထိုင်ခုံဖြင့် နေရာချထားပေးခြင်း၊ စိစစ်ရေးလက်မှတ် တင်ပြခြင်း၊ ကော်မတီမှထုတ်ပေးသည့်တစ်ဦးလျှင် နှာခေါင်းစည်း ၁၀ ခုပါ တစ်ထုပ်နှင့် ပင်စင်လစာငွေများ ထုတ်ပေးခြင်း၊ ပင်စင်ထုတ်ယူသူများကို Mandalay Smart Pay Account ဖွင့်ပေးခြင်းအတွက် ရတနာပုံဘဏ်ဝန်ထမ်းများက ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ရတနာပုံဘဏ်တာဝန်ရှိသူတစ်ဦးက ပင်စင်လစာကို Smart Pay ဖြင့် ထုတ်ယူခြင်းဖြင့် အခွန်အခများ ပေးဆောင်ခြင်း၊ ဈေးဝယ်ခြင်း၊ ငွေလွှဲပြောင်းခြင်းတို့ကို ငွေသားကိုင်ဆောင်စရာမလိုဘဲ အလွယ်တကူရယူပေးဆောင်နိုင်ခြင်းကြောင့် ယနေ့ဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါနှင့် အခြားကူးစက်တတ်သောရောဂါများအန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း ပြောကြားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အငြိမ်းစားဝန်ထမ်းများနှင့် မိသားစုပင်စင်ခံစားသူ ၈၅၁ ဦးရှိပြီး ပင်စင်လစာငွေများကို မေ ၂၂ ရက်မှ ၃၀ ရက်ထိ ထုတ်ပေးသွားမည်ဖြစ်ရာ ထုတ်ယူရန်ကျန်ရှိသူများအား မေလအတွင်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဟိုင်းကြီးကျွန်းမြို့ရှိ အိမ်ထောင်စုများသို့ စားသောက်ကုန်ပစ္စည်းများ ဖြန့်ဝေပြီးစီး

ဟိုင်းကြီးကျွန်း မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ဖြန့်ဝေပေးပို့နေသော ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအား နိုင်ငံတော်က ထောက်ပံ့သော အခြေခံစားသောက်ကုန်(၅)မျိုးကို မေ ၂၂ ရက် ညနေပိုင်းက ဖြန့်ဝေပြီးစီးခဲ့ကြောင်း မြို့အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့နှင့် ကျေးရွာများတွင် ပုံမှန်ဝင်ငွေမရှိသည့်အိမ်ထောင်စုများအား နိုင်ငံတော်က ထောက်ပံ့သော အခြေခံစားသောက်ကုန်(၅)မျိုးကို လက်ခံရယူခဲ့ကြသည့် အိမ်ထောင်စု ၁၀၃၁၆ စု ရှိကြောင်း သိရသည်။ ယင်းအိမ်ထောင်စုများသို့ ဆန် ၃၄၃၈ အိတ် ၁၆ ပြည်၊ ဆီ ၃၅ ပီပါ၊ ဆား ၁၉၂ အိတ်၊ ပဲ အိတ် ၃၃၀၊ ကြက်သွန် ၃၀၄ အိတ်နှစ်ပိဿာကို မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံသို့ ဖြန့်ဝေပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

နိုင်ငံတော်က ထောက်ပံ့သော အခြေခံစားသောက်ကုန်(၅)မျိုးကို အိမ်ထောင်စုများ၏ လက်ဝယ်သို့ အချိန်မီရောက်ရှိရေးအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၏ အစီအစဉ်ဖြင့် ကုန်းလမ်း၊ ရေလမ်းများမှတစ်ဆင့် မော်တော်ယာဉ်၊ ရေယာဉ်များဖြင့် သယ်ယူခဲ့ကြသကဲ့သို့ ဟိုင်းကြီးကျွန်း အခြေစိုက် အမှတ်(၄)ဗျူဟာစစ်ရေယာဉ်စုကလည်း ခရီးလမ်းဝေးသော ကျေးရွာများသို့ တပ်မတော်သုံး မော်တော်ယာဉ်၊ စစ်ရေယာဉ်များဖြင့် ကူညီသယ်ယူ ပို့ဆောင်ပေးခဲ့ကြောင်းလည်း သိရသည်။

ကျော်သူဟိန်း
(ဟိုင်းကြီးကျွန်း)

မိတ္ထီလာ မြို့မဈေးကြီး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

မိတ္ထီလာ မေ ၂၄

မိတ္ထီလာမြို့မဈေးကြီးသို့ ဈေးရောင်းဈေးဝယ် လာရောက်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဈေး၏အဓိကတံခါးပေါက်ကြီး ခြောက်ခုတွင် ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်ဆေးဂျယ်များဖြင့် သန့်စင်ပေးခြင်းတို့ကို မိတ္ထီလာကုန်သည်ကြီးအသင်း၏ ပံ့ပိုးကူညီမှုဖြင့်ဈေးတာဝန်ရှိသူများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ဈေးဖွင့်ရက်တိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မိတ္ထီလာမြို့မဈေးကြီးအတွင်းကို ဈေးရောင်းဈေးဝယ်လာရောက်သူတွေကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ရည်ရွယ်ပြီး သင်္ကြန်ကာလမတိုင်မီကစတင်ကာ သာမိုဂန်းများနဲ့ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ လက်ဆေးဂျယ်၊ လက်ဆေးဆပ်ပြာရည်တို့နဲ့ သန့်စင်ပေးခြင်းတွေကို ဈေးဖွင့်ရက်တိုင်း ဆောင်ရွက်ပေးနေတာပါ။ မေ ၃၀ ရက်အထိ ဆက်လက်ဆောင်ရွက်ပေးသွားမှာပါ၊ လိုအပ်ရင်လည်း ဆက်လက်ပြုလုပ်နိုင်ဖို့ ပံ့ပိုးကူညီသွားမှာပါ။ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးတဲ့သာမိုဂန်းများ၊ လက်ဆေးဂျယ်များ၊ လက်ဆေးဘေစင်များနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြတဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် လိုအပ်တဲ့ မနက်စာနဲ့ နေ့လယ်စာ စီစဉ်ပေးခြင်းတို့ကို ကျွန်တော်တို့ အသင်းအားလုံးဝိုင်းဝန်း ပံ့ပိုးကူညီပေးနေပါတယ်"ဟု မိတ္ထီလာမြို့ ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးညွန့်လှိုင်က ပြောသည်။

မိတ္ထီလာမြို့မဈေးကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အရေးကြီးကာလအတွင်း သင်္ကြန်ကာလမတိုင်မီကပင် ဆေးဝါးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းရောင်းချသူများသာ ဖွင့်လှစ်ရောင်းချခွင့်ပြုထားသည်။ သင်္ကြန်ပြီးကာလ၌ ဈေးဖွင့်ချိန်ပိတ်ချိန်ကို နံနက် ၈ နာရီမှ ညနေ ၃ နာရီသို့ ပြင်ဆင်သတ်မှတ်ခဲ့ရာမှ မေ ၂၃ ရက်ကစတင်ကာ ဈေးဖွင့်ချိန်ပိတ်ချိန်ကို နံနက် ၇ နာရီမှ ညနေ ၃နာရီသို့ ပြောင်းလဲသတ်မှတ်ထားကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ဝါးခယ်မတွင် အနေ့းယာဉ်လုပ်သား ၅၀၀ ကျော်အား စားသောက်ကုန်များ တတိယအကြိမ် လှူဒါန်း

ဝါးခယ်မ မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် အနေ့းယာဉ်လုပ်သား ၅၀၀ ကျော်အား စားသောက်ကုန်များ တတိယအကြိမ် လှူဒါန်းမှုကို ယမန်နေ့ ညနေက ပတ္တမြားရပ်ကွက် ဘုရားကြီးလမ်း မူကြိုကျောင်းရှေ့၌ ပြုလုပ်ခဲ့သည်။

ဝါးခယ်မမြို့နယ်အတွင်းရှိ အနေ့းယာဉ်လုပ်သားများအနေဖြင့် ကိုဗစ် -၁၉ ရောဂါ ကာလအတွင်း စားသောက်မှု အဆင်ပြေစေရေးကိုရည်ရွယ်၍ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ အနေ့းယာဉ်လုပ်သား တစ်ဦးလျှင် ဆန် (၂)ပြည်၊ ဆီ (၅၀) ကျပ်သားနှုန်းဖြင့် လှူဒါန်းခဲ့ကြောင်း အလှူရှင် ဦးအေးသောင်း၏ ပြောပြချက်အရ သိရသည်။

"အခုက ဆိုက်ကားဆရာတွေကို တတိယအကြိမ် လှူဒါန်းတာဖြစ်ပါတယ်၊ ပထမအကြိမ်တုန်းက ဘုရားကြီးလမ်း မူကြိုကျောင်း ကော်မတီဝင်တွေ စုပြီး လှူဒါန်းခဲ့တယ်။ ဒုတိယအကြိမ်မှာက အလှူရှင်တွေ စုပေါင်းလှူဒါန်းကြတာ။ အနေ့းယာဉ် စုစုပေါင်း ၅၀၀ ကျော်ရှိပါတယ်၊ ဆက်ပြီး အခုလို လှူဒါန်းချင်တယ်ဆိုလည်း ကျွန်တော်တို့ မူကြိုကျောင်းကော်မတီက ကူညီဆောင်ရွက်ပေးသွားမှာပါ"

ဟု မူကြိုကျောင်း ကော်မတီဝင်ဖြစ်သူ ပတ္တမြားရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ပြောကြားသည်။

လွမ်းသီဟ (ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

ဝေါ

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း အထောက်အကူပြုကော်မတီနှင့် ဝေါမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဈေးကော်မတီဝင်များပူးပေါင်း၍ မေ ၂၃ ရက် မွန်းလွဲပိုင်းနှင့်ညပိုင်းတို့တွင် ဝေါမြို့ပေါ်ရှိခြောက်ရပ်ကွက်တွင် ဒုတိယအကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖျန်းခြင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **အောင်မြတ်လင်း (ပြန်/ဆက်)**

တီးတိန်

ချင်းပြည်နယ် တီးတိန်မြို့၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထွမ်းဗုမ်းရိပ်သာ၊ အစိုးရမူလတန်းကြိုကျောင်းများအား ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးခုပ်ဆောမ်းပြောင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခြင်းဖြစ်ရာ ဌာနဆိုင်ရာအဆောက်အအုံများနှင့် ပြည်ပနှင့်ပြည်တွင်းမှ ပြန်လာသူများအား ထားရှိသည့် အသွားအလာကန့်သတ်သည့်နေရာများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို နေ့စဉ် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဒိုင်းဒိမ့်(ပြန်/ဆက်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက်၌ မေ ၂၃ ရက်က ပဉ္စမအကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တောင်လုံးပြန်ရပ်ကွက်ပရဟိတ လူငယ်အဖွဲ့များက ရပ်ကွက်အတွင်း ပိုးသတ်ဆေးများ ဖျန်းနေစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

မကွေးမြို့၌ ဒုတိယမြောက် ယာယီဈေးဖွင့်မည်

မကွေး မေ ၂၄

မကွေးမြို့၌ ပထမယာယီဈေးတစ်ခုကို မြသလွန်ဘုရားပွဲတော်ကွင်း၌ မေ ၁၈ရက်က ဖွင့်လှစ်ပေးခဲ့ပြီး ဒုတိယမြောက် ယာယီဈေးကို ကားကြီးဝင်း အနီးရှိ တိုင်းဒေသကြီး အားကစားကွင်း၌ မေ ၂၅ ရက်မှစ၍ နံနက် ၆ နာရီမှ ၁၀ နာရီထိ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ပထမယာယီဈေး ဖွင့်ရခြင်းမှာ စည်ပင်သာယာဈေးများဖြစ်သည့် ကန်သာဈေး၊ မြို့မဈေး၊ ရန်ပယ်ဈေးတို့ကို ယာယီပိတ်လိုက်ခြင်းကြောင့် လူစုလူဝေးဖြစ်နေသည့် အခွန်လွတ်ဈေးပြဿနာကို ဖြေရှင်းလိုက်ခြင်းဖြစ်ရာ ဒုတိယမြောက် ယာယီဈေး ဖွင့်လှစ်ရန် လုပ်ဆောင်ရခြင်းမှာ မင်္ဂလာဈေးနှင့် ရန်ကင်းဈေးတို့ကို ပိတ်တော့မည်ဖြစ်သောကြောင့်ဖြစ်သည်။

"ယာယီဈေးတွေ ဖွင့်တယ်ဆိုတာက ကိုဗစ်-၁၉ရောဂါကို စည်းကမ်းတကျ ကာကွယ်နိုင်ဖို့ပါ။ ပထမယာယီဈေးက မြို့အနောက်ခြမ်း၊ ဒုတိယယာယီဈေးက မြို့အရှေ့ခြမ်းအတွက် အကျိုးပြုနိုင်ပါမယ်" ဟု မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးအောင်မျိုးသိန်းက ပြောကြားသည်။

ပထမယာယီဈေးတွင် ဈေးဆိုင်ခန်း အကွက်ပေါင်း ၂၃၀ ရှိပြီး ဈေးသည် ၂၀၅ ဦးက နံနက် ၄ နာရီမှ နံနက် ၁၀ နာရီအထိ ရောင်းချနေကြောင်း၊ ဒုတိယယာယီဈေးအတွက် ဆိုင်အကွက်ပေါင်း ၂၆၀ ရိုက်ထားပြီး မင်္ဂလာဈေးနှင့် ရန်ကင်းဈေးမှ ဈေးသည်များကို မဲနှိုက်ချထားပေးမည်ဖြစ်ကြောင်း သိရသည်။

ပထမယာယီဈေးတွင် မြို့မအိုးဘို၊ ဆုံ၊ မြို့ဟောင်းနှင့် နံကပ်ကျွန်းတို့မှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ကြီးကြပ်နေပြီး ဒုတိယယာယီဈေးကိုလည်း အောင်ချမ်းသာရပ်/ကျေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့များနှင့် ပူးပေါင်းကာ ကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မကွေးစည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ဇေယျာတု(မကွေး)

ရွှေဘိုမြို့၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရွှေဘို မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်သော ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့သည် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအတွက် ရွှေဘိုမြို့ အမှတ် (၁၀) ရပ်ကွက်ရှိ ပြည်လုံးချမ်းသာ ဘုန်းကြီးကျောင်းနှင့် မယ်ဇလီပင်စုရပ်ကွက်အတွင်းရှိ နေအိမ်များ၌ ပိုးသတ်ဆေးဖျန်းခြင်း၊ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ရွှေဘိုမြို့ လူမှုဖူလုံရေးရုံးတွင် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် ခရိုင်/ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များသည် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအတွက် ရွှေဘိုတက္ကသိုလ်၌ အသွားအလာကန့်သတ်သည့်နေရာတွင် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အသုံးပြုရန် သတ်မှတ်ထားသော ပိုးသတ်ဆေးကို အချိုးအစားတိကျစွာရောစပ်၍ ပိုးသတ်ဆေးဖျန်းရန် လိုအပ်နေသော နေရာများနှင့်ရွှေဘိုတက္ကသိုလ်၌ အသွားအလာကန့်သတ်သည့်နေရာတွင် အသွားအလာကန့်သတ်ထားရှိသူများ နေ့စဉ်အသုံးပြုနေသော ရေချိုးခန်းများနှင့် အိမ်သာများအပါအဝင်၊ တံခါးလက်ကိုင်များ၊ လှေကား လက်ရမ်းများ၊ အဆောင်ဘေးပတ်ဝန်းကျင် သတ်မှတ်ဧရိယာများကို ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**

ယုဇနဥယျာဉ်မြို့တော်၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်(၉၄) ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် (အေ၊ ဘီ၊ စီ) ဘလောက်ရှိ လမ်းများအလိုက် မေ ၂၄ ရက် နံနက်ပိုင်းက 5B-Taxi (အငှားယာဉ်) လူမှုကူညီရေးအသင်းနှင့် သဘာဝဓမ္မဂယာကူညီရေးအသင်းတို့က ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်ရေးအတွက် ဆေးဖျန်းယာဉ်ဖြင့် တစ်လမ်းဝင်တစ်လမ်းထွက် ပိုးသတ်ဆေးရည်များ လိုက်လံပက်ဖျန်းပေးရာ (၉၄) ရပ်ကွက် အုပ်ချုပ်ရေးမှူး နှင့် အဖွဲ့ဝင်များနှင့် ဒဂုံ (ဆိပ်ကမ်း)လူငယ်များက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျင်မောင်

လှိုင်ကော်မြို့၌ သီရိမင်္ဂလာဈေးနှင့် အကျဉ်းဦးစီးဌာနတို့တွင် ပိုးသတ်ဆေးများပက်ဖျန်း

လှိုင်ကော် မေ ၂၄

ကယားပြည်နယ် လှိုင်ကော်မြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လှိုင်ကော်မြို့ သီရိမင်္ဂလာဈေး (တောင်ဈေး)တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လှိုင်ကော်)၊ ပြည်နယ်မီးသတ်တပ်ဖွဲ့၊ ဈေးကော်မတီအဖွဲ့၊ ဝစ္စကုဋ္ဌီ ပရဟိတအဖွဲ့၊ ဖေးကူလက်ပရဟိတအဖွဲ့ နှင့်တာဝန်ရှိသူများပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက ဈေးအတွင်း၊ အပြင်များတွင် ပိုးသတ်ဆေးပက်ဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဈေးကို တနင်္လာ၊ ဗုဒ္ဓဟူးနှင့် စနေနေ့များတွင် ဖွင့်လှစ်ထားပြီး ဈေးအတွင်း ဈေးရောင်း/ ဈေးဝယ်ပြုသူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း စနစ်တကျ ရောင်း/ဝယ်စေခြင်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ကျန်ရက်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး၊ ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ပိုးသတ်ဆေးများဖျန်းခြင်း၊ ဈေးသန့်ရှင်းရေးဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းထွန်းထံမှသိရသည်။

အလားတူ လှိုင်ကော်အကျဉ်းဦးစီးဌာနတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လှိုင်ကော်)နှင့် ပြည်နယ်မီးသတ်တပ်ဖွဲ့တို့မှ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စိုးလှိုင်ငွေး (ပြန်/ဆက်)**

ထန်းလျက်လှိုင်လှိုင်ပေါ်ချိန် ဈေးကောင်းရရှိရန် တောင်သူများမျှော်လင့်

ငါ့သရောက် မေ ၂၄
မန္တလေးတိုင်းဒေသကြီး ညောင်ဦးရှိ ငါ့သရောက်မြို့၌ ထန်းလျက်လှိုင်လှိုင်ပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းနေသောကြောင့် ထန်းလျက်ဈေးကောင်းရရှိရန် မျှော်လင့်နေကြကြောင်း ထန်းတောင်သူများထံမှ သိရသည်။

ငါ့သရောက်မြို့အတွင်းရှိ ကျေးရွာများတွင် ထန်းတောင်သူအများအပြား ထန်းတက်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ပေါ်ဦးပေါ်ဖျား ထန်းလျက်တစ်ပိဿာ ကျပ် ၂၀၀၀ ရောင်းချခဲ့ရသော်လည်း ထန်းလျက်များလှိုင်လှိုင်ပေါ်ချိန် ထန်းလျက်ဈေး ကျပ် ၅၀၀ အထိ ကျဆင်းသွားခြင်းကြောင့် ထန်းတောင်သူများ ထန်းလျက်ဈေးပြန်လည်တက်လာရန် မျှော်လင့်နေကြကြောင်း ငါ့သရောက်မြို့ ထန်းပေါက်ကုန်းကျေးရွာ ထန်းတောင်သူ ဦးမြင့်စိုးက ပြောကြားသည်။

ငါ့သရောက်မြို့တွင် ထန်းတော၊ ထန်းပင် အလွန်ပေါကြွယ်ဝသည့်ဒေသဖြစ်ကာ ထန်းတက်လုပ်ငန်းလုပ်ကိုင်ကြသည့်ဦးရေ အတော်များများ ကျန်ရှိနေသေးကြောင်း၊ ထန်းလုပ်ငန်းများကို ပြာသိုလနှင့် တပို့တွဲလတို့တွင် ထန်းနို့ စထွက်ချိန် ထန်းပင်ပြင်ပြီး ထန်းလှီးကြကြောင်း၊ ထန်းနို့များရင့်ချိန်ဖြစ်သည့် ကဆုန်လတွင် ထန်းနို့များ ပြန်လည်ညှပ်ကာ ပြုပြင်၍ ဒုတိယအကြိမ် ထန်းလုပ်ငန်း ပြန်လုပ်ကြကြောင်း၊ ထန်းဖိုထန်းတက်ခြင်း နှစ်သီးစားရှိသလို ထန်းမ (ထန်းသီးသီးသောအပင်ကိုခေါ်ဆို)ထွက်ချိန် ကဆုန်လတွင် စတင်၍ထန်းပင်စပြင်ပြီး ထန်းတက်ကာ နယုန်လတွင် ထန်းသီးခိုင်များ ရင့်ချိန်တွင်လည်း ဒုတိယအကြိမ် ထန်းသီးခိုင်အားညှပ်ကာ ထန်းတက်ကြကြောင်း၊ ထန်းဖို နှစ်ကြိမ်၊ ထန်းမနှစ်ကြိမ်ဖြစ်အောင် ထန်းလှီးကြကြောင်း ကုလားတဲကျေးရွာ ထန်းတောင်သူ ဦးဇော်တင်က ပြောသည်။

ထွက်အား ပိုမိုကောင်းမည်

တန်ခူးလ၊ ကဆုန်လတို့တွင် ထန်းရည်များဖြိုင်ဖြိုင်ထွက်ကာ ထန်းလျက်လှိုင်လှိုင်ပေါ်ချိန်တွင် ထန်းလျက်ဈေးကျဆင်းလေ့ရှိကြောင်း သိရသည်။ ထန်းလျက်ချက်လုပ်ငန်းသည် လူပင်ပန်းသလောက် ကရိကထအလွန်များသည့် လုပ်ငန်းဖြစ်ကာ ထန်းလျက်ဈေးကျဆင်းသော်လည်း ထန်းလုပ်ငန်းရပ်ထား၍မရကြောင်း နေ့တိုင်း နံနက်၊ ည ထန်းနို့၊ ထန်းခိုင်များအား ပါးပါးလှီးဖြတ်ပေးမှသာ ထန်းရည်ချိုထွက်အား ပိုမိုကောင်းမည်ဖြစ်ပြီး ထန်းလှီးဓားဖြင့် နေ့စဉ်နှစ်ကြိမ် ပုံမှန်ထန်းလှီးရကြောင်း သိရသည်။

ထန်းလုပ်ငန်းသည် အိမ်ရှိ လူကုန်ပင်ပန်းသည့်လုပ်ငန်းဖြစ်ကာ ထန်းဆွဲမြူအိုးကောက်သူ၊ ထန်းလျက်ချက်သူ၊ ထန်းလျက်ကို မြို့သွားရောင်းသူ၊ ထန်းလှီးသူ စသည်ဖြင့် အိမ်ရှိလူကုန် ပင်ပန်းသောလုပ်ငန်းဖြစ်သည်။ ထန်းရာသီသိမ်းချိန်ဖြစ်သည့် တော်သလင်းနှင့် သီတင်းကျွတ်လတို့တွင် ထန်းရာသီသိမ်းကြောင်းသိရပြီး ထန်းလျက်လှိုင်လှိုင်ထွက်ရှိချိန် တစ်ပိဿာ ကျပ် ၁၅၀၀ သာရှိတော့ကာ ထန်းလျက်တစ်ပိဿာကျပ်၁၇၀၀ဈေးဆိုလျှင်ထန်းတောင်သူများအတွက် အသင့်တော် ဆုံးဈေးနှုန်းဖြစ်ကြောင်း ငါ့သရောက်မြို့ ထန်းတောင်သူများက ပြောသည်။

ကိုထိန်(ငါ့သရောက်)

ဘိုကလေးမြို့နယ်ရှိ ကသမျှင်စာဖြူစုကျေးရွာသို့ သောက်သုံးရေဂါလန် ၃၂၀၀လှူဒါန်း

ဘိုကလေး မေ ၂၄
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေါင့်ကြီးကျေးရွာအုပ်စု ကသမျှင်စာဖြူစုကျေးရွာတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မေ ၂၂ ရက် မွန်းလွဲပိုင်းက သောက်သုံးရေဂါလန် ၃၂၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေများ ဖြန့်ဝေပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၈၈ လုံး၊ လူဦးရေ ၁၀၆၀ အတွက် ဌာနပိုင်ယာဉ်ဖြင့် ရေဂါလန် ၃၂၀၀ အား ကျေးရွာအရောက် ပေးပို့လှူဒါန်းခဲ့ပြီး ဆက်လက်၍လည်း လှူဒါန်းပေးပို့သွားမည်ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးလက်နေ ပြည်သူများအနေဖြင့် နွေရာသီကာလ သောက်သုံးရေရှားပါးမှု အခက်အခဲများရှိပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **စိုးမိုးကျော်**

အော်ဂဲနစ်ရုံးပတီစိုက်ခင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ပုသိမ် မေ ၂၄
ပုသိမ်မြို့နယ် အမှတ်-၉ နယ်မြေ ကုလားစုကျေးရွာတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရောင်းချလျက်ရှိသော ဦးသိန်းဝင်းသည် ယခုနှစ်တွင် အော်ဂဲနစ်ရုံးပတီစိုက်ခင်းစိုက်ပျိုးထားကြောင်း သိရသည်။

ယခုစိုက်ပျိုးသည့် ရုံးပတီမျိုးစေ့မှာ အိန္ဒိယနိုင်ငံမှ ထုတ်လုပ်ရောင်းချသည့် အထုပ်များကို ရန်ကုန်မြို့တွင် ဝယ်ယူရကြောင်း၊ အထုပ်တစ်ထုပ်လျှင် နို့ဆီဘူး နှစ်ဘူးခန့်ရှိကာ စိုက်ပျိုးမည်ဆိုပါက တစ်ဧကခွဲမျှစိုက်ပျိုး၍ရကြောင်း၊ မျိုးစေ့တစ်ထုပ်ကို ဝယ်ယူရသည့် ဈေးနှုန်းမှာ ကျပ် ၃၅၀၀၀ ဖြင့် ဝယ်ယူရကြောင်း၊ မစိုက်ပျိုးမီမြောင်းတူးရာတွင် အကျယ် သုံးပေ၊ မြောင်းအရှည် ပေ ၅၀တူး၍ မြေကြီးကို မြေဩဇာအဖြစ် ကြက်ချေးဖြင့် သမအောင်ရောစပ်၍ နှစ်ရက်မျှထားရှိကာ မျိုးစေ့ချသည့်အခါ တစ်ပင်နှင့်တစ်ပင် နှစ်ပေစီခြား၍ စိုက်ပျိုးရကြောင်း၊ တစ်လခွဲ၊ နှစ်လခန့်ကြာသောအခါ အပင်များသန်မာပြီး အပွင့်များစတင်ပွင့်လာကာ အပင်ရင့်သန်ကြီးထွားပြီး ရက်ပေါင်း ၂၀ခန့်ကြာလျှင် အသီးများစတင်ခူး၍ရပြီဖြစ်ကြောင်း၊ စတင်ခူးချိန်တွင် ရုံးပတီသီးအတောင့်ရေ ၅၀၀ ခန့်ခူးဆွတ်ရပြီး အပင်ရင့်လာသည်နှင့်အမျှ တစ်နေ့လျှင် အသီး ၁၀၀၀ ခန့်ထွက်ရှိကြောင်း စိုက်ပျိုးသူများက ပြောသည်။

အော်ဂဲနစ်ရုံးပတီစိုက်ပျိုးရောင်းချသူ ဦးသိန်းဝင်းက ယခုစိုက်ပျိုးထားသည့် ရုံးပတီစိုက်ခင်းကို မည်သည့်ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများသုံးစွဲထားခြင်း မရှိကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှလည်း လာရောက်စစ်ဆေးမှုများပြုလုပ်ကြောင်း ပြောပြသည်။ ယခုအသီးပေါ်ချိန်တွင် ရုံးပတီသီးတစ်တောင့်လျှင် ၁၅ ကျပ်နှုန်းဖြင့် ရောင်းချပေးလျက်ရှိပြီး တစ်လကြာ ခူးဆွတ်ရောင်းချ၍ရကြောင်း သိရသည်။ စိုက်ပျိုးသူမှာ ရုံးပတီသီးအပြင် ခရမ်း၊ ချဉ်ပေါင်၊ တိုင်ထောင်ပဲများကိုပါ တွဲဖက်စိုက်ပျိုးရောင်းချပေးလျက်ရှိ၍ ဝင်ငွေများစွာရရှိကြောင်း သိရသည်။

မြင့်ဟန်(ပြန်/ဆက်)

ဈေးကွက်အတွင်း စိန်တလုံးသရက်သီးအနု ၅၀ ရာခိုင်နှုန်းခန့် ဝင်ရောက်မှုကြောင့် သရက်ဈေးကွက်ထိခိုက်ဟုဆို

ရန်ကုန် မေ ၂၄
ဈေးကွက်အတွင်း စိန်တလုံးသရက်သီးအနုများ ၅၀ ရာခိုင်နှုန်းခန့် ဝင်ရောက်လျက်ရှိသောကြောင့် ဈေးကွက်ထိခိုက်လျက်ရှိကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်က မေ ၂၃ ရက်တွင် ပြောကြားသည်။

သို့ဖြစ်၍ ဈေးကွက်ထိခိုက်မှုမရှိစေရန် သရက်သီးစိုက်တောင်သူများအနေဖြင့် အရည်အသွေးပြည့်ဝသည့် သရက်သီးများကိုသာ တင်ပို့ရောင်းချကျရန် ၎င်းက တိုက်တွန်းပြောကြားသည်။

"ရေရှည်ရပ်တည်ဖို့အတွက် အနုတွေကို မတင်စေချင်ဘူး။ ဈေးကွက်မှာ သွားထိခိုက်တာများတယ်"ဟု ဦးကျော်စိုးနိုင်က ပြောသည်။

ဈေးကွက်အတွင်း စိန်တလုံးသရက်သီးအနုများ ဝင်ရောက်ခြင်းမှာ ပြီးခဲ့သည့်ရက်ပိုင်းက မြန်မာပြည်အထက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် လေပြင်းများ တိုက်ခိုက်ခြင်းကြောင့် လေကြွေသရက်သီးနုများ ပါဝင်သည့်အတွက် စတင်ထွက်ပေါ်ချိန် ဈေးအဖွင့်ကောင်းသော်လည်း လက်ရှိတွင် ဈေးကွက်လျော့သွားခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့ပြင် စိန်တလုံးသရက်သီးများကို တရုတ်သို့ တင်ပို့ရာတွင်လည်း လမ်းပိုင်းကြန့်ကြာမှုရှိသဖြင့် အရည်အသွေး မရှိတော့သောကြောင့် ဈေးကွက်ထိခိုက်ရကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

"တရုတ်-မူဆယ် ဝင်ပေါက်က ကျင်စန်းကျော့ တစ်ပေါက်တည်းပဲ ရှိတယ်။ အရင်တုန်းက သရက်သီးကို မူဆယ် ၁၀၅ မိုင်မှာ ရောင်းပြီးတော့မှ တရုတ်ပြည်ထဲကို ပို့တာ။ အခုကျတော့ မူဆယ် ၁၀၅ မိုင်မှာ မရောင်းရဘဲနဲ့ တရုတ်ပြည်ကို တိုက်ရိုက်တင်သွင်းရတဲ့အတွက် ဝင်ပေါက်တစ်ခုတည်းမှာ ဖရဲ၊ သခွားမွှေးကားတွေရော၊ ငါးရှဉ့်ကားတွေရော၊ ငရုတ်ကားတွေရော၊ သရက်သီးကားတွေရောဆိုတော့ သွားရေးလာရေးက တော်တော်ခက်တယ်။ လမ်းခရီး ကြန့်ကြာမှုတွေရှိတဲ့အတွက် တချို့သရက်သီးတွေဆိုရင် ဒီနေ့ မူဆယ်ရောက်ပေမယ့် မနက်ဖြန်မှ ရောင်းရတဲ့အသီးတွေရှိတဲ့အတွက် ဈေးကွက်နည်းနည်းအေးတယ်" ဟု ဦးကျော်စိုးနိုင်က ပြောသည်။

ပြည်တွင်းမှထွက်ရှိသော စိန်တလုံးနှင့် ရွှေဟင်္သာသရက်တို့ကို တရုတ်နိုင်ငံသို့ ၈၀ ရာခိုင်နှုန်း တင်ပို့လျက်ရှိပြီး စိန်တလုံး ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင် ယွမ် ၇၀ မှ ၁၅၀ အတွင်းရကြောင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်မှ ဒုဥက္ကဋ္ဌ ဦးအောင်သက်ဦးက ပြောသည်။

လက်ရှိမြန်မာနိုင်ငံတွင် သရက်အမျိုးအစားပေါင်း ၂၀၀ ခန့်ရှိသော်လည်း စိန်တလုံး၊ ရွှေဟင်္သာ၊ ပတ္တမြားငမောက်၊ ရင်ကွဲ၊ မချစ်စုတို့ အစိုက်များပြီး ပြည်တွင်း မြကျောက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ကျောက်တိုင်သရက် စသည်ဖြင့် ဒေသထွက်အသီးများလည်းရှိကြောင်း၊ သရက်သီးများကို ဧရာဝတီတိုင်းဒေသကြီးတွင် သရက်စိုက်ဧက ၄၆၀၀၀ ခန့်ဖြင့် အများဆုံးစိုက်ပျိုးပြီး ပဲခူးတိုင်းဒေသကြီးတွင် သရက်စိုက်ဧက ၄၃၀၀၀ ခန့်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ မန္တလေးတိုင်းဒေသကြီးတွင် သရက်စိုက်ဧက ၂၉၀၀၀ ခန့်ဖြင့် တတိယအများဆုံးဖြစ်သည်။

ထို့ပြင် ကရင်ပြည်နယ်တွင် သရက်စိုက်ဧက ၂၄၀၀၀ ကျော်၊ ရှမ်းပြည်နယ်တွင်လည်း သရက်စိုက်ဧက ၂၀၄၀၀ ကျော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်း သရက်စိုက်ဧက ၂၀၀၀၀ ကျော်ရှိကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။ **ငြိမ်းငြိမ်း**

ဝန်းသိုမြို့နယ် မကျည်းကုန်းကျေးရွာတွင် ပြောင်းဖူးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ဝန်းသို မေ ၂၄
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မကျည်းကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ပြောင်းဖူးစိုက် တောင်သူများ၏ ပြောင်းဖူးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပြောင်းဖူးစိုက်တောင်သူ ဦးသန်းဆောင်ထံမှ သိရသည်။

" ကိုဗစ်-၁၉ ရောဂါ မဖြစ်ခင်က စိုက်ထားတဲ့ပြောင်းဖူးတွေက တစ်ဖူးကို ကျပ် ၁၈၀ မှ ၂၀၀ အထိ ရောင်းရတဲ့အတွက် တစ်ဧက လောက် စိုက်ရင် ငွေကျပ် ၁၅ သိန်းလောက် ကျန်ပါတယ်။ အခု ဖြစ်နေတဲ့ရောဂါကြောင့် အရောင်းအဝယ်က သိပ်မဖြစ်တော့ တစ်ဖူးကို ကျပ် ၇၀ နဲ့ ၈၀ ကြားသာ ရောင်းရတော့တယ်။ ဖောက်သည်ဈေးဆိုရင် ကျပ် ၅၀ နဲ့ သွင်းရပါတယ်။ ပြောင်းဖူးစိုက်ခင်း တစ်ဧကကို မျိုးစေ့ ငါးထုပ် ချရပါတယ်။ တစ်ထုပ်ကို ငွေကျပ် ၂၂၅၀၀ ပေးရပါတယ်။ တစ်ဧကစိုက်ပါက မျိုးစေ့တန်ဖိုးနှင့် အလုပ်သမားခများ အပါအဝင် ကုန်ကျစရိတ် ပျမ်းမျှအားဖြင့်ငွေကျပ် ၃၀၀၀၀၀ ဝန်းကျင်ရှိပါတယ်။ ဈေးကောင်းရင် တစ်ဧက ၁၀ သိန်းကျော် ကျန်ပါတယ်။ ဒါပေမယ့် ဒီနှစ်မှာ ပြောင်းဖူးဈေးမကောင်းတော့ တစ်ဧကကို ငွေကျပ် ၅၀၀၀၀၀ နဲ့ ၈၀၀၀၀၀ လောက်တော့ ကျန်မှာပါ"ဟု ပြောင်းစိုက်သူ ဦးသန်းဆောင်က ပြောသည်။

ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးရွာပေါင်း ၃၅ ရွာအား အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ယူနစ်အနေနှင့် ၂၁ ယူနစ် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မကျည်းကုန်းကျေးရွာတွင် စီမံကိန်းမတည်ရင်းနှီးငွေကျပ်သိန်း ၃၀၀ကို အရင်းမပျောက် မတည်ထုတ်ပေးထားရာ ယင်းငွေမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူ ၈၀ က လိုအပ်သည့် အရင်းအနှီးချေးယူ၍ လုပ်ကိုင်လျက်ရှိ ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

မွေးကြူဇင်

နှစ်(၅၀)ပြည့် မြေကမ္ဘာနေ့ အမှတ်တရ

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကြောင့် နိုင်ငံအများအပြား၌ အစိုးရအဖွဲ့တို့က ပြည်သူများ၏ သွားလာလှုပ်ရှားမှုကို ကန့်သတ်ထားစဉ် ယခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် အနှစ်(၅၀)ပြည့် မြေကမ္ဘာနေ့ ကျရောက်ခဲ့ပါသည်။

ယင်းကဲ့သို့ အစိုးရအဖွဲ့များက သက်ဆိုင်ရာ ပြည်သူတို့၏ နေအိမ်ပြင်ပသို့ သွားလာလှုပ်ရှားမှုများအပေါ် ကန့်သတ်တားမြစ်ထားမှုကြောင့် ကမ္ဘာတစ်ဝန်း အဆိပ်အတောက်ဓာတ်ငွေ့များ ထုတ်လွှတ်မှု သိသာစွာကျဆင်းခဲ့သလို သိပ္ပံပညာရှင်များအနေဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှု၊ ကမ္ဘာနှင့်တစ်ဝန်း အပူချိန်မြင့်တက်လာမှုတို့အတွက် လူသားတို့၌သာ များစွာတာဝန်ရှိသည်ဆိုသည့်အချက်ကို သိသာထင်ရှားစွာ လေ့လာခွင့်ရရှိခဲ့ပါသည်။

ကမ္ဘာ့လေထုနှင့် ပင်လယ်ပြင်တို့ ပိုမိုသန့်ရှင်းလာ

ကမ္ဘာ့နိုင်ငံအသီးသီး၌ အများပြည်သူတို့ နေအိမ်များ၌သာနေကြစဉ် ယာယီအခိုက်အတန့် ဖြစ်စေကာမူ ကမ္ဘာ့လေထုနှင့် ပင်လယ်ပြင်တို့မှာ များစွာသန့်ရှင်းလာကြပါသည်။ ကမ္ဘာပေါ်၌ လေထုညစ်ညမ်းမှု အမြင့်မားဆုံးမြို့ကြီးများအနက် တစ်မြို့အပါအဝင်ဖြစ်သည့် နယူးဒေလီမြို့၌ မီးခိုးမှိုင်းများ လွှမ်းခြုံမှုမှာ သိသာစွာလျော့ကျခဲ့ပြီး အိန္ဒိယနိုင်ငံအတွင်း ဆယ်စုနှစ်ပေါင်းများစွာ ပီပြင်စွာ မမြင်ခဲ့ရသည့် မြင်ကွင်းများကိုလည်း ရှင်းလင်းစွာ မြင်တွေ့နိုင်ခဲ့ပါပြီ။

အမေရိကန်ပြည်ထောင်စု၏ အရှေ့မြောက်ပိုင်း၌ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ညစ်ညမ်းမှုမှာ ၃၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ထိုနည်းတူ ၂၀၂၀ ပြည့်နှစ် မတ်လလယ်မှ ဧပြီလလယ်အတွင်း အီတလီနိုင်ငံ ရောမမြို့တော်၏လေထုညစ်ညမ်းမှုအနေအထားမှာ လွန်ခဲ့သောနှစ် အလားတူကာလထက် ၄၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ညအခါ ကြယ်များကို ပိုမိုထင်ရှားစွာ မြင်တွေ့နေပါပြီ။

တောရိုင်းတိရစ္ဆာန်များ၏ လွတ်လပ်စွာ လှုပ်ရှားသွားလာမှုများကို မြင်တွေ့လာရ

ထိုနည်းတူ နှစ်ပေါင်းများစွာ မြင်တွေ့ရခြင်းမရှိသည့် တိရစ္ဆာန်များ၏ လွတ်လပ်စွာ လှုပ်ရှားသွားလာမှုများကို မြင်တွေ့လာရပါသည်။ အမေရိကန်ပြည်ထောင်စု ရှီကာဂိုမြို့၏ မီချီဂန်လမ်းမကြီးတစ်လျှောက်နှင့် ဆန်ဖရန်စစ္စကိုမြို့၏ ဂိုးလ်ဒင်းဂိတ်တံတားကြီးအနီး သွားလာနေသည့် ခွေးရိုင်းများကို တွေ့မြင်နေရပါသည်။ ချီလီနိုင်ငံ ဆန်တီယေဂိုမြို့၏ လမ်းများ၌ သွားလာလှုပ်ရှားနေသည့် တောင်ခြသေ့တစ်ကောင်ကို တွေ့မြင်ရသည်ဟုလည်း ဆိုကြပါသည်။ ဝေလပြည်နယ်ရှိ မြို့တစ်မြို့၌ ဆိတ်များ လွတ်လပ်စွာလှုပ်ရှားသွားလာနေသလို အိန္ဒိယနိုင်ငံ၌လည်း ဆာလောင်မွတ်သိပ်နေသည့် မျောက်များသည် လူနေအိမ်များသို့ ဝင်ရောက်လာကြပြီး ရေခဲသေတ္တာအတွင်းမှ အစားအသောက်များအား ရှာဖွေနေသည်ကို တွေ့မြင်ကြရပါသည်။

မြေကမ္ဘာနေ့ နှစ်(၅၀)ပြည့် မတိုင်မီ လပေါင်းအတန်ကြာ မဟုတ်သည့်တိုင် ရက်သတ္တပတ်ပေါင်း အတန်ကြာ ကမ္ဘာ့နိုင်ငံအများစု၌ ကန့်သတ်တားမြစ်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ကမ္ဘာမြေကြီးသည် ပိုမိုသန့်ရှင်းလာပါသည်။ တောရိုင်းတိရစ္ဆာန်တို့၏ ပိုမိုလွတ်လပ်စွာ သက်ဝင်လှုပ်ရှားမှုများကို တွေ့မြင်လာရပါသည်။

ဩစတြေးလျနိုင်ငံ အဲဒယ်လိတ်မြို့မှ ရဲတပ်ဖွဲ့က လူသူကင်းမဲ့လုနီးပါးဖြစ်နေသည့် မြို့လယ်ကောင်၌ သားပိုက်ကောင်တစ်ကောင် ခုန်ဆွခုန်ဆွ ပြေးလွှားနေသည့် ဗီဒီယိုကို မျှဝေခဲ့ပြီး အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ရှိ ပန်းခြံတစ်ခု၌လည်း ခွေးအများ အုပ်စုလိုက် သွားလာနေခဲ့ကြောင်း သိရှိရပါသည်။

ဂေဟဗေဒဆိုင်ရာ ပြောင်းလဲမှုများအပေါ် စိစစ်လေ့လာရန် အခွင့်အရေးရရှိ

ဒျူခ်တက္ကသိုလ်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိပ္ပံပညာရှင် စတူးဝပ်ပင်းမ်က လူသားတို့အနေဖြင့် မိမိတို့၏ သာယာလှပသည့် ကမ္ဘာမြေအား မည်မျှဆိုးရွားစွာ ပြုမူထားသည်ကို မြင်တွေ့ခွင့်ရစေသည့် အထူးအခွင့်အရေးတစ်ခုဟုပင် တင်စားပြောဆိုခဲ့ပါသည်။ တစ်နည်းအားဖြင့် ကမ္ဘာမြေကြီးကို မည်မျှကောင်းမွန်စွာ ထိန်းသိမ်းထားရှိနိုင်သည်ကို မျက်လှည့်ပြသကဲ့သို့ မြင်တွေ့စေသည့် အခွင့်အရေးကောင်းတစ်ခုပင် ဆိုနိုင်ကြောင်းလည်း ပြောကြားခဲ့ပါသည်။

စတန်းဖို့ဒ် ပတ်ဝန်းကျင်ဆိုင်ရာ သစ်တောတက္ကသိုလ်မှ ညွှန်ကြားရေးမှူး ခရစ္စဖီးလ်က သိပ္ပံပညာရှင်များကို စုဝေး၍ ကမ္ဘာ့ပြည်သူအများစု နေအိမ်များ၌ နေထိုင်ကြခြင်းဖြင့် ဖြစ်ပေါ်လာသည့် ဂေဟဗေဒဆိုင်ရာ ပြောင်းလဲမှုများအပေါ် စိစစ်လေ့လာရန် ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့ပြည်သူအများစုကဲ့သို့ နေအိမ်များ၌ နေထိုင်နေကြသည့် သိပ္ပံပညာရှင်များကလည်း ရေညှိများ၊ အင်းဆက်ပိုးမွှားများ၊ ရာသီဥတုပုံစံများ၊ အသံနှင့် အလင်းတို့၏ ညစ်ညမ်းမှုများနှင့် ပတ်သက်၍ မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသည့် ပြောင်းလဲမှုများကို စိစစ်လေ့လာရန် စိတ်အားထက်သန်လျက်ရှိကြပါသည်။

အီတလီနိုင်ငံအစိုးရအနေဖြင့် အများသူငါတို့ သွားလာအသုံးပြုမှု မရှိခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပင်လယ်ပြင်အပြောင်းအလဲတို့အပေါ် လေ့လာရန် ပင်လယ်သမုဒ္ဒရာဆိုင်ရာ လေ့လာရေးတစ်ခုကိုပင် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ခရစ္စဖီးလ်က လူသားတို့သည် ကမ္ဘာမြေစနစ်ကို အရိုးရှည် တူမကြီးဖြင့် ထုနှက်ခဲ့သလို ပြုမူခဲ့ကြပြီး ယခုအခါ ကမ္ဘာမြေကြီး၏တုံ့ပြန်မှုကို မြင်တွေ့နေရသည့် အနေအထားဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ကျန်းမာရေးအကျိုးဆက်များဆိုင်ရာ တက္ကသိုလ်၏ အဆိုအရ သုတေသနပညာရှင်များအနေဖြင့် သမားရိုးကျ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ မီးခိုးလုံးများ၊ သေးငယ်လွန်းသည့် အမှုန်များ သိသာစွာ ကျဆင်းမှုကို လေ့လာလျက်ရှိကြပါသည်။

> ❖ **မြေကမ္ဘာနေ့ နှစ်(၅၀)ပြည့်မတိုင်မီ လပေါင်းအတန်ကြာ မဟုတ်သည့်တိုင် ရက်သတ္တပတ်ပေါင်းအတန်ကြာ ကမ္ဘာ့နိုင်ငံအများစု၌ ကန့်သတ်တားမြစ်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ကမ္ဘာမြေကြီးသည် ပိုမိုသန့်ရှင်းလာပါသည်။ တောရိုင်းတိရစ္ဆာန်တို့၏ ပိုမိုလွတ်လပ်စွာ သက်ဝင်လှုပ်ရှားမှုများကို တွေ့မြင်လာရ**
>
> ❖ **ဧပြီလ ၃ ရက်နေ့တွင် အိန္ဒိယနိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ ဂျာလန်ဒါမြို့မှ ဒေသခံများက နှင်းများဖုံးလွှမ်းနေသည့် ဟိမဝန္တာတောင်ထိပ်ကို မိုင်ပေါင်း ၁၀၀ ကျော်မှ ထင်ထင်ရှားရှား မြင်တွေ့ခဲ့ကြရာ ယင်းကဲ့သို့မြင်ကွင်းမျိုးကို မမြင်တွေ့ရသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်**

လွန်ခဲ့သည့် ငါးနှစ်ကာလနှင့် နှိုင်းယှဉ်ပါက ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကြောင့် အများပြည်သူတို့၏ သွားလာလှုပ်ရှားမှုအပေါ် ကန့်သတ်ခဲ့ပြီးနောက်ပိုင်း ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ပါရီမြို့၏ လေထုညစ်ညမ်းမှုသည် ၄၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အလားတူ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ၃၈ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံ ဘင်ဂေါလူရူမြို့၌ ၃၅ ရာခိုင်နှုန်း၊ လော့စ်အိန်ဂျလိစ်မြို့၌ ၂၉ ရာခိုင်နှုန်း၊ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ ၂၆ ရာခိုင်နှုန်း၊ တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌ ကိုးရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ကြောင်း နာဆာ၏ လေ့လာတိုင်းတာချက်များက ဖော်ပြခဲ့ပါသည်။

လာပက်မြို့ရှိ ဆန်အန်ဒရေတက္ကသိုလ်မှ ရေခဲပြင်လေ့လာရေးဆိုင်ရာ ပညာရှင် အက်ဒ်ဆင်ရာမီရက်ဇ်က ညစ်ညမ်းမှုများ စွန့်ထုတ်မှု ရုတ်တရက်ကျဆင်းလာခြင်းသည် အတိတ်ကာလ၌ အခြားသော ကျဆင်းမှုများနည်းတူ မြေကမ္ဘာအနေဖြင့် မည်မျှလျင်မြန်စွာ ပြန်လည်နာလန်ထူနိုင်သည်ကို လေ့လာခွင့်ရစေမည်ဖြစ်ကြောင်း ပြင်သစ်-၂၄ သတင်းဌာနသို့ ပြောကြားခဲ့ပါသည်။ လှုပ်ရှားသွားလာမှုများအပေါ် ကန့်သတ်ထားမှုကြောင့် လာပက်မြို့၌ ပြည်သူတို့၏ ခရီးသွားလာမှုမှာ ၉၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ယင်းကဲ့သို့ ကိန်းဂဏန်းများက ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရေး၌ လူသားတို့၏ ပြုမူဆောင်ရွက်ချက်များက မည်မျှအရေးပါသည်ကိုသိပ္ပံပညာရှင်များအား နားလည်စေခဲ့ပါသည်။

ကမ္ဘာ့လေထုဆိုင်ရာ နာဆာသိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ဘာရီလေဖာက လူသားတို့အနေဖြင့် လေထုညစ်ညမ်းမှုကို မဖြစ်စေသည့် မော်တော်ကားများ ပြောင်းလဲသုံးစွဲကြမည်ဆိုပါက ဖြစ်ပေါ်လာမည့် အခြေအနေကို မှန်းဆကြည့်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။ အချို့သော ပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များက လမ်းမပေါ်၌ သွားလာမှုလျော့ကျခြင်း၊ လေကြောင်းနှင့် ရေကြောင်း သွားလာမှုများ လျော့ကျခြင်းတို့က ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာတွင် ယခင်က ကမ္ဘာ့ခေါင်းဆောင်များက မှတ်ယူထားကြသည်ထက် ဖြစ်နိုင်ခြေများစွာရှိသည်ကို ပြသလျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ရာသီဥတုပြောင်းလဲရေးဆိုင်ရာ လှုပ်ရှားသူတစ်ဦးဖြစ်သည့် စက်ဘီးအားကစားသမား မိုက်အမ်က ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါကြောင့် သီတင်းနှစ်ပတ်အတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများက ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ လူမှုအသိုက်အဝန်းအနေဖြင့် များစွာလုပ်ဆောင်နိုင်သည်ကို ပြသလျက်ရှိကြောင်း၊ သို့ဖြစ်၍ လူမှုအသိုက်အဝန်းက ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ အပြုသဘော လျင်မြန်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအပေါ် အလေးထားကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

မြေကမ္ဘာနေ့ နှစ်(၅၀)ပြည့်မြောက် အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပေးပို့သည့် သဝဏ်လွှာ၌ ကမ္ဘာတစ်ဝန်းမှ အစိုးရအဖွဲ့များအား ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုအပေါ် စီးပွားရေးအရ တုံ့ပြန်ဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းပြီး အရေးကြီးသည့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကိစ္စအတွက် အလေးထားကြရန် တိုက်တွန်းခဲ့ပါသည်။

ယခုအချိန်အထိ အမေရိကန်ပြည်ထောင်စု၊ တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံအစိုးရအဖွဲ့များအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို တုံ့ပြန်၍ ရန်ပုံငွေအမြောက်အမြားသုံးစွဲပြီး စီးပွားရေးလုပ်ငန်းများကို ကယ်တင်ရန် ကြိုးပမ်းကြရာတွင် ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်များနှင့် စက်မှုလုပ်ငန်းများအပေါ် လက်ရှိသက်ရောက်ခဲ့သည့် ထိခိုက်မှုများအပေါ်သာ အလေးထားခဲ့ကြပါသည်။

သို့စေကာမူ လွန်ခဲ့သည့်သီတင်းပတ်အတွင်း ဂျာမနီ၊ ပြင်သစ်နှင့် အခြားသောအီးယူ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက ၎င်းတို့၏ နောက်ဆက်တွဲလုပ်ဆောင်ချက်များကို ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ရည်မှန်းချက်များနှင့် ဆက်နွှယ်ဆောင်ရွက်ရေးအတွက် ထောက်ခံမှုတို့ကို ထုတ်ဖော်ပြသခဲ့ကြပါသည်။ ကိုဗစ်-၁၉ ရောဂါနောက်ဆက်တွဲ ကူညီပံ့ပိုးမှုအစီအစဉ်ကို ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး ရည်မှန်းချက်များနှင့် ဆက်နွှယ်ဆောင်ရွက်မှုကို ပြသသည့်အနေဖြင့် ဩစတြီးယားနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီး လီယိုနောဂီဇက်စလာက ဩစတြီးယားလေကြောင်းလိုင်းအတွက် နိုင်ငံတော်၏အကူအညီများကို ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ရည်မှန်းချက်များနှင့် ဆက်နွှယ်ထားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ယင်းအခြေအနေများအနက် ခရီးတိုပြေးဆွဲသည့် လေကြောင်းခရီးစဉ်များကို သိသာစွာလျှော့ချရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူဖြစ်စေသည့် လောင်စာဆီများကို အသုံးပြုရေးနှင့် ပျံသန်းစရိတ်များဆိုင်ရာ အခွန်အခများကို ထိန်းညှိပေးရေးတို့ ပါဝင်ပါသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အများပြည်သူတို့မှ ပေးဆောင်နေသည့် အခွန်ငွေများကို စီးပွားရေးလုပ်ငန်းများအား ကယ်ဆယ်ရေးအတွက် အသုံးပြုကြရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်များနှင့် ဆက်နွှယ်ထားသင့်ကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးများကို အတိတ်ကာလအတွက်မဟုတ်ဘဲ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတို့ကို ပံ့ပိုးကူညီမည့် ကဏ္ဍများနှင့် စီမံကိန်းများ စီးဆင်းလည်ပတ်ရေးတို့အတွက် အသုံးပြုသင့်ကြောင်း တိုက်တွန်းခဲ့ပါသည်။

ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေပြီး အပူချိန်ကို ထိန်းသိမ်းထားသည့် ဖန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအတွင်း နှစ်ပေါင်း ၁၀၀ (သို့မဟုတ်) ယင်းထက်ကြာမြင့်အောင် တည်ရှိနေတတ်သဖြင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်ရန် အများပြည်သူတို့၏ လှုပ်ရှားသွားလာမှုများအပေါ် ကန့်သတ်မှုများသည် ကမ္ဘာကြီးပူနွေးလာမှုအပေါ် အကျိုးသက်ရောက်မှုမရှိနိုင်ကြောင်း ဘရိုတ်သရူးတက္ကသိုလ်မှ ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင် ဇီကီဟော်ဖာသာက ပြောကြားခဲ့ပါသည်။ ကာဗွန်ဒိုင်အောက်ဆိုက် မြင့်တက်မှုမှာ ဆက်လက်ဖြစ်ပေါ်နေသော်လည်း ယမန်နှစ်ကကဲ့သို့ မြန်ဆန်ခြင်းမရှိကြောင်းလည်း ပြောကြားခဲ့ပါသည်။

ဖိအားပေးထားသော ဓာတ်ငွေ့အတွင်းရှိ အယ်ရိုဆိုအရည်ညစ်ညမ်းမှုမှာ လေထုအတွင်းကြာရှည်စွာ မရှိတတ်သည့်အလျောက် ယင်းညစ်ညမ်းမှုမှာလည်း ကျဆင်းလျက်ရှိကြောင်း၊ သို့ရာတွင် အယ်ရိုဆိုအရည်မှာ မြေကမ္ဘာကို အေးမြစေရာ လက်ရှိအချိန်တွင် အယ်ရိုဆိုအရည် သိပ်သည်းမှုအဆင့် ကျဆင်းလာခြင်းက ဒေသအပူချိန်များအား မြင့်တက်စေခြင်း ရှိ၊ မရှိကို စစ်ဆေးလျက်ရှိကြောင်း ရာသီဥတုဆိုင်ရာ နာဆာသိပ္ပံပညာရှင် ဂါဗင်စမစ်က ပြောကြားခဲ့ပါသည်။

နှင်းများဖုံးလွှမ်းနေသည့် ဟိမဝန္တာတောင်ထိပ်ကို မိုင်ပေါင်း ၁၀၀ ကျော်မှ ထင်ရှားစွာ မြင်တွေ့ခွင့်ရ

အများပြည်သူတို့၏ သွားလာလှုပ်ရှားမှုများအပေါ် ကန့်သတ်ထားမှုကြောင့် လေထုသန့်ရှင်းစင်ကြယ်မှု ဖြစ်ပေါ်လာခြင်းကို တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၌ ပိုမိုမြင်သာစွာ တွေ့ရှိရပါသည်။ ဧပြီလ ၃ ရက်နေ့တွင် အိန္ဒိယနိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ ဂျာလန်ဒါမြို့မှ ဒေသခံများက နှင်းများဖုံးလွှမ်းနေသည့် ဟိမဝန္တာတောင်ထိပ်ကို မိုင်ပေါင်း ၁၀၀ ကျော်မှ ထင်ထင်ရှားရှား မြင်တွေ့ခဲ့ကြရာ ယင်းကဲ့သို့ မြင်ကွင်းမျိုးကို မမြင်တွေ့ရသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့ကြပါသည်။

ပင်လယ်လိပ်များ အနှောင့်အယှက်မှ ကင်းဝေး

ကမ္ဘာတစ်လွှားရှိ ပင်လယ်လိပ်များမှာလည်း လူသားများကြောင့် ပင်လယ်ကမ်းခြေ သဲသောင်များ၌ ဥချရန် အခက်အခဲများဖြစ်နေခဲ့ကြောင်း၊ ပင်လယ်လိပ်များအနေဖြင့် ဥချနိုင်ရေးအတွက် အနှောင့်အယှက်ကင်းဝေးရန် လိုအပ်သည့်အပြင် ကမ်းစပ်တစ်လျှောက် ထိန်ထိန်ညီးအောင် ထွန်းထားသည့် မီးများကြောင့် လိပ်ပေါက်စလေးများအတွက် ဇဝေဇဝါဖြစ်စေကြောင်း ပင်လယ်လိပ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အမှုဆောင်ဒါရိုက်တာ ဒေးဗစ် ဂေါ့ဖရီက ပြောကြားခဲ့ပါသည်။

သို့ရာတွင် လူသားများနှင့် အလင်းရောင်များ ကင်းဝေးလာချိန်တွင် ယခုနှစ်အတွင်း ပင်လယ်လိပ်များ ဥချမှုမှာ အာရှတိုက်ရှိ အိန္ဒိယနိုင်ငံမှ တောင်အမေရိကတိုက်ရှိ ကော့စတာရီကာနှင့် အမေရိကန်ပြည်ထောင်စုရှိ ဖလော်ရီဒါကမ်းခြေအထိတိုင်အောင် များစွာတိုးတက်ကောင်းမွန်လာသည့် အနေအထားရှိကြောင်း ဒေးဗစ် ဂေါ့ဖရီက ပြောကြားခဲ့ပါသည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုက လူသားများအတွက် မကြုံစဖူး အကျပ်အတည်းများ ဖြစ်ပေါ်စေခဲ့သော်လည်း သဘာဝတောရိုင်းတိရစ္ဆာန်များအတွက် စိတ်သက်သာမှုရစေသည့် မျှော်လင့်ချက်ရောင်ခြည်ဟုလည်း တင်စားပြောဆိုခဲ့ပါသည်။ ။

ကောင်းမွန်

Ref: "World marks 50th anniversary of Earth Day amid 'green' Covid-19 lockdown." France 24; Apr 22, 2020.

ကော်တင်ဟိုအား စာချုပ်ခေါ်ယူဖို့ ချယ်လ်ဆီးအသင်းအား ဂျွန်ဆင်တိုက်တွန်း

ချယ်လ်ဆီးအသင်းအနေနဲ့ အခုနှစ် နွေရာသီဈေးကွက်အတွင်းမှာ ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ကော်တင်ဟိုကို ခေါ်ယူဖို့ ချယ်လ်ဆီးအသင်းရဲ့ ညာနောက်တန်းကစားသမားဟောင်း ဂလန်းဂျွန်ဆင်က တိုက်တွန်းပြောကြားခဲ့ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ကော်တင်ဟိုကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ အခွင့်အရေးရရှိနေတဲ့ အသင်းတွေထဲက တစ်သင်းဖြစ်တယ်လို့လည်း ဂျွန်ဆင်က ပြောကြားခဲ့ပါတယ်။ ဘရာဇီးကြယ်ပွင့် ကော်တင်ဟိုဟာ လက်ရှိမှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှာ အငှားသွားရောက်ကစားနေတာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူဖို့မရှိတာကြောင့် ဘာစီလိုနာအသင်းဆီ ပြန်လည်သွားရောက်ကစားရဖို့ ရှိနေတာဖြစ်ပါတယ်။

ဒါပေမယ့် ဘာစီလိုနာအသင်းက ကော်တင်ဟိုကို အသင်းမှာဆက်ထားဖို့ ဆန္ဒမရှိဘဲ ရောင်းချဖို့ စီစဉ်နေတာဖြစ်လို့ ချယ်လ်ဆီးအသင်းအပါအဝင် ပရီမီယာလိဂ်ကလပ်အသင်းတချို့က ခေါ်ယူဖို့ စီစဉ်လာတာဖြစ်ပါတယ်။

ကော်တင်ဟိုဟာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းက လီဗာပူးအသင်းကနေ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ကြေးပေါင် ၁၄၂ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းဆီ ရောက်ကတည်းက ပုံမှန်ခြေစွမ်းပျောက်ခဲ့ရတာဖြစ်ပါတယ်။ အဲဒါကြောင့် ဘာစီလိုနာအသင်းက ကော်တင်ဟိုကို ဘိုင်ယန်မြူးနစ်အသင်းဆီ အငှားချခဲ့တာဖြစ်ပါတယ်။

ဂလန်းဂျွန်ဆင်နဲ့ ကော်တင်ဟိုတို့ဟာ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ လီဗာပူးအသင်းမှာ အတူကစားခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းအနေနဲ့ ထိပ်တန်းကစားသမားတစ်ဦးဖြစ်တဲ့ ကော်တင်ဟိုကို ခေါ်ယူသင့်တယ်လို့ ဂျွန်ဆင်က ပြောကြားခဲ့ပါတယ်။

လိုက်ဇစ်တိုက်စစ်မှူး တီမိုဝါနာ လီဗာပူးအသင်းသို့ပြောင်းရွှေ့ရန် အသင့်ရှိဟုဆို

ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ဇစ်အသင်းရဲ့ တိုက်စစ်မှူး တီမိုဝါနာဟာ ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းဆီ ပြောင်းရွှေ့ကစားဖို့ အသင့်ရှိနေတယ်လို့ သိရပါတယ်။ တီမိုဝါနာဟာ ပြီးခဲ့တဲ့နွေရာသီဈေးကွက်အတွင်းက ၂၀၂၃ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးမြှင့်ခဲ့တာဖြစ်ပေမယ့် လီဗာပူးအသင်းကတော့ တီမိုဝါနာကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ပြောကြားထားတာဖြစ်ပါတယ်။

ဂျာမနီကြယ်ပွင့် တီမိုဝါနာဟာ ပြီးခဲ့တဲ့ နွေရာသီဈေးကွက်အတွင်းက ပြောင်းရွှေ့ကြေးယူရိုသန်း ၃၀ နဲ့ ဘိုင်ယန်မြူးနစ်အသင်းဆီ ပြောင်းရွှေ့ဖို့နီးစပ်ခဲ့တာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းကလည်း လက်ရှိအချိန်အထိ ခေါ်ယူဖို့စိတ်ဝင်စားနေဆဲဖြစ်တယ်လို့ သိရပါတယ်။

တိုက်စစ်မှူးတီမိုဝါနာဟာ အခုနှစ်ဘောလုံးရာသီမှာ လိုက်ဇစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၂၇ ဂိုးအထိ သွင်းယူပေးခဲ့တာဖြစ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း ကွာတားဖိုင်နယ်အဆင့်ရောက်အောင် ကူညီပေးခဲ့တာလည်းဖြစ်ပါတယ်။

လီဗာပူးအသင်းနည်းပြ ကလော့အနေနဲ့ တီမိုဝါနာကို ပြောင်းရွှေ့ကြေးပေါင် ၅၂ သန်းနဲ့ ခေါ်ယူဖို့ စီစဉ်ထားတာဖြစ်ပြီး နွေရာသီဈေးကွက်အတွင်းမှာ လီဗာပူးအသင်းရဲ့ တိုက်စစ်ပိုင်းမှာ မြင်တွေ့ရဖို့လည်း ရှိနေတာဖြစ်ပါတယ်။ လီဗာပူးအသင်းရဲ့ တိုက်စစ်ပိုင်းမှာ မိုဟာမက်ဆာလာ၊ ရောဘတ်တိုဖာမီနိုနဲ့ ဆာဒီယိုမာနေးတို့ရှိနေတာကြောင့် တီမိုဝါနာအနေနဲ့ ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့အတွက် ပြိုင်ဆိုင်မှုပြင်းထန်လိမ့်မယ်လို့လည်း မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

တောင်ပံကစားသမားဝီလီယံ ချယ်လ်ဆီးအသင်းမှ ထွက်ခွာမည်

ချယ်လ်ဆီးအသင်းမှ ဘရာဇီးကြယ်ပွင့် ဝီလီယံဟာ အခုနှစ် နွေရာသီဈေးကွက်အတွင်းမှာ အခြားကလပ်အသင်းတွေဆီ ပြောင်းရွှေ့ကစားဖို့အတွက် စတမ်းဖို့ဒ်ဘရစ်ချ်ကနေ ထွက်ခွာဖို့ရှိနေတယ်လို့ သိရပါတယ်။

အသက် ၃၁ နှစ်အရွယ် တောင်ပံကစားသမား ဝီလီယံဟာ ချယ်လ်ဆီးအသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်က ဇွန်လအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး ချယ်လ်ဆီးအသင်းနဲ့

ဝီလီယံရဲ့ ကိုယ်စားလှယ်ဖြစ်သူတို့ စာချုပ်သစ်အတွက် ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပေမယ့် သဘောတူညီချက်မရရှိခဲ့ဘူးလို့ သိရပါတယ်။ ဝီလီယံအနေနဲ့ ချယ်လ်ဆီးအသင်းမှာ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုချင်ပေမယ့် ချယ်လ်ဆီးအသင်းကတော့ အသက် ၃၀ ကျော်သွားပြီဖြစ်တဲ့ ဝီလီယံကို နှစ်နှစ်သာ ထပ်တိုးချုပ်ဆိုဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် သဘောတူညီချက်မရရှိခဲ့သဖြင့် အသင်းကနေ ထွက်ခွာဖို့ စီစဉ်လာတာဖြစ်ပါတယ်။

လက်ရှိမှာ ချယ်လ်ဆီးတောင်ပံကစားသမား ဝီလီယံကို ခေါ်ယူဖို့ အာဆင်နယ်အသင်း၊ စပါးအသင်း၊ ဘာစီလိုနာအသင်း၊ ဂျူဗင်တပ်အသင်း၊ ပီအက်စ်ဂျီအသင်းနဲ့ လီဗာပူးအသင်းတို့က ခေါ်ယူဖို့ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

ဝီလီယံဟာ ဘောလုံးပွဲတွေ ရပ်နားထားချိန်မှာ ချယ်လ်ဆီးအသင်းက အိမ်ပြန်ခွင့်ပြုခဲ့တာကြောင့် လက်ရှိမှာ ဘရာဇီးကို ရောက်ရှိနေတာဖြစ်လို့ ပရီမီယာလိဂ်ပြိုင်ပွဲတွေ ပြန်လည်စတင်ချိန်မှာ ချယ်လ်ဆီးအသင်းနဲ့အတူ ပါဝင်လာဖို့မရှိဘူးလို့လည်း သိရပါတယ်။

ဝီလီယံဟာ ၂၀၁၃ ခုနှစ်က ရုရှားကလပ် အန်ဇီအသင်းကနေ ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ နဲ့ ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့လာတာဖြစ်ပြီး လက်ရှိအချိန်အထိ ချယ်လ်ဆီးအသင်းအတွက် ၃၂၈ ပွဲမှာ သွင်းဂိုး ၅၉ ဂိုးနဲ့ ဂိုးဖန်တီးမှု ၅၉ ကြိမ် ပြုလုပ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။ ဝီလီယံဟာ ချယ်လ်ဆီး ကစားသမားဘဝမှာ ပရီမီယာလိဂ်ဖလားနှစ်ကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်နဲ့ ယူရိုပါလိဂ်ဖလားတစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

ငွေကြယ်- စုစည်းသည်

အနုပညာ

လေဒီဂါဂါရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်အားဖြည့်သီဆိုထားတဲ့ BLACK PINK

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ဟာ နာမည်ကျော် အမေရိကန်ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါရဲ့ အကြာမီထွက်ရှိလာမယ့် တေးအယ်လ်ဘမ်သစ်မှာ ပါဝင်သီဆိုထားကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လေဒီဂါဂါရဲ့ တေးအယ်လ်ဘမ်သစ်မှာ တေးသီချင်းစုစုပေါင်း ၁၉ ပုဒ်ပါဝင်ခဲ့ကာ အဲဒီထဲက တစ်ပုဒ်ဖြစ်တဲ့ Sour Candy မှာ BLACK PINK ပါဝင်အားဖြည့်သီဆိုပေးထားတာဖြစ်တယ်လို့ သိရပါတယ်။

လေဒီဂါဂါရဲ့ တေးအယ်လ်ဘမ်သစ်ကို ယခင်က ဧပြီ ၁၀ ရက်မှာ စတင်ထုတ်လွှင့်ဖို့ စီစဉ်ထားခဲ့တာပါ။ ဒါပေမယ့် လတ်တလော ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှုကို ရွှေ့ဆိုင်းခဲ့ပါတယ်။ တေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်ရက်ကိုတော့ လက်ရှိအချိန်အထိ ပြန်လည်ထုတ်ပြန်ခဲ့ခြင်းမရှိသေးကြောင်း သိရပါတယ်။

အနုပညာခရီး ၁၈နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ ရိန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ ရိန်းဟာ တစ်ကိုယ်တော်တေးသံရှင် တစ်ဦးအဖြစ် တေးဂီတလောကအတွင်း စတင်ဝင်ရောက်ခဲ့ကာ နောက်ပိုင်းမှာ သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်ခဲ့သူပါ။ လတ်တလောမှာ ရိန်းအနေနဲ့ အနုပညာလောကအတွင်း စတင်ဝင်ရောက်ခဲ့တာ ၁၈ နှစ်ပြည့်ခဲ့ပြီဖြစ်ကာ နှစ်ပတ်လည်နေ့မှာတော့ ရိန်းက သူ့ကို အားပေးလာခဲ့တဲ့ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၂၄ ရက်မှာ ရိန်းအနေနဲ့ တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် တေးဂီတလောကအတွင်း စတင်ဝင်ရောက်လာတာ ၁၈ နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ နှစ်ပတ်လည်နေ့မှာ ရိန်းက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ရိန်းက တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ပရိသတ်ရှေ့ထွက်ကာ ပထမဆုံးအကြိမ် ဖျော်ဖြေခဲ့တဲ့နေ့မှ စကာ လက်ရှိအချိန်အထိ သူ့ကို အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒီလို ရေးသားဖော်ပြမှုနဲ့အတူ ရိန်းက သူ့ရဲ့ ပွဲဦးထွက်ဖျော်ဖြေမှုမစတင်မီ ရိုက်ကူးထားတဲ့ ဗီဒီယိုကိုလည်း အင်စတာဂရမ်ပေါ်မှာ ဖော်ပြခဲ့ပါတယ်။ အဆိုပါဗီဒီယိုမှာ ရိန်းက ပထမဆုံးဖျော်ဖြေမှုအတွက် စိတ်လှုပ်ရှားနေမိကြောင်းနဲ့ ကြောက်ရွံ့နေမိကြောင်း သူ့ရဲ့ ခံစားချက်တွေကို ပြောကြားထားတာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် ရိန်းက ရှေ့ဆက် ရရှိလာမယ့်အရာတွေအတွက် ကောင်းမွန်တဲ့ခံစားချက်တွေ သူ့ဆီမှာရှိနေကြောင်း ပြောကြားခဲ့တာကိုလည်း အဆိုပါဗီဒီယိုမှာ တွေ့ရပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကုသရေးအတွက် အမေရိကန်ဒေါ်လာခြောက်သန်း ဘီယွန်းစေး လှူဒါန်းမည်

ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဘီယွန်းစေးဟာ လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ အသုံးပြုနိုင်ဖို့ အမေရိကန်ဒေါ်လာခြောက်သန်း လှူဒါန်းသွားမှာဖြစ်ကြောင်း ဟာပါဘဇာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဘီယွန်းစေးတည်ထောင်ထားတဲ့ BeyGOOD ဟာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေစဉ်ကာလအတွင်း စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနဲ့ပတ်သက်ပြီး စောင့်ရှောက်ပေးဖို့နဲ့ အစားအစာရရှိဖို့အတွက် ရည်ရွယ်လှူဒါန်းသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့်
စုစည်းသည်

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
ကြေညာချက်
(ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်)

၁။ (၁၅)ကြိမ်မြောက် ၁၀၀၀/-ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၅-၂၀၂၀ ရက်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့် အောင်ဘာလေထီဝယ်ယူခွင့် ရရှိသူများထံသို့ အချိန်မီဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

၃။ ယခုအခါ ဖြစ်ပေါ်လျက်ရှိသော COVID-19 ရောဂါအခြေအနေများကြောင့် အောင်ဘာလေထီ ဝယ်ယူခွင့်ရရှိသူများမှ အောင်ဘာလေထီလက်မှတ်များ လာရောက်ထုတ်ယူခြင်းမပြုသဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအသီးသီးတွင် အောင်ဘာလေထီလက်မှတ်များ ကျန်ရှိလျက် ရှိပါသည်။

၄။ အဆိုပါ ကျန်ရှိသော မရောင်းရထီလက်မှတ်များစာရင်းကို စိစစ်ပြုစုပြီးပါက (၁၅)ကြိမ်မြောက် ၁၀၀၀/-ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်မည့် ဆုမဲစာရင်းကို အချိန်မီ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သက်ဆိုင်သူများနှင့် အများသိရှိစေရန် ကြေညာခြင်း

ဒေါ်သုသုခင် (၁၂/မဂဒ(နိုင်)၁၅၆၇၃) ကိုင်ဆောင်သူ (Facebook Account - Thu Thu) ပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်သုသုခင် (Facebook Account - Thu Thu) ပိုင်ရှင်သည် Facebook၊ Internet၊ [illegible]

[illegible]

[illegible] ဒေါ်သုသုခင် (Facebook Account - Thu Thu) ပိုင်ရှင်နှင့် [illegible] Facebook ပေါ်တွင် [illegible] Post တင်၍ဖြစ်စေ၊ Facebook Messager မှဖြစ်စေ၊ ဖုန်း Message ဖြင့်ဖြစ်စေ၊ Viber ဖြင့်ဖြစ်စေ၊ [illegible] အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်ကျော်
LL.B.,B.A (Business Law).,C.B.L., DL.101 WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-[illegible])
အမှတ် ([illegible]) [illegible] ရန်ကုန်မြို့။
Ph : 09 - 8610513, 09 - 250729155, 09 - 766345666

မြို့ရွာတစ်ခွင် သာစေချင်
မီးတွင်မပေါ့နှင့်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
စစ်ကိုင်းတိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၃၃ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၆-၄-၂၀၂၀ ရက်မှ ၅-၅-၂၀၂၀ ရက်အထိ
၃။ တင်ဒါတင်သွင်းရမည့်ရက် - ၈-၅-၂၀၂၀ ရက်၊ ၁၆:၀၀ နာရီ
၄။ တင်ဒါတင်သွင်းရမည့်နေရာ - တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့။
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊
ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့။
ဖုန်းနံပါတ်-၀၇၁-၂၂၈၁၇

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ [illegible] အမှတ် (၆၂ + ၆၇) တွင် [illegible] Myanmar I - Tex Garment Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

Myanmar I - Tex Garment Co., Ltd. [illegible]

Myanmar I - Tex Garment Co., Ltd. [illegible] Facebook [illegible] Myanmar I - Tex Page [illegible] Messenger, Viber, Wechat နှင့် Online [illegible] Online Facebook ပေါ်တွင် Myanmar I - Tex Garment Co., Ltd. နှင့်ပတ်သက်သော [illegible]

[illegible] အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

[illegible]
တရားလွှတ်တော်ရှေ့နေ (စဉ် - [illegible])
[illegible]
ရန်ကုန်မြို့
ဖုန်း [illegible]

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန
ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဌာနခွဲ၊ ရေအရည်အသွေးစစ်ဆေးရေးနှင့် ရေချိုသုတေသနဌာနစု (သာကေတ)ရှိ (E) ပုံသဏ္ဍာန် အဆောက်အဦပင်မဆောင် ပေ(၁၂၀x၁၅) နှင့် အဆွယ်ဆောင် ပေ(၆၀x၁၅) (၃) လုံး(အပါအဝင်) အဆောက်အဦများအား လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသဖြင့် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက် - (၂၅-၄-၂၀၂၀) ရက်
(ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - (၄-၅-၂၀၂၀) ရက်
(ဂ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်အချိန် - ၁၆:၃၀ နာရီ
(ဃ) တင်ဒါတင်သွင်းမည့်နေရာ - ရန်ကုန်တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနရုံး၊ ပိတောက်လမ်း၊ ဘုရင့်နောင်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၇၇၅၅၉၈/ ၀၉-၄၂၂၇၀၆၀၀၁၊ ၀၉-၅၀၉၃၇၇၂

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ ကွင်းအမှတ်(၈၈-၁၃)၊ ဦးပိုင်အမှတ်(၃၉)၊ မြေဧရိယာ(၀.၀၅၅၁)ဧကရှိ နှစ် (၃၀)ဂရန်မြေကွက်နှင့် မြေပေါ်ရှိအဆောက်အအုံ၊ ပစ္စည်းအရပ်ရပ်၊ သွယ်တန်းတပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမီတာတို့ကို အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွယ်နွယ်ဝင်း (အဖ) ဦးမောင်ကို [၅/မမန(နိုင်)၀၀၄၃၉၃]၏ အထူးကိုယ်စားလှယ်လွှဲအမှတ်(၃၂၄၄/၂၀၁၅)ရရှိသူ ဦးခန့်တက် (အဖ) ဦးခိုင်မြင့်မောင်[၉/မဟမ(နိုင်) ၀၃၂၄၂၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီထားပါသည်။

အထက်ဖော်ပြပါ ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံ ပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိခဲ့ပါက အရောင်း အဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်ချက်အရ-
ဒေါ်ချိုချိုဦး ADVOCATE
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၃၀)
LL.B, D.B.L, D.I.L, H.G.P
DL 101 I Plaw (GENEVA)
အမှတ်(၈၈)၊ ၈၅ လမ်း၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉၄၄၁၀၀၇၄၃၅၊ ၀၉- ၇၇၈၃၈၈၁၄၅

သင့်သွေးဖြင့် အသက်ကယ်ပါ

TMR 004815(0320) ၊ (ဆေးမှုန့်)TMR 000394(0320)
ကျွမ်းရှက်ပုံ ဆေးကောင်း
မြန်မာ့တိုင်းရင်းဆေးပက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။
လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိသားစုများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မတည်ငွေလျှော့ချခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ-၁၁၆(ဈ)အရ

Great Victory Development Co.,Ltd သည် မတည်ငွေလျှော့ချခြင်းအား (၅)ရက် အောက်တိုဘာလ၊ ၂၀၁၉)တွင် ပြုလုပ်သောအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မတည်ငွေ-၅၀၀.၀၀၀,၀၀၀/-ကျပ်မှ ၂၀၀,၀၀၀,၀၀၀/-ကျပ်ထိ လျှော့ချပြီးစီးပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

MD
Great Victory Development Co.,Ltd

ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း
မန်းဆိုးတန်းလမ်းအောက်ဆုံးလောက်မှ ၅မိနစ် သဘောင်္ဆိပ်၊
ဗဟိုကားဂိတ်မှ ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်း ဆဲတွန်း ရှိသည်၊ မီးဖျက်လျှင်မီးစက်မောင်းသည်၊
(၁၃၉၉) ခိုင်ရှုပ်(၁)လမ်း၊ ...၊ ...မြို့နယ်၊
01 ၂၆၉၁၅၅
09 ၂၅၀၆၆၇၀၂၈
09 ၂၅၂၀၈၂၅၃၃
၁၁၀၀၀ကျပ်
၂၀၀၀၀ကျပ်

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားဦးစီးဌာန
တံတားအထူးအဖွဲ့(၁၆)
ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၆) မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ပုသိမ်တံတားအမှတ်(၂)စီမံကိန်းတွင် ခေတ်မီသော Decorative Lighting တပ်ဆင်ခြင်းလုပ်ငန်းကို သတ်မှတ်ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ကုမ္ပဏီများသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၅၁၀၆၃၃၉၊ ၀၉-၂၅၄၀၁၇၃၀၀၊ ၀၉-၂၅၀၂၄၃၅၇၊ ၀၉-၄၂၀၀၈၃၈၉၅သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို တံတားအထူးအဖွဲ့(၁၆)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က)	တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်	- ၂၄-၄-၂၀၂၀ရက်
(ခ)	တင်ဒါလျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက်	- ၁၅-၅-၂၀၂၀ရက်၊ ၁၆:၀၀နာရီ
(ဂ)	တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/နေရာ	- ၂၂-၅-၂၀၂၀ရက် အခြေစိုက်ရုံး၊ တံတားအထူးအဖွဲ့(၁၆)၊ ပုသိမ်မြို့
(ဃ)	တင်ဒါလျှောက်လွှာဖွင့်လှစ်မည့်ရက်	- ၂၆-၅-၂၀၂၀ရက်

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
တံတားအထူးအဖွဲ့(၁၆)

ခန္ဓာကိုယ်ခုခံအားစနစ် မြှင့်တင်ပေးရန်
အစာအိမ်နှင့် အူလမ်းကြောင်းစနစ် ကောင်းမွန်စေရန်
ဒိန်ချဉ်ဆေး
FAME
Biogurt
ရန်ကုန်မြို့တွင်း အိမ်အရောက် ပို့ပေးနေပါပြီ
01-3681908, 09-752721908, 09-954271908
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -
TMR 011383 (0621)

လင်းယုန်အဆင့်မြင့်တည်းခိုခန်း
ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရေးလွယ်ကူသည်။
သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်၊ ရေချိုးခန်းပါသည်၊ ဘိုက်ဖိုင်ပါသည်၊ မီးပျက်လျှင် မီးစက်မောင်းသည်၊
(၁၉၂)အာဇာနည်လမ်း(ဘုရင့်နောင်လမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး
01 ၆၅၆၀၈၈
09 ၄၃၀၄၃၈၆၇၃
09 ၄၀၄၇၇၁၆၀၁
၁၀၀၀၀ကျပ်
၁၅၀၀၀ကျပ်

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၁/ခ)ရပ်ကွက်၊ စံပယ်ဖြူလမ်း၊ တိုက်အမှတ် (Row House R-11)၊ (၈)ခန်းတွဲ RC (2) ထပ်အဆောက်အအုံ၏အခန်းအမှတ်(C)၊ (ပထမထပ်)+(မြေညီထပ်)၊ ဧရိယာ(၉၇၃.၈၀) စတုရန်းပေရှိ ခရေပင်ရိပ်မွန် (၂)အိမ်ရာတိုက်ခန်းနှင့် ၎င်းခရေပင်ရိပ်မွန်(၂) အိမ်ရာတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးမျိုးမင်း [၇/ပခန(နိုင်)၀၆၅၈၅၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးသက်နောင်ချို[၁၄/အဂပ(နိုင်)၁၃၁၃၈၆]၊ ဒေါ်သင်းသင်းဆွေ[၁၄/အဂပ(နိုင်)၁၃၁၅၅၄]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသက်နောင်ချို၊ ဒေါ်သင်းသင်းဆွေတို့၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမင်းစိုး	ဒေါ်သူဇာကျော်	ဒေါ်ဝေဖြိုးအောင်
LL.B,WIPO(Switzerland)	LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)	LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)
Ph:09-450023651	Ph:09-254508917	Ph:09-421157856

Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၄)လမ်း၊ အမှတ်(၃၉၁/က) နှစ်ခန်းတွဲ RC (၅)ထပ်တိုက်မှ စတုတ္ထထပ်(၅လွှာ)၊ (တိုက်မျက်နှာမူညာဘက်ခန်း) ဧရိယာ(၇၁၄)၊ စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ညွန့်[၁၂/ဥကမ(နိုင်)၁၀၆၂၄၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်မြင့်မြင့်လှိုင်[၇/သကန(နိုင်)၁၀၁၅၇၅]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်လှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမင်းစိုး	ဒေါ်သူဇာကျော်	ဒေါ်ဝေဖြိုးအောင်
LL.B,WIPO(Switzerland)	LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)	LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)
Ph:09-450023651	Ph:09-254508917	Ph:09-421157856

Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရှုခင်းသာလမ်း၊ အမှတ်(၃/၁)၊ (၄)ခန်းတွဲRC(၄)ထပ်အဆောက်အအုံ၏ တိုက်အမှတ်(ဒီ)၊ အခန်းအမှတ်(၃၀၄)၊ (၃လွှာ)၊ ဧရိယာ(၁၈၂၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဌေးဌေးကြည်[၁၂/ကမရ(နိုင်)၀၀၅၈၅၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဝင်းကျော်မင်း[၁၂/မရက(နိုင်)၁၁၃၈၁၀]၊ ဒေါ်ယဉ်ယဉ်ထွေး[၁၂/မရက(နိုင်)၁၂၉၀၄၂]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဝင်းကျော်မင်း၊ ဒေါ်ယဉ်ယဉ်ထွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမင်းစိုး	ဒေါ်သူဇာကျော်	ဒေါ်ဝေဖြိုးအောင်
LL.B,WIPO(Switzerland)	LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)	LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)
Ph:09-450023651	Ph:09-254508917	Ph:09-421157856

Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

DKY ပုဂ္ဂလိက ဘိုးဘွား ပြုစုရေးစင်တာမှ နွေးထွေး စွာ ကြိုဆိုနေပါတယ်။
ဖုန်း-၀၉-၇၇၁၂၀၄၇၀၄

မြေကွက်ရောင်းမည်
စမ်းချောင်းမြို့နယ်၊
Time City အနီး၊ ပေ(25x70)
ဂရန်အမည်ပေါက်
Ph:09-449003811,
01-504211

ရန်ကုန်မြို့၊ လသာမြို့နယ်၊ သိမ်ကြီးဈေး(ဒီ)ရုံ၊ မြေညီထပ်ရှိ ဒေါ်တင်အောင်(ခ)ဒေါ်ကျင်အောင် အမည်ပေါက် မြို့တော်စည်ပင်သာယာမှ သတ်မှတ်ထားသည့်အတိုင်းအတာပါဖြစ်သော ဆိုင်ခန်းအမှတ်(၁၁၆)ဟုခေါ်တွင်သည့် ဆိုင်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါဆိုင်ခန်းကို ကျွန်ုပ်တို့မိတ်ဆွေ ဦးမောင်မောင်လှ[၁၂/လမတ(နိုင်)၀၁၁၇၉၃] အမှတ်(၉၀-စီ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ် နေသူက လွန်ခဲ့သော ၂၀-၈-၂၀၀၈ ရက်က ဆိုင်ခန်းရောင်းချသူများဖြစ်သော-(၁) ဒေါ်ခင်ကြည်[၁၂/မဘန(နိုင်)၀၄၃၂၄၂]၊ အမှတ်(၉၆)၊ ပထမထပ်၊ ဘုန်းကြီးလမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ (၂)ဒေါ်ခင်နု[၁၂/စခန(နိုင်)၀၄၁၃၂၆]၊ အမှတ်(၁၅)၊ ရန်ကင်းလမ်း၊ မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ (၃)ဦးစိန်မြင့်[၁၂/မဘန(နိုင်)၀၄၃၂၄၁]၊ အမှတ်(၁၅)၊ ရန်ကင်းလမ်း၊ မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နှင့် (၄)ဒေါ်မြင့်မြင့်သိန်း[၁၂/ဥကမ(နိုင်)၁၅၈၃၈၀]၊ အမှတ်(၁၅)၊ ရန်ကင်းလမ်း၊ မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူတို့က ထိုစဉ်ကတန်ဖိုးငွေကျပ် (၅၀၀၀၀၀၀/-) (ငွေကျပ်သိန်းငါးဆယ်တိတိ)ဖြင့် ရောင်းချခဲ့သဖြင့် ဦးမောင်မောင်လှမှ ဝယ်ယူခဲ့ပါသည်။ ဝယ်ယူပြီးနောက် (၃)ရက်အကြာတွင် ရောင်းချသူများမှ လက်ဖက်ခြောက်ရောင်းချခွင့်ပြုရန် တောင်းပန်ပြောဆိုကာ ဆိုင်သော့အား တောင်းယူခဲ့ပါသည်။ ထို့နောက် (၁၅)ရက်ခန့်အကြာ ရောင်းချသူများမှ ဦးမောင်မောင်လှအား အထက်ပါဆိုင်ခန်းနှင့်ပတ်သက်၍ ဆိုင်အမည်ပေါက်ပိုင်ဆိုင်ရန် စည်ပင်သာယာတွင် အမည်ပြောင်းလဲပေးမည်ဟုဆိုကာ ထပ်မံပြီး အဆိုပါဆိုင်ခန်း၏ ပိုင်ဆိုင်မှုစာအုပ်ကိုလည်း တောင်းယူသွားခဲ့ပါသည်။ ထို့နောက် ၂၀၁၁ ခုနှစ်တွင် ဦးမောင်မောင်လှမှ ဆိုင်ခန်းအား သွားရောက်ကြည့်ရှုစဉ်တွင် အထက်ပါဆိုင်ခန်းတွင် အခြားသူများမှ ဖွင့်လှစ်ရောင်းချနေသည်ကို တွေ့သဖြင့်စုံစမ်းရာ အမှတ်စဉ်(၄) ရောင်းချသူ ဒေါ်မြင့်မြင့်သိန်းမှ ဦးမောင်မောင်လှမှ ဝင်ငွေရရှိစေရန် ငှားရမ်းပေးထားသည်ဟု ပြောဆိုသဖြင့် ဦးမောင်မောင်လှမှ ယုံကြည်ပြီးဆက်လက်ထားရှိခဲ့ပါသည်။ နောက်ပိုင်း ဒေါ်မြင့်မြင့်သိန်းအား ဦးမောင်မောင်လှမှ ဖုန်းဆက်သွယ်ရာတွင် ဖုန်းပိတ်ထားသဖြင့် ဆက်လက်စုံစမ်းရာ ဒေါ်မြင့်မြင့်သိန်းမှ အထက်ပါဆိုင်ခန်းအား ဦးမောင်မောင်လှအား အသိပေးခြင်းမရှိဘဲ အခြားသူများအား ရောင်းချသွားသည်ဟု သိရှိရသဖြင့် စည်ပင်သာယာဌာနသို့ ဆက်သွယ်တင်ပြခဲ့ရာ ပိုင်ဆိုင်မှုစာအုပ်ရှိပါက ဆောင်ရွက်ပေးမည်ဟု ပြောပြသိရှိခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေ ဦးမောင်မောင်လှဝယ်ယူပိုင်ဆိုင်ခဲ့သော ဆိုင်ခန်းကို ရောင်းချသူ (၄)ဦးမှ ဦးမောင်မောင်လှသိရှိခြင်းမရှိဘဲ အခြားသူများသို့ထပ်မံပြီး လိမ်လည်လှည့်ဖြားပြီး ယုံကြည်အပ်နှံမှုဖောက်ဖျက်လျက် တစ်ဆင့်ရောင်းချခဲ့ခြင်းဖြစ်ပါသောကြောင့် ဆိုင်ခန်းရောင်းချခဲ့သူ (၄)ဦးအပြင် ၎င်းတို့ထံမှ ပိုင်ရှင်မသိအောင် အဆင့်ဆင့်ဝယ်ယူထားသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ဆက်သွယ် ဖြေရှင်းနိုင်ပါကြောင်းနှင့် ထိုရက်ထက်ကျော်လွန်ပါက ဆိုင်ခန်းနှင့်ပတ်သက်၍ လိမ်လည်ဆောင်ရွက်ခဲ့မှုများအပေါ် ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်မောင်လှ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအုန်းသောင်း(LL.B)(ADVOCATE)	ဦးရောအုန်းသောင်း(LL.B)(ADVOCATE)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်-၆၃၁၃/၄-၁၂-၁၉၉၅)	(စဉ်-၁၄၉၉၅/ ၁၃-၁၁-၂၀၁၈)

အမှတ်(၂ဘီ၊ ၀၀၆)၊ ရတနာမွန်အိမ်ရာ၊ ဓာတုလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၉၃၂၇၄၈၃၊ ၀၉-၇၇၉၉၉၉၈၈၃၊ ၀၉-၇၆၁၉၂၅၄၃၊ ၀၉-၇၉၇၄၁၇၂၇၅

အထူးလျှော့ဈေးဖြင့် အမြန်ရောင်းမည်
၁။ ဗဟန်း၊ ရွှေဂုံတိုင်ကုန်းပေါ် (၁၀၅×၁၅၀)ပေ အကျယ်ရှိ မြေ (ရွှေတိဂုံဘုရားမျှော် နေရာကောင်း) ဈေးနှုန်း - ၂၉၅၀၀ သိန်း
၂။ မရမ်းကုန်း၊ အေဒီ-ပါရမီလမ်းမပေါ် (၇၀×၁၂၀)ပေ အကျယ်ရှိ မြေ (ပြည်လမ်းမနီး၊ နေရာကောင်း) ဈေးနှုန်း - ၂၇၀၀၀ သိန်း
၃။ သဃ်န်းကျွန်း၊ သုဝဏ္ဏဗိုလ်ချုပ်ရွာ(၁)(၇၀×၇၀)ပေ အကျယ်ရှိ မြေ (လမ်းကျယ်လမ်းမပေါ်၊ နေရာကောင်း) ဈေးနှုန်း - ၆၀၀၀ သိန်း
၄။ သိင်္ဃန်းလမ်း(ဝင်းဒါမီယာ) (၄၀×၆၅)ပေ အကျယ်ရှိ (၃)ထပ်တိုက်(လမ်းကျယ်) M-3,B-1(ပြင်ငြိမ်) ဈေးနှုန်း - ၆၅၀၀ သိန်း
၅။ တောင်ဥက္ကလာ၊ သံသုမာလမ်းမပေါ် (၄၀×၆၀)ပေ အကျယ်ရှိ မြေ (စီးပွားရေးလုပ်ငန်းသင့်) ဈေးနှုန်း - ၅၉၀၀ သိန်း
၆။ ဗဟန်း၊ ရွှေစေတီလမ်းမနီး (၅၀×၆၀)ပေ အကျယ်ရှိ မြေ (ရွှေတောင်ကြား၊ ဈေးနှုန်းသင့်) ဈေးနှုန်း - ၅၅၀၀ သိန်း
၇။ သဃ်န်းကျွန်း၊ သုဝဏ္ဏဗိုလ်ချုပ်ရွာ(၂) (၅၃×၇၃)ပေ အကျယ်ရှိ (၁)ထပ်တိုက်(ပေါ်ဆန်းမွှေးလမ်းမနီး) ဈေးနှုန်း - ၃၂၀၀ သိန်း
၈။ သဃ်န်းကျွန်း၊ သုဝဏ္ဏဗိုလ်ချုပ်ရွာ(၂) (၄၁×၅၅)ပေ အကျယ်ရှိ မြေ (သုဝဏ္ဏပန်းခြံနီး) ဈေးနှုန်း - ၂၆၅၀ သိန်း
၉။ သဃ်န်းကျွန်း၊ သုဝဏ္ဏဗိုလ်ချုပ်ရွာ(၂) (၄၀×၆၀)ပေ အကျယ်ရှိ မြေ (ILBC ကျောင်းနီး) ဈေးနှုန်း - ၂၂၀၀ သိန်း
09-422888852,09-422888853,09-5080073

အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၅၇၈/က)၊ ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၅၇၈/က)၊ ဇေယျာလမ်း၊ (၁၀)ရပ်ကွက်ဟုခေါ်တွင်သော အဆောက်အအုံကို အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဦးချမ်းမင်းအေး [၁၂/ဥကတ(နိုင်)၁၄၂၃၃၃]ထံမှ အပြီးအပိုင် ဝယ်ယူရန် ဒေါ်သင်ဇာအောင် [၁၂/သဃက(နိုင်)၁၈၂၄၃၈]က စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သင်ဇာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်တင် (LL.B)	ဒေါ်သွယ်သွယ်အေး(LL.B), (LL.M)	ဒေါ်စုဝေဖြိုး (LL.B)
(စဉ်-၆၉၃၂)	(စဉ်-၁၂၁၈၄)	(စဉ်-၁၄၇၅၁)

တရားလွှတ်တော်ရှေ့နေများ
ဖုန်း-၀၉- ၂၅၂၈၄၇၄၈၃၊ ၀၉-၇၉၇၁၁၀၃၁၆၊ ၀၉- ၉၇၂၇၂ ၆၈၉၉
အမှတ်(၅)၊ လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီ ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် ရုံးသုံး၊ လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် ရုံးသုံး၊ လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1	Desktop Computer	6 Nos
2	Colour Printer	4 Nos
3	Perforation Machine	30 Nos
4	Inverter (2K VA)	2 Nos
5	CCTV	2 Sets
6	Hand Tools	2 Sets

၂။ အိတ်ဖွင့်တင်ဒါများကို ၂၂-၄-၂၀၂၀ ရက်မှ ၂၀-၅-၂၀၂၀ ရက်အထိ နေ့စဉ် နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းမပါသော Specification & Catalogue များကို ၁၅-၅-၂၀၂၀ ရက်တွင်လည်းကောင်း၊ ဈေးနှုန်းပါသော Specification & Catalogue များကို ၂၀-၅-၂၀၂၀ရက်တွင်လည်းကောင်း နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ထုတ်လုပ်မှုဌာနသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

တင်ဒါတင်သွင်းရန် လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၂၇၈)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်နန္ဒာထင်လင်းကျော် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ကေသွယ်ဦး[၉/တကန(နိုင်)၁၄၃၂၅၇]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၆-၅-၂၀၂၀ရက်နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၁၁၅၅/က)၊ ပေ(၂၂x၆၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးမြတ်ငြိမ်းနှင့် ဒေါ်မေမျိုးဝင်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မြေကွက်နှင့်နေအိမ် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သက်သက်မွန်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၅/၂၀၁၅)
အမှတ်(၁၉၁)၊ ရွှေမဉ္ဇူ(၁)လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၄၂၉၇၉၊ ၀၉-၇၉၅၅၃၄၇၅၃

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်းဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်(၁၆၈)၊ အကျယ်အဝန်း အလျားပေ(၆၀)xအနံပေ(၆၀) ရှိ ပါမစ်မြေကွက်ကို မြေအမည်ပေါက်သူ ဦးမင်းအောင်လှိုင် [၁၂/မရက(နိုင်)၁၆၃၂၉၆]မှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်ငြိမ်းအေး LL.B,LL.M
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀၂)(၂၇-၄-၂၀၁၇)
အမှတ်(၁၇၁)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-420088341

ဇာ SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်းအရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
09 - 33 333 511
09 - 33 333 514

ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(C) မှ မောင်ရဲသူစိုး၏ ဖခင်အမည်မှန်မှာ ဦးအိုက်ကလိမ်း[၁၃/နဆန(နိုင်)၀၁၈၈၉၂] ဖြစ်ပါကြောင်း။

ဦးအိုက်ကလိမ်း

သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက်

ရွှေတိုက် ကိုစိုး

သက်ကြီးဆရာဝန်များစောင့်ရှောက်ရေးအဖွဲ့ (Support Group for Elderly Doctors) သို့ ၂၀၂၀ ခုနှစ် မတ်လ (၁) ရက်နေ့မှ (၃၁) ရက်နေ့အတွင်း လှူဒါန်းသော အလှူရှင်စာရင်း

	လစဉ်အလှူရှင်များ	
၁။	Prof. ဒေါ်မြိုးမြိုးထင်	၁၀၀,၀၀၀ ကျပ်
၂။	Dr. ဦးစင်မောင်လွင် + Dr. ဒေါ်ခင်ခင်ဌေး (FAME Pharmaceuticals) (သက်ကြီးဆရာဝန် ၁၀ ဦးအတွက် ထန်တော့ငွေ)	၂,၀၀၀,၀၀၀ ကျပ်
	ယခုလအတွင်းအလှူရှင်များ	
၁။	Prof. ဦးအောင်မြင့် + Prof. ဒေါ်မင်မွန်	၁,၀၀၀,၀၀၀ ကျပ်
၂။	Dr. ဒေါ်မိုးလှဲ့ဝင်းနှင့် မိသားစု	၁၅၀,၀၀၀ ကျပ်
၃။	Prof. ဒေါ်လှလှလွင်	၁၀၀,၀၀၀ ကျပ်
၄။	Dr. ဒေါ်ခင်မျိုးဟန်	၁၀၀,၀၀၀ ကျပ်
၅။	Dr. ဒေါ်ခင်ကြည်	၁၀၀,၀၀၀ ကျပ်
၆။	Bahosi Hospital (Pathologist & Microbiologist)	၁၀,၀၀၀ ကျပ်
၇။	Donor Member Club သက်တမ်းတိုးသူ အလှူငွေစုစုပေါင်း	၇၀,၀၀၀ ကျပ်
	စုစုပေါင်းတန်ဖိုးငွေ	၃,၆၃၀,၀၀၀ ကျပ်

အလှူငွေများကို SGED office(Day Care Centre) - အမှတ် (၁၄ အေ) တောင်မြင်းပြိုင်ကွင်းလမ်းတာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၃၉၄၂၂၉၊ ၀၉-၄၄၀၂၀၀၆၆၊ ၀၁-၈၆၀၃၅၃၃၊ FAME ဆေးဝါးစက်ရုံ ဖုန်း ၀၁-၃၆၈၅၆၀၉ သို့ လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ်(၂၄)၊ (၂)ခန်းတွဲ RC(၈ ၁/၂)ထပ် မီနီကွန်ဒိုတိုက်ခန်း၏ (၇လွှာ)မျက်နှာမူလျှင် လက်ယာဘက်အခန်း၊ အခန်းအမှတ်(A-107)၊ ဧရိယာ(၈၅၅)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူဖြစ်သော ဒေါ်ဝင်းသန္တာ[၁၂/မဂဒ(နိုင်) ၁၄၇၃၈၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဇော်ဌေး[၉/ကပတ(နိုင်)၀၀၄၁၆၉]၊ ဒေါ်စုလှိုင်ဝင်း မောင်[၁၂/စခန(နိုင်)၀၀၃၁၀၄] တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးဇော်ဌေး၊ ဒေါ်စုလှိုင်ဝင်းမောင်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**

ဦးဝင်းမင်းစိုး	**ဒေါ်သူဇာကျော်**	**ဒေါ်ဝေဖြိုးအောင်**
LL.B,WIPO(Switzerland)	LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)	LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)
Ph:09-450023651	Ph:09-254508917	Ph:09-421157856

Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဦးအေးကြူ
အသက်(၇၁)နှစ်
စက်မှု-၁(အငြိမ်းစား)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ (၁၄၆) လမ်း၊ အမှတ်(၁၂)(၅လွှာ/က)နေ ဒေါ်ခင်ထူး၏ခင်ပွန်း၊ ကိုဇေယျာလင်း-မဝင့်နွယ်ကျော်၊ ကိုကျော်ဇင်ဦး၊ မဝေမာသိမ့် (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ-အဖွဲ့ဝင်)၊ ကိုစည်းစိမ်ကို-မချိုဇင်လှဲ့တို့၏ ဖခင်၊ မောင်ကောင်းစည်သူ၊ မောင်ခန့်ဇေယျ၊ မောင်လင်းပြည့်အိမ် တို့၏ အဘိုးဖြစ်သူသည် ၂၄-၄-၂၀၂၀ ရက် (သောကြာနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၀ ရက်(တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်ရွှေ (လက်ပံတန်း)
အသက် (၉၁) နှစ်

သူငယ်ချင်းမိုးထိန်လင်း(B.E-Textile)၏ချစ်လှစွာသော ကျေးဇူးရှင် မွေးစားမိခင်ကြီး ဒေါ်တင်ရွှေ (လက်ပံတန်း) အသက် (၉၁) နှစ်သည် ၂၄-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ သူငယ်ချင်း မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

86/95 RIT သူငယ်ချင်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
ဦးချမ်းသာဦး
(MD-ရွှေဘုန်းပြည့်အောင် Co.,Ltd), MRF, ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ဒုတိယဥက္ကဋ္ဌ ဆန်စပါးကုန်စည်ပိုင်၊ မူဆယ်)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် ဦးငွေဦး-ဒေါ်ကြူကြူမြင့် (ရွှေချမ်းသာဒေါင်းမင်းဂေဟာမိသားစု)တို့၏ သား၊ ဦးတင်မောင်ညွန့်-(ဒေါ်မြမူ)တို့၏ သားသမက်၊ ဒေါ်နန်းနွယ်ဦး၊ ဦးနေလင်းဦး-ဒေါ်နှင်းကြည် တို့၏ မောင်/ညီ၊ မောင်ဘုန်းပြည့်ချမ်းသာ(ILBC)၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်သီတာ [Senior Audit Manager, JF Group (Certificate Public Accounts & Auditors)]၏ ခင်ပွန်းသည် ၂၃-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၀(သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးအေးကြူ
အသက်(၇၁)နှစ်
စက်မှု-၁(အငြိမ်းစား)

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင် ဒေါ်ဝေမာသိမ့်၏ ဖခင် ဦးအေးကြူ၊ အသက်(၇၁)နှစ်၊ စက်မှု-၁(အငြိမ်းစား) သည် ၂၄-၄-၂၀၂၀ ရက် ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းလှအောင်
အသက် (၈၁) နှစ်

သူငယ်ချင်း ကိုတင့်အောင်၏ချစ်လှစွာသောဖခင်ကြီး ဦးထွန်းလှအောင် အသက် (၈၁) နှစ်သည် ၁၉-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်း၏ ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ဖခင်ကြီး ကောင်းရာသုဂတိလားပါစေ။

1982-86⁺⁺ ဘူမိဗေဒ ဘွဲ့ရကျောင်းသား/သူများ
ရန်ကုန်တက္ကသိုလ်

ကန့်ကွက်နိုင်ကြောင်း
ကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၀/ပေါင်းလောင်း-၁၊ ဒေါ်စောအောင်အောင်ဦး[၉/ပမန(နိုင်)၁၄၄၈၀၃] အမည်ပေါက် ဦးပိုင်/မြေကွက်အမှတ် (၃၈/၂၉၈)နှင့် ဦးပိုင်/မြေကွက်အမှတ်(၃၉/၂၉၉)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ပေ(၄၀x၆၀)ပါမြေကွက်(၂)ကွက်အား ဒေါ်မိုးမြင့်စန်းဦး(ဘ)ဦးခင်မောင်ဦး[၉/ပမန(နိုင်)၁၃၆၉၂၁]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ မြေပေးမိန့်မူရင်း ပျောက်ဆုံး သွားကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များ တင်ပြပြီး မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ ဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁)လအတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်စောအောင်အောင်ဦးအမည်ဖြင့် ထုတ်ပေးထားသည့် မြေပေးမိန့်မူရင်းအားပယ်ဖျက်၍ ဌာနမှ လုပ်ထုံးလုပ်နည်း နှင့်အညီ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

သင့်သွေးဖြင့်
အသက်ကယ်ပါ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ်၊ ၁/၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်)

၁။ ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံကြီး/ဆေးရုံ/ တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်ရန် လက်ထောက်ဆရာဝန် ရာထူး(လစာနှုန်း- ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) နေရာများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

ရာထူး	လစ်လပ်	ပညာအရည်အချင်း
လက်ထောက်ဆရာဝန်	(၈၆)နေရာ	ဆေးပညာဘွဲ့(M.B.,B.S)

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်ရက်တွင် အသက် ၃၅ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကျန်းမာကြောင်း ဆေးလက်မှတ် တင်ပြနိုင်သူဖြစ်ရမည်။
(ဃ) လျှောက်လွှာပိတ်ရက်တွင် M.B.,B.S (ဆေးပညာဘွဲ့)နှင့် လက်ရှိတရားဝင် အထွေထွေဆေးကုသခွင့်လိုင်စင်(အမ) ကိုင်ဆောင်ထားသူဖြစ်ရမည်။ မိတ္တူများကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်ဖြစ်ပြီး၊ တင်ပြနိုင်မှုမရှိပါက ပယ်ဖျက်မည်ဖြစ်ပါသည်။
(င) ရန်ကုန်တိုင်းဒေသကြီးအတွင်း အသားတင်လုပ်သက်(၃)နှစ် ပြည့်အောင် နေရာဒေသမရွေး သွားရောက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) ဆေးပညာမဟာဘွဲ့ ဘွဲ့လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး အောင်မြင်ပါက တက်ရောက်ခွင့်ပြုပါမည်။ သို့ရာတွင် ဆေးပညာမဟာဘွဲ့ ဘွဲ့လွန် သင်တန်းအောင်မြင်ပြီး ကျွမ်းကျင်မှုရရှိရေး လေ့ကျင့်ရေးကာလပြီးဆုံးပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်မှု (၃)နှစ် ပြည့်အောင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဆ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ (၂၅.၄.၂၀၂၀) ရက်နေ့မှ စတင်ဝယ်ယူ လျှောက်ထားနိုင်ပြီး (၂၉.၅.၂၀၂၀)ရက်နေ့ထက် နောက်မကျစေဘဲ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက် (၂၉.၅.၂၀၂၀)ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ စာမေးပွဲဝင်ကြေးငွေ(၅၀၀၀/-)အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ငွေစာရင်းအမှတ် MD-၀၂၀၅၇၃သို့ ပေးသွင်းရမည်။

၅။ နှုတ်ဖြေစစ်ဆေးမှုအတွက် လျှောက်ထားရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၆.၈.၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၂၁၄၇/ရွေးချယ်ရေး(အဓိက)/ ၂၀၁၃ ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ စာတွေ့ဖြေဆိုခြင်းနှင့် လူတွေ့စစ်ဆေးခြင်းအတွက် ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့် နေ့ရက်နှင့် နေရာ၊ စာတွေ့ဖြေဆိုခြင်းနှင့် လူတွေ့စစ်ဆေးမည့် နေ့ရက်နှင့် ဖြေဆိုမည့်နေရာတို့ကို ထပ်မံကြေညာပေးပါမည်။

၇။ အသေးစိတ်စုံစမ်းလိုပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး၊ တယ်လီဖုန်းအမှတ်(၀၁-၈၃၀၁၉၇၉၊ ၀၁-၈၃၀၁၅၅၉)နှင့် ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်(၀၁-၅၄၂၈၆၅၊ ၀၁-၅၅၈၈၀၃)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ဗိုလ်ကြီးဖော်လင်းမိုး(ငြိမ်း)(ခ)ကိုတိုး

တဇ(၂၃)

အသက်(၄၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာနေ (ဦးသန်းဆွေ-ဒေါ်လှညွန့်)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်(၁၅)ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၅၃၈)နေ ဦးမောင်ညို-(ဒေါ်ခင်စမ်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ စော်လမွန်အိမ်ရာ၊ တိုက်အမှတ်(၄)၊ အခန်းအမှတ်(၃)နေ မမေရှင်းသန့်လွင် (ခေတ္တ-စင်ကာပူ)၊ မကြည်ရှင်းသန့်လွင်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ ဒေါ်ချိုရီလွင် (Mottama Holdings Limmited)၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်ကြီးဖော်လင်းမိုး(ငြိမ်း)(ခ)ကိုတိုးသည် ၂၃-၄-၂၀၂၀ (ကြာသပတေးနေ့) ည ၇ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
လှည်းကူးမြို့ပေါ်ရပ်ကွက်၊
ဈေးအနီး၊ ကျောင်းအနီး၊ ကွန်ကရစ်လမ်းဘေး
မီးရှိ၊ ညှိနှိုင်းဈေး
ပေ(၄၀x၆၀) = ၁၀၀ သိန်း
ပေ(၄၀x၅၀) = ၈၅ သိန်း
ပေ(၂၅x၅၀) = ၅၅ သိန်း
ဖုန်း-၀၉-၄၂၁၁၆၁၁၉၈၊ ၀၉-၄၅၀၃၇၈၃၇၇

ရွှေမှုန်းကြော်
ချွေးထုတ်ငန်းဆေးကို သုံးဆောင်ပါ
TMR 0023/R/1016

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မြေတာနာပတ်လမ်း အမှတ် (A-၁၃၉)၊ (၂၀ပေ×၄၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို သန်လျင်မြို့နယ်မြေစာရင်းရုံး ... ၁၀၅အရ ယခုရောင်းချသူ ဒေါ်လှလှမြင့် (၁၂/ဒပန(နိုင်)၀၂၆၉၇၇) မှ တရားဝင်အထောက်အထားများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက လက်ခံသဘောတူညီသဖြင့် ရောင်းဖိုးငွေ အပြေအကြေပေးချေထားပြီး ယခုလက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ နောက်နောင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသာလျှင် အထက်ပါမြေကွက်နှင့် ပတ်သက်၍ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အလုံးစုံပိုင်ဆိုင် အကျိုးခံစားခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နေခြည်ဦး (LL.B)၊ (စဉ်-၄၆၂၈၁)
အထက်တန်းရှေ့နေ
အမှတ်(၂၁၈)၊ ပေယိ(၁)လမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၂၅၁၅၃၂၄၆၊ ၀၉ ၇၉၈၀၃၇၇၀၁၉

ကန့်ကွက်နိုင်ပါသည်

တိုက်အမှတ်(၁၆)(၆-လွှာ)(ခြေရင်းခန်း)၊ မအူပင်လမ်း၊ ကျွန်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ပေ(၁၅x၆၅)ကျယ်ဝန်းသော တိုက်ခန်းကို အပြောက်စနစ်ဖြင့်ဝယ်ယူရန် လက်ရှိပိုင်ရှင် နော်ကပေါမူး(ဘ-ဦးစောဂျင်မီ) [၁၂/ဗတထ(နိုင်)၀၁၈၂၈၇]သို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းကိုဝယ်ယူရန် စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို ဆက်လက်၍ စာချုပ်ချုပ်ဆိုကာ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်အေးမြင့်ရီ	ဒေါ်စိုးစိုးမြင့်	ဦးသိန်းညွန့်
B.Sc.,D.A,HGP,R.L,D.B.L,D.M.L,D.I.L	LL.B	B.A,H.G.P,R.L,D.B.L,D.M.L,D.I.L
(စဉ်-၁၃၁၇၃)	(စဉ်-၁၀၀၆၃)	(စဉ်-၃၅၆၁)

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၁၂၂)(ပထမထပ်)(ယာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၉-၇၃၀၈၅၀၉၀) (၀၉-၄၂၀၃၅၉၆၃) (၀၉-၅၀၅၃၁၀၇)

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ဦး(သံတွဲ)
အသက်(၇၁)နှစ်
B.E(Civil)
[ဒု-ညွှန်မှူး(ငြိမ်း) ရေလမ်းထိန်းသိမ်းရေး]

သံတွဲမြို့၊ ရွာသစ်ရပ်နေ (ဦးသိန်းမောင်-ဒေါ်သန်းမြင့်) တို့၏ သား၊ ဒေါ်နွဲ့နွဲ့အေး၏ ခင်ပွန်း၊ သံတွဲသားစနေ လဘက်ရည်ဝိုင်း၏ ဝိုင်းတော်သား ဦးကျော်ဦးသည် ၂၂-၄-၂၀၂၀ ရက်တွင် အလ္လာအသျှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

သံတွဲသားစနေလဘက်ရည်ဝိုင်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်သောင်း
အသက်(၇၃)နှစ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသော ခင်ပွန်း ဦးမြင့်သောင်း (တိုင်းဒေသကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက်(၇၃) နှစ်သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးဇော်လင်းမိုး (ငြိမ်း) (ခ) ကိုတိုး
တေဇ (၂၃)
အသက် (၄၅) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ စော်လမွန်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၃)နေ ဒေါ်ချိုရီလွင်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီး ဇော်လင်းမိုး (ငြိမ်း) (ခ) ကိုတိုး အသက် (၄၅) နှစ်သည် ၂၃-၄-၂၀၂၀ (ကြာသပတေးနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Mottama Holdings Limited ဝန်ထမ်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးဇော်လင်းမိုး (ငြိမ်း) (ခ) ကိုတိုး
တေဇ (၂၃)
အသက် (၄၅) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ စော်လမွန်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၃)နေ ဒေါ်ချိုရီလွင်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီး ဇော်လင်းမိုး (ငြိမ်း) (ခ) ကိုတိုး အသက် (၄၅) နှစ်သည် ၂၃-၄-၂၀၂၀ (ကြာသပတေးနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Mottama Development Group Co.,Ltd မိသားစု

အထူးထပ်တူဝမ်းနည်းကြေကွဲခြင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (မြန်မာ)တွင် တာဝန်ထမ်းဆောင်နေသော မောင်ပြည့်စုံဝင်းမောင် အသက်(၂၈)နှစ်သည် ၂၀-၄-၂၀၂၀ ရက် နံနက်ပိုင်းတွင် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(မြန်မာ)မှ ဝန်ထမ်းများ

မီးဘေးရှောင် မလောင်ခင်တား

ရဟန်းဒါယကာကြီး
ဦးသိန်းဟန် (ရွှေပန်းထိမ်) ဓမ္မီ-ဟသ်ာတခရိုင်
အသက် (၈၁) နှစ်

ဟသ်ာတခရိုင်၊ ဓမ္မီကျေးရွာနေ (ဦးဖိုးထိုက်-ဒေါ်လေးတိမ်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဝါးခယ်မလမ်း၊ အမှတ်(၃၅)နေ (ဦးသိန်း-ဒေါ်မြကြည်)တို့၏သားသမက်၊ ဒေါ်ခင်အုန်းမြင့်၏ခင်ပွန်း၊ ဦးလင်းအောင်-ဒေါ်ခင်လေးနွယ်၊ ဦးကျော်စိုးမင်း-ဒေါ်ခိုင်နွယ်သိမ်း၊ ဦးဇော်လင်းအောင်-ဒေါ်နိုင်နိုင်ဝင်း၊ ဦးနေလင်းထွဋ်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး သုံးယောက်တို့၏အဘိုး ရဟန်းဒါယကာကြီး ဦးသိန်းဟန်သည် ၂၄-၄-၂၀၂၀ (သောကြာနေ့) နံနက် ၀၀:၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး မိသားစု ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၂၀ ရက် နံနက် ၇ နာရီတွင် အထက်ပါဖော်ပြပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးသန်းစိုး
ခရိုင်အုပ်ချုပ်ရေးမှူး (ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန (ပ/၂၃၃၀)
အသက် (၈၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အမှတ်(၉)၊ ဂန္ဓမာလမ်းနေ (ဒေါ်ခင်သန်းတင့်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်ဖေဦး-ဒေါ်ပြုံးမြင့်သွယ်၊ ဦးနေမင်းစိုး-ဒေါ်ဝါဝါဝင်း၊ ဦးထင်လင်းစိုးတို့၏ချစ်လှစွာသော ဖခင်ကြီး၊ မြေး လေးယောက်၊ မြစ် သုံးယောက်တို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၄-၄-၂၀၂၀ (သောကြာနေ့) နံနက် ၆:၃၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ကျန်ရစ်သူမိသားစုများမှ လိုက်ပါပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဝင်းတင့်
အသက် (၆၁) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မာဃ (၁၃)လမ်း၊ အမှတ်(၄၆၉/၁-ခ)နေ (ဗိုလ်မှူးအောင်တင်-ဒေါ်ငွေငွေ) တို့၏ သားငယ်၊ (ဦးတင်ထွန်း)-ဒေါ်ခင်မေအောင်တို့၏သားသမက်၊ ဗိုလ်မှူးရဲတင့်-ဒေါက်တာမြတ်သီဂီ၊ ဦးလှသိန်း-ဒေါ်ချိုချိုတင့်တို့၏ညီ/မောင်လေး၊ ဗိုလ်မှူးဟိန်းထက်-ဒေါ်ခိုင်သဲဖြူတင့်၊ ဦးသက်စံ- ဒေါ်ခိုင်ကြည်ဖြူတင့်တို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်စစ်သွေးထက်အောင်၊ မသက်ထက်ကြည်ဖြူတို့၏ဘိုးဘိုးကြီး၊ ဒေါ်ခိုင်ခိုင်ထွန်း (မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း)၏ချစ်လှစွာသော ခင်ပွန်း ဦးဝင်းတင့်သည် ၂၃-၄-၂၀၂၀ (ကြာသပတေးနေ့) ည ၇:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၀ (သောကြာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးခိုင်သက်
အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးသက်ထွန်း-ဒေါ်နီနီ)တို့၏ တစ်ဦးတည်းသောသား၊ ဦးမြင့်စွမ်-ဒေါက်တာမာမာသက်တို့၏မောင် ဦးခိုင်သက်သည် ၂၄-၄-၂၀၂၀ (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂:၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တူး
အသက်(၆၉)နှစ်

အမှတ်-၁၃၂/၃၊ ၁၄ လမ်း၊ ၈၀x၈၁ ကြား၊ မန္တလေးမြို့နေ (ဦးညွှန့်ဆောင်)၏ ဇနီး၊ ဦးထွန်းမြတ်သူ-ဒေါ်ယုမွန်ရွှေ၊ ဦးထွန်းမြတ်လူ-ဒေါ်သိမ့်ရည်ဝင်း၊ ဦးအောင်မြတ်သူ-ဒေါ်သန်းသန်းဆွေတို့၏ မိခင်ကြီးသည် ၂၄-၄-၂၀၂၀ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Shwe Family Trading Co.,Ltd
Pyae Phyo Kyaw Trading Co.,Ltd

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တူး
အသက်(၆၉)နှစ်

အမှတ်-၁၃၂/၃၊ ၁၄ လမ်း၊ ၈၀x၈၁ ကြား၊ မန္တလေးမြို့နေ (ဦးညွှန့်ဆောင်)၏ ဇနီး၊ ဦးထွန်းမြတ်သူ-ဒေါ်ယုမွန်ရွှေ ဦးထွန်းမြတ်လူ-ဒေါ်သိမ့်ရည်ဝင်း၊ ဦးအောင်မြတ်သူ-ဒေါ်သန်းသန်းဆွေတို့၏ မိခင်ကြီး၊ မောင်မင်းသွေးမြတ်၊ မောင်ကျော်မြတ်သာ၊ မောင်တုနိုင်းမြတ်လူ၊ မရည်ရွှယ်မြတ်နိုး၊ မသမုဒယမြတ်သူ၊ မမြတ်မနော၊ မောင်ထက်မြတ်သာ တို့၏ ချစ်လှစွာသောအဘွားသည် ၂၄-၄-၂၀၂၀ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှမောင်ရွှေ-ဒေါ်တင်တင်ဦး

အနိစ္စ

ဦးကျော်ဦး B.E(Civil)
(သံတွဲ)
ဒု-ညွှန်မှူး(ငြိမ်း)
ရေအရင်းအမြစ်နှင့်
မြစ်ချောင်းများ ဖွံ့ဖြိုးရေး
ဦးစီးဌာန
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ အမှတ်(၅၈)နေ ဒေါ်နွဲ့နွဲ့အေး၏ ခင်ပွန်း၊ မသန္တာဦး၊ ကိုမိုးဇက်၊ (ကိုအောင်ကိုကိုဦး) တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ (ဦးကျော်ဖြူ)၊ ဦးကျော်သိန်း၊ (ဒေါ်တင်ရီ)၊ ဦးကျော်ထွေး၊ ကိုမြင့်လွင် တို့၏ အစ်ကိုကြီး သည် ၂၂-၄-၂၀၂၀(ဗုဒ္ဓဟူးနေ့) ည ၁၀:၄၅ နာရီတွင် အလ္လာအသျှင်မြတ် အမိန့်တော် ခံယူသွားပါသဖြင့် ၂၃-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁:၄၅ နာရီတွင် ရေဝေး ကဘာရ်စတန်၌ ဒဖ်နာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြို့မကျောင်းသား၊
ကျောင်းသူဟောင်းအသင်း
ဦးမောင်မောင်(ခ)ဦးစိုးလှိုင်
အသက်(၆၇)နှစ်
အလုပ်အမှုဆောင်အဖွဲ့ဝင်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ၆ မိုင်ခွဲ၊ အမှတ်(၅၈၇)၊ ဒုတိယ ထပ်နေ ဒေါ်ယဉ်ယဉ်ငွေး၏ ခင်ပွန်းသည် ၁၁-၄-၂၀၂၀ (စနေနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပြီး ယင်းနေ့ နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအားအကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ကြောင်း
ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၃/ ပေါင်းလောင်း-၃၊ ဒေါ်ခင်စန်းမြင့်[၉/ပမန (နိုင်)၁၃၆၉၂၀] အမည်ပေါက် မြေကွက် အမှတ်(၅၆၇)နှင့် မြေကွက်အမှတ်(၅၆၈)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ပေ(၄၀x၆၀) ပါမစ် မြေကွက်(၂)ကွက်အား ဒေါ်မိုးမြင့်စန်းဦး(ဘ) ဦးခင်မောင်ဦး [၉/ပမန(နိုင်)၁၃၆၉၂၁]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ မြေပေးမိန့်မူရင်း ပျောက်ဆုံးသွားကြောင်း ကျိမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်များတင်ပြပြီး မြေပေးမိန့်မိတ္တူမှန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာရွက်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်နေမှစ၍ (၁) လအတွင်း နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်ခင်စန်းမြင့်အမည်ဖြင့် ထုတ်ပေးထားသည့် မြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့်မိတ္တူမှန် ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မူးယစ်ကို
ပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

ဒေါ်တင်ရွှေ (လက်ပံတန်း)
အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၅) ရပ်ကွက်၊ ကန်သာယာ (၂)လမ်း၊ အမှတ်(၁၁၀၀)နေ (ဦးဘိုးလင်း-ဒေါ်ဘီဘီ)တို့၏တတိယသမီး၊ (ဦးတင်မြင့်-ဒေါ်မြစိန်)၊ (ဦးမောင်ရှင်-ဒေါ်လှတင်)တို့၏ညီမ၊ ဒေါ်တင်တင်လင်း၊ (ဒေါ်ကြည်ကြည်လင်း)၊ (ဒေါ်ရီရီလင်း)၊ (ဦးဇော်လင်း)-ဒေါ်လှသွယ်တို့၏အစ်မ၊ ဦးမိုးထိန်လင်း-ဒေါ်စန္ဒာအေးတို့၏ကျေးဇူးရှင် မွေးစား မိခင်ကြီး ဒေါ်တင်ရွှေ အသက် (၉၁) နှစ်သည် ၂၄-၄-၂၀၂၀ (သောကြာနေ့) နံနက် ၇:၂၅ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ တို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြသီတာဝင်း (Pansy Win) (၇၈)နှစ်
သတ္တဗေဒဆရာမကြီး(ငြိမ်း)၊ (ရန်ကုန်တက္ကသိုလ်-မော်လမြိုင်တက္ကသိုလ်)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း (လယ်/ဆည်ဝန်ကြီးဌာန)

ဖျူးမြို့နေ (ဦးဝင်းအောင်-ဒေါ်မြတင်)တို့၏ သမီးကြီး၊ ပြည်မြို့နေ (ဦးဉာဏ်ဆင့်-ဒေါ်ခင်ညွန့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ (၂၇-အေ)နေ [ဦးမောင်မောင်ညွန့် (ဟိုတယ်/ခရီး-ငြိမ်း)]၏ ဇနီး၊ ကပ္ပတိန် ဦးကျော်စွာဝင်း-ဒေါ်အိရွှေစင်သိမ်း၊ (ကိုအောင်သူ)၊ ကပ္ပတိန် ဦးမင်းသူညွန့်ဝင်း-ဒေါ်အေးအေးပိုင်၊ ဦးရဲလင်းသူ-ဒေါ်စုစန္ဒီမြင့်တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မောင်ဟိဏ်းဆက်ညီ(MMMC)၊ မောင်ပိုင်ဇင်ခန့်၊ မောင်ဘုန်းလင်းမြတ်၊ မောင်ပြည့်ဖြိုးမြတ်တို့၏ အဘွား ဒေါ်မြသီတာဝင်းသည် ၂၃-၄-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ယဉ်ယဉ်နွဲ့(ခ)အေမီ (သန်လျင်)
အသက်(၇၄)နှစ်

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ ရုံးတော်ကွက်၊ အမှတ်(စီ-၂၁)၊ သမိန်ဗရမ်းလမ်းနေ (ဦးတင်ပု-ဒေါ်အိ)တို့၏ သမီး၊ (ဦးလောင်းဖျား-ဒေါ်နန်းအောင်)တို့၏ သမီးချွေးမ၊ (ဒေါက်တာစိုင်းထွန်းအေး)၏ ဇနီး၊ ဦးစိုင်းဟန်လိတ်-ဒေါ်ယဉ်နီအေး၊ ဦးဝင်းထွန်းလတ်-ဒေါ်ယဉ်မိုးအေး၊ ဦးတင်မောင်မောင်စိုး-ဒေါ်ယဉ်နှင်းအေး၊ ဦးစိုင်းဆိုင်မိုင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၄-၄-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၃၀ နာရီတွင် သန်လျင်အမိုးနီသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးသန်းထွဋ်
အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ အမှတ်(၉၃)၊ ခြောက်လွှာ(က)၊ ရေကျော်လမ်းနေ (ဦးမောင်မောင်သန်း)-ဒေါ်ကျင်ပို့တို့၏သား၊ (ဦးတင်စိန်-ဒေါ်ငွေအောင်)တို့၏သားသမက်၊[ဒေါ်မြင့်မြင့်သန်း(မြန်မာစာဌာန)]၊ (ဦးသက်လွင်)-ဒေါ်သန်းသန်းငွေ(ငြိမ်း) (စိုက်/မွေး၊ ၁၀-မိုင်၊ ပဲခူး)၊ ဦးစိုးသိန်း၊ ဦးဇော်မင်း၊ ဒေါ်နွဲ့နွဲ့ရီတို့၏မောင်၊ ဦးညွန့်လွင်-ဒေါ်မြမြကြည်၊ (ဦးခင်ဇော်)-ဒေါ်စန်းစန်းလွင်တို့၏အစ်ကို၊ ဦးနေလင်းအောင်(Territory Sales Manager at Wave Money)၏ချစ်လှစွာသောဖခင်၊ ဒေါ်စန်းစန်းမြင့်၏ချစ်လှစွာသော ခင်ပွန်းသည် ၂၃-၄-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၆:၃၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမြတ်ကျော်
T.T.C (ကျောင်းသားဟောင်း)
B.Sc (Bot.)
အသက် (၅၈) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၂၀)၊ အမှတ်(၁၂/ဃ)နေ (ဦးကျော်ဝင်း-ဒေါ်လှလှဝင်း)တို့၏သားကြီး၊ ဒေါ်စန္ဒာဝင်း၊ ဦးသီဟကျော်၊ ဦးထွန်းဝင်းကျော်တို့၏အစ်ကို၊ စုစန္ဒာဝေ (ခ) Paw Paw တို့၏ဦးလေး ဦးမြတ်ကျော်သည် ၂၄-၄-၂၀၂၀ ရက် နံနက် ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၂၀)၊ အမှတ်(၁၂/ဃ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးမိုးကျော်သူ (ငြိမ်း)
အသက်(၅၅)နှစ် (စတသ-၃၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၆)ရပ်ကွက်၊ မြတ်မွန်လမ်း၊ အမှတ်(၆၅၅)နေ ဦးလှမြင့် (လဝက-ညွှန်ကြားရေးမှူး-ငြိမ်း)-(ဒေါ်ခင်ရီဝင်း) တို့၏ သားလတ်၊ (အရာခံဗိုလ်မောင်သိုက်-ဒေါ်ပြုံးစိန်)တို့၏ သားသမက်၊ ဦးဇော်မင်း-ဒေါ်ဝေဝေချို (ပညာရေးမှူး)၊ ဒေါ်ကြူကြူချို (လ-ဝ-က)တို့၏ မောင်၊ ဒေါ်သူဇာချို (လ-ဝ-က-အကြီးတန်းစာရေး)၊ ဒေါက်တာမိုးစည်သူ-ဒေါ်ကေကေယုကျော်၊ ဦးထင်ကျော်သူ-ဒေါ်ဥမ္မာမြင့် (လ-ဝ-က-အကြီးတန်းစာရေး)တို့၏ အစ်ကို၊ အလုံမြို့နယ်၊ (၁၃၈/၁၅၀)၊ အခန်း(၀၅)နေ ဒေါ်မွေးရီ၊ ဦးဝင်းတင်၊ ဦးမောင်မြင့်ထွန်း၊ ဒေါ်ထွေးထွေးကြည်တို့၏ မောင်၊ တိုက်(၆)၊ ငုဝါလမ်း(A)၊ အခန်း(၁၀၂)၊ (ဒဂုံမြို့သစ်ဆိပ်ကမ်း)၊ ယုဇနဥယျာဉ်မြို့တော်နေ ဒေါ်စီစီ၊ ဒေါ်စောမူ၊ အရာခံဗိုလ်စောလူ-ဒေါ်ဝင်းမေဦး(အထက၊ ဗထူး)၊ ဒေါ်နော်ကြူ (ဒဂုံဆိပ်ကမ်း)၊ ဦးသန်းထိုက်တို့၏ မောင်၊ ဒေါ်နော်ဖြူ၏ ချစ်လှစွာသော ခင်ပွန်း၊ မပြည့်ပြည့်မိုးကျော်သူ၊ မဆုရည်မိုးကျော်သူ၊ မဖြူစင်မိုးကျော်သူတို့၏ ဖခင် ဗိုလ်မှူးမိုးကျော်သူ (ငြိမ်း)သည် ၂၂-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ၃:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

နေပြည်တော်၌ အသွားအလာကန့်သတ်ခြင်းဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

နေပြည်တော် မေ ၂၄
နေပြည်တော်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် နေပြည်တော်ပြင်ပဒေသမှ ဝင်ရောက်လာသူများနှင့် ယာဉ်များကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

"နေပြည်တော်မှာ စစ်ဆေးရေးဂိတ်ခြောက်ခုနဲ့ ဘူတာလေးနေရာတို့မှာ ကျန်းမာရေးဝန်ထမ်းများက စစ်ဆေးမှုပြုလုပ်ပါတယ်။ လိုအပ်ရင် ကန့်သတ်စောင့်ကြည့်ထားရှိဖို့ စီစဉ်ဆောင်ရွက်ပေးပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ နေရာဒေသက ပြန်လည်ရောက်ရှိလာသူများကိုတော့ သက်ဆိုင်ရာ မြို့နယ် ကန့်သတ်စောင့်ကြည့်နေရာတွေမှာ ထားရှိပြီး စောင့်ကြပ်ကြည့်ရှုပါတယ်။ မေ ၂၃ ရက်အထိ ၁၄၀ လက်ခံစောင့်ကြည့်ထားပါတယ်"ဟု နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဌာနမှူး ဒေါက်တာ အေးအေးမာက ပြောသည်။

မြို့နယ် ကန့်သတ်စောင့်ကြည့်နေရာများ၌ ပျဉ်းမနား ၁၁ဦး၊ လယ်ဝေး ၅၄ ဦး၊ ဇမ္ဗူသီရိ ခုနစ်ဦး၊ ဇေယျာသီရိ တစ်ဦး၊ တပ်ကုန်း ၄၄ ဦး၊ ပုဗ္ဗသီရိ ၁၈ ဦးနှင့် ဥတ္တရသီရိ ငါးဦး စုစုပေါင်း ၁၄၀ တို့ ဖြစ်သည်။

နေပြည်တော်မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော နိုင်ငံများနှင့် မြန်မာ နိုင်ငံနယ်စပ်ဒေသများမှ ပြန်လည်ရောက်ရှိလာသူများအား ကန့်သတ်စောင့်ကြည့်လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက်အထိ ကန့်သတ်စောင့်ကြည့်နေရာ သုံးနေရာဖြစ်သည့် ဒက္ခိဏသီရိ နယူးဧရာဟိုတယ်တွင် ခြောက်ဦး၊ ဇမ္ဗူသီရိမြို့နယ် စည်ပင်ဧည့်ရိပ်သာတွင် ၅၇၆ ဦး၊ ရွာတော် တည်းခိုရိပ်သာ(၃)တွင် ၅၀၃ ဦး စုစုပေါင်း ၁၀၈၅ ဦးရှိကြောင်း သိရသည်။

နေပြည်တော်ကောင်စီ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းကော်မတီသည် သက်ဆိုင်ရာဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ပြည်သူများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

နေပြည်တော်(ပြန်/ဆက်)

တနင်္သာရီမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

တနင်္သာရီ မေ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တနင်္သာရီမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များပူးပေါင်း၍တနင်္သာရီမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ အသိပညာပေးဆောင်ရွက်ရာတွင် ဆင်ခြေဖုံးကျေးရွာအုပ်စု၊ ဘန်လောကျေးရွာအုပ်စု၊ တကူကျေးရွာအုပ်စုနှင့် သာရဘွင်ကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သော ထုတ်ပြန်ချက်များကို ကျေးရွာအတွင်း လှည့်လှည်၍ အသံချဲ့စက်ဖြင့် ကြေညာပေးခြင်း၊ လက်ကမ်းစာစောင်များ အခမဲ့ဝေငှပေး၍ လက်ကမ်းစာစောင်ပါ အချက်အလက်များအား ရှင်းလင်းပညာပေးခြင်း၊ လူစည်ကားရာ လမ်းဆုံနေရာ၌ အသိပညာပေး ဗီနိုင်းပိုစတာကပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၂၄

တောင်ငူ	၄၄	ဒီဂရီစင်တီဂရိတ်
ဘောလခဲ	၄၄	ဒီဂရီစင်တီဂရိတ်
ချောက်	၄၂	ဒီဂရီစင်တီဂရိတ်
ပြည်	၄၂	ဒီဂရီစင်တီဂရိတ်
ညောင်လေးပင်	၄၂	ဒီဂရီစင်တီဂရိတ်
ဟင်္သာတ	၄၂	ဒီဂရီစင်တီဂရိတ်
ကော့ကရိတ်	၄၂	ဒီဂရီစင်တီဂရိတ်

ကြေးမုံ
ယနေ့ ဖတ်စရာ

မေ ၂၄ ရက် ည ၁၁ နာရီအထိ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၂ ဦး ထပ်တိုး စုစုပေါင်း ပိုးတွေ့လူနာ ၁၉၄ ဦးရှိလာ
စာမျက်နှာ » ၇

တောင်ကိုရီးယားအစိုးရက ပြည်သူများသို့ ထောက်ပံ့ကြေးပေးအပ်မည်
စာမျက်နှာ » ၁၁

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မေ ၂၄
ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များအတွင်း ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေး စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ရပ်ကွက်များ၊ လမ်းများ၊ အိမ်ရာများ၊ ဈေးများ၊ အစိုးရဌာနအဆောက်အအုံ များတွင် တိုင်းဒေသကြီး မီးသတ် ဦးစီးဌာနမှ ဆေးဖျန်းခြင်းလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စာမျက်နှာ ၇ ကော်လံ ၅ သို့ ❖**

ကြေးမုံ အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ
ဧပြီ ၂၅၊ ၂၀၂၀ (စနေနေ့)

ပြည်ထဲရေးဝန်ကြီးဌာန၏ စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်ချက်များ

တွေ့ဆုံမေးမြန်း - ရှင်မင်း၊ ဓာတ်ပုံ - ကေကေ ၊ ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထဲရေးဝန်ကြီးဌာနကို ပြည်ထောင်စုဝန်ကြီးရုံးအပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ဖြင့် ဖွဲ့စည်းထားရှိပြီး နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေးတို့သည် ဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယင်းရည်မှန်းချက် (၄) ရပ်ဖြင့် ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့် ပြည်သူ့အတွက် ပြောင်းလဲဖော်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည် -

၆-၁၁-၂၀၁၉ ရက်တွင် မွန်ပြည်နယ် အတ္ထရံမြစ်ကူးတံတား(စံပယ်ကူ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား လုံခြုံရေးတာဝန် ဆောင်ရွက်ပေးမှုကို တွေ့ရစဉ်။

ဦးခိုင်ထွန်းဦး (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန)

မေး။ ပြည်သူ့အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုမူဝါဒတွေနဲ့ ပြည်သူ့အတွက် ဆောင်ရွက်ခဲ့တယ်ဆိုတာ သိပါရစေရှင့်။

ဖြေ။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ (၄) နှစ်တာ သက်တမ်းကာလအတွင်း ဝန်ကြီးဌာနရဲ့ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းထားရှိတဲ့ ဥပဒေတွေကို ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ လိုက်လျောညီထွေမှုရှိအောင် ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။ အစိုးရရဲ့ မူဝါဒနဲ့ ကိုက်ညီမှုရှိတဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ကာကွယ်တဲ့ ဥပဒေဖြစ်စေရေးအတွက် လက်ရှိစီမံခန့်ခွဲလျက်ရှိတဲ့ ဥပဒေ ၃၄ ခုအနက် မူလအတိုင်းထားရှိမယ့် ဥပဒေ ၁၉ ခု၊ ပြင်ဆင်ရေးဆွဲဆဲ ဥပဒေ ၂ ခု၊ ရုပ်သိမ်းပြီး အသစ်ရေးဆွဲရမယ့် ဥပဒေ ၁၀ ခုနဲ့ အသစ်ရေးဆွဲဆဲ ဥပဒေ ၃ ခု ရှိပါတယ်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်

မေး။ ဝန်ကြီးဌာနရှိ ဌာန ၄ ခုရဲ့ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်တွေနဲ့ ပြည်သူအတွက် ပြောင်းလဲဆောင်ရွက်ပေးရာမှာ သိသာထင်ရှားတဲ့အချက်တွေကို ပြောပြပေးပါဦးရှင့်။

ဖြေ။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ဌာနတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ပြည်တွင်းလုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်ရာမှာ ပြည်သူလူထုအခြေပြုရဲလုပ်ငန်းစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ၁ ရုံး၊ နယ်မြေရဲစခန်း ၂ ခုနဲ့ ရဲကင်းစခန်း ၇ ခုကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အစိုးရသက်တမ်း (၄) နှစ်တာကာလအတွင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ၃ ရုံး၊ နယ်မြေရဲစခန်း ၂၇ ခုနဲ့ ရဲကင်းစခန်း ၃၁ ခုကို အသစ်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်မှာ နယ်စပ်ဒေသလုံခြုံရေးအတွက် အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနဲ့ အမှတ် (၁) မှ (၈) အထိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ၈ ခုတို့နဲ့ လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုအဖြစ် နယ်ခြားစောင့်တပ်တွေအကြား အလံတင်အစည်းအဝေးတွေပြုလုပ်ခဲ့တာလည်း ရှိပါတယ်။ ပြီးခဲ့တဲ့ (၃) နှစ်တာကာလအတွင်း ၂၆ ကြိမ် ဆောင်ရွက်ခဲ့ပြီး စတုတ္ထ(၁) နှစ်တာကာလအတွင်း ၄ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် (၄) နှစ်တာကာလအတွင်း အစည်းအဝေး စုစုပေါင်း အကြိမ် ၃၀ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် နှစ်ဖက်ညှိနှိုင်းပြီး ခြေလျင်ကင်းလှည့်ခြင်း ၂၁၆ ကြိမ်နဲ့ မြစ်ကြောင်းကင်းလှည့်ခြင်းအကြိမ် ၁၀၀ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

နိုင်ငံဖြတ်ကျော်မှုခင်းတွေ၊ အခြားမှုခင်းတွေနဲ့ပတ်သက်ပြီး မှုခင်းကာကွယ်တားဆီးရေးနဲ့ စုံစမ်းဖော်ထုတ်မှုတွေမှာ INTERPOL ရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့၊ နိုင်ငံအလိုက် ရဲအဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများ (Border Liaison Offices - BLOs) အပြန်အလှန်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ၄ ရုံး၊ လာအိုနိုင်ငံနဲ့ ၂ ရုံး၊ ထိုင်းနိုင်ငံနဲ့ ၃ ရုံး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ၁ ရုံး၊ အိန္ဒိယနိုင်ငံနဲ့ ၃ ရုံး စုစုပေါင်း ၁၃ ရုံး ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။

လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် (၅) နှစ်စီမံကိန်း (၂၀၁၇ - ၂၀၂၁) ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေတာရှိပါတယ်။ စတုတ္ထ (၁) နှစ်တာကာလအတွင်းမှာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနဲ့ အမှုပေါင်း ၁၉၁ မှု အရေးယူဆောင်ရွက်ခဲ့ပြီး တရားခံပေါင်း ၅၇၀ နဲ့ လူကုန်ကူးခံရသူပေါင်း ၂၄၇ ဦးကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။

လူကုန်ကူးခံရသူတွေကို ပြန်လည်လွှဲပြောင်း၊ လက်ခံမှုတွေ ဆောင်ရွက်ခဲ့ရာ အကြိမ်ပေါင်း ၁၃၂ ကြိမ်နဲ့ စုစုပေါင်း ၂၅၆ ဦး၊ ပြည်ပကို သွားရောက်အလုပ်လုပ်ကိုင်မယ့်သူတွေကို ပူးပေါင်းအဖွဲ့တွေနဲ့ စစ်ဆေးပြီး အချက်အလက်မပြည့်စုံသူတွေ တွေ့ရှိရင် မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်ပေါ်စေဖို့အတွက် တားဆီး၊ ပြန်လွှတ်ခြင်းတွေ ဆောင်ရွက်ခဲ့ရာမှာ အကြိမ်ပေါင်း ၅၁ ကြိမ်နဲ့ စုစုပေါင်း ၂၅၅ ဦး ရှိပါတယ်။

မူးယစ်ဆေးဝါးပြဿနာဟာ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်တဲ့အပြင် နိုင်ငံတော်အဆင့် အလေးထားကိုင်တွယ်ဖြေရှင်းလျက်ရှိပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ နိုင်ငံတကာနဲ့ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါ မူးယစ်ဆေးဝါးသယ်ဆောင်/ထုတ်လုပ်မှု အဓိက ပစ်မှတ်တွေ၊ ပြည်တွင်း၊ ပြည်ပဂိုဏ်းအဖွဲ့တွေနဲ့ ပူးပေါင်းကျူးလွန်သူတွေကို အလေးထား ဖော်ထုတ်ဖမ်းဆီးလျက်ရှိပါတယ်။ အစိုးရ (၃) နှစ်တာကာလအတွင်းမှာ အထူးစစ်ဆင်ရေး (၁၁) ကြိမ်ဆောင်ရွက်ခဲ့ပြီး စတုတ္ထ (၁) နှစ်တာကာလတွင်း အထူးစစ်ဆင်ရေး ၄ ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ (၄) နှစ်တာကာလအတွင်း အထူး

အထူးကဏ္ဍ [ခ] သို့ »»»

»»» အထူးကဏ္ဍ [က] မှ

စစ်ဆင်ရေး စုစုပေါင်း ၁၅ ကြိမ် ဆောင်ရွက်ခဲ့ပြီး အမှုပေါင်း ၄၀၇၀ နဲ့ တရားခံပေါင်း ၅၅၇၅ ဦးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။

အစိုးရ (၃) နှစ်တာ သက်တမ်းကာလအတွင်းမှာ မူးယစ်ဆေးဝါး အမှုပေါင်း ၁၆၂၂၃ မှု၊ တရားခံ ၄၈၆၇၇ ဦးနဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်းမှာ အမှုပေါင်း ၁၀၈၈၂ မှုနဲ့ တရားခံ ၁၅၃၉၄ ဦးကို အရေးယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် (၄)နှစ်တာကာလအတွင်း စုစုပေါင်း အမှု ၂၇၁၀၅ မှုနဲ့ တရားခံ ၆၄၀၇၁ ဦးကို မူးယစ်ဆေးဝါးတွေ၊ ဓာတုပစ္စည်းတွေ၊ ဆက်စပ်ပစ္စည်းတွေနဲ့အတူ ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းရေးကို ဆောင်ရွက်လျက်ရှိရာမှာ (၃) နှစ်တာ သက်တမ်းကာလအတွင်း ဘိန်းခင်း ၂၀၁၄၁ ဒသမ ၀၃ ဧက ဖျက်ဆီးနိုင်ခဲ့ပါတယ်။

စတုတ္ထ (၁) နှစ်တာ ကာလအတွင်းမှာ ဘိန်းခင်း ၄၁၃၀ ဒသမ ၀၁ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး (၄) နှစ်တာကာလအတွင်း ဘိန်းခင်း စုစုပေါင်း ၂၄၂၇၁ ဒသမ ၀၄ ဧကကို ဖျက်ဆီးခဲ့ပြီးဖြစ်ပါတယ်။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူရာမှာ ၂၀၁၇ ခုနှစ်မှာ ၂၅ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်မှာ ၉ ဒသမ ၁ ရာခိုင်နှုန်းနဲ့ ၂၀၁၉ ခုနှစ်မှာ ၁၁ ရာခိုင်နှုန်းအဖြစ် ဘိန်းစိုက်ပျိုးမှု ကျဆင်းခဲ့ပါတယ်။ ထုတ်လုပ်မှုအနေနဲ့ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့တဲ့အတွက် အရင်က ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ဒုတိယနေရာကနေ တတိယနေရာကို လျော့နည်းကျဆင်းသွားပါတယ်။ ဒါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေပါ။

မေး။ ကျန်တဲ့ဦးစီးဌာနတွေရဲ့ ဆောင်ရွက်ချက်တွေကို သိပါရစေ။

ဖြေ။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဟာ စီးပွားရေးပြစ်မှုတွေနဲ့ ဝန်ထမ်းမသမာမှုတွေ စုံစမ်းဖော်ထုတ်အရေးယူရေးကို ဆောင်ရွက်လျက်ရှိတဲ့ ဌာနတစ်ခုဖြစ်ပါတယ်။

ဦးစီးဌာနအနေနဲ့ (၄) နှစ်တာကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးအပ်တဲ့ အမှုတွေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က စုံစမ်းစစ်ဆေးရေးအဖွဲ့တွေနဲ့ ဖွဲ့စည်းစုံစမ်းစစ်ဆေးတဲ့ အမှုတွေမှာ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က တာဝန်ပေးအပ်တဲ့ အမှု ၂၆၈ မှုအပါအဝင် စုစုပေါင်း ၆၇၁ မှုကို စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

ဝန်ထမ်းမသမာမှုတွေနဲ့ ပတ်သက်ပြီး ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နဲ့ ညွှန်ကြားချက်တွေကို ဖောက်ဖျက်ကျူးလွန်တဲ့ မသမာမှု ၁၉၉ မှုကို စုံစမ်းဖော်ထုတ် အရေးယူခဲ့ပါတယ်။ အဂတိလိုက်စားမှုတွေ မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားနိုင်ရေးကို ရည်ရွယ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ CPU အဖွဲ့ ၃ ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

နောက်ဌာနတစ်ခုဖြစ်တဲ့ အကျဉ်းဦးစီးဌာနရဲ့ ဆောင်ရွက်မှု ရှိပါတယ်။ အကျဉ်းဦးစီးဌာနအနေနဲ့ အကျဉ်းသား၊ အချုပ်သားတွေရဲ့ အကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာရပ်တွေ တတ်မြောက်သွားစေရေး၊ ပြစ်ဒဏ်ကာလစေ့ပြီး လွတ်မြောက်သွားတဲ့အခါ လူမှုအသိုက်အမြုံအတွင်းမှာ ဘဝရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုစေနိုင်မယ့် အစီအမံတွေကို နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းတွေနဲ့အညီ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။

အကျဉ်းထောင်/စခန်းတွေက စာပေပညာမတတ်သူတွေကို “အ”သုံးလုံးပညာ သင်ကြားပေးလျက်ရှိရာမှာ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၂၂၇၇ ဦးကို သင်ကြားပေးခဲ့ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ သင်ကြားပေးတဲ့အနေနဲ့ လုပ်ငန်းအမျိုးအစား ၃၀ ကို သင်ကြားပေးနိုင်ခဲ့ပါတယ်။

အကျဉ်းထောင်တွေအတွင်းမှာ ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ ပညာတစ်ပိုင်းတစ်စနဲ့ လူငယ်အကျဉ်းသားတွေကို ပညာရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး အတန်းပညာဆက်လက်သင်ကြားပေးတာရှိပါတယ်။

၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်မှာ အကျဉ်းသား၊ အကျဉ်းသူ ၃၄၇ ဦးကို သင်ကြားပေးနိုင်ခဲ့ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ အကျဉ်းသား၊ အကျဉ်းသူ ၁၇၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာမှာ အကျဉ်းသား ၈၇ ဦး၊ အကျဉ်းသူ ၇ ဦး စုစုပေါင်း ၉၄ ဦး အောင်မြင်ခဲ့ပါတယ်။ ဒီထဲက သုံးဘာသာဂုဏ်ထူးရှင် ၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၆ ဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် ၂၁ ဦး ထွက်ပေါ်ခဲ့ပါတယ်။

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်မှာ အကျဉ်းသား၊ အကျဉ်းသူ ၃၃၅ ဦးကို အတန်းပညာသင်ကြားပေးလျက်ရှိပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၁၇၈ ဦး ဝင်ရောက်ဖြေဆိုမှာ ဖြစ်ပါတယ်။

ကျန်းမာရေး ဆောင်ရွက်မှုအနေနဲ့ မန္တလေးဗဟိုအကျဉ်းထောင်မှာ မြန်မာနိုင်ငံအကျဉ်းထောင်တွေအတွင်း ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ရေးစီမံချက်အရ UNOPS အဖွဲ့ရဲ့ ပံ့ပိုးကူညီမှုနဲ့ TB နှစ်ထပ်ဆေးရုံဆောင်အသစ်ကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်မှာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အကျဉ်းထောင်/စခန်းတွေမှာ ဆရာဝန်တွေ၊ ကျန်းမာရေးမှူးတွေနဲ့ နေ့စဉ်ဆေးဝါးကုသပေးလျက်ရှိပြီး လိုအပ်ရင် ပြင်ပပြည်သူ့ဆေးရုံတွေကို တင်ပို့ကုသခြင်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အကျဉ်းဦးစီးဌာနနဲ့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)တို့ ပူးပေါင်းပြီး မန္တလေးဗဟိုအကျဉ်းထောင်မှာ အသက်မွေးမှုအတတ်သင် သင်တန်းကျောင်း နှစ်ထပ်ဆောင်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၈ ရက်မှာ ပြီးစီးဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီသင်တန်းကျောင်းမှာ အကြီးစား အင်ဂျင်ပြုပြင်ရေးလုပ်ငန်း၊ ဆံသလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်းနဲ့ လက်သမား/ပန်းရန်လုပ်ငန်းတွေကို သင်ကြားပေးလျက်ရှိပါတယ်။

မေး။ မီးသတ်ဦးစီးဌာနရဲ့ ဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး ပြောပြပေးပါဦးရှင်။

ဖြေ။ မီးသတ်ဦးစီးဌာနဟာ မီးဘေးလုံခြုံရေးနဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့ဌာနတစ်ခုဖြစ်ပါတယ်။ မီးသတ်ဦးစီးဌာနအနေနဲ့ (၄) နှစ်တာကာလအတွင်း အထပ်မြင့်အဆောက်အဦ ၈၉၇၈ လုံးအတွက် မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုပေးနိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပေးမှုအတွက် နိုင်ငံတော်ကို ငွေကျပ် ၁၈၃၀၁ ဒသမ ၁၄ သန်း ပေးသွင်းနိုင်ခဲ့ပြီး အဆောက်အဦ ၅၉၄၈ လုံးအတွက် မီးဘေးလုံခြုံရေးဆိုင်ရာ ထောက်ခံချက်တွေကို ထုတ်ပေးနိုင်ခဲ့ပါတယ်။

မီးသတ်တပ်ဖွဲ့ကို ခေတ်မီပြီး စွမ်းအားပြည့်ဝတဲ့ တပ်ဖွဲ့ဖြစ်စေဖို့အတွက် ပိုလန်နိုင်ငံအစိုးရနောက်ခံအခြေပြု ဥရောပသမဂ္ဂရဲ့ တစ်စိတ်တစ်ပိုင်း ကူညီထောက်ပံ့မှုချေးငွေ (Organization for Economic Co-operation and Development – OECD)က တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ (Official Development Assistance – ODA) အစီအစဉ်အရ ထောက်ပံ့ချေးငွေ ယူရိုသန်း ၅၀ ရရှိခဲ့ပါတယ်။ ဒီချေးငွေနဲ့ မီးငြိမ်းသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နဲ့ မီးသတ်အထောက်အကူပြုယာဉ် စုစုပေါင်း ၇၅ စီးကို ဖြည့်တင်းဆောင်ရွက်ခဲ့ပါတယ်။

ဒီလို ဖြည့်တင်းနိုင်ခဲ့မှုကြောင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၅ ရက်မှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန်ရှိ AA Electronics ပစ္စည်းသိုလှောင်ရုံမှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှု၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၀ ရက်မှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်(၁)ရှိ ဇာမဏီဖယောင်းသိုလှောင်ရုံမှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှု၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၇ ရက်မှာ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ်ရှိ Sky Walk (၅)လွှာ အဆောက်အဦမှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှုနဲ့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၀ ရက်မှာ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် လမ်းမတော်လမ်း သံဈေးမီးလောင်မှုတွေမှာ အထပ်မြင့်မီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးယာဉ်တွေ၊ မီးငြိမ်းသတ်ရေးယာဉ်တွေနဲ့ ထိရောက်စွာ အသုံးပြုငြိမ်းသတ်နိုင်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ၁ ရက်မှာ မွန်ပြည်နယ် ပေါင်မြို့နယ်မှာ ဖြစ်ပွားခဲ့တဲ့ မြေပြိုမှုဖြစ်စဉ်မှာ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်တဲ့အခါ Towing Vehicle နဲ့ Lifting Vehicle တွေကို အသုံးပြုပြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါ့အပြင် သဘာဝဘေးအန္တရာယ်အပါအဝင် မတော်တဆဖြစ်စဉ်တွေမှာ ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ကူညီဆောင်ရွက်ပေးလျက်ရှိရာမှာ စတုတ္ထ (၁) နှစ်တာကာလအတွင်း ရှာဖွေကယ်ဆယ်ရေးဖြစ်စဉ် ၂၈၉၂ ကြိမ်ရှိပြီး ပျက်စီးခဲ့တဲ့ အိမ်ခြေ ၃၉၉၈၇ လုံးနဲ့ ဒုက္ခရောက်ရှိခဲ့သူ

အထူးကဏ္ဍ [ဂ] သို့ »»»

၁၉-၇-၂၀၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ပြုလုပ်သည့် (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား လုံခြုံရေးတာဝန်ဆောင်ရွက်ပေးမှုကို တွေ့ရစဉ်။

အမြန်သွားကင်းလှည့်ရေယာဉ်-162 ဖြင့် မဲခေါင်မြစ်ကြောင်းအတွင်း ကင်းလှည့်ဆောင်ရွက်နေစဉ်။

»»» အထူးကဏ္ဍ [ခ] မှ

“ စတုတ္ထ (၁) နှစ်တာကာလအတွင်း ရှာဖွေကယ်ဆယ်ရေးဖြစ်စဉ် ၂၈၉၂ ကြိမ်ရှိပြီး ပျက်စီးခဲ့တဲ့ အိမ်ခြေ ၃၉၉၈၇ လုံးနဲ့ ဒုက္ခရောက်ရှိခဲ့သူ ၇၈၉၉၂ ဦးကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့

မီးလောင်သည့် အဆောက်အဦအပေါ်ထပ်ရှိ ပိတ်မိနေသူများကို 48 meter Hydraulic Platform ယာဉ်အသုံးပြု၍ ဘေးကင်းရာသို့ ကယ်ဆယ်ရွှေ့ထုတ်နေစဉ်။

၇၈၉၉၂ ဦးကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ပြည်သူတွေအနေနဲ့ ဘေးဒုက္ခအန္တရာယ်တွေ တွေ့ကြုံလာခဲ့ရင် မီးသတ်ဦးစီးဌာနကို သတင်းပေးပို့ အကူအညီတောင်းခံနိုင်ဖို့၊ အချိန်နဲ့တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၉ ခုနှစ် မတ်လက စတင်ပြီး 191 Report Application ကို အသုံးပြုလျက်ရှိရာမှာ ပြည်သူတွေထံမှ သတင်းပေးပို့မှုမှာ ၃၆၆ ခု ရှိခဲ့ပါတယ်။

ရဲမှူးကြီးကျော်သီဟ (သတင်းရဲတပ်ဖွဲ့)

မေး။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း နယ်မြေရဲစခန်းတွေ၊ ရဲကင်းတွေ တိုးချဲ့ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ ဘယ်လိုကြောင့် တိုးချဲ့ဆောင်ရွက်ခဲ့တယ်ဆိုတာကို သိပါရစေ။

ဖြေ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ပထမ ရည်မှန်းချက်တာဝန်ဖြစ်တဲ့ ပြည်တွင်းလုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆောင်ရွက်ရာမှာ ပြည်သူလူထုအခြေပြုရဲလုပ်ငန်းစနစ်ကို ကျင့်သုံးပြီး ဒီလုပ်ငန်းတွေ ပိုမိုထိရောက်မှုရှိစေရေးအတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ၁ ရုံး၊ နယ်မြေရဲစခန်း ၂ ခုနဲ့ ရဲကင်းစခန်း ၇ ခုကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ (၄) နှစ်တာ သက်တမ်းကာလအတွင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ၃ ရုံး၊ နယ်မြေရဲစခန်း ၂၇ ခုနဲ့ ရဲကင်းစခန်း ၃၁ ခုတို့ကို အသစ်တိုးချဲ့ဖွင့်လှစ်ပြီး တည်ငြိမ်အေးချမ်းမှုကို တိုးမြှင့်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အနောက်တံခါးဖြစ်တဲ့ ရခိုင်ပြည်နယ်ရဲ့ နယ်စပ်ဒေသလုံခြုံရေးအတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ၈ ခုနဲ့ လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။

မေး။ နယ်စပ်တွေမှာ လုံခြုံရေးတိုးမြှင့်တဲ့အပြင် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးအတွက် တွေ့ဆုံဆွေးနွေးတာတွေလည်းရှိတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း သိပါရစေ။

ဖြေ။ မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးအတွက် နယ်ခြားစောင့်တပ်တွေအကြား ဗဟိုအဆင့်၊ ကွပ်ကဲရေးမှူးအဆင့်၊ တပ်ရင်းမှူးအဆင့်နဲ့ တပ်ခွဲမှူးအဆင့် အလံတင်အစည်းအဝေးတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါ့ပြင် နှစ်ဖက်တပ်ဖွဲ့တွေ ညှိနှိုင်းပြီး ခြေလျင်ကင်းလှည့်ခြင်းနဲ့ နယ်စပ်ဒေသမြစ်ကြောင်းတစ်လျှောက် မြစ်ကြောင်းကင်းလှည့်ခြင်းတွေကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေး။ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့တွေမှာ အရေးပေါ်ဆက်သွယ်ခေါ်ဆိုနိုင်တဲ့ Command Centre တွေ တည်ထောင်ထားတယ်လို့ သိရပါတယ်။

ဖြေ။ ဒါတွေက ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဒုတိယ ရည်မှန်းချက်တာဝန်နဲ့လည်း သက်ဆိုင်ပါတယ်။ ဒုတိယ ရည်မှန်းချက်တာဝန်ဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံသားတို့ရဲ့ အခွင့်အရေးကို ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ဥပဒေအသိပညာပေးခြင်း၊ ပြည်သူတွေရဲ့ ဘေးကင်းလုံခြုံရေး၊ မှုခင်းတွေနဲ့ အကြမ်းဖက်မှုတွေမှ ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေး၊ တိုက်ဖျက်ရေးနဲ့ လျော့နည်းကျဆင်းရေးတို့အတွက် မှုခင်းကျဆင်းရေးလုပ်ငန်းစဉ် (၅) ရပ်၊ သော့ချက် (၅) ရပ်တို့နဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူလူထုရဲ့ သတင်းပေးချက်တွေ၊ တောင်းခံလာတဲ့ အကူအညီတွေကို လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့တွေမှာ အရေးပေါ်ဆက်သွယ်ခေါ်ဆိုနိုင်တဲ့ Command Centre တွေ၊ Complaint Centre တွေ တည်ဆောက်ပြီး Hot Line တွေနဲ့ Social Network Account တွေ ဖွင့်လှစ်ခြင်း၊ CCTV နဲ့ဆက်စပ်ပစ္စည်းတွေ တပ်ဆင်ကာ ၂၄ နာရီတာဝန်ချထားပြီး မှုခင်းကြိုတင်ကာကွယ်ရေးနဲ့ တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒါ့ပြင် ပြည်သူတွေ မှုခင်းဆိုင်ရာအသိပညာ ဗဟုသုတရရှိစေဖို့ မှုခင်းပညာပေး ပြခန်းယာဉ်တွေနဲ့ လှည့်လည်ဟောပြောပြသခြင်း၊ ကျေးလက်ဒေသတွေအထိ ကွင်းဆင်းဟောပြောခြင်း၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်းစနစ်နဲ့ အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်တို့ကိုလည်း လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်တွေကို ဒေသနဲ့ လျော်ညီအောင် ထပ်မံဖြည့်စွက်ရေးဆွဲစေလျက် သက်ဆိုင်ရာဌာနတွေနဲ့ ပေါင်းစပ်ကာ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းတွေ ထိရောက်အောင် ဘာတွေ ပြောင်းလဲဆောင်ရွက်နေတယ် ဆိုတာကို ပြောပြပေးပါဦးရှင်။

ဖြေ။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ပြင်ဆင်ပြဋ္ဌာန်းပြီး ပြင်ဆင်ခဲ့ပါတယ်။

နိုင်ငံတကာနဲ့ပူးပေါင်းကာ ဟန်ချက်ညီ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေတဲ့အပြင် မူးယစ်ဆေးဝါး သယ်ဆောင်/ထုတ်လုပ်မှု အဓိက ပစ်မှတ်တွေ၊ ပြည်တွင်း၊ ပြည်ပ ဂိုဏ်းအဖွဲ့တွေနဲ့ ပူးပေါင်းကျူးလွန်သူတွေကို အလေးထား ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ စတုတ္ထ (၁) နှစ်တာကာလအတွင်းမှာ စိတ်ပြောင်းဆေးဝါးချက်စခန်း ၈ ခုကို ရှာဖွေဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနဲ့ ပတ်သက်ပြီး ပြည်သူလူထုရဲ့ သတင်းပေးတိုင်ကြားချက်တွေကို အရေးယူဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်သမ္မတရုံးမှာ မူးယစ်ဆေးဝါး သတင်းပေးဌာနကို ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်မှာ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ စတုတ္ထ (၁) နှစ်တာကာလအတွင်း အမှုပေါင်း ၃၉၅ မှုနဲ့ တရားခံပေါင်း ၅၉၂ ဦးတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့တဲ့အတွက် သတင်းပေးဌာန ဖွင့်လှစ်သည့်နေ့မှစပြီး အမှုပေါင်း ၉၈၁ မှုနဲ့ တရားခံပေါင်း ၁၅၁၅ ဦးတို့ကို မူးယစ်ဆေးဝါးတွေ၊ ဓာတုပစ္စည်းတွေ၊ ဆက်စပ်ပစ္စည်းတွေနဲ့အတူ ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါ့ပြင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းရေးအတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဘိန်းခင်း ၄၁၃၀ ဒသမ ၀၁ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးတော့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူရာမှာ ၂၀၁၉ ခုနှစ်မှာ ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ထုတ်လုပ်မှု နှစ်ရာခိုင်နှုန်း ကျဆင်းခဲ့တဲ့အတွက် အရင်ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ဒုတိယနေရာကနေ တတိယနေရာကို လျော့နည်းကျဆင်းသွားပါတယ်။

မေး။ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းတွေမှာ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းတွေ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာမှာ ဥရောပသမဂ္ဂ(EU) နဲ့ ပူးပေါင်းဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။

ဖြေ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ရည်မှန်းချက်တာဝန်တွေ၊ လုပ်ငန်းတာဝန်တွေ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ တပ်ဖွဲ့ဝင်တွေ စွမ်းရည်မြှင့်မားတိုးတက်လာစေရေးအတွက် အဆင့်အလိုက် တက်ရောက်ရမယ့် သင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ သင်တန်းကျောင်းတွေရဲ့ အရည်အသွေး အဆင့်မြှင့်တင်ခြင်းအပြင် အရည်အချင်းပြည့်ဝတဲ့ နည်းပြဆရာတွေနဲ့ လေ့ကျင့်သင်ကြားပေးမှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတကာအတွေ့အကြုံတွေ ရရှိစေဖို့ ပြည်ပနိုင်ငံတွေကိုလည်း သင်တန်းတွေ၊ လေ့လာရေးခရီးစဉ်တွေ စေလွှတ်ပေးလျက်ရှိရာမှာ (၄) နှစ်တာကာလအတွင်း ပြည်ပနိုင်ငံ ၁၉ နိုင်ငံကို သင်တန်းသားတွေစေလွှတ်ပြီး ရဲတပ်ဖွဲ့ဝင်တွေရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ရဲလေ့ကျင့်ရေးကျောင်းတွေမှာ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းတွေ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိတဲ့အပြင် ဥရောပသမဂ္ဂ (EU) နဲ့ပူးပေါင်းပြီး စွမ်းရည်မြှင့်တင်ရေး (၅) နှစ်စီမံကိန်းနဲ့ သင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပါတယ်။

ဦးစိုးမြင့်လေး (ညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)

မေး။ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနအနေနဲ့ လေးနှစ်တာကာလအတွင်း စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့တဲ့ အမှုတွေ ဘယ်လောက်ရှိပြီဆိုတာ သိပါရစေရှင့်။

ဖြေ။ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနအနေနဲ့ (၄) နှစ်တာကာလအတွင်း စုံစမ်းစစ်ဆေးခဲ့တဲ့ အမှုအရေအတွက်အနေနဲ့ စီးပွားရေးဆိုင်ရာပြစ်မှု ၂၀၄ မှု၊ ဝန်ထမ်းမသမာမှု ၁၉၉ မှုနဲ့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က တာဝန်ပေးအပ်တဲ့ ငွေကြေးခဝါချမှု ၂၆၈ မှု စုစုပေါင်း ၆၇၁ မှု ဖြစ်ပါတယ်။

(၄) နှစ်တာကာလအတွင်း စုံစမ်းစစ်ဆေးခဲ့တဲ့ အမှုတွေကနေ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့တဲ့ ငွေကြေးနဲ့ ပစ္စည်းတန်ဖိုးက နိုင်ငံခြားငွေ အပါအဝင် မြန်မာကျပ်ငွေအနေနဲ့ စုစုပေါင်း ၅ ဒသမ ၈၃ ဘီလီယံခန့် သိမ်းဆည်းနိုင်ခဲ့ပါတယ်။ ဒါ့ပြင် ငွေကျပ် ၅၃၆ ဒသမ ၄၃ ဘီလီယံနဲ့ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅၇ သန်းတို့အပေါ် အခွန်စည်းကြပ်နိုင်ဖို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနကို အကြောင်းကြားနိုင်ခဲ့ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေနဲ့ (၄)နှစ်တာကာလအတွင်း စုံစမ်းစစ်ဆေးခဲ့တဲ့ အမှုတွေအနက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနဲ့ အကျုံးဝင်တဲ့အမှု ၂၆၈ မှုကို စုံစမ်းစစ်ဆေးခဲ့တာရှိပါတယ်။ ဒီစုံစမ်းစစ်ဆေးခြင်းကနေပြီး ပြည်သူ့ဘဏ္ဍာအဖြစ် တရားရုံးတွေက ပြစ်ဒဏ်ချမှတ်သိမ်းဆည်းခဲ့တဲ့ ငွေကြေးနဲ့ ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် ၂ ဒသမ ၁၇၂ ဘီလီယံ သိမ်းဆည်းနိုင်ခဲ့ပါတယ်။ စုံစမ်းစစ်ဆေးဆဲ ငွေကြေးခဝါချမှုတွေကနေ ယာယီသိမ်းဆည်းထားတဲ့ ငွေကြေးနဲ့ ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် ၇၉ ဒသမ ၄၀ ဘီလီယံဖြစ်ပြီး ပြစ်မှုကျူးလွန်ကြောင်းတွေ့ရှိရတဲ့ ငွေကြေးနဲ့ ပစ္စည်းတွေကို တရားစွဲဆိုတင်ပို့သွားမှာဖြစ်ပါတယ်။

တရားရုံးကို သက်သေခံတင်ပို့ထားပြီး ပြည်သူ့ဘဏ္ဍာသိမ်းဆည်းဖို့ တရားစစ်ဆေးစီရင်ဆဲအမှုတွေက ငွေကြေးနဲ့ ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် ၂၆ ဒသမ ၁၇ ဘီလီယံ ဖြစ်ပါတယ်။ လုပ်ငန်း၊ အဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်တွေ လုံခြုံရေးအတွက် အထောက်အကူပြုစိစစ်ပေးနိုင်မှုအနေနဲ့ လူပုဂ္ဂိုလ် ၃ ဒသမ ၇ သန်းကျော်ကို စိစစ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရဲ့ ဌာနတွင်း ဥပဒေအကြံပေးခြင်း၊ တရားစွဲဆိုတင်ပို့ခြင်းနဲ့ တရားရုံး အမှုလိုက်ပါဆောင်ရွက်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်တဲ့ ဥပဒေနှင့်အကျိုးဆောင်ဌာနကို ၁၉၅၁ ခုနှစ် အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေအရ ဖွဲ့စည်းထားတာရှိပါတယ်။

(၄)နှစ်တာကာလအတွင်း အမှု ၂၃၁ မှုကို ဥပဒေအကြံပေးနိုင်ခဲ့ပြီး လွှတ်တော်အသီးသီးကို တင်သွင်းမယ့် ပြဋ္ဌာန်း၊ ပြင်ဆင်၊ တင်သွင်းတဲ့ ဥပဒေ၊ နည်းဥပဒေ(မူကြမ်း) ၁၂၇ ခုနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနကနေ တစ်ဆင့် ပေးပို့လာမှုအပေါ် သုံးသပ်အကြံပြုခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

မေး။ အဂတိလိုက်စားမှုတွေကိုဦးစီးဌာနက စစ်ဆေးဆောင်ရွက်ခဲ့မှုကို ရှင်းပြပေးပါဦးရှင်။

ဖြေ။ ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ မပြဋ္ဌာန်းမီက အဂတိလိုက်စားမှုတွေကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက စုံစမ်းစစ်ဆေးခဲ့ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းပြီးတဲ့နောက် အဂတိလိုက်စားမှုတွေကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကသာ ဦးဆောင်စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရဲ့ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းတွေမှာ လုပ်ငန်းလိုအပ်ချက်ရှိတဲ့အခါ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အွန်လိုင်းကနေတစ်ဆင့် Digital Money (Cryptocurrency) ရောင်းဝယ်မှုတွေကို အခြေခံပြီး ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းတွေကို မက်လုံးအမျိုးမျိုးပေး လုပ်ကိုင်မှုတွေကဲ့သို့ အများပြည်သူ ထိခိုက်နစ်နာမှုရှိနိုင်တဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး လေ့လာစုံစမ်းတွေ့ရှိချက်တွေကို အထက်အကြီးအကဲတွေထံ တင်ပြခြင်း၊ နိုင်ငံပိုင်သတင်းစာတွေကတစ်ဆင့် သတင်းဆောင်းပါး ရေးသားဖော်ပြခြင်း၊ ဌာနရဲ့ Website ကတစ်ဆင့် ဖော်ပြခြင်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရဲ့ ဝက်ဘ်ဆိုက် www.bsi.gov.mm ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်မှာ စတင်လွှင့်တင်ပေးခဲ့ပါတယ်။

အထူးကဏ္ဍ [ဃ] သို့ »»»

ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦး

ရဲမှူးကြီးကျော်သီဟ

ညွှန်ကြားရေးမှူး ဦးစိုးမြင့်လေး

ညွှန်ကြားရေးမှူး ဦးကျော်နိုင်

ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်နိုင်

>>>> အထူးကဏ္ဍ [ဂ] မှ

ဦးကျော်နိုင် (ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန)

မေး။ မီးသတ်ဦးစီးဌာနရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ချက်တွေကို ပြောပြပေးပါဦးရှင်။

ဖြေ။ စတုတ္ထ (၁) နှစ်တာကာလအတွင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် တစ်အိမ်တက်ဆင်း အသိပညာပေး စစ်ဆေးဆောင်ရွက်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးတာ၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ ဈေးတွေ၊ စက်သုံးဆီအရောင်းဆိုင်တွေ၊ အထပ်မြင့်အဆောက်အဦတွေ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုတာတွေကို ဆောင်ရွက်ခဲ့ပါတယ်။

(၁) နှစ်တာကာလအတွင်း မီးဘေးလုံခြုံရေးအတွက် မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) သင်တန်းတွေကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ မီးသတ်ဦးစီးဌာနအနေနဲ့ တပ်ဖွဲ့ဝင် အရာထမ်း ၅၂၀ နဲ့ အမှုထမ်း ၁၃၁၃၃ ဦး စုစုပေါင်း ၁၃၆၅၃ ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါပြီ။ မီးသတ်စက်ယာဉ်တွေအနေနဲ့ မီးငြှိမ်းသတ်ယာဉ် ၁၆၁၅ စီး၊ မီးသတ်ရေသယ်ယာဉ် ၁၀၅၅ စီး၊ မီးသတ်စက်ယာဉ် ၃၆၃ စီးနဲ့ မီးသတ်အထောက်အကူပြုယာဉ် ၂၈၇ စီး စုစုပေါင်းအစီးရေ ၃၃၂၀ နဲ့ အရန်မီးသတ်စခန်းတွေမှာ မီးသတ်စက်ယာဉ်ပေါင်း ၃၂၀ အထိ ရှိလာခဲ့ပါပြီ။ မီးသတ်စခန်းဖွင့်လှစ်နိုင်မှုအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်ရုံး ၁၅ ခု၊ ခရိုင်မီးသတ်စခန်း/ရုံး ၇၄ ခု၊ မြို့နယ်မီးသတ်စခန်း/ရုံး ၃၁၄ ခုနဲ့ နယ်မြေမီးသတ်စခန်းပေါင်း ၅၁၄ ခုတို့ကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ကျောင်းသားလူငယ်တွေအတွက် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်လျှော့ချရေး၊ တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေး အစီအစဉ် Kaeru Caravan Programme ကို မြို့နယ်စာသင်ကျောင်းတွေမှာ သရုပ်ပြသင်ကြားပေးလျက်ရှိပါတယ်။

မေး။ မီးသတ်ဦးစီးဌာနအနေနဲ့ အထပ်မြင့်အဆောက်အဦ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းအတွက် ဆောင်ရွက်ပေးခရငွေ ကောက်ခံပေးတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး သိပါရစေရှင့်။

ဖြေ။ နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ မီးလောင်မှုဖြစ်စဉ်တွေက တစ်နေ့တခြားပုံစံမျိုးစုံနဲ့ ဖြစ်ပွားလျက်ရှိပါတယ်။ မီးလောင်မှုအကြိမ်ရေနဲ့ ဆုံးရှုံးမှုတန်ဖိုး လျှော့နည်းကျဆင်းရေးအတွက် နိုင်ငံတကာ မီးသတ်တပ်ဖွဲ့နည်းတူ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေနဲ့ နည်းဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ကျင့်သုံးပြီး အထပ်မြင့် အဆောက်အဦ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းအတွက် ဆောင်ရွက်ပေးခရငွေ ကောက်ခံပေးလျက်ရှိပါတယ်။

ဒီလို ကောက်ခံပေးနိုင်တဲ့အတွက် နိုင်ငံတော်ဝင်ငွေကို တစ်ဖက်တစ်လမ်းကနေ တိုးမြှင့်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ (၄) နှစ်တာကာလအတွင်း အထပ်မြင့်အဆောက်အဦ ၈၉၇၈ လုံး စစ်ဆေးအကြံပြုခြင်း ဆောင်ရွက်ပေးခရငွေ ငွေကျပ်သန်း ၁၈၀၀၀ ကျော် နိုင်ငံတော်ကို ပေးသွင်းနိုင်ခဲ့ပါတယ်။

အလားတူ နိုင်ငံတော်မှာ သဘာဝဘေးနဲ့မတော်တဆဘေးတွေ ဖြစ်ပွားလာပါက ထိခိုက်ဆုံးရှုံးမှု နည်းပါးစေဖို့အတွက် အချိန်နဲ့တစ်ပြေးညီ အလျင်အမြန် ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် မြို့နယ်တိုင်းမှာ ရှာဖွေကယ်ဆယ်ရေး တပ်စုတွေကို အင်အား ၃၅ ဦးစီနဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေက မြို့တော်တွေမှာ ရှာဖွေကယ်ဆယ်ရေးတပ်ခွဲကို အင်အား ၁၁၆ ဦးစီနဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းထားရှိတဲ့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး အကြံပေးအဖွဲ့ – Insarag ရဲ့ သတ်မှတ်ချက်နဲ့အညီ Insarag Light Team ကို အင်အား ၂၈ ဦးနဲ့ ဖွဲ့စည်းပြီး ကယ်ဆယ်ကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မေး။ 191 Report Application နဲ့ပတ်သက်ပြီး ပြည်သူတွေဆီက သတင်းပေးပို့မှု ဘယ်လောက်လက်ခံရရှိတယ်ဆိုတာကို သိပါရစေရှင့်။

ဖြေ။ ပြည်သူတွေအနေနဲ့ မီးသတ်ဦးစီးဌာနကို အချိန်နဲ့တစ်ပြေးညီ သတင်းပေးပို့ အကူအညီတောင်းခံရင် ဆောင်ရွက်ပေးနိုင်ဖို့အတွက် 191 Report Application ကို ၂၀၁၉ ခုနှစ် မတ်လမှာ စတင်ရေးဆွဲအသုံးပြုရာမှာ သတင်းပေးပို့မှုပေါင်း ၃၆၆ ခု ရရှိခဲ့ပြီး ဖြစ်ပါတယ်။

မီးသတ်ဦးစီးဌာန Website နဲ့ Facebook Page ကနေ မီးလောင်မှုနဲ့ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နေမှု သတင်းတွေ၊ နောက်ဆုံးရအခြေအနေတွေကို ပေးပို့တင်ပြနိုင်ခြင်းကြောင့် ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုကို လျော့ပါးစေပြီး ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှု ရရှိခဲ့သလို မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ပါတယ်။ လုံခြုံရေးအပိုင်းမှာ ပြည်သူတွေရဲ့ အဖိုးတန်ပစ္စည်းနဲ့ ရတနာတွေကို မပျောက်ရှစေဘဲ ထိန်းသိမ်းဆောင်ရွက် ပေးနိုင်မှုတွေဟာ မီးသတ်တပ်ဖွဲ့ရဲ့ လုပ်ငန်းစွမ်းဆောင်ရည်သာမက ဂုဏ်သိက္ခာ၊ အကျင့်စာရိတ္တနဲ့ စိတ်ဓာတ်ပိုင်းကို ပြည်သူတွေ အားကိုးယုံကြည်မှုရှိစေဖို့ ပြသနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

ဦးရဲရင့်နိုင် (ဒုတိယညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိ(ပထမတန်း)လုံခြုံရေး၊ အကျဉ်းဦးစီးဌာန)

မေး။ အကျဉ်းဦးစီးဌာနအနေနဲ့ ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်တွေကို သိပါရစေရှင့်။

ဖြေ။ အကျဉ်းဦးစီးဌာနအနေနဲ့ ပြစ်ဒဏ်ကျအကျဉ်းသား၊ အချုပ်သားတွေကို ထိန်းသိမ်းဆောင်ရွက်ရာမှာ အကျဉ်းဦးစီးဌာနရဲ့ ရည်မှန်းချက်တာဝန် (၄) ရပ်နဲ့အညီ လုံခြုံရေး၊ စည်းကမ်းစနစ်တကျရှိရေး၊ အကျဉ်းသားတွေရဲ့ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲရေး၊ အသက်မွေးဝမ်းကျောင်းပညာနဲ့ စာပေပညာတွေသင်ကြားပေးရေး၊ ကုန်ထုတ်လုပ်ငန်းတွေ ဆောင်ရွက်ရေးနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ရေး စတဲ့ လုပ်ငန်းစဉ်(၈)ရပ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရရဲ့ (၄) နှစ်တာကာလအတွင်း "အ"သုံးလုံး ပညာသင်ကြားပေးခြင်း၊ ဘာသာရေးဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်း၊ အတန်းပညာ ဆက်လက်သင်ကြားပေးခြင်း၊ အားကစားပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲ ပြုလုပ်ပေးခြင်းနဲ့ ကျန်းမာရေး ပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်းစတဲ့ ကဏ္ဍရပ်တွေကို စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အကျဉ်းထောင်/စခန်းတွေရှိ စာပေပညာ မတတ်သူတွေကို "အ" သုံးလုံး ပညာသင်ကြားပေးလျက်ရှိရာမှာ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အကျဉ်းသား ၁၅၆၇ ဦးနဲ့ အကျဉ်းသူ ၇၁၀ စုစုပေါင်း အကျဉ်းသား/အကျဉ်းသူ ၂၂၇၇ ဦး သင်ကြားပေးခဲ့ပါတယ်။

ဘာသာရေးအနေနဲ့ အခြားဘာသာဝင်တွေကို မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာအလိုက် လွတ်လပ်စွာကိုးကွယ်ခွင့် ပေးထားပါတယ်။ အကျဉ်းထောင်/စခန်းတွေမှာ လစဉ်တရားစခန်းတွေ ဖွင့်လှစ်ပေးလျက်ရှိပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တရားစခန်းဝင်ယောဂီ အကျဉ်းသား ၁၉၅၅၂ ဦးနဲ့ အကျဉ်းသူ ၃၈၉၇ ဦး စုစုပေါင်း အကျဉ်းသား/ အကျဉ်းသူ ၂၃၄၄၉ ဦး တရားစခန်း ဝင်ရောက်ခဲ့ပါတယ်။

အသက်မွေးဝမ်းကျောင်း ပညာရပ်တွေ သင်ကြားပေးခြင်းအနေနဲ့ အကျဉ်းသားတွေ အကျဉ်းထောင်က လွတ်မြောက်သွားတဲ့အခါ လူသစ်စိတ်သစ်နဲ့ လူ့အသိုက်အဝန်းအတွင်း ကောင်းမွန်စွာ နေထိုင်သွားနိုင်စေဖို့ ရည်ရွယ်ပြီး လုပ်ငန်းရပ်အမျိုးအစား ၃၀ ကို သင်ကြားပေးနိုင်ခဲ့ပြီး ဒီလုပ်ငန်းရပ်တွေအနက် အမှတ် (၆) စက်မှုသင်တန်းကျောင်း မြင်းခြံမြို့က လာရောက်သင်ကြားပေးတဲ့ စက်ပြင်နှင့် လျှပ်စစ်သင်တန်း၊ ပြင်ပကုမ္ပဏီက လာရောက်သင်ကြားပေးတဲ့ LCCI စာရင်းကိုင်သင်တန်း အောင်မြင်သူတွေကို သင်တန်းဆင်း အောင်လက်မှတ်တွေ ရရှိတဲ့အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မေး။ အကျဉ်းထောင်အတွင်းမှာ ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ လူငယ်တွေ ပညာသင်ကြားပေးနေမှုအခြေအနေကို ပြောပြပေးပါဦးရှင်။

ဖြေ။ အကျဉ်းထောင်အတွင်းမှာ ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ ပညာတစ်ပိုင်းတစ်စနဲ့ လူငယ်အကျဉ်းသားတွေကို ပညာရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး အတန်းပညာ ဆက်လက်သင်ကြားပေးခဲ့ရာမှာ ၂၀၁၆–၂၀၁၇ ပညာသင်နှစ်မှာ အကျဉ်းသားကျောင်းသား/ကျောင်းသူ ပေါင်း ၁၄၄ ဦး၊ ၂၀၁၇ – ၂၀၁၈ ပညာသင်နှစ်မှာ အကျဉ်းသားကျောင်းသား/ကျောင်းသူပေါင်း ၂၅၃ ဦး၊ ၂၀၁၈– ၂၀၁၉ ပညာသင်နှစ်မှာ အကျဉ်းသားကျောင်းသား/ကျောင်းသူပေါင်း ၃၄၇ ဦးကို ပညာသင်နှစ်အလိုက် အတန်းပညာဆက်လက်သင်ကြားပေးနိုင်ခဲ့ပါတယ်။ အခု ၂၀၁၉ –၂၀၂၀ ပညာသင်နှစ်မှာ အကျဉ်းသား ကျောင်းသား/ကျောင်းသူပေါင်း ၃၃၅ ဦးကို အတန်းပညာ သင်ကြားပေးလျက်ရှိပါတယ်။

အတန်းပညာ ဆက်လက်သင်ကြားစေခြင်း အစီအစဉ်ကနေ ပြစ်ဒဏ်ကျ အကျဉ်းသားတွေရဲ့ အတန်းပညာ အောင်မြင်စွာ သင်ကြားနိုင်ခဲ့မှုတွေကို အထင်အရှား သာဓကအဖြစ် မြင်တွေ့နိုင်ပါတယ်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ အကျဉ်းသား ကျောင်းသား/ကျောင်းသူပေါင်း ၃၃၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာမှာ ၁၆၈ ဦး အောင်မြင်ခဲ့ပြီး သုံးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၁ ဦးနဲ့ တစ်ဘာသာ ဂုဏ်ထူးရှင် ၄၃ ဦး ထွက်ပေါ်ခဲ့တယ်။ ၂၀၁၉–၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲမှာ အကျဉ်းသား ကျောင်းသား ၁၆၃ ဦးနဲ့ ကျောင်းသူ ၁၅ ဦး စုစုပေါင်း ၁၇၈ ဦး ဝင်ရောက်ဖြေဆိုမှာ ဖြစ်ပါတယ်။

မေး။ အကျဉ်းထောင်/စခန်းတွေမှာ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေတာတွေကို သိပါရစေရှင့်။

ဖြေ။ အကျဉ်းထောင်/စခန်းတွေမှာ အကျဉ်းဦးစီးဌာနရဲ့ နယ်လှည့်အနုပညာရှင်တွေအဖွဲ့နဲ့ လှည့်လည်ဖျော်ဖြေပေးလျက်ရှိသလို နေ့ထူးနေ့မြတ်တွေမှာ အခါအခွင့်သင့်သလို ပျော်ပွဲရွှင်ပွဲတွေ ကျင်းပပြုလုပ်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ အကျဉ်းဦးစီးဌာနတို့ ပူးပေါင်းပြီး United Nations Office on Drugs and Crime – UNODC အဖွဲ့ ရန်ပုံငွေနဲ့ ကိုရီယာလွတ်လေ့ကျင့်ခန်း ဆောင်ရွက်စေခြင်းတွေကို တိုင်းဒေသကြီး/ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးမှူးတွေဆီက တစ်ဆင့် အကျဉ်းထောင်ဝန်ထမ်းတွေကို သင်ယူစေပြီး အကျဉ်းထောင်အတွင်းက အကျဉ်းသား၊ အကျဉ်းသူတွေကို လေ့ကျင့်လုပ်ဆောင်စေလျက်ရှိပါတယ်။

ကျန်းမာရေး ဆောင်ရွက်မှုအနေနဲ့ အင်းစိန်ဗဟိုအကျဉ်းထောင်မှာ ခုတင် ၅၀ ဆံ့ ဆေးရုံ၊ မန္တလေးဗဟိုအကျဉ်းထောင်နဲ့ သာယာဝတီဗဟိုအကျဉ်းထောင်တို့မှာ ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ခုစီ တည်ဆောက်ထားပြီး တခြားအကျဉ်းထောင်/စခန်းတွေက လူနာတွေကို လက်ခံကုသပေးလျက်ရှိပါတယ်။ ဒါ့ပြင် မန္တလေးဗဟိုအကျဉ်းထောင်မှာ United Nations Office for Project Services – UNOPS ရဲ့ ပံ့ပိုးကူညီမှုနဲ့ နှစ်ထပ် TB ဆေးရုံဆောင်အသစ်ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အကျဉ်းထောင်/စခန်းရှိ ဆရာဝန်တွေနဲ့ ကျန်းမာရေးမှူးတွေက နေ့စဉ်ဆေးဝါးကုသပေးလျက်ရှိပြီး လိုအပ်ရင် ပြင်ပပြည်သူ့ဆေးရုံတွေကို တင်ပို့ကုသခြင်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာပေးခြင်း လုပ်ငန်းတွေကို ပြင်ပမှ ဆရာဝန်တွေ၊ အထူးကုဆရာဝန်တွေ၊ ကျန်းမာရေးနဲ့သက်ဆိုင်တဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ဟောပြောပွဲတွေ၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အကျဉ်းသား၊ အကျဉ်းသူတွေ လူမှုအသိုက်အဝန်းဆီ ပြန်လည်ဝင်ရောက်ရာမှာ အဆင်ပြေချောမွေ့စေဖို့၊ ပြင်ပလောကမှာ လုပ်ကိုင်စားသောက်နိုင်ဖို့ ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နဲ့ အကျဉ်းဦးစီးဌာနတို့ ပူးပေါင်းပြီး မန္တလေးဗဟိုအကျဉ်းထောင်မှာ အသက်မွေးမှု အတတ်သင်သင်တန်းကျောင်း နှစ်ထပ်ဆောင်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၈ ရက်မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီသင်တန်းမှာ အကြီးစားအင်ဂျင်ပြုပြင်ရေးလုပ်ငန်း၊ ဆံသ လုပ်ငန်း၊ လျှပ်စစ်လုပ်ငန်းနဲ့ လက်သမား/ပန်းရန်လုပ်ငန်းတွေကို သင်ကြားပေးလျက် ရှိပါတယ်။

မေး။ (၄) နှစ်တာကာလအတွင်း လွတ်ငြိမ်းသက်သာပေးမှုတွေကို သိပါရစေရှင့်။

ဖြေ။ နိုင်ငံတော်အစိုးရရဲ့ (၄) နှစ်တာသက်တမ်းကာလအတွင်း လွတ်ငြိမ်းသက်သာပေးမှုအနေနဲ့ ၁၆ ကြိမ် ပေးခဲ့ပြီး နိုင်ငံသားအကျဉ်းသား ၂၉၅၂၄ ဦးနဲ့ အကျဉ်းသူ ၂၃၀၆ ဦး၊ နိုင်ငံခြားသား အကျဉ်းသား ၁၆၂ ဦးနဲ့ အကျဉ်းသူ ၄ ဦး စုစုပေါင်း ၃၁၉၉၆ ဦးကို လွတ်ငြိမ်းသက်သာခံစားခွင့် ပေးနိုင်ခဲ့ပါတယ်။

နေပြည်တော် မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၂ ရက်တွင် နေပြည်တော်မြို့မဈေး၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးပိုးသတ်ဆေးဖျန်းစဉ်။ (ဓာတ်ပုံ–အေးသန်း)

စိတ်ဝင်စားဖွယ်ကောင်းသော ချင်းတိုင်းရင်းသားတို့၏ ရိုးရာပုံပြင်များ

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းတွင် သမိုင်းကြောင်းအစဉ်အလာ၊ ရိုးရာယဉ်ကျေးမှုနှင့်ပတ်သက်၍ ဆိုရိုးစကားပုံပြင်များ အသီးသီးရှိတတ်ကြပါသည်။ ထိုပုံပြင်များထဲတွင် လေ့လာမှတ်သားစရာများ၊ စိတ်ဝင်စားဖွယ်ကောင်းသော ဇာတ်လမ်းများပါရှိပြီး လူတို့၏စိတ်နှလုံးကို နူးညွတ်ယဉ်ကျေးစေပါသည်။ တစ်နည်းအားဖြင့် ရိုးသားဖြူစင်လိမ္မာသော ကလေးငယ်များအတွက် နှစ်သက်စေသော ရိုးရာပုံပြင်များ၊ သင်ခန်းစာယူစရာများ ရှိနေကြပါသည်။ မကြာသေးမီက စိတ်ကူးချိုချို စာပေမှထုတ်ဝေသော မောင်မောင်ထွန်းရေးသားသည့် ကမ္ဘာ့ဂန္ထဝင်ကလေးပုံပြင်များ (ပေါင်းချုပ်) စာအုပ်ကို ဖတ်ရှုမိခဲ့ပါသည်။

မင်းလပြည့်(ဟားခါး)

ဂျာမန်ပုံပြင် ၁၃ ပုဒ်၊ အင်္ဂလိပ်ပုံပြင် ၁၇ ပုဒ်၊ ရုရှားပုံပြင် လေးပုဒ်၊ အိန္ဒိယပုံပြင် ၁၃ ပုဒ်၊ အိုင်ယာလန်ပုံပြင် ခြောက်ပုဒ်၊ နော်ဝေပုံပြင် ၁၀ ပုဒ်၊ အီစွတ်ပုံပြင် ၁၀ ပုဒ်၊ ချက်ကိုစလိုဗားကီးယားပုံပြင် သုံးပုဒ်ကို ဖတ်ရှုရပါသည်။ ပုံပြင်ခေါင်းစဉ်လေးများမှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဖားမင်းသား၊ ရွှေငန်း၊ ဘဲကျောင်းသမလေး၊ ဝက်ဝံသုံးကောင်၊ ပုလင်းထဲက ဇနီးမောင်နှံ၊ ညီအစ်ကိုသုံးယောက်၊ မြက်ခင်းထဲက ယမင်းရုပ်၊ ဩော် မိန်းမ၊ ဩော် ယောကျ်ား၊ မြေခွေးနှင့် ကျီးပုံပြင်တို့ဖြစ်ပါသည်။ အခြားကမ္ဘာ့နိုင်ငံများတွင် ပုံပြင်ရှိသကဲ့သို့ မြန်မာနိုင်ငံသား ချင်းအမျိုးသားတို့၏ စာပေတွင်လည်း ပုံပြင်အများအပြားတွေ့ရသည်။ ပန်းပုံပြင်များ၊ တံငါပုံပြင်များ၊ မုဆိုးပုံပြင်များ၊ ငါးပုံပြင်များနှင့် တောင်ပုံပြင်များဖြစ်သည်။ ပုံပြင်အများအပြားသည် လူ့ဘဝနှင့် အခြားဘဝတစ်ခုသို့ ပြောင်းသွားသည့် အကြောင်းများလည်းရှိပါသည်။ ပုံပြင်များအနက် မြောက်ပိုင်းချင်းတောင်၊ တီးတိန်၊ ဖလမ်း၊ ဟားခါးနယ်များအတွင်း နေထိုင်သော ချင်းအမျိုးသားများ၏ ပုံပြင်များအား ဖော်ပြလိုပါသည်။

ဝက်ဝံနှင့် ယုန်ပုံပြင်

ရှေးက ဝက်ဝံတစ်ကောင်နှင့် ယုန်တစ်ကောင်သည် မိတ်ဆွေဖြစ်ကြလေသည်။ ဝက်ဝံသည် ယုန်ကိုခေါ်၍ ကတွတ်သီးခူးရန် တောသို့သွားခဲ့သည်။တောသို့ရောက်သောအခါ ဝက်ဝံသည် ကတွတ်ပင်ပေါ်တက်၍ ကတွတ်သီးမှည့်များကို ခူးသည်။ ယုန်ကိုလည်းပေးသည်။ ယုန်သည် ကတွတ်သီးစားရသည်ကို မဝသောကြောင့် နောက်ထပ်စားရန် ဉာဏ်ဆင်လေသည်။ ယုန်သည် မိမိ ဗိုက်နာသည်ဟုပြောသောအခါ ဝက်ဝံသည် ကတွတ်သီးတောင်းထဲသို့ ယုန်ကိုထည့်၍ ထမ်းသွားသည်။ ယုန်သည် ကတွတ်သီးမှည့်များကိုစား၍ မစင်စွန့်လေသည်။ မစင်မစွန့်ရန် ဝက်ဝံက ပြောသောအခါတွင် ကတွတ်သီးမှည့်များ ပေါက်ကွဲခြင်းသာဖြစ်သည်ဟု ယုန်က ပြောလေသည်။ ထို့နောက် ယုန်သည် အစာဝသောကြောင့် ကတွတ်သီးတောင်းထဲမှ ဆင်းပြီး ယနေ့လေအပြင်းတိုက်ခတ်လိမ့်မည် ဟုဆိုကာ ဝက်ဝံအားသစ်ပင်တွင် ကြိုးနှင့်ချည်ရန်ပြောသည်။ ယုန်စကားကို ယုံကြည်မိသောကြောင့် ဝက်ဝံသည် မိမိကိုယ်ကို သစ်ပင်တွင် ကြိုးဖြင့်ချည်စေသည်။ ဝက်ဝံအား ကြိုးဖြင့်ချည်ပြီးသောအခါ ယုန်သည် ဝက်ဝံကို မီးရှို့သတ်ပြီး ဝက်ဝံအစွယ်ကို ပလွေလုပ်၍ မှုတ်ရန် ယူဆောင်ခဲ့လေသည်။

မျောက်များသည် ယုန်ထံမှ ပလွေကိုခိုးယူရန် ကြိုးစားသောအခါတွင် ယုန်သည် မျောက်များ နေထိုင်ပျော်ပါးသော သစ်ကိုင်းများကို ညောင်စေးသုတ်၍ မျောက်များကိုဖမ်းဆီးရန် ကြိုးစားသည်။ ရစ်ငှက်သည် မျောက်များကို သနားသောကြောင့် ညောင်စေးသုတ်ထားသော သစ်ပင်၊ သစ်ကိုင်းပေါ်သို့ မတက်ရန် အကြံပေးလေသည်။ ရစ်ငှက်၏ စကားနားထောင်သောကြောင့်သာ မျောက်များသည် မသေမပျောက်ဘဲ ယခုထက်တိုင် မျောက်မျိုးဆက်ရှိသည်ဟု ပြောစမှတ်ပြုကြသည်။

ပုံပြင်ပါယုန်ကဲ့သို့ မကောက်ကျစ် မစဉ်းလဲရန်လည်း ချင်းလူကြီးသူမများသည် ကလေးငယ်များကို ဥပမာပေးဆုံးမလေ့ရှိသည်။

ဆားတွင်းပုံပြင်

ချင်းပြည်နယ်မြောက်ပိုင်း ကျီခါးနယ်တွင် ဆားတွင်းများ ပေါ်ပေါက်လျက်ရှိသည်။ ယင်းဆားတွင်းနှင့်ပတ်သက်၍ ချင်းလူမျိုးတို့ ပြောလေ့ရှိပါသည်။

ငိုင်နူးဆိုသော အမျိုးသမီးတစ်ဦးသည် မိမိ၏သမီးနှင့် တွီးဖွိုင်ခေါ်သော ချောင်းသို့ ရေချိုးသွားသည်။ ရေချိုးရာတွင် ချောင်းရေသည် အလွန်ပြင်းစွာ စီးဆင်းလျက်ရှိသဖြင့် သမီးဖြစ်သူ ရေစီးတွင်ပါသွားရာ ငိုင်နူးသည် သမီးကိုရှာရန်အတွက် ချောင်းစဉ်တစ်လျှောက် အရှာထွက်လေသည်။ သို့သော် ငိုင်နူး၏သမီးသည် ချောင်းထဲတွင် ပါ၍သေဆုံးကြောင်း တွေ့ရှိလေရာ ငိုင်နူးသည်ငို၍ "ငါသည် သမီးကို ချစ်ရိုးမှန်ကန်လျှင် ငါ့မျက်ရည်များသည် ဆားတွင်းဖြစ်ပါစေသား၊ ယင်းဆားတွင်းကို ချင်းအမျိုးသားတို့ အသုံးပြုသောအခါ ကုသိုလ်ရအံ့၊ ငါ့ကုသိုလ်သည် သမီးအတွက်ဖြစ်ပါစေသား"ဟု ဆုတောင်းလေသည်။

ငိုင်နူး ဆုတောင်းပြည့်သည့်အတိုင်း ငိုင်နူး၏ မျက်ရည်များကျရောက်ရာအရပ်သည် ဆားတွင်းများဖြစ်ကုန်သည်ဟု ချင်းလူမျိုးတို့ ဆိုရိုးပြုကြသည်။ ငိုင်နူးထိုင်၍ ငိုခဲ့သော ကျီခါးနယ်မှ ဆားတွင်းများသည် အငန်ဆုံးနှင့် အကောင်းဆုံးဖြစ်သည်ဟု ချင်းလူမျိုးတို့ ပြောစမှတ်ပြုကြသည်။

မိခင်မေတ္တာသည် ငိုင်နူးကဲ့သို့ ကြီးမားလှသည်ဟူ၍လည်း ချင်းအမျိုးသားတို့ပြောလေ့ရှိသည်။

လိပ်နှင့် ငှက်တော်ပုံပြင်

ဒီပုံပြင်ကလည်း ချင်းတိုင်းရင်းသားတို့၏ ပုံပြင်တစ်ခုဖြစ်သည်။ ရှေးအခါက တန်ခိုးရှိသော လိပ်မတစ်ကောင်သည် ချောင်းတစ်ခုကို အမှီပြု၍နေသည်။ တပေါင်း၊ တန်ခူး ရေခန်းချိန်တွင် လိပ်များ၏ ခံတွင်းသည် ရေခန်းခြင်းမရှိဟုဆိုသည်။ အချိန်ကြာသောအခါ သစ်မြစ်၊ ဝါးမြစ်များသည် လိပ်ကိုရံ၍ ပေါက်သောကြောင့် သွား၍မရတော့ပေ။

နွေအခါ စမ်းချောင်းလေး ရေခန်းစပြုလာသဖြင့် ချောင်းကိုအမှီပြုနေသော ငှက်များသည် အစာရှာဖွေ၍ မဝနိုင်ကြတော့ပေ။ ထိုအခါ ငှက်တို့၏ ဘုရင်ဖြစ်သော ငှက်တော်သည် သစ်မြစ်၊ ဝါးမြစ်တို့ ငြိနေသဖြင့် မလှုပ်ရှားနိုင်တော့သော လိပ်ကိုမြင်ရသောအခါ မနာလိုဖြစ်လာသည်။ ထို့ကြောင့် "ဘာတွေစား၍ အသင်လိပ်အသက်ရှင်နေပါသနည်း"ဟု ခနဲ့သည်။ ထိုအခါလိပ်က ရွေ့လျားနိုင်ခြင်းမရှိသော်လည်း "တပေါင်း၊ တန်ခူးနွေရာသီရောက်လျှင် ကျွန်တော့်အကြောင်း သိပါလိမ့်မည်"ဟု ကြုံးဝါးလေသည်။

တပေါင်း၊ တန်ခူး ရောက်လာသောအခါ မြစ်ချောင်း၊ အင်းအိုင်တို့ ရေခန်းကုန်ကြသည်။ နမ်မရွှမ်းတော၊ စဖွယ်တော၊ လိင္ဂေတော ဟူသော တောသုံးတောတွင်လည်း ရေခန်းလာသည်။ ငှက်အပေါင်းတို့သည် ပျံသန်း၍ ရေရှာသော်လည်း ရေမတွေ့ရပေ။ ချောင်းဖျားတွင် ဝါးမြစ်တွေဖြင့် ငြိနေသော လိပ်၏ခံတွင်း၌သာ ရေသည်အိုင်သဖွယ်ဖြစ်နေသည်။

လိပ်မင်းကို ကဲ့ရဲ့ခဲ့သော တမ်ကွီအမည်ရှိ ငှက်တော်သည် တပည့်ငှက်အပေါင်းအား လိပ်ခံတွင်းမှ ရေအိုင်သို့သွား၍ ရေချိုးရန် ခိုင်းသည်။ သူကားမြင်နိုင်သည့် သစ်ပင်တစ်ခုပေါ်မှ ထိုင်ကြည့်နေသည်။ နွေရာသီတွင် အလွန်ပူပြင်းသောကြောင့် ငှက်များသည် အုပ်လိုက်ပျံသန်းကာ လိပ်၏ခံတွင်းမှ ရေအိုင်သို့ ရေသွား၍ချိုးကြသည်။ လိပ်မင်းက ပါးစပ်ဟ၍သာနေသည်။ ဒုတိယအသုတ် ငှက်များလည်း ဘာမျှမဖြစ်ပေ။ ထိုအခါစောင့်ကြည့်နေသော ငှက်တော်သည် ဘာမျှမဖြစ်ဟု စိတ်ချ၍ လိပ်၏ခံတွင်းထဲသို့ ဝင်၍ ရေချိုးသည်။ ထိုအခါလိပ်သည် ငှက်ခေါင်းဆောင်အား အမြီးရှည်သည်ကို မှတ်ထားသဖြင့် ငှက်မင်း၏ခြေထောက်ကို ညှပ်ထားလိုက်သည်။

ငှက်မင်းမရှိသဖြင့် တောသုံးတောသည် သာယာခြင်းမရှိဘဲ ဖြစ်လာသည်။ ငှက်တို့ နေထိုင်မှုလည်း မမှန်တော့ပေ။ ထို့ကြောင့် တရားသူကြီးငှက်ဇီးကွက်သည် ငှက်ခေါင်းဆောင်ကို ကယ်တင်ရန် ငှက်အစည်းအဝေးတစ်ခုကို ပြုလုပ်သည်။ လိပ်သည် ဘာကို ကြောက်သနည်းဟု စဉ်းစားကြသည်။ လိပ်သည်မိုးကြိုးသံကို ကြောက်ကြောင်း သိကြသည်။ မိုးကြိုးသံဖြစ်အောင် မည်သည့်ငှက်က လုပ်နိုင်မည်နည်းဟု စဉ်းစားကြပြန်သည်။ ထိုအခါ စာကလေးများစု၍ ပျံသောအခါတွင် ဒူးဟူသော မိုးကြိုးသံဖြစ်ပေါ်လာသဖြင့် စာကလေးများက ထိုတာဝန်ကိုယူမည်ဟု ပြောကြသည်။

စာကလေးများသည် လိပ်မသိအောင် လိပ်၏ အထက်ရှိ သစ်ပင်ပေါ်တွင် စု၍နားကြသည်။ သုံးသုတ်ခွဲပျံရန် ဆုံးဖြတ်သည်။ ပထမအသုတ် တစ်ဟုန်ထိုးပျံရာ မိုးကြိုးသံပေါ်၍ လိပ်မင်း လန့်သွားသည်။ ဒုတိယအကြိမ်တွင် ပို၍လန့်သည်။ တတိယအကြိမ်တွင် မနေနိုင်အောင် လန့်သဖြင့် ခံတွင်းကိုဟလိုက်ရသည်။ ငှက်တော်သည် လွတ်သွား၍ တောသုံးတောလည်း ပြန်လည်သာယာလာလေသည်။

မိတ်ဆွေကောင်းရှိသလား (မရာပုံပြင်)

မတူပီမြို့နယ်ရှိ မရာလူမျိုးတို့ ပြောလေ့ရှိသော ပုံပြင်ဖြစ်သည်။ ရှေးအခါက ရွာတစ်ရွာမှ ရွာသားတစ်ယောက်သည် ချောင်းတစ်ချောင်းအနီးရှိ ယာခင်းသို့နေ့စဉ်သွား၍ အလုပ်လုပ်ရာတွင် ထမင်းထုပ်ကို အမြဲယူ၍ သွားလေ့ရှိသည်။ နေ့လယ်ရောက်သောအခါ ထမင်းထုပ်ကိုယူ၍ ချောင်းအနီးတွင် သွားရောက်စားသည်။ ထမင်းကျန်များကို ရေထဲသို့ပစ်ချရာ ငါးများ၊ ကဏန်းများလာစားသည်ကို မြင်ရ၍ ဝမ်းသာသည်။ အထူးသဖြင့် ကဏန်းများ လာစားသည်ကိုကြည့်၍ သနားစိတ်များဝင်သည်။ ထို့ကြောင့် ထမင်းကျန်၊ ဟင်းကျန်များကို ကဏန်းများအား အမြဲတမ်းကျွေးမွေးသည်။

ထိုချောင်းအနီး တောအုပ်တွင် ကျီးလင်မယားနေထိုင်ကြသည်။ ထိုအခါ ကျီးမသည် ကိုယ်ဝန်အရင့်အမာနှင့်ဖြစ်၍ သူ၏ယောကျ်ားကျီးဖိုအား လူ့နှလုံးသားကို ချင်ခြင်းတပ်ကြောင်း၊ ထို့ကြောင့် လူ့နှလုံးသားကို ရှာပေးရန် ပူဆာလေသည်။ ကျီးဖိုက ဘယ်လိုလုပ်ရမှန်းမသိကြောင်း ပြောသောအခါ ကျီးမက တော၏အထွက်တွင် စပါးကြီးမြွေတစ်ကောင်နေထိုင်ကြောင်း၊ စပါးကြီးမြွေနှင့်တိုင်ပင်၍ ရှာပေးရန်ပြောလေသည်။

ထိုအခါ ကျီးဖိုသည် မယားသင်ပေးသည့်အတိုင်း စပါးကြီးမြွေနှင့် မိတ်ဆွေဖွဲ့ပြီးနောက် လူကိုသတ်ရန် ချောင်းကမ်းစပ်အနီးသို့ လာကြသည်။ လူကိုသတ်ပြီးနောက် စပါးကြီးမြွေက အသားကိုစား၍ ကျီးကအသည်းနှလုံးကို ယူရန်ဖြစ်သည်။ ကဏန်းများကို အစာကျွေးနေသည့် လယ်သမားအား တွေ့သောအခါ စပါးကြီးမြွေသည် ရစ်ပတ်၍ ဖျစ်သတ်ရန်ကြိုးစားသည်။ ကျီးကလည်း မျက်စိကို ထိုးဖောက်ရန် စောင့်နေသည်။

ထိုအချိန်တွင် ချောင်းထဲမှ ကဏန်းများသည် ယာသမားအစာကျွေးချိန်တန်သည့်တိုင်အောင် မလာသောအခါ ဝမ်းပူသဖြင့် ကမ်းသို့တက်လာကြသည်။ စပါးကြီးမြွေက လူကို ရစ်ပတ်၍ သတ်နေကြောင်း တွေ့သောအခါ ကဏန်းများသည် ၎င်းတို့၏လက်မဖြင့် မြွေနှင့်ကျီးကန်းတို့၏ လည်ပင်းကို ညှစ်သတ်လိုက်သည်။ လူလည်း အသက်ရှင်၍ လာခဲ့သည်။

ကောင်းသောအလုပ်သည် ကောင်းကျိုးကိုပေးတတ်ကြောင်း နမူနာပြသည့်ပုံပြင်ဖြစ်ပါသည်။

ဤသို့ဖြင့် စိတ်ဝင်စားဖွယ်ကောင်းသော ချင်းတိုင်းရင်းသားရိုးရာပုံပြင်များစွာအနက် ပုံပြင်အချို့ကို ရေးသားဖော်ပြလိုက်ရပါသည်။

> ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် သမိုင်းကြောင်းအစဉ်အလာ၊ ရိုးရာယဉ်ကျေးမှုနှင့်ပတ်သက်၍ ဆိုရိုးစကားပုံပြင်များ အသီးသီးရှိတတ်ကြပါသည်။ ထိုပုံပြင်များထဲတွင် လေ့လာမှတ်သားစရာများ၊ စိတ်ဝင်စားဖွယ်ကောင်းသော ဇာတ်လမ်းများပါရှိပြီး လူတို့၏စိတ်နှလုံးကို နူးညွတ်ယဉ်ကျေးစေပါသည်။ တစ်နည်းအားဖြင့် ရိုးသားဖြူစင်လိမ္မာသော ကလေးငယ်လေးများအတွက် နှစ်သက်စေသော ရိုးရာပုံပြင်များ၊ သင်ခန်းစာယူစရာများ ရှိနေကြ

မော်လမြိုင်မြို့နယ် ရိုးဂိုး(ရွာဟောင်း) ကျေးရွာ ရေပေးရေးလုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှု

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်(မူလ)ရန်ပုံငွေဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာအုပ်စု ရိုးဂိုး (ရွာဟောင်း)ကျေးရွာတွင် ရေရရှိရေး တင်ဒါအောင်ကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ရေထွက်နှုန်းနှင့် ရေအရည်အသွေးစစ်ဆေးခြင်းကို ဧပြီ ၂၂ ရက် မွန်းလွဲ ၁ နာရီခန့်က မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအား ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

မော်လမြိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် (မူလ) ရန်ပုံငွေဖြင့် တင်ဒါအောင် လင်းနိုင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ရိုးဂိုးကျေးရွာအုပ်စု ရိုးဂိုး (ရွာဟောင်း) ကျေးရွာ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းအား မတ် ၁၅ ရက်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းပြီးစီးမှုအခြေအနေများကို ဧပြီ ၂၂ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်၊ မော်လမြိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ)ဒေါ်မိပကားချမ်းနှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ အဆိုပါတွင်းနက်တူးဖော်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးလျက်ရှိပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်က စက်ရေတွင်းအား ရေကြည်အောင် ဆက်လက်မှုတ်ထုတ်ရန်နှင့် အမြင့်တင်ရေစင်ကွန်ကရစ်တိုင်များကို ဆေးပြန်သုတ်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ တင်ဒါအောင်ကုမ္ပဏီမှ Extra Work အနေဖြင့် ရိုးဂိုး(ရွာဟောင်း)ကျေးရွာတွင် ရေပိုက်လိုင်း ပေ ၁၈၀၀ သွယ်တန်းပေးမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများကို မေလကုန်တွင် အပြီးသတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်က အဆိုပါကျေးရွာ ရေပေးဝေရေးကော်မတီဝင်များအား ဆောင်ရွက်ပေးခဲ့သည့် ရေပေးရေးလုပ်ငန်းများကို ရေရှည်အကျိုးရှိရှိ အသုံးပြုနိုင်ရေး ဆက်လက်ထိန်းသိမ်းသွားရန် ညွှန်ကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရိုးဂိုး(ရွာဟောင်း) ကျေးရွာအတွင်း နွေရာသီသောက်သုံးရေပြတ်လပ်မှုကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး အဆိုပါကျေးရွာရှိ အိမ်ခြေ ၃၁၈၊ လူဦးရေ ၁၅၂၈ ဦး တို့ကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

မွန်ဟင်းလျာ ... သင်္ကြန်ကြော် စံလွင် (ငါးဦးစီး)

သင်္ကြန်နားနီးလာပြီဆိုလျှင် အိမ်နီးချင်း မွန်မိတ်ဆွေများထံမှ သင်္ကြန်ကြော်ဆိုသော ဟင်းတစ်ခွက်နှစ်စဉ်လိုလို ရောက်လာတတ်သည်။ သင်္ကြန်ကြော်ဆိုသည်က မွန်လူမျိုးတို့၏ ရိုးရာသင်္ကြန် ထမင်းနှင့် တွဲဖက်စားသုံးရသည့် အတွဲအဖက်ဟင်းလျာဖြစ်သည်။ ဖယောင်းသင်းထားသော ထမင်းရေဆမ်းကို ငါးခြောက်ထောင်းကြော်၊ သရက်သီးအစိမ်းကို ဓားဖြင့်ပေါက်ခြမ်းလေးများ ပေါက်ပြီး ကြော်ထားသည့် သရက်သီးကြော်နှင့် ငရုတ်သီးခြောက်အရှည်တောင့်ကြော်တို့ဖြင့် တွဲစားရသည်။

သင်္ကြန်အချိန်အခါတွင် မွန်ပြည်နယ်တစ်ခွင်ကျင်းပသော ရေကစားမဏ္ဍပ်များ၊ စတုဒိသာ မဏ္ဍပ်တိုင်းလိုလိုတွင် သင်္ကြန်ထမင်းနှင့် ဧည့်ခံလေ့ရှိသည့် အများစာကျွေးသော စတုဒိသာမဏ္ဍပ်များတွင် အချို့က ငါးခြောက်ထောင်း၊သရက်သီးကြော်စသဖြင့်သီးခြားမကြော်တော့ဘဲ ငါးခြောက်၊ ပုစွန်ခြောက်နှင့် သရက်သီးစိမ်းပေါက်ခြမ်းတို့ကို အားလုံးရောၡ ကြော်ထားသည်ကို သင်္ကြန်ကြော်ဟုခေါ်ကြသည်ဆို၏။

အသီးအနှံတို့မည်သည့် ရာသီအလိုက်သီးပွင့်ကြသည်ဖြစ်ရာ သူ့ရာသီရောက်မှ သီးပွင့်သော အသီးအနှံက ပို၍အရသာရှိသည်။ ပို၍စားကောင်းသည်။ ထိုနည်းအတူ တပို့တွဲလ၌ စားရသော ထမနဲ၊ တန်ခူးလ၌ စားရသော သင်္ကြန်ထမင်းတို့ကား သူ့အခါ သူ့ရာသီနှင့် လိုက်ဖက်သည့် ရာသီစာဖြစ်၍ ဘေးမဖြစ်သည့်အပြင် ဆေးဖက်ပင်ဝင်သေးသည်ဟု ဆိုရမည်ပင်။

သင်္ကြန်ကြော်

သင်္ကြန်ကြော် ကြော်မည်ဆိုက ငါးခြောက်ကောင်းကောင်း (ငါးကွမ်းရှပ်ခြောက်၊ ငါးယောင်ခြောက်) တို့ကိုပြုတ်၍ အရိုးဖယ်ကာ အသားနွှင်ပြီး ဖွဖွထောင်းထားပါ။ သရက်သီးစိမ်းအခွံနွှာ၍ ဓားဖြင့် ပေါက် (သို့မဟုတ်) ဂျစ်(ခြစ်) ထိုးထားပြီး ကြက်သွန်နီဥကြီးအခွံသင်ကာလေးစိတ်စိတ်ထားပါ။ အားလုံးအသင့်ဖြစ်က ထောင်းထားသော ငါးခြောက်တွင် ပုစွန်ခြောက်မှုန့် ဆတူရောကာ နနွင်းခတ်၍ ဒယ်ပူပူတွင် ဆီနိုင်နိုင်ဖြင့်ကြော်၊ အတန်သင့်မွှေပြီးက သရက်သီးပေါက်ခြမ်းများနှင့် ကြက်သွန်နီစိတ်များထည့်ကာ အထက်အောက်နှံ့အောင်မွှေ၊ အငန်လိုက ငံပြာရည်ဖျန်းပါ။ ဆီနိုင်နိုင်၊ နနွင်းဝါဝါ၊ ကြက်သွန်နီစိတ်အဖတ်လေးများဖြင့် စိုစိုဖတ်ဖတ် ကြော်ထားသော သင်္ကြန်ကြော်ရပါပြီ။

ထိုသင်္ကြန်ကြော်နှင့် မပါမဖြစ်တွဲစားရသည်က ငရုတ်သီးအခြောက်တောင့်ကြော် ကြွပ်ကြွပ်ဖြစ်သည်။ အခါရာသီနှင့်လိုက်ဖက်လှသည်ဖြစ်၍ အိမ်ရှင်မများ မိသားစုဟင်းလျာ ရာသီစာအဖြစ် ချက်စမ်းကြည့်သင့်လှပါ၏။

စာရေးဆရာမြင့်စိုးလှိုင် ဘာသာပြန်ဆိုရေးသားထားသည့် ရာဘင်ဒြာနသ်တဂိုး၏ ဆန်းစသော်တာ ကဗျာစုစာအုပ်တွင် ကလေးများ၏ စိတ်နေစိတ်ထား၊ အတွေးအခေါ်၊ ဘဝနေထိုင်နည်းများအပြင် သားသမီးနှင့် မိဘကြားနှောင်ဖွဲ့ထားသည့် သံယောဇဉ်များကို ဖော်ကျူးရေးဖွဲ့ထားရာ ယခုတစ်ပတ်တွင် "အစ"ကဗျာကို အထူးအစီအစဉ်တစ်ရပ် ကလေးသူငယ်များ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ တိုင်းရင်းသားရေးရာကဏ္ဍမှ ဖော်ပြလိုက်ရပါသည်-

THE BEGINNING

"Where have I come from,
where did you pick me up?"
the baby asked its mother.

She answered,
half crying, half laughing,
and clasping the baby to her breast,-
"You were hidden in my heart
as its desire, my darling.

You were in the dolls
of my childhood's games;
and when with clay
I made the image of my god
evering morning,
I made and unmade you then.

You were enshrined
with our household deity,
in his worship I worshipped you.

In all my hopes and my loves,
in my life,
in the life of my mother
you have lived.

In the lap of the deathless Spirit
who rules our home
you have been nursed for ages.

When in the girlhood
my hear was opening its petals,
you hovered as a fragrance about it.

Your tender softness
bloomed in my youthful limbs,
like a glow in the sky
before the sunrise.

Heaven's first darling,
twin-born with the morning light,
you have floated down
the stream of the world's life,
and at last
you have stranded on my heart.

As I gaze on your face,
mystery overwhelms me;
you who belong to all
have become mine.

For fear of losing you
I hold you tight to my breast.
What magic has snared
the world's treasure
in these slender arms of mine?

အစ

"ကလေး ဘယ်ကလာသလဲ
ကလေးကိုဘယ်ကကောက်ရသလဲ"
ကလေးက သူ့အမေကို မေးတယ်။

အမေက ကလေးကိုရင်မှာအပ်ပြီး
ငိုတစ်လုံး ရယ်တစ်လုံးနဲ့ပြောပြတယ်။
"အချစ်ကလေးရယ်
မင်းကိုအမေ့နှလုံးသားထဲမှာ
လိုချင်တောင့်တစိတ်နဲ့ သိုသိပ်ထားခဲ့တယ်။

အမေငယ်ငယ်တုန်းက ကစားခဲ့တဲ့
အရုပ်တွေထဲမှာ လူလေးရှိတာပေါ့။
မနက်တိုင်းပဲ
အမေ ရွှံ့နဲ့နတ်ရုပ်လုပ်တမ်းကစားတဲ့အခါ
မင်းကို ခုကောက်လုပ်လိုက်
တော်ကြာ ပြန်ဖျက်လိုက်နဲ့ပေါ့။

မင်းကို အမေတို့အိမ်စောင့်နတ်နဲ့
တစ်တန်းတည်းထားခဲ့တယ်။
နတ်ကိုပူဇော်တဲ့အခါ
မင်းကိုလည်း အမေပူဇော်ခဲ့တာပဲ။

အမေ့မျှော်လင့်ချက်နဲ့ အမေ့မေတ္တာတွေ၊
အမေ့ဘဝနဲ့ အမေ့အမေရဲ့ဘဝထဲမှာပါ
မင်းသက်ဝင်နေခဲ့တယ်။

အမေတို့အိမ်ကိုစောင့်ရှောက်တဲ့
အမတဒေဝီရဲ့ ပေါင်ပေါ်မှာ
မင်းကိုခေတ်တွေနဲ့ချီပြီး စောင့်ရှောက်မွေးမြူခဲ့ရတယ်။
အမေအပျိုရွယ်တုန်းက

အမေ့နှလုံးသားပွင့်ဖတ်ကို လှပ်လိုက်တဲ့အခါ
ထွက်လာတဲ့မွှေးရနံ့ဟာ မင်းပဲပေါ့ ကလေးရယ်။

မင်းရဲ့နူးညံ့တဲ့ အသိမ်အမွေ့က
နေမထွက်ခင် ကောင်းကင်က ရောင်ခြည်ဦးလို
နုပျိုတဲ့ အမေ့ကိုယ်လက်အင်္ဂါတွေမှာ
လင်းပွင့်ခဲ့တယ်။

မနက်ခင်းအလင်းနဲ့ အမြွှာပူးမွေး
ကောင်းကင်ဘုံရဲ့ အချစ်ဦးလေး--
မင်းဟာ ဘဝသံသရာယာဉ်ကြောမှာ
တမျောတည်းမျောပါခဲ့ပြီး
နောက်ဆုံးတော့
အမေ့နှလုံးသားမှာ သောင်လာတင်တယ်။

မင်းမျက်နှာ တစိမ့်စိမ့်ကြည့်ရင်း
အမေ့မှာ စဉ်းစားမရအောင်ဖြစ်ရတယ်။
အားလုံးနဲ့ဆိုင်တဲ့ မင်းဟာ
ဘယ့်နှယ်--ဘယ့်နှယ်
အမေ့ကိုယ်ပိုင်ဖြစ်လာပါလိမ့်ကွယ်။

မင်းပျောက်သွားမှာစိုးလို့
အမေ့ရင်ခွင်မှာ တင်းတင်းအပ်ထားရတယ်၊
ဒီလောကရဲ့ရတနာကို
အမေ့ရဲ့ သေးသွယ်တဲ့လက်နှစ်ဖက်ကြားမှာ
ဘယ်လိုမှော်အတတ်ကများ
ဖမ်းယူပေးထားပါလိမ့်ကွယ်။ ။

မြင့်စိုးလှိုင် (မြန်မာပြန်)

»»» အထူးကဏ္ဍစာမျက်နှာ (ဃ) မှ

လူမှုစီးပွားဘဝ

ဂေဘားတို့ နေထိုင်မှုသဘာဝသည် တောတောင်ခိုမှီသဖြင့် စူးထိုးစနစ်ဖြင့် တောင်ယာလုပ်ကိုင်ကြသည်။ ဖရူဆို မြို့နယ်တွင် ရောနှောနေထိုင်ကြသော ပရဲ(ကယော)နှင့် ဂေခို(ကယန်းကဒွေါ) တို့ကဲ့သို့ တောင်ယာမခုတ်မီ ခုတ်မည့်ရက်ကို သိနိုင်ရန် ကြက်ရိုးဗေဒင်မေးလေ့ရှိသည်။ ဗေဒင်အလိုအရ တောင်ယာခုတ်ခြင်း၊ တောင်ယာမီးရှို့ခြင်းတို့ကို ပြုလုပ်ကြသည်။ လယ်ယာများကို မိသားစုအနေဖြင့် ဝိုင်းဝန်း စိုက်ပျိုးကြသည်။ ကျယ်ပြန့်သောလယ်ကွက်များကိုလည်း ရပ်ရွာသူ၊ ရပ်ရွာသားအားလုံး ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြသည်။ လယ်ယာမြေကို ရွေးချယ်ရာတွင် မြေတူးကြည့်၍ အချဥ်ဓာတ်ပါသောမြေ၊ တောရင့်ရာမြေကိုရွေး၍လယ်ယာဖော်ထုတ်ကြသည်။ မြေနီကိုရှောင်ကြသည်။ လယ်ယာတွင်လည်း စပါးစူးထိုးစိုက်ကြရာ စပါးစူးထိုးသည့်အခါ ၁၂ ယောက်မျှ တန်းစီထိုးကြသည်။ စူးမထိုးခင် စပါးလိပ်ပြာခေါ်ရသည်။ ထို့နောက် စူးထိုးသူတို့ကို ခေါင်းဆောင်လုပ်သူက"ထိုးတော့" ဟုပြောမှ စူးထိုးရသည်။

ဂေဘားတို့သည် တစ်ဦးတည်း ငါးရှာထွက်ကြသည်။ အမျိုးသမီးတို့လည်း ငါးရှာလေ့ရှိသည်။ ငါးရှာရာတွင် ဂေခို(ကယန်းကဒွေါ) တို့ကဲ့သို့ ဟုန်း(အဆိပ်ရည်)ကို သုံးကြသည်။ ကုလားကင်ပွန်းသီးကို ထုပြီး အရည်ဖျန်း၍လည်း ငါးရှာကြသည်။ တောင်ယာအားလပ်ချိန်တွင် အမဲလိုက်ကြသည်။ ကြက်ကို ကျော့ကွင်းနှင့် ဖမ်းသည့် ကြက်တယ်ခြင်း၊ ကျားကို သံညှပ်ထောင်ဖမ်းခြင်း၊ ရှဥ့်ကို တုံးထောင်ဖမ်းကြသည်။

မွေးမြူရေးကို စီးပွားဖြစ်မဟုတ်ဘဲ လိုသည့်အခါ စားသုံးရန်သာ မွေးကြသည်။ ကျွဲ၊ နွားတို့ကို ထိန်းကျောင်းခြင်းမရှိဘဲ တောထဲတွင် လွှတ်မွေးကြသည်။ အမဲလိုက်ခွေးကိုလည်းမွေးကြသည်။ ဝက်ကို ရွာအတွင်း လွှတ်မွေးကြပြီး ဖွဲနုကျွေးမွေးမြူသည်။ နွားထီးကို ဝန်တင်တိရစ္ဆာန် အဖြစ်သုံးကြသည်။

ဥယျာဥ်ခြံတွင် ကွမ်းသီး၊ တညင်း၊ လိမ္မော်၊ ဒူးရင်း၊ ကော်ဖီ၊ ချဥ်ပေါင်၊ ငှက်ပျော၊ ကြက်မောက်တို့ စိုက်ပျိုးကြသည်။ စိုက်ပျိုးသီးနှံကို ဖရူဆိုမြို့ပေါ်သို့ သွားရောက်ရောင်းချကြသည်။ ဆန်ဖြင့်လည်း လဲလှယ်ကြသည်။ ဂေဘားတို့နေထိုင်ရာ အနီးဝန်းကျင်တွင် မြေစေးမရှိ၍ အိုးခွက်လုပ်ငန်းမလုပ်ကိုင်နိုင်ချေ။ အခြားတိုင်းရင်းသားတို့ထံမှ ဝယ်ယူ၍လည်းကောင်း၊ အသီးနှံတို့ဖြင့် လဲလှယ်၍လည်းကောင်း၊ သုံးစွဲကြသည်။ ဖျာများတွင် အနီ၊ အဝါ၊ အဖြူအကွက်များဖော်၍ ရက်လုပ်ကြသည်။ မိုးရာသီနှင့် ပေါင်းထိုးစဉ်ဆောင်းရန် နီးခမောက်များရက်လုပ်ကြသည်။ ချည်ခင်ကို အရောင်ဆိုးပြီး ဂျပ်ခုတ်ထည်များ ရက်သည်။

ယုံကြည်ကိုးကွယ်မှု

ဂေဘားတို့သည် ရှေးအခါက ရိုးရာနတ်ကိုးကွယ်ခဲ့ကြသည်။ ယဇ်ပူဇော်သောနေရာပုံသေသတ်မှတ်ခြင်းမရှိ။ နတ်ထိန်းညွှန်ကြားသည့်နေရာသို့ တိရစ္ဆာန်များ ယူဆောင်သွားပြီး ပူဇော်ပသကြသည်။ တောစောင့်နတ်၊ တောင်စောင့်နတ်များကိုလည်း ပူဇော်ကြသည်။ အေဒီ ၁၈၅၃ ခုနှစ်နောက်ပိုင်း ခရစ်ယာန်ဘာသာသို့ သက်ဝင်ယုံကြည်လာကြသည်။ ကောင်းကင်တွင် ဘုရားတစ်ဆူရှိသည်ဟူ၍ကား သိရှိကြသည်။ ခရစ်ယာန်ရဟန္တာ၊ မယ်တော်မာရီရုပ်တုများကို ရွာတိုင်းရှိ ဘုရားကျောင်းနှင့် အိမ်တိုင်းတွင် ထားရှိကိုးကွယ်ကြသည်ကို တွေ့ရသည်။ ယင်းမတိုင်မီ ဗုဒ္ဓဘာသာကိုးကွယ်သူများလည်းရှိခဲ့သည်။

စာပေ၊ ဘာသာစကား

ရောမအက္ခရာကိုအခြေခံ၍ အသံဖလှယ်ထားသည့် စာပေရှိသည်။ သရ၊ ဗျည်းပေါ်တွင် နိမ့်သံ၊ မြင့်သံ သင်္ကေတအသုံးပြုထားသည်။ ၁၉၆၈ ခုနှစ်တွင် ခရစ်ယာန်သာသနာပြုများက စတင်တီထွင်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော တိုင်းရင်းသားစာပေများကို ကျောင်းသင်ဘာသာရပ်အဖြစ် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမှုကို ဂေဘားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ စာပေသင်ကြားပေးမှုအပိုင်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဂေဘားဘာသာစကားတစ်မျိုးကို ပြောဆိုကြသည်။

လူမှုရေးရိုးရာဓလေ့များ

ဂေဘားတို့၏ သားသမီးများ လိမ္မာရေးခြားရှိလာစေရန် ဆောင်ရွက်ပုံမှာ ကလေးများလူလားမြောက်သည့်အခါ လူ့အဖွဲ့အစည်းတွင် အံဝင်ခွင်ကျဖြစ်အောင် ရိုးရာဓလေ့ထုံးစံများကို စနစ်တကျသင်ကြားပေးလေ့ရှိသည်။ ရှေးအခါက ရပ်ရွာတွင် စာသင်ကျောင်းများမရှိခဲ့၍ နီးစပ်ရာ ကျေးရွာများတွင် ရေးတတ်၊ ဖတ်တတ်ရုံသာ ပညာသင်ကြားပေးပြီး ရိုးရာတောင်ယာလုပ်ငန်းကို လုပ်ကိုင်စေခဲ့သည်။ ယခုအခါ အနီးဝန်းကျင်တွင် အခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်၍ အခြေခံပညာအဆင့်ထိ သင်ယူနိုင်ကြသည့်အပြင် တက္ကသိုလ်၊ ကောလိပ်သို့တိုင် တက်ရောက်သင်ကြားကြပြီး အစိုးရအမှုထမ်း၊ အကြီးအကဲတို့ပင် ဖြစ်လာခဲ့ပေပြီ။

ဂေဘားတို့၏ ရိုးရာဓလေ့ထုံးစံတွင် ယောကျ်ားလေးများ အရွယ်ရောက်သောအခါ မိန်းကလေးများကို အပြိုင်ပိုးပန်းနိုင်သည်။ မိန်းကလေးအိမ်သို့ သွားရောက်လည်ပတ်နိုင်သည်။ လူငယ်နှစ်ဦး စကားပြောစဉ် မိဘများက မနီးမဝေးနေ၍ စောင့်ကြည့်ပေးသည်။ ရှေးအခါက အိမ်ထောင်ဖက်ရွေးချယ်ရာတွင် လူငယ်များက မိဘစကားနားထောင်ကြသည်။ မိဘရွေးချယ်ပေးသည့် အိမ်ထောင်ဖက်ကို ထိမ်းမြားကြသည်။ ယခုအခါ လူငယ်အချင်းချင်း နှစ်သက်၍လည်း ထိမ်းမြားနိုင်သည်။ ဂေဘားတို့၏ ထိမ်းမြားမင်္ဂလာဓလေ့ကို နောင်တွင် သီးခြားဆောင်းပါးတစ်ပုဒ်ရေးသားပါမည်။

အမွေဆက်ခံရေးမှာ လယ်၊ တောင်ယာများကို သားများအား ပေး၍ အိမ်သုံးပစ္စည်းနှင့် သီးနှံစိုက်ပျိုးရာ ဥယျာဥ်ကို သမီးများအားပေးလေ့ရှိသည်။ အတွင်းပစ္စည်းများကိုကား သားသမီးအားလုံးကို ခွဲဝေပေးလေ့ရှိသည်။ မိဘများမသေဆုံးမီကတည်းက သားသမီးများထဲမှ အကြီးဆုံး(သို့) ရပ်ရွာလူကြီးတို့အား မိဘ သေဆုံးပါက အမွေခွဲဝေပေးရန် မှာကြားခဲ့ရသည်။ တရားဥပဒေနှင့်ပတ်သက်၍ တစ်ဦးတောင်ယာသည် အခြားတစ်ဦးကြောင့် ပျက်စီးပါက ပျက်စီးမှုပေါ်မူတည်၍ လျော်ကြေးပေးရသည်။ ခိုးမှုဖြစ်ပါက သူကြီးထံတိုင်ရသည်။ လူသတ်မှုဖြစ်ပါက သေစားသေစေ အပြစ်ပေးခံရသည်။ တရားစီရင်ရာတွင် ကျမ်းကျိန်ရသည်။

ရှေးအခါက လူဝင်စား၊ ဥစ္စာစောင့်ရှိသည်ဟု ယုံကြည်ခဲ့ကြသော်လည်း ယခုအခါ ပပျောက်ခဲ့ပြီ။ ဖုတ်ဝင်လျှင် ပရိတ်ရည်ပက်ဖျန်းလေ့ရှိသည်။ အတိတ်နိမိတ်အနေဖြင့် ငှက်ဆိုးထိုးလျှင် လူသေတတ်သည်။ ရွာတွင် ချေဝင်လျှင် ရွာပျက်မည့်လက္ခဏာရှိသည်ဟု ယုံကြည်ကြသည်။ ဒီးဒုတ်၊ စွန်ငှက်များကို စုန်းဟု မှတ်ယူကြ၍ ခေါင်မိုးပေါ်လာရောက်နားခြင်းကို မနှစ်သက်ချေ။ ငှက်အော်လျှင် တစ်စုံတစ်ခုဖြစ်တတ်ကြောင်းနှင့် ခွေးများညအချိန်မတော်အူလျှင် မကောင်းသည့်နိမိတ်ဟု အယူရှိသည်။ ပျား(သို့)ခြတောင်ပို့များ စွဲလျှင် အတိတ်နိမိတ်ကောင်းကြောင်း၊ သြဇာ၊ ဂမုန်း၊ နတ်နိုင်ဂမုန်းတို့ကို အိမ်ရှေ့ဝရန်တာတွင် ထားရှိခြင်းသည် ဂမုန်းပင်ကို တန်ခိုးရှိသည်ဟု ယုံကြည်မှုကြောင့်ဖြစ်သည်။ အိပ်မက်နှင့် ပတ်သက်၍ ငါးဖမ်းရသည်ကိုမြင်မက်လျှင် လာဘ်ရသည်။ သေဆုံးပြီးသော အိမ်သားတစ်ဦးဦးကို မြင်မက်လျှင် အမဲလိုက်မထွက်ကြချေ။ အမဲလိုက်ထွက်ခါနီး ကလေးငယ်က လိုက်ချင်သည်ဟုဆိုခဲ့လျှင် နိမိတ်မကောင်း၊ အမဲလိုက်ထွက်ခဲ့ပါက ဘေးဒုက္ခကြုံရသည်ဟု အယူရှိသည်။ မြေလျှောင်လှုပ်ခတ်မှုနှင့် ပတ်သက်၍ မြေအောက်တွင် ကမ္ဘာမြေကြီးကို ထမ်းထားသူရှိကြောင်း၊ မြေပေါ်နေသူများ ထမင်းရည်ငှဲ့သည့်အခါ ထမင်းရည်က ကမ္ဘာမြေကြီးထမ်းထားသူပခုံးပေါ်ကျ၍ အပူလောင်ကာ လှုပ်ရမ်းရာမှ မြေလျှင်လှုပ်သည်ဟု အယူရှိသည်။ ကမ္ဘာမြေကြီးကို ထမ်းထားသူတို့အား အုပ်ချုပ်သူနတ်မင်းက "မင်းတို့ရှိကြသေးရဲ့လား" ဟု မေးမြန်းသောအခါ မြေထမ်းသူက "ရှိပါသေးကြောင်း"မြေကြီးကိုလှုပ်၍ အချက်ပြခြင်းကြောင့် မြေလျှင်လှုပ်သည်ဟု အယူအဆတစ်ရပ်လည်းရှိသည်။ မြေလျှင်လှုပ်သည့်အခါ ကိုယ်ဝန်ဆောင်မိန်းမများ မီးဖိုပေါ်တက်၍ နေထိုင်ကြရသည်။ သို့မဟုတ်ပါက ကလေးပျက်ကျတတ်သည်ဟု အယူရှိသည်။

ရိုးရာအနုပညာ အက၊ တူရိယာနှင့်ပွဲတော်များ

ဂေဘားတို့၏ တေးဂီတနှင့်ပတ်သက်၍ တူရိယာများမှာ အိုးစည်၊ မောင်း၊ ကျွဲချို၊ လင်းကွင်း၊ ဖားစည်၊ ပတ္တလား၊ ဝါးပလွေတို့ဖြစ်သည်။ ဖားစည်ကို ကြေးနီ၊ သွပ်၊ ခဲမဖြူ၊ ဘော်၊ ငွေနှင့် ရွှေတို့ကို ရောစပ်၍ပြုလုပ်ကြသည်။ ဖားစည်ကို မြန်မာများ၏ နန်းတွင်းတွင်ထားသော မင်္ဂလာစည်တော်ကဲ့သို့ အမြတ်တနိုးတန်ဖိုးထားကြသည်။ ဖားစည်ပေါ်တွင် ဖားရုပ်၊ ခရုရုပ်၊ ငါးရုပ်နှင့် သစ်လုံးပုံများကို သွန်းလုပ်ထားသည်။ ရှေးအခါက စစ်နိုင်လျှင် ဖားစည်တီးခဲ့သည်။ ယခုအခါ အိမ်သစ်တက်ပွဲ၊ လက်ထပ်ပွဲအပါအဝင် မင်္ဂလာရှိသောပွဲသဘင်တို့၌သာ တီးကြသည်။ မင်္ဂလာမရှိသောနေရာတွင် မတီးရ။

ကျွဲချို၊ ပတ္တလားနှင့် ဝါးပလွေများကို ပွဲတော်များတွင် တီးမှုတ်ကြသည်။ ပတ္တလားကိုဝါးလုံး ၁၂ လုံးခန့်ဖြင့် ကြိုးစဉ်ငယ်လိုက်စီ၍ အောက်တွင် ကောက်ရိုးခံပြီး သံဖြင့်ရိုက်ထားသည်။ ပတ္တလားတီးရန်ဝါး (သို့) သစ်သားတုတ်တံကို အသုံးပြုသည်။ ဤတူရိယာများကို အိမ်သစ်တက်ပွဲတွင် အသုံးများကြပြီး စပါးရိတ်သိမ်းပွဲတွင် ရွာသူရွာသားများသည် တပျော်တပါး စားသောက်ကြကာ ဖားစည်တီးကြသည်။ စပါးသယ်ပွဲ၌ စပါးသယ်ယူလာစဉ် အသွားအပြန် အိုးစည်နှင့် မောင်းများ တီးကြသည်။ အကများမှာ ဒိုင်းအက၊ ဒူးလေးအက၊ ဝါးညှပ်အက၊ တုတ်ခေါက်အက၊ စပါးလှေ့စပါးနယ်အကတို့ဖြစ်သည်။ ပွဲတော်များမှာ စပါးရိတ်သိမ်းပြီး စပါးကျီထည့်ပွဲ၊ ကောက်သစ်စားပွဲ၊ အိမ်သစ်တက်ပွဲ၊ တံခွန်တိုင်ထူပွဲ၊ ရွာသန့်စင်ပွဲများ ပြုလုပ်လေ့ရှိသည်။ ဝိုင်းဝန်းလုပ်ကိုင်သူများနှင့် ရွာသားများကို ဖိတ်ပြီး

ဂေဘားတို့၏ တေးဂီတနှင့်ပတ်သက်၍ တူရိယာများမှာ အိုးစည်၊ မောင်း၊ ကျွဲချို၊ လင်းကွင်း၊ ဖားစည်၊ ပတ္တလား၊ ဝါးပလွေတို့ဖြစ်သည်။ ဖားစည်ကို ကြေးနီ၊ သွပ်၊ ခဲမဖြူ၊ ဘော်၊ ငွေနှင့် ရွှေတို့ကို ရောစပ်၍ပြုလုပ်ကြသည်။ ဖားစည်ကို မြန်မာများ၏ နန်းတွင်းတွင်ထားသော မင်္ဂလာစည်တော်ကဲ့သို့ အမြတ်တနိုးတန်ဖိုးထားကြသည်။ ဖားစည်ပေါ်တွင် ဖားရုပ်၊ ခရုရုပ်၊ ငါးရုပ်နှင့် သစ်လုံးပုံများကို သွန်းလုပ်ထားသည်။ ရှေးအခါက စစ်နိုင်လျှင် ဖားစည်တီးခဲ့သည်။ ယခုအခါ အိမ်သစ်တက်ပွဲ၊ လက်ထပ်ပွဲအပါအဝင် မင်္ဂလာရှိသောပွဲသဘင်တို့၌သာ တီးကြ

ကောက်ညှင်းပေါင်း၊ ကောက်ညှင်းထုပ် ကျွေးမွေးညှော့ခံပြုစုကြသည်။

ကောက်ဦးစားပွဲ(သို့)ကောက်သစ်စားပွဲ

ဂေဘားတို့၏ စိုက်ပျိုးရေးနှင့် ပတ်သက်သည့်ပွဲတော်တစ်ခုမှာ စပါးစူးထိုးပွဲဖြစ်သည်။ ကဆုန်လတွင်ကျင်းပသည်။ ရည်ရွယ်ချက်မှာ စပါးကွင်းထဲရောက်၍ အသီးအနှံ ဖွံ့ဖြိုးစေရန်ဖြစ်သည်။ စပါးစူးထိုးပွဲ (သို့) စူးချပွဲတွင် အိုးစည်နှင့် ဖားစည်ကို ညနေအိမ်ပြန်ရောက်မှ တီးရသည်။ ယာကွက်ထဲတွင် မတီးကြ။ ထိုပွဲတွင် အကျွေးအမွေးလည်းပါသည်။ စပါးမှည့်ချိန်တွင် စပါးပုတ်ပွဲလည်း လုပ်လေ့ရှိသည်။ တန်ဆောင်မုန်း၊ နတ်တော်လတွင် ပြုလုပ်ကြသည်။ စပါးဝိုင်းဝန်းကူညီ ရိုက်ပုတ်ခြင်းဖြင့် စပါးတောင်လိုပုံပြီး စားမကုန်နိုင်အောင်ရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ စပါးပုတ်ပွဲပြီးလျှင် စပါးသယ်ပွဲပြုလုပ်ကြသည်။ တစ်ရွာလုံး ယောကျ်ား၊ မိန်းမ မကျန် တပျော်တပါး စပါးသယ်၍ ကျီထဲထည့်ကြခြင်းဖြစ်သည်။ စပါးသယ်ရာတွင် အသွားအပြန် အိုးစည်ဗုံမောင်းတီးရသည်။ ဝက်သတ်၍ထမင်းကျွေးကြသည်။ စပါးကျီထဲသို့ သိုလှောင်ပြီးလျှင် စပါးဦးစားပွဲ(သို့) ကောက်သစ်စားပွဲ ကျင်းပကြသည်။ ကောက်သစ်စားပွဲကို နှစ်စဉ် ပြာသိုလတွင် ကျင်းပ၍ စပါးဆန်သစ်နှင့် အရန်ဟင်းလျာများ ချက်ပြုတ်ကာ ဦးစွာလူကြီးသူမများအား ကျွေးမွေးကန်တော့ကြသည်။

ယခုအခါ ဂေဘားတို့ နတ်ကိုးကွယ်လေ့မရှိကြတော့ပေ။ လူကြီးမိဘတို့ကိုသာ နေရာပေး ကန်တော့လာကြတော့သည်။ လူကြီးများစားသောက်ပြီးမှ လူငယ်များဝိုင်း၍ တပျော်တပါးစားကြသည်။ တစ်အိမ်ထောင်တည်းစား၍ မကုန်ခန်းနိုင်သည့်အပြင် တစ်ရွာလုံးစား၍လည်း မကုန်ပါစေနှင့်ဟူသော အဓိပ္ပာယ်ခံယူကာ ဤသို့ စပါးပွဲတော်များ ကျင်းပကြခြင်းဖြစ်သည်။

စာရေးသူက ဤသွေးချင်းတို့ရဲ့ပွဲတော်ဆီအကြောင်း စဉ်းစားခန်းဝင်တိုင်း အတွေးအမျှင်တို့က တစ်စပြီးတစ်စ မဆုံးနိုင်အောင်ပင်။ ရေးစရာလည်းတစ်ပုံတစ်ပင်။ ဤသို့ သွေးချင်းတို့ရဲ့ပွဲတော်ဆီသည် ညီနောင်တူဖွား တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးနေသည်နှင့်အမျှ ချစ်ခင်ရင်းနှီးမှု အရှိန်အဟုန်ကောင်းများလည်း ရရှိလာခဲ့ပါပြီ။ သို့ဖြစ်ပါ၍ ကယားတို့ဌာနေ ငွေတောင်ပြည်ဆီမှ ဂေဘားတိုင်းရင်းသားတို့၏ "တို့ဆွေတို့မျိုးအကျိုးရှိဖို့၊ သွေးစည်းဖို့" သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၂ ကယားတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်းတွင် ပြန်လည်ဆုံတွေ့ကြပါစို့။

မှီငြမ်းကိုးကား

- တိုင်းရင်းသားယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများ(ကယား)။
- ကယားပြည်နယ် ခုနစ်စင်ကြယ် (ပြည်နယ်ယဉ်ကျေးမှု)။
- သွေးချင်းတို့ရဲ့ပွဲတော်ဆီ(၂၀၂၀)၊ ကယားတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်း လက်ကမ်းစာစောင်များနှင့် စာရေးသူလေ့လာခဲ့မှုမှတ်တမ်းများ။

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို Mirrormyosathit@gmail.comသို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(စာတည်း)

ကယားတို့ဌာနေ ငွေတောင်ပြည်မှ “ဂေဘား” တိုင်းရင်းသားညီနောင်များ

သတင်းဆောင်းပါး-မောင်မောင်ကျော့(ပလက်ဝ)

သွေးချင်းတို့ရဲ့ပွဲတော်ဆီ(၂၀၂၀)ပွဲတော်ကြီးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးအုပ်စုကြီးရှစ်မျိုးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်း တို့ဖြစ်ကြသည့် နာဂ၊ ဓနု၊ ပအိုဝ်း၊ ဝ၊ ကိုးကန့်၊ တအာင်း (ပလောင်) တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှုပြခန်းများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနပြခန်းနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များပြခန်းတို့ကို လေ့လာခွင့်ရရှိခဲ့သည်။

ပွဲတော်ကြီး၏ စတုတ္ထမြောက်နေ့တွင် စာရေးသူ ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းကို လေ့လာဖြစ်ခဲ့ပါသည်။

ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း

ယခုနှစ်တွင် ကယားတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ဦးဆောင်ကျင်းပသည့်ပွဲဖြစ်သည့်အတွက် ကယားလူမျိုးတို့၏ တံခွန်တိုင်ကို ခမ်းနားစွာထားရှိမှုနှင့်အတူ ကယားလူမျိုးတို့၏ တံခွန်တိုင်အကကို ကြည်နူးဖွယ် မြင်တွေ့ခံစားခဲ့ရပါသည်။

ကယားတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်းကို ဝင်လိုက်သည်နှင့် အဝင်ဝ ထောင့်ဘက်တွင် ကယားတိုင်းရင်းသားတို့နေထိုင်ရာ ရိုးရာအိမ်ပုံစံငယ်ကို ဒေသထွက်သစ်ခွပန်းများဖြင့် အလှဆင်ပြထားသည်ကိုတွေ့ရသည်မှာ မျက်စိပသာဒ ရှိလှသည်။ ထို့ပြင် ကယားတိုင်းရင်းသားတို့၏ ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ ဝတ်စားဆင်ယင်မှုများ၊ အထင်ကရနေရာများ၏ မှတ်တမ်းဓာတ်ပုံများ၊ လက်မှုပစ္စည်းများ၊ စာပေယဉ်ကျေးမှုသင်ရိုးညွှန်းတမ်းများကို စိတ်ဝင်စားဖွယ်လေ့လာခွင့် ရရှိခဲ့သည်။

“ အမျိုးသမီးတို့မှာ ကိုယ်တိုင်ရက်လုပ် ဂျပ်ခုတ်ထည်ဖြင့် သင်တိုင်းကဲ့သို့ အင်္ကျီအရှည် အနက်ရောင်လက်ပြတ်ကို ကိုယ်တိုင်ရက်လုပ်ပြီး ဝတ်ဆင်ကြသည်။ လက်ဖျားနှင့် ကိုယ်ထည်အနားတစ်လျှောက်တွင် ပန်းရောင်စုံအလှထိုး၍ ဝတ်ဆင်ကြသည်။ ရှေးအခါက တစ်ထည်တည်းဝတ်၍ နောက်ပိုင်းတွင် အင်္ကျီအဖြူကို ဝတ်ဆင်လာကြသည်။ အပေါ်အင်္ကျီမှာ ရောင်စုံဝတ်သော်လည်း အညစ်ခံစေရန် အနက်ရောင်ကိုသာ အများဆုံးဝတ်လေ့ရှိ ”

ပြခန်းအတွင်းပတ်လည်တွင် ကယားပြည်နယ်၏ အထင်ကရနေရာများဖြစ်သည့် လွိုင်ကော်မြို့ရှိ ဟော်နန်း၊ ကယားတိုင်းရင်းသားတို့၏ တံခွန်တိုင်များ၊ ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စက်ရုံပုံစံငယ်နှင့်အတူ အထင်ကရ တောင်ကွဲစေတီ၊ ရေနီပေါက်ဂူ၊ ဆင်တောင်၊ သဘာဝလိုဏ်ဂူ အစရှိသည်တို့ တည်ရှိရာနေရာများကို ဗီနိုင်းများဖြင့် ပြသထားသည်။

“အခုလို ပြခန်းတစ်ခုဖြစ်လာဖို့အတွက် လွန်ခဲ့တဲ့နှစ်လလောက်ကတည်းက ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့တာပါ။ ဒီလိုအောင်အောင်မြင်မြင်ပြသနိုင်ဖို့ ကယားနဲ့ကယားမျိုးနွယ်စုတွေအားလုံး ကူညီပေးခဲ့ကြတာဖြစ်ပါတယ်” ဟု ဌာနေတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးမိုးဇက်အောင်လေးက ပြောသည်။

ကယားအစုကို ၁၉၉၈ ခုနှစ် မေလထုတ်ယနေ့ မြန်မာအတွဲ(၁)၊အမှတ်(၂)စာအုပ်တွင် ကယား၊ ကယန်း(ပဒေါင်း)၊ ဂေခို၊ ဂေဘား၊ ပရဲ (ကယော)၊ မနုမနော၊ ယင်းတလဲ၊ ယင်းဘော်၊ ဇယိမ်းဟူ၍ ကယားမျိုးနွယ်စုကိုးမျိုး မှတ်သားခဲ့ဖူးပါသည်။ ပြခန်းတွင် ကယား၊ ကယန်း၊ ကယော၊ ဂေဘား၊ မနုမနော၊ ယင်းတလဲခြောက်စု၏ဝတ်စားဆင်ယင်မှုများကို ရုပ်တုများဖြင့် လှပစွာပြင်ဆင်ပြသထားသည်ကို စိတ်ကြည်နူးဖွယ်မြင်တွေ့ခဲ့ရသည်။ ကျန်ကယားသုံးစု မတွေ့ရသဖြင့် ပြခန်းတာဝန်ခံ ဒေါ်ချစ်နိုဝင်ဘာ (ဂေဘားတိုင်းရင်းသူ)အား စေ့ငုမေးမြန်းဖြစ်ခဲ့ပါသည်။

ဒေါ်ချစ်နိုဝင်ဘာက ကယားအစုတွင် ကယား၊ ဂေဘား၊ ယင်းတလဲတို့မှာ ယခင်အမည်ဖြင့် သုံးစွဲကြကြောင်း၊ “ပရဲ” က ”ကယော” “မနုမနော” က “ကော်ယော်” ဟူ၍ သုံးစွဲလာကြောင်း၊ ကယန်းတွင်မူ ကယန်းကခေါင်း၊ ကယန်းကဒွေ့၊ ကယန်းကငန်၊ ကယန်းလဲထ ဟူ၍ လေးမျိုးရှိကြောင်း၊ ကယန်းကခေါင်းကို မြန်မာတို့ ရှေးအခါက ပဒေါင်းဟုခေါ်ကြောင်း၊ ယခုအခါ ကယန်း(ပဒေါင်) (သို့) ကယန်းဟုခေါ်ကြောင်း၊ ကယန်းကဒွေ့မှာ ဂေခို၊ ကယန်းကငန်မှာ ယင်းဘော်၊ ကယန်းလဲထမှာ ဇယိမ်းဟူ၍ ခေါ်ဆိုလာကြခြင်းဖြစ်ကြောင်း၊ ယခုပြခန်းတွင် ကယန်းလေးမျိုးကို ပေါင်းစုပြသထားခြင်းကြောင့် ကယားခြောက်စုဟု ထင်ရခြင်းဖြစ်ကြောင်းနှင့် ပြခန်းတာဝန်ခံများမှလုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များ၊ ဂေဘားလူမျိုးတို့၏ စာပေယဉ်ကျေးမှုဆိုင်ရာများကို ဂေဘားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအား ဆွေးနွေးရှင်းလင်းပြောကြားပေးပါသည်။

ဤသို့ ဆွေးနွေးပြောကြားပေးခဲ့သည့် အကြောင်းအရာများကိုအခြေခံ၍ ဂေဘားတိုင်းရင်းသားတို့၏ သမိုင်းကြောင်း၊ ရိုးရာယဉ်ကျေးမှုဓလေ့၊ လူမှုစီးပွားဘဝ စသည်တို့ကို ဆက်လက်လေ့လာဖြစ်ခဲ့သည်။ ထိုသို့လေ့လာမှတ်သားမိသည်များမှ ဂေဘားတိုင်းရင်းသားတို့အကြောင်း မည်သို့မည်ပုံရှိသည်ကို လေ့လာလိုသူများ သတင်းစာစာမျက်နှာပေါ်မှသိရှိစေရန် ယခုဆောင်းပါးရေးသားရခြင်း ဖြစ်ပါသည်။

ဂေဘားလူမျိုး

ကယားတိုင်းရင်းသားတို့ကို ကေဘား၊ ကယ်ဘား ဟူ၍ အမျိုးမျိုးခေါ်ကြသည်။ သူတို့နှစ်သက်သည့် အမည်မှာ ဂေဘားဖြစ်သည်။ ဂေဘားစကားကိုပင် ပြောဆိုကြသည်။ ဂေဘားစကားနှင့်နီးစပ်သောစကားပြောသည့်လူမျိုးများမှာ ပရဲ(ကယော)၊ မနုမနော(ကော်ယော်)တို့ဖြစ်သည်။ ၁၉၆၅ ခုနှစ် ကရင်ပြည်နယ် ဘားအံမြို့၌ကျင်းပသော (၁၈)ကြိမ်မြောက် ပြည်ထောင်စုနေ့တွင် တိုင်းကြီးကြပ်ရေးကော်မတီ တိုင်းခွဲ(၉)မှ တင်ပြသည့် စာရင်းအရ ကယားပြည်နယ်တွင် ဂေဘားတိုင်းရင်းသား ၄၀၀ ခန့်ရှိသည်ဟု ဖော်ပြထားသည်။ ယခုအခါ ကယားပြည်နယ်တွင် ၁၀၀၀၀ ခန့်ရှိနိုင်ကြောင်းနှင့် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ် သံတောင်မြို့နယ်၊ မြန်မာနိုင်ငံအလယ်ပိုင်း တောင်ငူမြို့နယ်၊ နေပြည်တော်၊ လယ်ဝေး၊ ပျဉ်းမနားနှင့် မွန်ပြည်နယ် သထုံမြို့သို့တိုင် ဖြန့်ခွဲနေထိုင်ကြသူများပါထည့်တွက်ပါက ၄၀၀၀၀ ကျော်ခန့်ရှိနိုင်သည်ဟု ဒေါ်ချစ်နိုဝင်ဘာက ပြောသည်။ ဂေဘားတိုင်းရင်းသားများကို ကယားပြည်နယ်အတွင်း ဖရူဆိုမြို့နယ် ကေကော၊ ရော်ဒေါ်ခေါနှင့် လွိုင်ကော်မြို့နယ် မထောနူးကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်များတွင် စုစုခဲခဲတွေ့ရသည်။

ဆင်းသက်ပေါက်ဖွား ဂေဘားတိုင်းရင်းသား

ဂေဘားတို့ ဆင်းသက်လာပုံနှင့်ပတ်သက်၍ ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းတွင် ဂေဘားတိုင်းရင်းသားတို့မှ ပေးဝေသည့် လက်ကမ်းစာစောင်တွင် ဂေဘားတို့သည် မွန်ဂိုလွိုက်(အသားဝါ) မျိုးနွယ်စုမှဆင်းသက်လာသည့် တိဘက်မြန်မာဘာသာစကားပြော အုပ်စုဝင် လူမျိုးတစ်မျိုးဖြစ်ကြောင်း၊ မွန်ဂိုလွိုက်အနွယ်ထဲမှ ကရက်တိဘက်မြန်မာမျိုးနွယ်စု တစ်စုဖြစ်ကြောင်း၊ တရုတ်ပြည် ယူနန် ရှမ်းတို့အခေါ် ယန်မျိုးနွယ်စုမှ ဆင်းသက်လာသည်ဟုလည်း သမိုင်းပညာရှင်များ အဆိုရှိသည်။

ဟန်မျိုးနွယ်စုသုံးစုတို့သည် မွန်ဂိုလီးယားဒေသမှ ဘီစီ၂၀၁၇ တွင် တောင်ဘက်သို့ တရွေ့ရွေ့ပြောင်းရွှေ့ခဲ့ရာ ဦးစွာတိဘက်ဒေသသို့ အခြေချခဲ့သည်။ ဘီစီ ၁၃၈၈ တွင် တိဘက်ဒေသမှ ယူနန်ဒေသသို့ ရောက်ရှိခဲ့ကြကာ သံလွင်မြစ်နှင့် မဲခေါင်မြစ်ကြား တောင်တန်း တောင်ကုန်းများအတိုင်း ဆင်းသက်ခဲ့ရာ ဘီစီ ၇၄၁ တွင် ယူနန်ဒေသမှ ယခု ကယားနယ် ရွာသစ်ရွာနယ်စပ်တစ်နေရာမှအနောက်ဘက်ရှိ ထီးရော်ခိုတောင်တန်းကိုဖြတ်ကာ မြန်မာနိုင်ငံ စစ်တောင်းမြစ်ဖျားရမည်းသင်းနယ်နှင့် တောင်ငူနယ်အရှေ့ဘက်တောင်တန်းဒေသတို့တွင် အများဆုံးအခြေချနေထိုင်ခဲ့ကြသည်။

ထိုသို့ ဂေဘားမိသားစုခြောက်စု စုစည်း၍ ဆင်းသက်ခဲ့ရာ တစ်စုမှာ ကန္တာရဝတီနယ်၊ ကြယ်ဖိုးကြီးနယ်တို့ပါဝင်သည့် ယခု ကယားနယ်သို့ စုစည်းနေထိုင်ခဲ့ကြသော ကယားအုပ်စုဝင် ဂေဘားတို့ပင် ဖြစ်ပေသည်။ ဖဲကွမ်းအုံအစုမှာမူ စမုံမြစ်၊ စစ်တောင်းမြစ်နှင့် ဆွာချောင်းတစ်ဝိုက်ရမည်းသင်းနယ်နှင့် ပေါင်းလောင်းမြစ်အနောက်ဘက်နှင့် အရှေ့ဘက် တောင်ပေါ်ဒေသများတွင် ကွမ်းအုံသား၊ ကွမ်းအပ်သား အမည်ဖြင့် ရွာများတည်ထောင်ကာ နေထိုင်ခဲ့ကြသူများဖြစ်ကြသည်ဟု ရေးသားထားပါသည်။

ဂေဘားလူမျိုးစု ခေတ်ဟောင်းရိုးရာဝတ်စုံ။

ပျံ့နှံ့နေထိုင်မှုနှင့်အုပ်ချုပ်ရေး

ကရင်ပြည်နယ် မြောက်ပိုင်း(ယခင်တောင်ငူခရိုင်) လိပ်သိုနယ်၊ သံတောင်မြောက်ပိုင်း ပျဉ်းမနားနယ်နှင့် လယ်ဝေးနယ်အရှေ့ဘက်တောင်တန်း၊ ကယားပြည်နယ် လွိုင်ကော်၊ ဖရူဆို၊ ဒီးမော့ဆို၊ ရှားတောမြို့နယ်တို့တွင် ဖြန့်ခွဲနေထိုင်လျက်ရှိကြသည်။

ရှေးအခါက စော်ကဲစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ ၁၉၆၂ ခုနှစ်နောက်ပိုင်း မရှိတော့ပါ။ အများကြည်ညိုလေးစားသူ ရပ်ရွာလူကြီးတစ်ဦးဦးက ဦးဆောင်၍ စီမံခန့်ခွဲအုပ်ချုပ်ကြသည်။

ရုပ်ရည်သွင်ပြင်နှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ယန်(ကရင်)သုံးစုတွင် တစ်စုအပါအဝင်ဖြစ်သဖြင့် ပုံပန်းသွင်ပြင်တူညီကြသည်။ မေးရိုးကား၍ ကိုယ်လုံးကိုယ်ထည်ခပ်ပြားပြားဖြစ်သည်။ အမျိုးသားများသည် ရှေးအခါက ကိုယ်တိုင်ရက်လုပ်သော ဂျပ်ခုတ်ရက်ကန်းထည်ဘောင်းဘီအပွထည် ဝတ်ကြသည်။ ထို့နောက် ပိတ်ထူအနက်ရောင်ဝတ်ဆင်ကာ အနံတစ်ထွာ၊ အရှည်သုံးတောင်ရှိခေါင်းပေါင်းအဖြူပေါင်းကြသည်။ လက်ရက်ထည်ကို အင်္ကျီလက်များနှင့် ကိုယ်ထည်တွင် အနီစင်းများဖော်၍ ရက်လုပ်ပြီး ဝတ်ဆင်ကြသည်။ ဆံပင်အရှည်ထား၍ သျှောင်တင်းတင်းထုံးလေ့ရှိကြသည်။ လက်စွပ်ဝတ်ကြပြီး ငွေနားတောင်းလည်းပန်ဆင်ကြသည်။

ယခုအခါ အပေါ်ပိုင်းအဖြူ၊ အောက်ပိုင်း ကြက်သွေးရောင်ဖျော့ သင်တိုင်းကို ဝတ်ကြပြီး ကြက်သွေးရောင်၊အနက်ရောင်ခွဘောင်းဘီ ဝတ်ကြသည်။ အချို့မှာ အဖြူခံ နီဝါပြာဒေါင်လိုက်အစင်း၊ အောက်ပိုင်း ကြက်သွေးရောင်ပန်းထိုးသင်တိုင်းနှင့် ကြက်သွေးအနက်ရောင် ခွဘောင်းဘီဝတ်ကြသည်။ နားဖောက်၍ ချိုစောင်းတွင် သျှောင်ထုံးကိုဝါးဘီးဖြင့် ထုံးကြသည်။ ခေါင်းပေါင်းပြီး လွယ်အိတ်လွယ်လေ့ရှိသည်။

အမျိုးသမီးတို့မှာ ကိုယ်တိုင်ရက်လုပ် ဂျပ်ခုတ်ထည်ဖြင့် သင်တိုင်းကဲ့သို့ အင်္ကျီအရှည်အနက်ရောင်လက်ပြတ်ကို ကိုယ်တိုင်ရက်လုပ်ပြီး ဝတ်ဆင်ကြသည်။ လက်ဖျားနှင့် ကိုယ်ထည်အနားတစ်လျှောက်တွင် ပန်းရောင်စုံအလှထိုး၍ ဝတ်ဆင်ကြသည်။ ရှေးအခါက တစ်ထည်တည်းဝတ်၍ နောက်ပိုင်းတွင် အင်္ကျီအဖြူကို ဝတ်ဆင်လာကြသည်။ အပေါ်အင်္ကျီမှာ ရောင်စုံဝတ်သော်လည်း အညစ်ခံစေရန် အနက်ရောင်ကိုသာ အများဆုံးဝတ်လေ့ရှိသည်။

ယခုအခါ နေလကြယ်ပန်းထိုးအပေါ်ဖြူနှင့် အောက်ပိုင်းစပါးနှံပန်းထိုး ကြက်သွေးဖျော့သင်တိုင်းကိုဝတ်ကြပြီး ကြက်သွေးရောင်အောက်ခံဖားစည်ရေလှိုင်း အဆင်ရောင်စုံထဘီကို ဝတ်ဆင်ကြသည်။ အချို့မှာ အနက်ခံပေါ်တွင် ဖားစည်ပါ ပန်းခက်အကွက်နှင့် အောက်ပိုင်းကြက်သွေးရောင် ပန်းထိုးသင်တိုင်းတိုဝတ်ကြပြီး ကြက်သွေးရောင်အောက်ခံဖားစည် ရေလှိုင်းရောင်စုံထဘီကို ဝတ်ဆင်ကြသည်။ ပန်းရောင်ပဝါကို ဦးခေါင်းတွင်ပတ်လေ့ရှိသည်။ ပယင်းပုတီး၊ ငွေမတ်စေ့၊ ငွေပြားနှင့်ကြိတ်သီးများကို သီပြီးဆွဲလေ့ရှိသည်။

အထူးကဏ္ဍစာမျက်နှာ (၈) သို့ »»